www.burmeseclassic.com




ချောင်းဆိုးနေလို
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
သောက်ချင်ရင် .....

ရွှေမြန်မာ®
အမှတ်တံဆိပ်

SHWE MYANMAR

ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

- အမှတ်(၁၀၉)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 095010074,09[illegible]082461 , 0973082462

www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှန်ဂျာနယ်သည် ပြည်သူလူထုအား မှန်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေးအခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘဝ အတွေ့အကြုံများပြားသော နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေးဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ်

# မှန်

မဂ္ဂဇင်း 2014 AUGUST

အတွဲ(၁)၊ အမှတ်(၁၁)


အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်


BURMESE CLASSIC



မျက်နှာဖုံးရှင်

စိုးမြတ်စန္ဒီ

နောက်ဆုံးနှစ် အပိုင်း(၁)

ဆေးတက္ကသိုလ်(၂)


ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)

ဖြန့်ချိရေး - ကန့်ကော်လွင်စာပေ၊ အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀


www.burmeseclassic.com

www.burmeseclassic.com



**ကဗျာ**


သရက်တန်းစိုးရွှေ(မြစ်ငယ်)၊ ကျော်လွင်ဦး(ပျဉ်းမနား)၊
မန်းစံရွှေ၊ နန်းမျိုးဝင်း(စိတ်ပညာ)၊
မောင်ထည့်ဝါ(ပျော်ဘွယ်)၊ ထက်ကောင်းလတ်(မင်းဘူး)၊
လှိုင်ခင်အုန်း(အမရပူရ)၊ မိုးသောက်ကြွယ်(မြို့သစ်)


**ကာတွန်း**


သူရိန်၊ မောင်တင်ယု၊ ဟန်၊ စောဟန်၊ သူရမိုး၊ ဖွဲ့နေ၊
မြေပြန့်ဝင်းသွေး၊ ထွန်းထွန်းဝင်း


**ဆောင်းပါး**


**ညွန့်ဟုံ(ကြူတော)**
အမျိုးသားရေးပုံရိပ်မော်ကွန်းတင် ၂၃
မြန်မာပြည်အပျော်တမ်းရဲတပ်ဖွဲ့


**ရုပ်ရှင်မိတ်ဆက်**


**ဦးဝင်းမြှင့်(သရုပ်ဆောင်)**
သက်ရှိရုပ်ကြွင်း ၁၁၆




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



## အခန်းဆက်ဝတ္ထုရှည်


က်ထက်ဦးဝေ ၂၈
အလွန်


## ဘာသာပြန်


(ညာရေး)
က်ဆုံးသွားသော လေယာဉ်စားပွဲ စောရမင်းသား ၇၇
ဆက်
ီသျှခေတ် မြန်မာနိုင်ငံတွင် အားပြိုင်ခဲ့ကြသော ခရိုနီများ ၈၄


## တစ်မျက်နှာဝတ္ထု


(ဥပဒေ)
တိရှိကြပါ ၁၁၄


## တစ်ခန်းရပ်ဟာသ


က်ထက်(ဟာသ) ၁၅၆


## မေဒင်

ဝေဒသုတေသီတစ်ဦး

## သတင်း

နိုင်ငံတကာသတင်း/ ပြည်တွင်းသတင်း




www.burmeseclassic.com

www.burmeseclassic.com

## မှုခင်းဝတ္ထုတို


ဒုရဲမှူးကြီးဝင်းဦး( ငြိမ်း )

[illegible] ၅၄

ဦးသန်းထွန်း( ဥပဒေ )

[illegible] ၆၄

နေ့အလွန်

[illegible] ၉၀

တိုးမြင့်

[illegible]

[illegible] ၁၀၄

ဟောင်သာမန်( ဓီးကုန် )

[illegible] ၁၂၄

ကိုမိုး( ရွှေပြည်သာ )

[illegible] ၁၃၄

ကျွန်းစဉ့်မြေတောက်


[illegible] ( ၂ ) ၁၄၂

ဟောင်ဟောင်ခိုင်( ဝင်တွေ )

[illegible] ၁၅၁

ရွှေဘိုဘာမထိုင်အောင်

[illegible] ၁၆၀

www.burmeseclassic.com

www.burmeseclassic.com



## လှသောလောကဆီသို့



✔ ဘဝလှလို့ ကိုယ်တိုင်ကိုယ်က
နဂိုစိတ်ရင်း ဖြူစင်ခြင်းဖြင့်
မယွင်းကြိုးစား ကောင်းမှုများစေ
ဆပွားပေပေါ့ မေတ္တာတွေ.....။
✔ လောကလှလို့ စိတ်ကောင်းကိုပြု
နဂိုပြုမြဲ ကောင်းစိတ်စွဲနှင့်
ရဲရဲကောင်းမှု နေ့စဉ်ပြုမှ
ယခုစကောင်း နောက်နောင်ကောင်းမည့်
အကြောင်းညီညီ လှစေဖို့.....။
✔ ပြောယုံမရ လက်တွေ့စဖို့
ဘဝကိုရင်း စိတ်ကောင်းရင်းဖြင့်
ကိုယ်ချင်းမှစ ဝေနေယျအား
အလှမေတ္တာ ပေးဝေပါရင်း
မကြောက်လက်ငင်း အလှခြယ်။ ။

သရက်တန်းစိုးရွှေ (မြစ်ငယ်)

www.burmeseclassic.com

www.burmeseclassic.com



## ရင်မှာပျိုးသော အနုပညာပန်း

* သစ်တုံးတစ်ခု၊ ဖြတ်တောက်ပြု၍
ထုကာဆစ်လုပ်၊ ပန်းပုရုပ်ကို
ဖော်ထုတ်သည့်မှာ ပန်းပုဆရာ။

* ပန်းချီစုတ်ချက်၊ ကိုင်တွယ်ဖက်၍
ဆေးစက်ကျရာ၊ အနုပညာနှင့်
ပြည့်ရွှာမြို့ပြ၊ လောကအလှကို
ခြယ်သသည့်မှာ ပန်းချီဆရာ။

* သည့်သို့ပမာ၊ အနုပညာနှင့်
စာပေကဗျာ၊ ရေးစပ်ပါ၍
ကျရာကဏ္ဍ ပါဝင်ကြကာ
လောကအဝန်း၊ လူအစွမ်းနှင့်
ကိုယ်ကျွမ်းကျင်ရာ၊ တတ်ပညာကို
ကျရာအခန်း၊ ကိုယ်စီထမ်းရွက်
ပန်းတိုင်းစီရီ၊ ပွင့်ကြသည့်သို့
ကိုယ်စီကိုယ်င၊ မျိုးစေ့ချ၍
လောကအကျိုး၊ ပန်းဆယ်မျိုးနှင့်
စိုက်ပျိုးရင်မှာ၊ အနုပညာပန်း
ပွင့်သောပန်းတိုင်း မွှေးပါစေ။



ကျော်လွင်ဦး (ပျဉ်းမနား)

www.burmeseclassic.com

www.burmeseclassic.com





မန်းစံရွှေ

## သူငါမင်းက ရှောင်မရ

၍ သေမင်းသူ့ထံ၊ လိုက်အပ်နှံပြီး
တစ်ဖန်ရက်လည်၊ လူ့ဒါန်းဖွယ်တွက်
ဆက်ဆက်လာရန်၊ ဖိတ်ခေါ်ပြန်၍
နက်ဖြန်ခါမှ၊ ချိန်ခါကျမို့
သွားရဦးမည်၊ စိတ်ကရည်။
၍ တစ်လပြည့်လျှင်၊ ဖိတ်စာဝင်ပြီ
ရည်မှန်းဆုခြွေ၊ မျှပေးဝေရန်
နီးနေဝေးနေ၊ မိတ်ဆွေအများ
တရားနာမှု၊ အတူစုပြီး
သာဓုခေါ်ရန်၊ သွားရပြန်။
၍ စကားပြောကြ၊ စားသောက်ကြနှင့်
ယပ်တောင်ခတ်လျက်၊ ရေနွေးငွေ့ရင်း
ဝိုင်းဖွဲ့ဆုံကာ၊ အကြောင်းရာစုံ
ပြောမကုန်အောင်၊ တောသုံးတောင်ကြား
တရားမတွေး၊ ခပ်မေ့မေ့။
၍ ကိုယ့်အလှည့်ကျ၊ မနွဲ့ရဖို့
ကြောက်လှချည်သေး၊ မဆိုရေးတွက်
အိုဘေးရောက်ခိုက်၊ တရားစိုက်ကာ
လိုက်နာမှတ်မှု၊ အစဉ်ရှုလော့
အသုဘခေါင်း၊ ကိုယ့်အလောင်းထံ
မရောက်ပြန်ရေး၊ ထင်မတွေးနှင့်
သေဘေးချိန်ခါ၊ ဆိုက်ရောက်လာလျှင်
သူငါမင်းက၊ ရှောင်မရမို့
ထိုခါကျမှ၊ သင်္ဂဟများ
စားသောက်နေကြ၊ နှုတ်ဆက်ကြလည်း
ရက်လကြာ၍၊ သင့်ကိုမေ့ကာ
သေရွာကိစ္စ၊ မတွေးကြဘဲ
အရေးပေါ်မှ၊ နောင်တရလျှင်
အမှောင်ကိုကြောက်၊ လမ်းစပျောက်မည်
တစ်ယောက်ပြီးတစ်ယောက် သွားရမှာပါတကား။

www.burmeseclassic.com

www.burmeseclassic.com





## သစ္စာ

လောကဓံ သမုဒ္ဒရာထက်
ရုန်းကန်မှု တက်မ,ကို
ကိုင်ဆွဲလို့
သားလှော်ခတ်နေဆဲပါ
အမေ.....။

အသပြာ ဆေးရောင်စုံတွေကြားမှာ
ဆေးစက်ကျရာ
အရုပ်မဖြစ်ခဲ့ပေမယ့်
သမ္မာအာဇီဝဆိုတဲ့
ပန်းချီကားတစ်ချပ်ကိုတော့
သား ရေးဆွဲနေဆဲပါ
အမေ.....။

သားရေးတဲ့
သွေးပန်းချီကားတစ်ချပ်
ဇရာအရေးအကြောင်းတွေ
ပေါ်လည်း.....
ဒေါ်လာဈေးကောင်းနဲ့
မှောင်ခိုပြီး မရောင်းဘူး
အမေ.....။ ။

နန်းမျိုးဝင်း (စိတ်ပညာ)

www.burmeseclassic.com

www.burmeseclassic.com



# သံသရာခရီးဖော်

* ဖနီးမယား၊ သမီးသားနှင့်
ကြီးပွားပျော်စံ၊ မိတ်ပေါင်းရံလည်း
သေပြန်သောခါ၊ ဖော်မပါဘဲ
ဗလာကိုယ်ချည်း၊ တစ်ယောက်တည်း။
* စည်းစိမ်ဥစ္စာ၊ ရတနာနှင့်
တိုက်တာခြံမြေ၊ အထွေထွေလည်း
သေလွန်သော်က၊ ထားခဲ့ရ၊
ဖြစ်ပြီးပျက်ရ၊ အနိစ္စ။
လူ့လောက၏ နိယာမ။
* မနုဿဘ ဒုလ္လဘမို့
ကြုံရအခိုက်၊ လုံ့လစိုက်၍
ပြုလိုက်ကြပါ–
''ဒါန သီလ ဘာဝနာ''တရား
ပွားများကြိုးကုတ်၊ ဤသုံးထုပ်သာ
သံသရာ၌၊ လိုက်ပါတူပျော်
ဖော်မွန်စင်စစ်၊ အမှန်ဖြစ်၍
နှစ်နှစ်ခြိုက်ခြိုက်၊ နှလုံးပိုက်လျက်
အမြိုက်တရား နေ့စဉ်ပွား.....။
မကောင်းမှုကို စဉ်ပယ်ရှား.....။
ကောင်းမှုပြုရေး သင်ကြိုးစား.....။ ။

မောင်ထည်ဝါ (ပျော်ဘွယ်)



www.burmeseclassic.com

www.burmeseclassic.com



# အမှားသုံးမှား



* လောဘ ဒေါသ မောဟ
လွန်အတ္တကို
ချိန်ဆစဉ်းစား
စိတ်တွင်ထား၍
အမှားနည်းဘိ
စဉ်သတိ။

* အတ္တသုံးဖြာ
စိတ်စူးလာက
မှန်ရာမမြင်
မှားအသွင်ကို
ဆင်ခြင်မဲ့ပစ်
မှားနစ်နစ်။

* လောဘကိုရင်း
မောဟတွင်းထဲ
ခုန်ဆင်းဒေါသ
လွန်အတ္တဖြင့်
မလှတရား
ဘဝမှား။

* လောဘကျွံမှား ရာဇဝတ်သားဖြစ်။
ဒေါသကျွံမှား ရာဇဝတ်သားဖြစ်။
မောဟကျွံမှား ရာဇဝတ်သားဖြစ်။

* ရာဇဝတ်သား
မိုက်အမှားကို
တရားဥပဒေ
ပြစ်ဒဏ်ချေဖို့
ပေးဝေသတ်မှတ်
ဆုံးမအပ်။

* အမှားသုံးမှား
လွန်မသွားခင်
စဉ်းစားပြင်၍
ဆင်ခြင်သတိ
စိတ်တွင်ရှိမှ
မှားဘိနှောင်တာ
မတစ်ရာ။ ။

ထက်ကောင်းလတ် (မင်းဘူး)

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာမဲ့သူတို့ သွားရာလမ်း

၌ အိမ်ထောင်ရေးမှာ
ချစ်တာတစ်ခုနဲ့တော့
မပြည့်စုံဘူး
သစ္စာရှိဖို့တော့လိုတယ်။
၌ သစ္စာမဲ့ရင်
အနံ့မရှိတဲ့ ပန်းတစ်ပွင့်လို
တန်ဖိုးမရှိဘူး။
၌ သစ္စာမဲ့သူတို့ သွားရာလမ်း
မဖြောင့်ဖြူးဘူး
မျက်ရည်စက်လက်နဲ့
တံတွေးခွက်ထဲ ပက်လက်မျောလို့။
၌ နောက်ဆုံး.....
အဖြစ်ဆိုးနဲ့ ကြုံတွေ့ရတဲ့အခါ
ရှင်လျက်နဲ့ အသက်မဲ့တဲ့သူတွေ
ဒုနဲ့ဒေးပဲ။
၌ ယုံချင်ယုံ
မယုံချင်နေ
ဒါ ပုံပြင်တော့မဟုတ်ဘူး။ ။



လှိုင်ခင်အုန်း (အမရပူရ)

www.burmeseclassic.com

www.burmeseclassic.com





## လှောင်ချိုင့်စံ ငှက်ငယ်ရဲ့ဆန္ဒ

၌ ကောင်းကင်ပြာအောက်၊ လေနှင်နောက်ကို
ပေါက်ဖော်ပါဘဲ၊ တစ်ကိုယ်တည်းလည်း
ပျံသန်းရဲတယ်၊ အို.....သခင်ရယ်။
၌ လေပြည်ဆော်ညင်း၊ မာန်နဲ့ခွင်းကာ
မိုးမင်းအာကာ၊ ဝဠာခွင်မှာ
ဆင်းသက်လာနှင့်၊
နာကျင်ခံစား၊ ဒဏ်ရာများ
ကုအားနိုင်နိုး၊ မျှော်ကိုးမိ၍။
၌ နေခြည်အနမ်း၊ ခွန်းဆက်လွှမ်းလျက်
ပင့်သက်ရှိုက်ကာ၊ တက်ကြွလန်းရွှင်
သမုဒ္ဒင်သို့၊ သွယ်ပို့ကြိုးသီ
ကိုယ့်စိတ်ရည်မိ။
၌ ကောင်းကင်ပြာအောက်၊
လေပြည်နောက်ကို၊
ဇောက်ထိုးလည်းဖြစ်စေ၊
အတောင်လည်းညောင်းစေ၊
နေခြည်အနမ်း ခံယူပါရစေ။
၌ ပိတ်ထားတဲ့လှောင်အိမ်တံခါး
ငါ့အား ဖွင့်ဟပေးပါ၊
လွတ်လပ်စွာ ပျံသန်းပါရစေ။ ။

မိုးသောက်ကြွယ် (မြို့သစ်)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




ထွန်းထွန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



ညွန့်ဟံ (ကြူဘော)

# အမျိုးသားရေးပုံရိပ်မော်ကွန်းတင် မြန်မာပြည်အပျော်တမ်းရဲတပ်ဖွဲ့

၁၉၃၀ ပြည့်လွန်ကာလများသည် မြန်မာနိုင်ငံ၏ အမျိုးရေးလှုပ်ရှားမှုကို ကိုလိုနီလက်အောက်မှ ရုန်းထွက်ရန် ကြိုးပမ်းမှုအဖြစ်အပျက်များ ထင်ရှားပေသည်။ လှုပ်ရှားမှုများပြားပြီး အဖွဲ့အစည်း၊ အသင်းအပင်းများ၏ အား ထည့်မှုများ တွေ့ရပါ၏။ ရဟန်းရှင်လူများက အမျိုး၊ ဘာသာ၊ သာသနာအတွက် ရှေးရှုကြိုးပမ်းမှုများသည် အနာဂတ်လမ်းကြောင်း တင့်တင်ကောင်းမွန်စေဖို့ချည်း ဖြစ်သည်။ ထိုအကြောင်းအရာများသည် နှောင်းအတိတ်တွင် ကျန်ရစ်သည်ဆိုသော်လည်း သမိုင်းဝင်မော်ကွန်းထိုးမှု၌ တင်းပြည့်ကျပ်ပြည့်ရှိရ၏။ မမေ့စကောင်းသော အဖြစ်အပျက်များနှင့် ထိုစဉ်က ဒေသအသီးသီးရှိ မြန်မာအမျိုးသားများ၏ စိတ်ထားစေတနာ ခံယူချက်လမ်းစတွင် အရည်အချင်းကောင်းများအဖြစ် ကျန်ရစ်ပေ၏။ ထို့ကြောင့် သိမီလိုက်သူများ၊ ကိုယ်တွေ့ကြုံသူများက မှတ်တမ်းတင်ကြရာ သမိုင်းကဏ္ဍာရှုထောင့်စုံ၌ ပြည့်စုံပေသည်။ သို့ရာတွင် ထင်ရှားစွာ ဖြစ်ပေါ်ထွန်းကား ဖွဲ့စည်းကာ အမျိုးသားရေးပုံရိပ်အဖြစ်ထင်ကျန်သော်လည်း အမည်နာမလောက်သာ လူသိများပြီး အသေးစိတ်လေ့လာခွင့်ရှိနိုင်မှု ချို့တဲ့ကြသည်လည်းရှိ၏။

www.burmeseclassic.com

မကြာမီက အမျိုးသားရေးပုံရိပ်ကျမ်း သုတေသန ဟု ဆိုရမည့် လက်ရာမွန်စာတစ်အုပ် ထွက်ပေါ်လာသည်။ အကြောင်းအရာနှင့် မှတ်တမ်းတင်ပြီးစီးမှုက အချိန်များစွာလင့်သည်ဟု ဆိုနိုင်သော်လည်း တန်ဖိုးမြင့်စာပေသည် မှတ်တမ်းမှတ်ရာကောင်းဖြစ်ပြီး မမေ့မပျောက်သင့်သည့် ဖြစ်ရပ်အထွေထွေကို စုစည်းကာ ပြည့်စုံအောင် ဖန်တီးခြင်းဖြစ်၏။ ခံ့ညားခြင်း၊ ပြည့်စုံခြင်း၊ စနစ်ကျခြင်းတို့ အကျုံးဝင်ပေ၏။

ကွယ်လွန်သူ စာရေးဆရာကြီး နတ်မောက်ဘုန်းကျော်၏ **အမျိုးသားအပျော်တမ်းရဲတပ်ဖွဲ့သမိုင်း** စာအုပ်ဖြစ်၏။ ခိုင်မာစုံလင်သော အကြောင်းရပ်များကို လုံ့လကြီးစွာ အားထုတ်ခဲ့ပြီး နှစ်ပေါင်းသုံးဆယ်ကြာမှ ထွက်ပေါ်လာခြင်းဖြစ်၏။ ထိုစာအုပ်သည် ဆယ်စုနှစ်သုံးခုကျော်ပေရာ ယခုမှ ပေါ်ထွက်လာခြင်းဖြစ်၍ အားမလို အားမရ ဖြစ်ရ၏။ အချိန်နှင့်တစ်ပြေးညီ မဖြစ်ခဲ့သော်လည်း မြန်မာ့သမိုင်းရှုထောင့်ကကြည့်ပါက မနှောင်းသေး။ ခက်ခဲကြမ်းတမ်းသော လူငယ်လှုပ်ရှားမှု၊ အမျိုးသားရေးအားမာန်ဖြင့် တက်ကြွမှုတို့ပေါ်လွင်ပေ၏။ စာပေရှုထောင့်ကကြည့်ပါက ကျမ်းသုတေသနပြုမှုပညာရပ်လည်း ပေါ်လွင်လျက်ရှိပေသည်။

ဆရာနတ်မောက်ဘုန်းကျော်သည် စာပေပညာရှင်တစ်ဦးအဖြစ် ပြုစုခဲ့သော စာအုပ်များက သက်သေပြ၏။ ဆရာသည် စာပေဗိမာန်အဖွဲ့၊ စာတည်းအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ ကျွန်တော်ကလည်း ဆရာတို့ခင်းခဲ့သော စာပေလမ်းကို လှမ်းလျှောက်ခွင့်ရသည်။ စာပေဗိမာန်စာတည်းအဖွဲ့ဝင် ဖြစ်ခွင့်ရသည်။ ယင်းသို့ တာဝန်မထမ်းရွက်မီကပင် ဆရာရေးသားခဲ့သော ပေဖူးလွှာ၊ အင်္ဂလိပ်-မြန်မာ စစ်သမိုင်း၊ ရှေးခေတ်တပ်မတော်မှတ်စုများ၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ

ဗြိတိသျှတို့က
မြန်မာနိုင်ငံကို သိမ်းယူပုံ၊
မျိုးချစ်တိုင်းရင်းသားများက ခံခံပုံ၊
ဗြိတိသျှတို့က အင်အားသုံးပြီး နှိမ်နင်းခြင်း၊
အုပ်ချုပ်ရေးယန္တရားဥပဒေအရပ်ရပ်
ထုတ်ပြန်စီမံခြင်း၊ စစ်ရေးဥပဒေနှင့်
ကျေးရွာဥပဒေများဖြင့် ကွပ်ကဲခြင်းများ၊
ငွေကြေးစစ်စရိတ် အကုန်ခံကာ ချဲ့ထွင်လာမှု၊
စိုးမိုးခဲ့မှုတို့ ပေါ်လွင်စေသည်။ ဤသို့ဖြင့်
ထီးသုဉ်း နန်းသုဉ်း ကြငှာန်းသုဉ်းနှင့်
မြို့သုဉ်းသုည သုဉ်းသုံးဝဠ်
ဖြစ်လာရချေ တို့တစ်တွေသည်
သေသော်မှတည့် ဩကောင်း၏
ဆိုသည့်အဖြစ်ဆိုး ကြုံရပေသည်
...

www.burmeseclassic.com

www.burmeseclassic.com



စသည့်စာအုပ်များကို လက်တစ်ကမ်းထား မှီငြမ်းကိုးကား နည်းမှီသူဖြစ်၏။ စာပေဗိမာန်၌ တာဝန်ထမ်းရွက်ခွင့်ရသည့်အခါတွင်လည်း ဆရာ၏ လက်စလက်န မှတ်ချက်ကောင်းများစွာ တည်းဖြတ်မှုပညာများကို တွေ့ရသည်။ ပညာရပ်ပြည့်ဝခြင်း၊ စာပေအားမာန် ဉာဏ်ရည်ဉာဏ်သွေးကောင်းပြီး တိကျမှန်ကန်မှုကို အလေးထားခြင်း၊ အချက်အလက် တိကျခိုင်မာမှုနှင့် အထောက်အထားသက်သေဝေဆာမှုကို တန်ဖိုးထားခြင်းတို့ကိုတွေ့ခဲ့ပေရာ ပညာများစွာရခဲ့၏။ ယင်းပညာရပ်များကို ယခု အမျိုးသားအပျော်တမ်းရဲတပ်ဖွဲ့သမိုင်းစာအုပ်တွင် အခိုင်အမာ တွေ့ရပေသည်။

စာအုပ်ကို အခန်း(၁၂)ခန်းခွဲထားကာ နောက်ဆက်တွဲစာစုများအဖြစ် ဖော်ပြထားသည်။ အောက်ခြေမှတ်စုများက ပြည့်စုံပြီး ကျမ်းကိုးတစ်ရာကျော် ပါဝင်ပေသည်။ အထူးသဖြင့် ကိုယ်တိုင်သိမီ ဖြတ်သန်းတာဝန်ထမ်းရွက်မှုနှင့် နိုင်ငံသမိုင်းတွင် ကဏ္ဍတစ်ရပ်က ပါဝင်ခဲ့သူဖြစ်လေရာ လေးစားဖွယ်ရာဖြစ်သည်။ မြန်မာပြည်အမျိုးသားအပျော်တမ်းရဲတပ်ဖွဲ့နှင့် အမျိုးသမီး သူနာပြုတပ်ဖွဲ့တို့သည် ဗြိတိသျှလက်အောက်မှ ရုန်းထွက်ရာ၌ ထင်ရှားစွာ ပါဝင်ခဲ့သည်ဟု နိဒါန်းစကားဆိုသည်။

ကျမ်းစာပေ ပီသပေါ်လွင်စေရန် ဗြိတိသျှလက်အောက် မြန်မာနိုင်ငံအကြောင်းကို စတင်အခြေပြုပေသည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံကို သိမ်းယူပုံ၊ မျိုးချစ်တိုင်းရင်းသားများက ခုခံပုံ၊ ဗြိတိသျှတို့က အင်အားသုံးပြီး နှိမ်နင်းခြင်း၊ အုပ်ချုပ်ရေးယန္တရားဥပဒေ အရပ်ရပ်ထုတ်ပြန်စီမံခြင်း၊ စစ်ရေးဥပဒေနှင့် ကျေးရွာဥပဒေများဖြင့် ကွပ်ကဲခြင်းများ၊ ငွေကြေးစစ်စရိတ် အကုန်ခံကာ ချဲ့ထွင်လာမှု၊ စိုးမိုးခဲ့မှုတို့ ပေါ်လွင်စေသည်။ ဤသို့ဖြင့် ပီးသုဉ်း၊ နန်းသုဉ်း၊ ကြဝှာန်းသုဉ်းနှင့် မြို့သုဉ်းသုညသုဉ်းသုံးဝဋ် ဖြစ်လာရချေ တို့တစ်တွေသည် သေသော်မှတည့် ဗြော်ကောင်း၏ဆိုသည့်အဖြစ်ဆိုး ကြုံရပေသည်။

သမိုင်းနောက်ခံဖြစ်ရပ်များတွင် ဗြိတိသျှတို့သည် ဘုရင်ခံစနစ်ဖြင့် အုပ်ချုပ်ခဲ့၏။ ယန္တရားအမျိုးမျိုးသုံးစွဲခဲ့၏။ သို့ရာတွင် နိုင်ငံတကာဖြစ်ရပ်ကို လေ့လာရင်း ၂၀ ရာစုအစောပိုင်းကာလတွင် နိုင်ငံရေးအသိ နိုးကြားမှုများရှိလာကာ အသင်းအဖွဲ့များ ပေါ်ခဲ့သည်။ ၁၉၀၆ ခုနှစ်ကစတင်တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း Young Men Buddhist Association သည် ထင်ရှားလူသိများပေသည်။

အမျိုးကိုချစ်ကြပါ။
ဘာသာကို လေးစားပါ။
သာသနာကို ချီးမြှင့်ပါ။
ပညာရေးကို အားပေးပါ ဆိုသည့် ကြွေးကြော်သံများက မြန်မာများကို နိုးကြားစေသည်။

တစ်ဆက်တည်းဆိုသလိုပင် အမျိုးသားရေးအသင်းများ ပေါ်ထွန်းခဲ့ရာတွင် ဂျီစီဘီအေ (G.C.B.A) အဖွဲ့ချုပ်ကြီးက အမျိုးသားရေးပုံရိပ် ပေါ်လွင်၏။ ထူးခြားသည်မှာ အမျိုးသားကျောင်းများ ပေါ်လွင်လာခြင်းဖြစ်ပြီး အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်နိုင်သည်။ ကျယ်ပြန့်မှုလည်းရှိခဲ့၏။ ကိုလိုနီပညာရေးစနစ်ကို အန်တုယှဉ်ပြိုင်သည်။ နိုင်ငံအနှံ့ ဒေသအဖုံဖုံတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာပြီး လွတ်လပ်ရေးရရန် အားမာန်ထက်သန်စေသည့် လူငယ်မျိုးဆက်များစွာ ထွန်းကားကြောင်း တွေ့ရသည်။ အမျိုးသားပညာရေးကော်မတီမှ မျိုးချစ်ကြီးများ၏ စိတ်ဓာတ်ကလည်း မြင့်မားပါ၏။

ထိုစဉ်က ခေတ်အလျောက် မျိုးချစ်မြင့်မားများ၏

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရေးကို အားပေးသော ကြွေးကြော်သံ၊ လှုံ့ဆော်သံဆောင်ပုဒ်တွေက များလှ၏။ အမျိုးသားပညာရေးနှင့် အပျော်တမ်းရဲတပ်ဖွဲ့ ဖွဲ့စည်းမှုတို့ ဆက်နွှယ်လာ၏။ အများအကျိုးသယ်ပိုးသည့် ပရဟိတစိတ်ကို အခြေခံ၏။ ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ဖြည့်ဆည်းကြခြင်းဖြစ်လေသည်။

မြန်မာနိုင်ငံအပျော်တမ်းရဲတပ်ဖွဲ့အကြောင်း သိကောင်းစရာက များပါ၏။ နတ်မောက်ဘုန်းကျော်က ရုပ်ပုံ၊ ဓာတ်ပုံများ၊ ထိုစဉ်က ဦးဆောင်ဦးရွက်ပြုသူများ၏ ဓာတ်ပုံများဖြင့် စုစည်းပြသပေးသည်။ အပျော်တမ်းရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းအကြောင်းနှင့် ဖွဲ့စည်းခြင်းပုံစံကို ကြည့်မြင်တိုင် အပျော်တမ်းရဲတပ်ဖွဲ့က ထုတ်ဝေကြောင်းတွေ့ရသည်။ မြန်မာသက္ကရာဇ် ၁၂၉၂ ခုနှစ်တွင် ဖွဲ့စည်းသည်ဟု စာအုပ်ငယ်မျက်နှာဖုံးက ဖော်ပြထားသည်။ ခရစ်နှစ် ၁၉၂၉–၃၀ တွင်ဖြစ်ပေသည်။ ခြေလျင်တပ်ဖွဲ့ ဖွဲ့စည်းပုံနှင့် အဓိပ္ပာယ်ရှင်းလင်းချက်များကိုတွေ့ရသည်။ ရဲတပ်ဖွဲ့၏ စစ်ရေးပြပုံစံများ၊ စစ်မြေပြင်၌ တာ ဝန်ခွဲဝေသည့် မြေပုံများ၊ တံဆိပ်နှင့် အမှတ်အသားသင်္ကေတများ၊ တပ်ဖွဲ့ဝင်အဆင့်ဆင့်၏ အသုံးပြုတံဆိပ်သင်္ကေတများစသည့် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် ရုပ်ပုံ၊ ဓာတ်ပုံများကို ရှားပါးစွာတွေ့ရသည်။ မသိမမီလိုက်သည့်ခေတ်အလိုက် ထင်ဟပ်ပြခြင်းဖြစ်၏။ ထိုစဉ်က အပျော်တမ်းရဲတပ်ဖွဲ့ (ကြည့်မြင်တိုင်)၏ အဖွဲ့သားပုံများကို တွေ့ရသေးသည်။ သမိုင်းကိုလေ့လာသော မျိုးဆက်လူငယ်များအတွက် အံ့ဩဖွယ်အားထုတ်မှုဖြစ်ပါ၏။

၁၉၂၉–၃၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာပြည်အပျော်တမ်းရဲတပ်ဖွဲ့သည် ပါဝင်လှုပ်ရှားမှုကြီးထွားလာသည့်အလျောက် ၁၉၃၅–၃၆ ခုနှစ်တွင် အမြို့မြို့အနယ်နယ်၊ အရပ်ရပ်တွင် အဖွဲ့ပေါင်း (၈၀) ဖွဲ့စည်းနိုင်ခဲ့သည်။ တပ်ဖွဲ့ဝင်အင်အား ၁၂၄၅၆ ဦးအထိ ရှိလာခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းကြီးက မျိုးစေ့ချပေးမှု၊ အမျိုးသားပညာရေးကောင်စီ၏ အထောက်အပံ့တို့က ကြီးထွားရင့်သန်စေခဲ့သည်။ လှုပ်ရှားမှုများအနေဖြင့် အမျိုးသားနေ့ချီတက်ခြင်း၊ အမျိုးသားအလံပြဋ္ဌာန်းဂုဏ်တင်ဆောင်ရွက်ခြင်း၊ စစ်ရေးပြအခမ်းအနားများ၌ ပါဝင်ကြခြင်း၊ အမျိုးသားရေးကိစ္စများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းတို့ဖြစ်လေသည်။ ယင်းမှတစ်ဆင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ကူးပြောင်းကြပေသည်။ ဗြိတိသျှခေတ် လက်အောက်ခံမြန်မာနိုင်ငံဘဝတွင် ထင်ရှားသော ပုံရိပ်အဖြစ် တာဝန်ကျေပွန်မှုကို လှစ်ဟပြသပေသည်။

အပျော်တမ်းရဲတပ်ဖွဲ့၏ အဓိဋ္ဌာန်မှာ ထူးခြားပါ၏။ အားမာန်ပါ၏။ အို.....မြန်မာပြည်ဖွား တိုင်းရင်းသားတို့ အစချီကာ ပထမအပိုဒ်(က)တွင် သင်တို့သည် မည်သည့်အမျိုးအစားနည်း။ (ကိုယ့်မင်းကိုယ့်ချင်းနှင့် အထက်တန်းစားလူမျိုးဖြစ်ခဲ့သည်။)စသည့် အမေးအဖြေပုံစံဖြင့် ဖော်ပြသည်။ ရဲဘော်အပေါင်းတို့ကို လှုံ့ဆော်သောနိဂုံးဖြင့် အဆုံးသတ်ပေသည်။

စာရေးသူတို့သည် သင်တန်းအမျိုးမျိုးတက်ရင်း စစ်ချီသီချင်းများ ဆိုခဲ့၊ ကြားခဲ့ရ၏။ မြန်မာပြည်အပျော်တမ်းရဲတပ်ဖွဲ့အနေဖြင့် ကိုယ်ပိုင်စစ်ချီသီချင်းများရှိ၏။ စာရေးသူကို မသဲမကွဲ ကြားဖူးနားဝရှိခဲ့၏။ ယခု စာသားများ၊ သင်္ကေတများကို တွေ့ခွင့်ရ၏။ အားမာန်ပါသော အသုံးအနှုန်းများဖြစ်၏။ မြန်မာပြည်လွတ်လပ်ရေးအတွက် ဦးတည်၏။ အမျိုး၊ ဘာသာ၊ သာသနာအတွက် ထိရောက်သော သက်ရောက်မှုဖြစ်ပေသည်။ မှတ်တမ်းမှတ်ရာအဖြာဖြာ ထူးခြားမှုတွေ့ရသေး၏။ စစ်

www.burmeseclassic.com

www.burmeseclassic.com



**အတိတ်မော်ကွန်းသမိုင်းသည်**
**ဂုဏ်သိက္ခာရှိစွာပေါ်ထွက်သဖြင့်**
**ကျေးဇူးကြီးပေသည်။**
**မည်သို့ပင်ဖြစ်စေ**
**အမျိုးသားရေးနှင့်**
**လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်**
**မြန်မာပြည်အပျော်တမ်း**
**ရဲတပ်ဖွဲ့ကဏ္ဍက**
**စနစ်တကျဖွဲ့စည်းကြိုးပမ်းမှုမရှိခြင်းက**
**မှေးမှိန်ပျောက်ကွယ်ခြင်းမရှိဟု . . .**

ရေးလှုပ်ရှားမှု ဝတ်စုံပြည့်ပုံစံ၊ ရဲဝံ့စွန့်စားမှုများ စသည့် ပုံရိပ်များကို ရှားရှားပါးပါးဖော်ထုတ်ပေသည်။

ဤမျှ ထူထဲခံ့ညားသော ကျမ်းစာအုပ်ကို ဆရာနတ်မောက်ဘုန်းကျော်သည် အနှစ်နှစ်အလလ စုဆောင်းရေးသားခဲ့ဟန်ရှိသည်။ မြန်မာ၊ အင်္ဂလိပ် စာအုပ်စာတမ်း၊ စာစောင်၊ သတင်းစာအုပ်ရေ ၁၃၀ ကျော်ကို အထောက်အထားပြုထားသည်။ ခိုင်မာ၏။ အငြင်းပွားဖွယ်မရှိ။ သမိုင်းဝင်မော်ကွန်းတင် အကြောင်းအရာဖြစ်လေရာ စုစည်းမှုအားကောင်းသည်နှင့်အမျှ ဆွဲဆောင်နိုင်၏။ သမိုင်းနှင့်စာပေကို စိတ်ဝင်စားသူ၊ သုတေသနသမားများအတွက် ခေတ်အခြေအနေအားလုံးကို ထင်ဟပ်ပြထားသဖြင့် လက်ကိုင်ပြုအားကို အားထားအသုံးချခွင့်ရပေသည်။

နှံ့စပ်သေချာစွာဖြင့် ခိုင်မာအားထားရသော မြန်မာပြည်အပျော်တမ်းရဲတပ်ဖွဲ့အကြောင်း ကျမ်းတစ်ဆူသည် ပြုစုသူအဖို့ အားငယ်စရာဖြစ်လာသည်ဟု ယူဆစရာရှိပေသည်။ စာအုပ်တွင် ဆရာနတ်မောက်ဘုန်းကျော်၏ လက်ရေးမူမိတ္တူလေးကို ဖတ်မိခြင်းဖြစ်၏။

**အမျိုးသားအပျော်တမ်းရဲတပ်ဖွဲ့သမိုင်း**

ဤစာမူကို ၁၉၈၄ ခုနှစ်တွင် စတင်ရိုက်နှိပ်ရန် ပုံနှိပ်စက်က စက္ကူထုပ်များ ခိုးရောင်းသဖြင့် ဆက်လက်ပုံနှိပ်ခြင်းမပြုနိုင်ဘဲ ရပ်ဆိုင်းနေခဲ့ရပါကြောင်း။

ငွေကြေးတတ်နိုင်သူများက ဆက်လက်ပုံနှိပ်နိုင်လျှင် ပုံနှိပ်ထုတ်ဝေကြပါသည်ဟု ဆန္ဒပြုနေပါကြောင်း၊ ၂၆–၂–၁၉၈၉ ဟု ဖော်ပြထားသည်။ ကာလခြားနားသော်လည်း စိတ်ကူးချိုချိုက ထူထူထဲထဲ၊ ခံ့ခံ့ညားညား ထုတ်ဝေနိုင်ပြီဖြစ်၏။ သိဖွယ်ရာ အကြောင်းအရာများစွာကို လူငယ်မျိုးဆက်များ လက်ဆင့်ကမ်းခွင့်ရပါ၏။ အတိတ်မော်ကွန်းသမိုင်းသည် ဂုဏ်သိက္ခာရှိစွာ ပေါ်ထွက်သဖြင့် ကျေးဇူးကြီးပေသည်။ မည်သို့ပင်ဖြစ်စေ အမျိုးသားရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မြန်မာပြည်အပျော်တမ်းရဲတပ်ဖွဲ့ကဏ္ဍက စနစ်တကျ ဖွဲ့စည်းကြိုးပမ်းမှုမရှိခြင်းက မှေးမှိန်ပျောက်ကွယ်ခြင်းမရှိဟု ဆိုချင်ပေသည်။

ညွန့်ဖုံ (ကျူတော)

www.burmeseclassic.com

www.burmeseclassic.com



အခန်းဆက်ဝတ္ထုရှည်

# ထက်ထက်ဦးဝေ

နွေအလွမ်း



www.burmeseclassic.com

ယခင်လမှအဆက်

**ခန့်မင်းသာ.....**

ကျွန်မ တွေ့ဆုံခဲ့ရသော တတိယယောက်ျားဟုဆိုက မမှားပါ။ တစ်ဖွတ်ထိုးဆန်သည့် ကလေးဆိုးကြီးဖြစ်ပြီး ကျွန်မက ခန့်၏ပညာရေးအတွက် (ဆေးကျောင်းတက်ရင်းဝင်ငွေရအောင်)အနီးကပ် Guide လုပ်ပေးခဲ့ရသည့် ဆရာမဆိုက မမှားပါ။ ခန့်မင်းသာနှင့်တွေ့ရန် ဖန်တီးလာသော အကြောင်းတရားက Final Part 2 အပြီးတွင် ပြည်တွင်အခြေချနေလိုက်သော ဒေါ်လေးမေမေထံ ပြန်သွားရာမှ စိတ်ဆင်းရဲစရာအဖြစ်တစ်ခုနှင့် ရင်ဆိုင်လာခဲ့ရလေသည်။

"ဒေါ်လေးမေမေ....ဒေါ်လေး သမီးပြန်လာပြီလေ"

ပြည်ရှိ ဒေါ်လေး၏အိမ်သည် တစ်ထပ်တိုက်လေးဖြစ်ပြီး ဧရာဝတီမြစ်ကလေးဘက်သို့ မျက်နှာပြုထားသည့် လေကောင်းလေသန့်ရသော နေချင့်စဖွယ် အိမ်ကလေးဖြစ်၏။ ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည်တောင်တန်း၊ မဥ္ဇူတောင်တန်းများရှိ ရွှေရောင်တဝင်းဝင်းဘုရားများကို အဝေးမှတွေ့မြင်နေရတတ်သည်။ ဧရာဝတီမြစ်အတွင်းမှ တိုက်ခတ်လာသော လေနုအေးအေးကို ရှူရှိုက်ရင်း မြစ်ထဲမှ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်လေးများ သွားလာနေသော မြင်ကွင်းများနှင့် ၆ နှစ်ကျော်ကာလအတွင်းပြောင်းလဲလာသော နဝဒေးတံတားကြီးစသော ရှုမျှော်ခင်းလေးများသည် ပြည်မြို့၏လှပသော အရာများပဲဖြစ်ကြ၏။ ယခင်က ထုံးဖြူဖြူနှင့် ဘုရားပုထိုးများသည် ယခုတော့ ရွှေရောင်တဝင်းဝင်းနှင့် ပြန်လည်တည်ဆောက် ပြုပြင်ထားကြပါပြီ။ ရွှေဆံတော်ဘုရားကြီးပင် ဓာတ်လှေကားဖြင့် တက်နိုင်နေပေပြီ။ အရာရာပြောင်းလဲနေသော ပြည်မြို့၏ မြင်ကွင်းများသည် ကျွန်မအဖို့ အံ့ဩစရာ ဖြစ်ခဲ့ရ၏။

လေးမူက လွန်ခဲ့သည့် တစ်နှစ်ခန့်က အိမ်ထောင်ကျပြီး သူမခင်ပွန်းနှင့်အတူ လိုက်ပါသွားရပေမယ့် ကြူကြူက ပြည်မြို့မှာပင် အလုပ်ဝင်နေလေပြီ။ အိမ်ထောင်တော့မကျသေးပါ။ ပြည်ရောက်လာမှ ကြူကြူ့ကိုခေါ်ပြီး မြို့အနှံ့လျှောက်လည်ပစ်လိုက်မည်ဟု တွေးထားမိသည်။

"ဒေါ်လေး....ဒေါ်လေးမေမေ၊ ဟင်.....ဘယ်သူမှမရှိကြဘူးလား"

အိမ်ပေါ်တက်လာသော်လည်း တိတ်ဆိတ်မှုက ကျွန်မကို ဆီးကြိုနေကြ၏။ အိမ်ဖော်မိန်းကလေးလည်းမရှိ။ ဒေါ်လေးတော့ ဘယ်များသွားနေကြပြီမသိ။ ပြတင်းတံခါးလေးကိုဖွင့်လိုက်စဉ် ခြံလေးထဲကွေ့ဝင်လာသော ကားတစ်စီးကို မြင်လိုက်ရ၍ ပြတင်းမှရပ်ကြည့်နေမိ၏။ ကားပေါ်မှ ဆင်းလာသူများမှာ ဦးဖေသော်နှင့် အနန်တီထားအပြင် ကျွန်မ မမြင်မတွေ့ဖူးသော ယောက်ျားများ ဆင်းလာကြသည်။ ထို့ကြောင့် ခန်းဆီးစလေးနှင့်ကွယ်ထားလိုက်ရ၏။

"ဟင်...အိမ်တံခါးကြီးလည်း ပွင့်နေပါလား၊ အိမ်ဖော်ကောင်မလေး ဘယ်ရောက်နေပြီလဲ.....မိဖြူ....."

အခန်းတစ်ခုတွင် ပုန်းနေရှာသော မိဖြူမှာ ကြောက်ကြောက်လန့်လန့်ဖြင့် ပြေးထွက်လာပြီး.....

"ဘဘ.....ဟိုမှာ မမလေး ရောက်နေပါတယ်၊ သူမေးမှာကို ကြောက်ပြီး မိဖြူပုန်းနေတာပါရှင်"

"ဟင်....."

"ဟာ.....နွေ့အလွန်ရောက်နေတယ်"

သည်တော့မှ ကျွန်မကိုမြင်သွားကြပြီး အထိတ်တလန့်ဖြစ်ကုန်ကြတော့၏။ ကျွန်မရှိရာသို့ ဖြိုင်ဖြိုင်လျှောက်လာကြလေပြီ။

"ဩော်.....အနန်တီထားရဲ့

www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးတဲ့ကိစ္စက ပြည်ကိုလာဖို့ပေါ့နော်၊ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောပြလည်း ဖြစ်ပါတယ် အန်တီထားရယ်၊ ဦးဖေသော်နဲ့ အန်တီထားက တစ်ခုခုပတ်သက်နေရမယ်လို့တော့ ဟိုတစ်ချိန်ကတည်းက ကျွန်မထင်ပြီးသားပါ၊ ဒါကြောင့်လည်း ဦးဖေသော်ကို ကျေးဇူးတင်ခံရအောင် ဒေါ်လေးက ကျွန်မနဲ့ ပတ်သက်သမျှ အန်တီထားကို ယုံကြည်ပြီး လွှဲအပ်ထားတာကိုး၊ ဟင်း.....ဟင်း၊ တတ်လည်းတတ်နိုင်ကြပါပေတယ်ရှင်''

သူတို့နှစ်ဦးထံ ရင်ဆိုင်လိုက် ရာ အန်တီထားက စတင်လှုပ်ရှားလာ၏။ ဦးဖေသော်မှာ ခေါင်းငုံ့ပြီး ကျွန်မကို မကြည့်ရဲတော့ပေ။

''သမီး အထင်မှားနေတာပါကွယ်၊ အန်တီထားက သမီးသိပ်မုန်းနေတဲ့ ဦးဖေသော်ရဲ့ ညီမအရင်းပါ''

''ရှင်.....''

''ဟုတ်ပါတယ် သမီးရယ်၊ အန်တီထားက စာနာစိတ်နဲ့ အစ်ကိုကြီးတို့အခက်အခဲကို ကူညီပေးခဲ့သူပါ၊ သမီးရဲ့ဆေးကျောင်းတက်နိုင်ဖို့ ငွေရေးကြေးရေးကအစ အစ်ကိုကြီးက ထောက်ပံ့ပေးနေတာပါ၊ သူဟာ ဘာကိုမှ မျှော်လင့်မထားဘဲနဲ့ စေတနာနဲ့ ကူညီနေတဲ့သူပါ သမီး''

ကျွန်မခေါင်းမှာ မိုက်ခနဲဖြစ်သွားသလို ခံစားသွားရ၏။ သည်လိုသာ ဦးဖေသော်၏ အကူအညီကို ဒေါ်လေးယူမှန်းသိလျှင် ကျွန်မဆရာဝန်ဖြစ်ဖို့ ကြိုးစားမိမည်မဟုတ်ပေ။ ဒီအကြောင်းတွေကို ကျွန်မ မသိခဲ့ရပါလား။

''အဲဒီနောက်မှာ ဒေါ်မိုးမိုးမြင့်ကိုယ်တိုင် အစ်ကိုကြီးကို သူ့ဆန္ဒနဲ့ လက်ထပ်ခဲ့တယ်၊ ဒီအကြောင်းတွေကို သမီးလေးသိမှာစိုးလို့ ဖုံးကွယ်ထားမိတာပါ၊ ဒေါ်မိုးမိုးမြင့်က သူ့ကြောင့် သူ့တူမလေး ပညာရေးနှောင့်နှေးသွားမှာ၊ စိတ်ထိခိုက်သွားမှာ စိုးရိမ်လို့တဲ့လေ''

ကျွန်မမှာ ဝမ်းနည်းစိတ်ကြောင့် တုန်ယင်နေရ၏။ မျက်ရည်များမှာ ချက်ချင်းပြည့်လျှံလာသလို ခဏချင်းနှင့်ပင် ပါးနှစ်ဖက်ပေါ် စီးကျလာကြလေပြီ။



မျှော်လင့်ထားသော
ဘဝတစ်ခုသည်
လေထဲတွင်
ဆောက်သည့်
အိမ်တစ်လုံးလို
မှန်တိုင်းအောက်တွင်
တစ်စစီ
ပျောက်ပြယ်လွင့်ကြေ
ကျိုးပြတ်
ကုန်ရလေပြီ
...

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြပါဦးဗျာ၊ ကလေး လည်း ရန်ကုန်ကလာရတော့ ပင်ပန်းနေမှာပေါ့၊ သူနားလည်အောင် ကျွန်တော်ပဲ ရှင်းပြပေးလိုက်ပါ့မယ်၊ ထိုင်ပါ ဦးဖေသော်၊ သမီးလည်း ထိုင်ဦး"

ညှော့သည်အမျိုးသားကြီးက ပြောလာ၍ အားလုံးမှာ ညှော့ခန်းထဲတွင် နေရာယူမိကြ၏။ ထို့နောက်မှ ထိုအမျိုးသားကြီး၏ တည်ကြည်ပြတ်သားသောအသံက ပေါ်ထွက်လာသည်။

"ဦးက ရွှေနေကြီး ဦးဝင်းအောင်ပါ သမီး၊ ဒီက ဦးဖေသော်နဲ့ ဒေါ်မိုးမိုးမြင့်ကို ဦးကိုယ်တိုင် လက်ထပ်ပေးခဲ့တာပါကွယ်၊ သူတို့ အိမ်ထောင်သက် သုံးနှစ်အကြာမှာ ဒေါ်မိုးမိုးမြင့်ဟာ နှလုံးရောဂါနဲ့ဆုံးပါးသွားခဲ့တာ၊ ဒီနေ့ဟာ သူ့ရဲ့ အသုဘမြေကျတဲ့နေ့ပါပဲကွယ်"

"ရှင်.....ဒေါ်လေးမေမေ ဆုံးပြီ"

အံ့သြလွန်း၍ စိတ်ကိုချုပ်ထိန်းထား၍မရပါ။ မျက်ရည်များ ဒလဟော စီးကျလာကြ၏။ ကျွန်မ၏ မျှော်လင့်ထားသော ဘဝတစ်ခုသည် လေထဲတွင်ဆောက်သည့် အိမ်တစ်လုံးလို မှန်တိုင်းအောက်တွင် တစ်စစီပျောက်ပြယ်လွင့်ကြေ ကျိုးပြတ်ကုန်ရလေပြီ။ ဒေါ်လေးမေမေ၏ နောက်ဆုံးအချိန်လေးကိုတောင် ကျွန်မ မမြင်တွေ့ခဲ့ရပါလား။

"ဒေါ်လေးမေမေဆုံးတာ ဘာကြောင့် ကျွန်မကို ပြောမပြရတာလဲ၊ ကျွန်မကို အရေးမပါတဲ့ မိန်းကလေးအဖြစ် ဘေးဖယ်ထားကြတာလားဟင်၊ ဦး.....ပြောပါဦး"

"ဒါဟာလည်း သမီးဒေါ်လေးရဲ့ဆန္ဒပါ၊ ဦးတို့က အကြောင်းကြားမလို့ပါပဲကွယ်၊ သမီးက အဲဒီအချိန်မှာ နောက်ဆုံးနှစ်စာမေးပွဲအတွက် ကြိုးစားနေရတယ်မဟုတ်လား၊ သမီးရဲ့ပညာရေးကိုငဲ့ပြီး ဦးကိုမခေါ်ခိုင်းတာပါ၊ ဒါကိုလည်း နားလည်ပေးပါ သမီး"

ဦးဖေသော်၏ တောင်းပန်စကားတစ်ခွန်းနှင့်အတူ ခံစားမှုကြောင့် သူ၏မျက်နှာပေါ်တွင် ထင်ကျန်နေသည့် ကြေကွဲရိပ်။ ထိုပူဆွေးမှုသောကများသည် လူတစ်ယောက်၏ မျက်နှာပေါ်တွင် ဟန်ဆောင်ဖုံးကွယ်ထား၍ မရပါလား။ ဒေါ်လေးမရှိချိန်ရောက်မှ ကျွန်မ၏ ကိုယ်ချင်းစာ နောင်တ တရားများက နှောင်းခဲ့ကြလေပြီ၊ တစ်ချိန်ကသာ ဒေါ်လေးဘဝတစ်ခုထူထောင်မည့်အဖြစ်ကို ကျွန်မ လိုက်လျောခွင့်ပြုမိလျှင် ဤသို့ကြေကွဲဝမ်းနည်းစရာများ ဖြစ်လာကြမည်မဟုတ်ပါ။ ထို့အတူ ဦးဖေသော်လည်း စိတ်ထိခိုက်စရာများကို ခံစားရမည်မဟုတ်ပေ။ အားလုံးသည် ကျွန်မ၏အပြစ်၊ ကျွန်မ၏အတ္တကြီးမှုကြောင့် ဒေါ်လေးတွင် နှလုံးရောဂါဝေဒနာ ခံစားလာရခြင်းသာဖြစ်ပေမည်။

"သမီးကိုခွင့်လွှတ်ပါ ဒေါ်လေးမေမေရယ်"

လောကကြီးတွင် သည်အခေါ်နှင့် သည်တူမသာ ရှိရသည့် သံယောဇဉ်ကြိုးကို ကံတရားက ရက်စက်စက် ပြတ်တောက်သွားခဲ့လေပြီ။

ကျွန်မတွင် အားကိုးရာမဲ့ဘဝဖြင့် ကိုယ်ထူးကိုယ်ချွန် ကြိုးစားခဲ့သာရှိတော့သည်။ ကျွန်မ ငိုကြွေးနေတော့ရော ဒေါ်လေးမေမေက အသက်ပြန်ရှင်လာမည်မဟုတ်ပါ။ ကိုယ့်ကိုယ်ကိုယ် အားတင်းဖြေသိမ့်မိပါ၏။ အားလုံးက ကျွန်မ၏ခံစားမှုကို နားလည်စာနာစွာဖြင့် စိတ်မကောင်းဖြစ်နေကြပေမယ့် မျက်ရည်များကိုသုတ်ကာ ကျွန်မ၏ အမှားကို ဦးဖေသော်ထံ ဝန်ခံတောင်းပန်လိုက်မိသည်။

"သမီးကိုလည်း ဦး ခွင့်လွှတ်ပါ၊ တကယ်တော့ ဒေါ်လေးကို ဦးရဲ့လက်ထဲ ကြည်ကြည်ဖြူဖြူ မအပ်ရက်ခဲ့တာကိုက ကျွန်မရဲ့အမှားပါ၊ ဒေါ်လေးမေမေဟာ သေတဲ့အထိ ကျွန်မကို ဖွင့်မပြောပြရက်ဘဲ ရင်ထဲမှာ မျိုသိပ်သွားခဲ့ပြီး ဝေဒနာတစ်ရပ်ကို ခံစားခဲ့တာ ကျွန်မအပြစ်ပါဦး၊ ကျွန်မရဲ့အမှားကို ဒေါ်လေးရဲ့ အသက်နဲ့ရင်းပြီးမှ ကျွန်မ သိခဲ့ရပါပြီ ဦးရယ်"

"ခွင့်လွှတ်ပါတယ် ကလေးရယ်၊ မိုးဟာ ဦးကို မသေခင် မှာသွားခဲ့တယ်၊ မိုးရဲ့တူမဟာ ဦးရဲ့တူမပဲပေါ့၊ မိုးရှိစဉ်ကအတိုင်း ကလေးကို ဆက်လက်စောင့်ရှောက်သွားမှာပါ"

ဦးဖေသော်၏စကားကိုထောက်ခံကြသည့်အလား လူကြီးများအားလုံးမှာ ကြည်နူးစွာ ပြုံးနိုင်ကြသော်လည်း ကျွန်မနှင့် ဦးဖေသော်သည်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးနှင့်စပ်မှ တော်ရမည့် ဦးလေးတစ်ယောက်ပါ။ ယခုလို ဒေါ်လေးမရှိသည့်အချိန်တွင် ကျွန်မအဖို့ လက်ခံရန် မသင့်တော့ပေ။ ပြီးတော့ ဤခြံနှင့်အိမ်သည်လည်း ဦးဖေသော် ပိုင်ဆိုင်သည့် ပစ္စည်းများပဲ ဖြစ်ကြပါလိမ့်မည်။ ကျွန်မနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့မှန်း သိနေ၏။

"သမီး တစ်ခုပြောပါရစေ၊ အခုလို ရှေ့နေကြီးရှေ့မှာ ဒီစကားကို ပြောရတာ သမီးဝမ်းသာလှပါပြီ"

လူကြီးအားလုံး၏ မျက်နှာများမှာ အံ့သြမှုမျိုးစုံကြောင့် ပြောင်းလဲသွားပြီး ပဟေဠိဖြစ်နေကြရာ၌ ကျွန်မက ပြောသင့်ပြောထိုက်သည့် စကားတစ်ခွန်းကို အသိသက်သေများ၏ရှေ့တွင် ရဲရဲစွာ ပြောချနိုင်ပါပြီ။

"ပြည်မှာ ဒေါ်လေးမရှိတော့ဘူးဆိုရင် မနက်ဖြန်မှာပဲ ရန်ကုန်ကို ကျွန်မ ပြန်ပါရစေတော့၊ ပြီးတော့ ဦးရဲ့အကူအညီကိုလည်း ကျွန်မ ဆက်ယူဖို့ မသင့်တော့ပါဘူး။ ဦး ဟာ ကျွန်မပေါ် စေတနာကောင်းခဲ့သူတစ်ယောက်ပါ၊ ကျွန်မရဲ့ကျေးဇူးရှင်ဟာ ဦးဖြစ်နေတဲ့အတွက် ရှေ့ဆက်လျှောက်လှမ်းရမယ့် ခရီးမှာ ဦးကို ဒုက္ခမပေးရက်တော့ပါဘူး"

"မဟုတ်သေးဘူး ကလေး၊ မိုးအပေါ်ပေးထားတဲ့ ကတိကိုတော့ ဦး မဖျက်ပါရစေနဲ့ကွယ်"

"ဒေါ်လေးမှ မရှိတော့ဘဲ ဦးရယ်၊ ဒေါ်လေးရှိချိန်မှာ ကူညီခဲ့တဲ့ ဦးရဲ့စေတနာကျေးဇူးကို ကျွန်မ ဆပ်လို့ကုန်မှာမဟုတ်ပါဘူး။ ကျွန်မ ကျေနပ်ပါတယ်"

ဦးဖေသော်၏ သက်ပြင်းချသံ အဆုံးတွင် ရှေ့နေကြီးက ဆက်ပြောလာ၏။

"ဦးတူမက မယူချင်လည်း ဦးတို့က ပေးရမှာပဲကွယ်၊ ဒီလိုပါ၊ ဒေါ်မိုးမိုးမြင့်နဲ့ ဦးဖေသော် လက်ထပ်စဉ်က နှစ်ဦးသဘောတူ စာချုပ်တစ်ခု ဦးတူမအတွက် ပြုလုပ်ခဲ့ကြပါတယ်၊ အဲဒါဟာ ဘာလဲဆိုတော့ တစ်ချိန်ချိန်မှာ ဦးစွာကွယ်လွန်ခဲ့သူဟာ ဦးဖေသော်ဖြစ်ခဲ့ရင် ပိုင်ဆိုင်မှုအားလုံးဟာ ဒေါ်မိုးမိုးမြင့်သာမက နွေအလွန်နဲ့ပါ သက်ဆိုင်ပြီးသားပါ၊ ဒီလိုမှမဟုတ်လို့ ဒေါ်မိုးမိုးမြင့် ဦးဆုံးကွယ်လွန်ခဲ့ရင် ဦးဖေသော်ဟာ နွေအလွန်ကို သမီးရင်းအဖြစ် မွေးစားခွင့်ပါမကာ အုပ်ထိန်းခွင့်နဲ့ အမွေဆက်ခံပိုင်ခွင့်ကိုပါ ရရှိစေပါလိမ့်မယ်၊ ဒါကို နွေအလွန်က လက်မခံနိုင်ဘူးဆိုရင် ပိုင်ဆိုင်မှု တစ်ဝက်ကို ဦးဖေသော်က ခွဲဝေပေးမှာပါ၊ ဒါကြောင့် ဦးတူမ သဘောကျရာကိုသာ ရွေးချယ်ပါ"

ဒေါ်လေးမေမေသည် သေဆုံးချိန်အထိ ကျွန်မအပေါ် သံယောဇဉ်ကြီးရှာခဲ့သူပါလား။ အနစ်နာခံ ခွင့်လွှတ်တတ်သည့် ဦးဖေသော်၏ ထိုမေတ္တာတရားများကို ကျွန်မ ကျော်နိုင်းရန် ဝန်လေးမိ၏။ သို့သော်လည်း သူတို့၏ စေတနာများကို ကျွန်မဘက်က ပြန်လည်တုံ့ပြန်ရပါလိမ့်မည်။ သို့မှသာ ဦးဖေသော်၏ ကျေးဇူးကို ပြန်ဆပ်နိုင်မည်မဟုတ်ပါလား။

"ပြောလိုက်လေ သမီး၊ အန်တီထားတို့က အစ်ကိုကြီးစိတ်တိုင်းကျ လုပ်ပိုင်ခွင့်ပေးထားပြီးသားပါကွယ်၊ နွေအလွန်ဟာ အန်တီထားရဲ့တူမလေးပါပဲ"

ကျွန်မ၏နှုတ်မှ ဖွင့်ဟလာမည့် အဖြေအတွက် မျှော်လင့်နေကြရာ၏။ အားလုံး၏ ဝမ်းသာလှိုက်လှဲသော မျက်ဝန်းများကို လွှဲဖယ်ကာ

**အမွေပစ္စည်းဆိုတာ ခံစားသင့်၊ ခံစားထိုက်မှ ပိုင်ဆိုင်ရတတ်တာမျိုးပါ။**
**ကျွန်မက ဝင့်ကြွားတစ်ခုကြောင့် မခံစားထိုက်တဲ့**
**မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း အားလုံးရဲ့ရှေ့မှာ**
**သက်သေပြလိုက်နိုင်ခဲ့လေပြီ . . .**

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှစကားများကို တစ်လုံးချင်း ပြောပြလိုက်မိလေပြီ။

"ဦးပေးလာမယ့် ပိုင်ဆိုင်မှုတွေကို ကျွန်မ လက်မခံပါရစေနဲ့၊ ကျွန်မအတွက် ပိုင်ဆိုင်မှုတွေကို ဒေါ်လေးမေမေအတွက်သာ ဦး လှူဒါန်းလိုက်ပါတော့၊ ဒေါ်လေးမေမေ သာစုခေါ်နိုင်အောင် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးစေချင်တယ် ဦးရယ်၊ ကျွန်မအတွက်ကတော့ ဦးနဲ့ ဒေါ်လေးမေမေရဲ့ ဓာတ်ပုံကိုသာ ကျွန်မရဲ့ ထာဝရကျေးဇူးရှင်တွေအဖြစ် အမှတ်တရပေးလိုက်ပါနော်"

အားလုံး၏အံ့သြမှုနှင့် ကျွန်မ၏စွန့်လွှတ်မှု။ ဒါတွေဟာ ကျွန်မ၏ တန်ဖိုးဖြတ်မရနိုင်သော ပေးဆပ်မှုတစ်ခုပါပဲလေ။ အမွေပစ္စည်းဆိုတာ ခံစားသင့်၊ ခံစားထိုက်မှ ပိုင်ဆိုင်ရတတ်တာမျိုးပါ။ ကျွန်မက ဝဋ်ကြွေးတစ်ခုကြောင့် မခံစားထိုက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း အားလုံးရဲ့ရှေ့မှာ သက်သေပြလိုက်နိုင်ခဲ့လေပြီ။

+++

ခန့်မင်းသာအတွက် Guide လိုကြောင်း သူငယ်ချင်းတစ်ယောက်ထံမှ သိရသည့်နောက် ထိုသူငယ်ချင်း၏ အဆက်အသွယ်ဖြင့် ဆရာမဖြစ်လာရ၏။ သူကလည်း ကျွန်မနေသော အဆောင်တစ်ခုမှ ကျွန်မလို ကိုယ့်အားကိုယ်ကိုးပြီး ဆရာဝန်ဖြစ်ရန် လိုအပ်သောအခက်အခဲကို Guide လုပ်ပြီး ဝင်ငွေရှာနေသူ မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

အန်တီထား၏အဆောင်မှ အပြီးအပိုင် ပြောင်းရွှေ့လာသည့် ကျွန်မမှာ အပြင်အဆောင်တစ်ခုကို ရောက်ရှိလာခဲ့ရ၏။ အဆောင်ဟုခေါ်သော်လည်း ကျွန်မ နေထိုင်သောနေရာသည် အိမ်ကလေးတစ်လုံးပါ။ ပိုင်ရှင်၏ ယုံကြည်စိတ်ချစွာ ငှားရမ်းထားသည့် ထိုအိမ်လေးတွင် မိန်းကလေးသုံးယောက်သာစုနေပြီး ချက်ပြုတ်စားသောက်ရ၏။ လခနှင့် ကျသင့်သော အဖိုးအခများကို သုံးယောက်သား စုပေါင်းခွဲဝေပေးကြရသည်။ ရေ၊ မီးရှိ၏။ အားလပ်ရက်တွင် ဈေးဝယ်ထွက်ပြီး တစ်ပတ်စာအတွက် ရေခဲသေတ္တာထဲ ထည့်သွင်းထားပြီး ကိုယ်တိုင်စီစဉ်ချက်ပြုတ်ကြရ၏။ သုံးယောက်လုံးမှာ စိတ်တူကိုယ်တူဖြစ်ကြ၍လည်း မည်သည့်ပြဿနာမျှမရှိ။ တစ်ဦး၏အခက်အခဲကို တစ်ဦးက ကူညီဖြေရှင်းကြ၍ ထိုအိမ်လေးတွင် နေထိုင်ရသည်မှာ စိတ်ချမ်းသာခဲ့ရပါ၏။ ကျွန်မနှင့် အေးငြိမ်းသူက အားလပ်ရက်မရှိသလောက် Guide ပြနေရ၍ ပင်ပန်းသော်လည်း ခင်မြတ်မူမှာ လိုသောငွေကို အိမ်မှပို့ပေးနေသဖြင့် ဘဝကို လေးနက်စွာ ခံစားရခြင်းမရှိသော ဆရာဝန်လောင်းတစ်ယောက်ပဲဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့နှစ်ယောက်ကို သူမက သနားနေတတ်၍လည်း ညာတာစွာဆက်ဆံတတ်သူပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com





"မင်းသင်ရမယ့်အိမ်ကကောင်လေးက နည်းနည်းဆိုးတယ်နော်၊ သူ့သတင်းကို ကြားထားရတော့ မင်းဘက်က ဆက်ဆံနိုင်ဖို့ နည်းလမ်းကောင်း ကြိုတင်တွေးထားနိုင်တာပေါ့ကွာ"

ငြိမ်းက ခန့်မင်းသာနှင့်ပတ်သက်ပြီး သူ့ character ကို ပြောပြရှာသည်။ ထိုစဉ်က ကိုးတန်းသာရှိသေးသော ခန့်မင်းသာမှာ ကျွန်မ၏ဩဇာအောက်တွင် ငြိမ်သက်စွာ ခံယူကိုင်တွယ်နိုင်သည့် ကလေးတစ်ဦးဖြစ်ခဲ့သော်လည်း တက္ကသိုလ်ဝင်တန်း တက်သည့်အချိန်တွင်တော့ ရင်းနှီးမှုပိုလာခြင်းနှင့်အတူ ခန့်မင်းသာ၏စိတ်ကို မည်သည့်နည်းနှင့်မျှ ထိန်းမထားနိုင်တော့ပါ။ စာတော်သော်လည်း အပေါင်းအသင်းမင်တတ်၏။ တစ်ဦးတည်းသောသားပီပီ မိဘ၏အလိုလိုက်ခြင်းကြောင့် အမှားအမှန်၊ အကောင်းအဆိုးကို မခွဲခြားတတ်သေးပေ။

ခန့်မင်းသာက စိတ်ကစားတတ်သည့်အရွယ်ပါ။ ဆယ်ကျော်သက်အရွယ်တွင် အပေါင်းအသင်းများ၏တွန်းအားကြောင့် အချစ်ကို တမ်းတချင်တတ်ကြပြီး လက်တည့်စမ်းချင်ကြ၍ ကျွန်မက ဆယ်ကျော်သက်အရွယ်၏ ရင်ခုန်သံကိုကြားနေရသော်လည်း ခန့်မင်းသာ၏ အချစ်ကို ဥပေက္ခာပြုထားမိ၏။

"မမ.....အချစ်ဆိုတာ ဘာလဲဟင်"

အခေါ်အဝေါ်ကအစ ပြောင်းလဲလာတတ်သော ခန့်မင်းသာ၏ ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါင်းခေါက်လိုက်သံနှင့်အတူ.....

"မင်းအလုပ်က စာကြိုးစားဖို့ပဲ၊ တခြားဘာကိုမှ စိတ်ကူးမနေနဲ့"

ခေါင်းကိုပွတ်ကာ နာကျင်ရှက်ပြုံးတစ်ခုကို မြင်တွေ့ခဲ့ရပြီးသည့်နောက်ပိုင်း သူငယ်ချင်းများ၏ Idea နှင့် ကျွန်မအပေါ် အစွမ်းကုန်ဆန္ဒပြလေတော့သည်။ မိဘများမှာလည်း အလုပ်များသူများဖြစ်၍ သားဖြစ်သူ၏ပညာရေးအတွက် လိုလေသေးမရှိ ပံ့ပိုးပေးသော်လည်း လှည့်မကြည့်နိုင်ခဲ့ကြပေ။ ပညာရေးကို ကျွန်မထံ အပြီးအပိုင် လွှဲအပ်ထားပုံရပါသည်။ နေ့လယ်တွင် အိမ်ဖော်နှင့် ခြံစောင့်မှလွဲ၍ မိဘများ မရှိခဲ့၍လည်း ခန့်မင်းသာအတွက် လွတ်လပ်မှုကို အပြည့်အဝပိုင်ဆိုင်ထား၏။ ထို့ကြောင့် တစ်ခါတလေ ကျွန်မလာသည့်အချိန်ထိ သူငယ်ချင်းများမှာ မပြန်နိုင်ကြသေးဘဲ သူနှင့်အတူ ည့်ခန်းထဲတွင် တီဗွီဂိမ်း ကစားလျှင်ကစား၊ သို့မဟုတ် ဂီတာတီးလျှင်တီး၊ သို့မဟုတ် ကာရာအိုကေဆိုလျှင်ဆိုနေတတ်ကြပြီး စာသင်ရန် တော်တော်နှင့် ရောက်မလာနိုင်ပေ။ ရောက်လာသောလည်း စာထဲစိတ်မပါပြန်၊ ကျွန်မမှာ စိတ်ထဲ ကသိကအောက် ဖြစ်ခဲ့ရသည်။

"နေပါဦး၊ မင်းစိတ်ထဲမှာ စာကိုကျက်ချင်တဲ့စိတ် ရှိသေးရဲ့လား၊ ဒီပုံစံအတိုင်းဆိုရင် မင်းရဲ့မိဘတွေကို ပြောပြရလိမ့်မယ်နော်"

"ဟုတ်တယ် မမ၊ ခန့်လေ မိန်းကလေးတစ်ယောက်ကို ချစ်နေမိပြီ၊ သူ့ကြောင့် ခန့်စိတ်တွေ မတည်ငြိမ်တော့ဘူး မမရယ်"

"ဘာ.....မင်းက ဒီအရွယ်မှာ အချစ်ကိုဦးစားပေးနေပြီပေါ့ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com


လား၊ မင်းငယ်ပါသေးတယ်ကွာ”

“အချစ်ဆိုတာ ကြီးကြီး၊ ငယ်ငယ် ရင်ထဲမှာ ဖြစ်ပေါ်လာတတ်ကြတာပဲ၊ အချစ်စိတ်ကို တားဆီးလို့ရနိုင်လို့လား မမ”

ဒေါသအလိုလိုထွက်သွားမိ၏။ ခန့်မင်းသာ၏ ချစ်ငွေ့ပါသော မျက်ဝန်းများကို ရင်မဆိုင်ချင်ပါ။ စာအုပ်ကိုပိတ်ပြီး ပြန်ရန်ပြင်လိုက်သည်။

“အသိတရားနဲ့ ထိန်းချုပ်နိုင်ရမယ် ခန့်မင်းသာ၊ အကောင်းဆုံးက မင်းဦးနှောက်ထဲမှာ ရှိနေရမှာက ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ပြီး ဂုဏ်ထူးများများပါဖို့ပဲ၊ ဒီနေ့ မင်းစိတ်မပါသေးရင် ဆက်သင်နေလည်း အပိုပဲ၊ ငါပြန်မယ်”

အခန်းဝအရောက်တွင် ကျွန်မထံ အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်ခြင်းကြောင့် မျက်လုံးဝိုင်းလေးများက ထိတ်လန့်တုန်လှုပ်သွားရလေပြီ။

“စိတ်ချ မမ၊ မမအချစ်ကို မရမချင်း စာထဲ စိတ်ပါလာမှာမဟုတ်ဘူး၊ မမကိုချစ်တယ်၊ မမကို သိပ်ချစ်မိပြီဗျာ၊ မမခန့်ကို မရက်စက်ချင်ပါနဲ့”

ထိုနေရာမှ အမြန်ဆုံးပြေးထွက်လာမိလေပြီ။ ခန့်မင်းသာ၏ အချစ်ဝေဒနာကို ကျွန်မမှာ မည်သည့်နည်းဖြင့် ကုစားပေးနိုင်ပါမည်နည်း။ ထို့ကြောင့် ခန့်မင်းသာအိမ်သို့ မသွားရဲတော့ပါ။

“မင်း ဒီနေ့လည်း ခန့်မင်းသာဆီကို မသွားဘူးလားဟင်၊ ဖျားနေလို့လား”

သည်တော့ ငြိမ်းကိုတိုင်ပင်ရတော့သည်။ ရှေ့ဆက်ပြီး ကျွန်မလည်း မည်သို့မျှ Guide လုပ်ချင်စိတ် မရှိတော့ပေ။ စိတ်ညစ်နေမိ၏။ ခန့်မင်းသာ၏အဖြစ်ကို ငြိမ်းသိသွားပြီးနောက် ကျွန်မကို စိတ်မပျက်စေရန် အားပေးခဲ့သည်။

---

**ဒီကိစ္စမျိုးက Guide တွေမှာ ဖြစ်တတ်ကြတယ်လေ၊ တချို့ ပြန်ငြိသွားတတ်ကြတာ အဓိက,ကတော့ နှီးစပ်မှုကြောင့်ပါပဲ၊ အတွေ့ကို ရှောင်နိုင်တာ အကောင်းဆုံးပါပဲ ...**

“ခန့်မင်းသာက ငယ်တော့လည်း နှီးစပ်မှုကြောင့် ဖြစ်သွားတာပါ၊ ဒါကို မင်းက သူ့စိတ်လေးကို ပြုပြင်မပေးရင် ဆက်မိုက်သွားမှာပေါ့၊ နွေအလွန်ရယ်၊ အချစ်ဆိုတာ နီးရာစင်ကို ဖမ်းတွယ်တတ်တဲ့ နွယ်ပင်တစ်မျိုးပါပဲ၊ ဆက်လက်ရှင်သန်ကြီးထွားနိုင်ဖို့ကို အားကိုးအားထားရှာမိတဲ့သဘောပါ၊ ဒီတော့ တွေ့ရာစင်ပေါ် ရှင်သန်လိုက်တဲ့ အဖြစ်ကလေးပါကွာ၊ တစ်ချိန်မှာ သူတကယ်ချစ်တဲ့ မိန်းကလေးပေါ်လာရင် ဆယ်ကျော်သက်အရွယ်က အချစ်တစ်ခုကို ပြန်တွေးပြီး ရယ်ချင်နေမှာပါ”

ဟုတ်တော့လည်းဟုတ်သည်။ ကျွန်မလည်း ဆယ်ကျော်သက်အရွယ်ကို ကျော်ဖြတ်လာခဲ့သူပါပဲလေ။ ထိုအရွယ်က အချစ်တစ်ခုသည် လေးနက်ခြင်းမရှိသည့် ဆားမပါသော ပေါ့ပြက်ပြက်အချစ်မျိုးပါ။ ကျွန်မကိုယ်တိုင် နှီးစပ်မှုကို အရင်းခံပြီး ဖြစ်တည်ခဲ့ရ၏။

“အင်းလေ၊ ခန့်မင်းသာကို နားလည်အောင် ရှင်းပြလိုက်ပါ့မယ်၊ စာတော်တော့လည်း အပေါင်းအသင်းတွေက ဖျက်ဆီးတတ်ကြတယ် ငြိမ်းရယ်၊ ခန့်မင်းသာက မဆိုးပါဘူး၊ ဆိုးနေတာက သူ့အပေါင်းအသင်းတွေပါ၊ မိဘက အနားမှာမရှိတော့လည်း ပြောဆိုဆုံးမမှု လိုအပ်နေတယ်လေ”

“ဒါဆို သူ့မိဘတွေကို အသိပေးလိုက်ပါလား”

“အဲဒီလို အသိပေးလိုက်ပြန်

www.burmeseclassic.com

www.burmeseclassic.com

ရင်လည်း တစ်ဖွတ်ထိုး မိုက်မဲသွားမှ တို့တရားခံဖြစ်နေပါဦးမယ်ကွာ"

စိတ်ပျက်ညည်းညူမှုကြောင့် ငြိမ်းက ကျွန်မကို ခေါင်းလေးငဲ့ကြည့်ပြီး အပြုံးတစ်ခု ဖန်တီးလိုက်၏။

"ဒီကိစ္စမျိုးက Guide တွေမှာ ဖြစ်တတ်ကြတယ်လေ၊ တချို့ ပြန်ငြိသွားတတ်ကြတာ အဓိက,ကတော့ နီးစပ်မှုကြောင့်ပါပဲ၊ အတွေ့ကိုရှောင်နိုင်တာ အကောင်းဆုံးပါပဲကွာ၊ ဘာပဲဖြစ်ဖြစ် တို့က ငွေကို ရိုးရိုးသားသား ရှာဖွေနေကြတဲ့သူတွေပါ၊ ကိုယ့်တာဝန်ကျေအောင်တော့ အလုပ်လုပ်နေရမှာပဲ၊ ကိုယ့်စိတ်ကိုထိန်းနိုင်ရင် ဘယ်သူ့ကိုမှ ကြောက်နေစရာမလိုဘူး နွေအလွန်"

ငြိမ်းစကားကြောင့် အားတက်သွားရ၏။ ဟုတ်ပါရဲ့။ ကျွန်မကိုက စိတ်ညစ်လွယ်လွန်းတတ်သူပါလား။ ကိုယ်က အသက်ကြီးသူပဲလေ။ ငယ်တဲ့သူအပေါ် ခွင့်လွှတ်စိတ်ထားနိုင်ရပါမည်။

"မနက်ဖြန် Duty ဆင်းရင် တစ်ခါတည်း ဆက်သွားလိုက်မယ် ငြိမ်း။ တို့ အိမ်ကိုပြန်မလာတော့ဘူးနော်"

"အကောင်းဆုံးပေါ့ကွာ"

အလုပ်သင်ဆရာဝန်ဘဝတွင် ဆေးကျောင်းတက်စဉ်ကလို စာကို ကျက်မှတ်မှု အနည်းငယ်လျော့နည်းသွားရပေမယ့် ဆေးပညာကဖြင့် သင်ယူ၍မကုန်နိုင်ပေ။ မရှင်းလင်းသည်များကို ဆရာဝန်ကြီးများထံတွင် အဆင့်ဆင့် မေးမြန်းသင်ယူကြရ၏။ လေ့လာဆည်းပူးကြရ၏။ ကျွန်မ၏ဘဝတွင် အချိန်သည် လွန်စွာမှဆင်းရဲပြီး အဖိုးတန်နေပါလား။ သို့ပေမယ့် အအိပ်၊ အစား မှန်အောင်တော့ ဂရုစိုက်ရပါမည်။

"နွေအလွန် ထမင်းချိုင့်မယူတော့ဘူးလား၊ အဆင်သင့်ဖြစ်နေပြီလေ"

ခင်မြတ်မူသတိပေးမှ ထမင်းချိုင့်မယူဘဲ ထွက်လာမိ၍ အိမ်ထဲ ပြန်ဝင်ယူလိုက်ရာ ငြိမ်းက အိမ်ပေါက်ဝတွင်ရပ်ပြီး ချိုင့်လေးကိုယူပေးရှာ၏။

"စိတ်တွေငြိမ်ငြိမ်ထားဦးကွာ၊ တို့ဆရာဝန်တွေဆိုတာ စိတ်အေးအေးထားပြီး အလုပ်တစ်ခုကို အချိန်တိုအတွင်းမှာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ရမယ် မဟုတ်လား၊ တွေဝေဆုံးဖြတ်ရခက်နေရင် ဆရာဝန်ကောင်း ပီသလာပါ့မလားဟင်"

"ကျေးဇူးတင်ပါတယ် ငြိမ်းရယ်၊ တို့သွားမယ်နော်"

+++

ကျွန်မကိုတွေ့ရသည့်အခိုက်အတန့်တွင် အံ့ဩမှုနှင့် ဂီတာတီးနေရာမှ ခန့်မင်းသာက အပြေးလာကြိုရှာသည်။

"မမ ခန့်ကို စိတ်ဆိုးနေတာလား"

"ငါ မအားလို့ပါ၊ မင်းကိုဘာကြောင့်စိတ်ဆိုးရမှာလဲ"

"သိဘူးလေဗျာ၊ မမများ စိတ်ဆိုးပြီး မလာတာများလားလို့၊ ခန့်သိပါတယ်၊ မမက ခန့်အပေါ် ဘယ်တော့မှ မရက်စက်ပါဘူး"

ကျွန်မ စကားဆက်မပြောချင်တော့ပေ။ နှုတ်ခမ်းကို တင်းတင်းလေးစေ့ပြီး ခက်ထန်စွာ နေမိသော်လည်း.....

"တွေ့လား၊ ခန့်မမက ဘယ်လိုနေနေ လှတယ်နော်၊ မင်းတို့ပြန်တော့ကွာ၊ မမလာနေပြီ"

"ဒါဆိုလည်း အလိုက်သိသိနဲ့ ရှောင်ပေးရမှာပေါ့ကွာ"

မြှောက်ပင့်စကားကြောင့် ပြောလာသူထံ ကျွန်မ လှည့်ကြည့်မိရာ မီးကိုရေနှင့်သတ်လိုက်သလို ရှဲခနဲ ငြိမ်းသွားကြတော့သည်။ ခန့်မင်းသာကို ဒုက္ခပေးနေသူများမှာ သူ့အပေါင်းအသင်းများသာဖြစ်ကြောင်း အထူးစဉ်းစားနေစရာပင် မလိုတော့ပေ။ ဂီတာကိုယ်စီကိုင်ပြီး ထွက်သွားကြပေမယ့် ခပ်ဝေးဝေး အရောက်တွင် အော်ဟစ်ပြေးထွက်သွားကြသော ဆိုးဝါးသူတစ်စုကို ကြည့်ရင်း ကျွန်မက ခန့်မင်းသာသိစေရန် ပြောလိုက်မိ၏။

"တွေ့လား၊ အဲဒီလို မင်းလိုက်လုပ်နေရင်တော့ မင်းဘဝ နောင်ရေးဟာ ရင်လေးစရာပဲ ခန့်မင်းသာ၊ အဆိုးနဲ့အကောင်းကို ခွဲခြားမြင်တတ်စမ်းပါကွာ"

"သူတို့ကပျော်လို့ပါ မမရယ်"

"အဲဒါ သရုပ်ပျက်နေကြတာပါ၊ မင်းလို လူကြီးလူကောင်းသားသမီးတစ်ယောက်ဟာ ကလေ

www.burmeseclassic.com

www.burmeseclassic.com



ကချေတွေနဲ့ ပေါင်းနေတာကို မင်းရဲ့မိဘတွေ မြင်ကြရင် ရင်ကျိုးမှာပဲလေ၊ နားမခံသာအောင် အော်ဟစ်ဆိုနေတာကို အဝေးကြီးကတည်းက ငါကြားနေရတာ”

“အခု ပြန်သွားကြပြီမဟုတ်လား မမရယ်၊ စိတ်ချ။ မမ မကြိုက်ရင် ကျွန်တော် မပေါင်းဘူး”

သည်လိုတော့လည်း ကျွန်မစကားကို နားထောင်ရှာသားပဲဟု တွေးမိ၏။ ခန့်မင်းသာထံ ကျွန်မဆက်လာနေသော်လည်း တစ်နေ့တွင် ကျွန်မထံ အခွင့်အရေးတစ်ရပ်ကို ပိုင်ပိုင်နိုင်နိုင် တောင်းဆိုလေတော့သည်။

“မမ”

“ဘာလဲ”

ပြန်ထူးသံက မည်သို့မျှ နားဝင်မချိုပါ။ မျက်မှောင်ကုတ်ကြည့်ပြီး စိတ်ညစ်ဟန်ပြသော်လည်း နှုတ်ခမ်းကို ကွေးရုံသာပြုလိုက်၏။

“မမ”

“ဘာလဲဟဲ့”

ထပ်ခေါ်ပြန်သည်။ ကျွန်မကလည်း ပို၍ခက်ထန်စွာ ပြန်ထူး၏။ ခန့်မင်းသာက ဖွဲ့မလျှော့ပါ။ စာကို အကြိမ်ကြိမ်ရှင်းပြရသည်ကို ကျွန်မ မပင်ပန်းပါ။ စိတ်ညစ်ညူးစေရန် ပြုမူလာခြင်းအတွက် သည်းခံနိုင်ခြင်း မရှိပေ။

“ဘာဖြစ်နေတာလဲ ခန့်မင်းသာ”

“မမမှာ နှလုံးသားမရှိတော့ဘူးလားဟင်၊ အသည်းအသန်ဖြစ်နေတဲ့ ကျွန်တော့်ကို တစ်ချက်လေးတောင် ငဲ့မကြည့်တော့ဘူးလား”

စူးရှသည့်အကြည့်ကို လွှဲဖယ်ကာ ခန့်မင်းသာကို ခပ်စိမ်းစိမ်းပြန်ကြည့်မိသည်။

“မမ ခန့်ကို အဲဒီလို မကြည့်နဲ့နော်၊ ဒီက သိပ်ခံစားနေရတာ၊ မမ အချစ်ကိုမှ မရရင် ခန့်လေ စာမေး ပွဲဖြေမှာမဟုတ်ဘူး”

“သေလိုက်ပါလား”

စိတ်ပေါက်ပေါက်နှင့် ပြောချလိုက်၏။ ခန့်မင်းသာသည် မည်သို့သော ကလေးဆိုးတစ်ယောက်ပါနည်း။ နားလည်ရခက်လှပါပြီ။

“မယုံရင် စမ်းကြည့်လိုက်လေ၊ နောက်မှ အဆိုးမဆိုနဲ့နော်”

ငြိမ်းပြောသလို မလွယ်ပေ။ ကျွန်မအဖြစ်က ပြောလေကဲလေ သဘောမျိုးပင်။ ဤသည်ကြောင့်လည်း လက်လျှော့ကာ ကျွန်မ တပ်ဆုတ်ပြန်ခဲ့ရတော့၏။ ခန့်မင်းသာထံ ကျွန်မ လုံးဝခြေဦးမလှည့်ဖြစ်တော့ပါ။

“မင်းအဖြစ်က တကယ်မလွယ်ပါလား နွေအလွန်ရာ၊ ကောင်လေးက မင်းအပေါ် စွဲစွဲလမ်းလမ်း ဖြစ်နေရှာတာပါလား၊ သနားစရာတော့ ကောင်းသားပဲကွာ”

“ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဟာ၊ တို့ကကိုယ့်မောင်တစ်ယောက်လို သဘောထားတာပါ”

ငြိမ်းနှင့်မြတ်က ကျွန်မပြဿနာအား ဖြေရှင်းမပေးနိုင်တော့ပေ။ သူတို့နှစ်ဦးပါ ကျွန်မနှင့်ထပ်တူ စိတ်ညစ်နေကြရ၏။

“အဲဒါ မင်းကို အားကျ၊ အထင်ကြီး၊ လေးစားရာက ဖြစ်ပေါ်လာတဲ့အချစ်တစ်ခုပဲ နွေအလွန်၊ ဒီလိုအချစ်မျိုးဟာခိုင်မြဲတတ်တယ်”

“တော်ပါဟာ၊ ကလေးကို မှန်ပေးကြိုက်တယ်ဆိုပြီး ကဲ့ရဲ့ခံနေရပါဦးမယ်၊ ဘယ်သူမှ ကိုယ့်ဘဝအပျက်ခံပြီး အချစ်ကို တမ်းတမနေတတ်ကြပါဘူး။ မယုံရင် ကြည့်နေ၊ ခန့်မင်းသာဟာ နောက်ထပ် Guide တစ်ယောက်ငှားခိုင်းပြီး စာမေးပွဲကို ဝင်ဖြေလိမ့်မယ်”

ပိုင်ပိုင်နိုင်နိုင် ပြောချလိုက်သည်။ မြတ်နှင့်ငြိမ်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူသက်ပြင်းချလိုက်ကြ၏။ ပြီးနောက် ငြိမ်းက.....

“မင်းစိတ်နဲ့နှိုင်းပြီး မပြောနဲ့လေကွာ၊ မင်းပြောသလို ဖြစ်ရင်တော့ အကြောင်းမဟုတ်ဘူးပေါ့၊ တကယ်ပဲ စာမေးပွဲဝင်မဖြေရင် မင်းကြောင့် သူ့ဘဝလေး နှောင့်နှေးသွားရမှာ၊ မင်းရဲ့အပြစ်မကင်းဘူးနော်”

“ဟုတ်တယ် နွေအလွန်၊ မြတ်ရဲ့အထင်ပြောရရင် ကောင်လေးဟာ ချစ်တဲ့စိတ်ကြောင့် ဘယ်အရာကိုမှ ဂရုစိုက်မှာမဟုတ်ဘူး၊ တစ်ဖွတ်ထိုးလုပ်မယ့်ပုံပဲကွာ”

တစ်လကျော်ကြာပြီဆိုတော့ ခန့်မင်းသာ၏မိဘများ သိသွားကြမှာပါ။ သူတို့သား၏အဖြစ်မှန်ကိုသိပြီး ကျွန်မအား ခွင့်လွှတ်နိုင်ကြစေဟုသာ တိုးတိတ်စွာ ဆုတောင်းမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း ခန့်မင်းသာ၏ကိစ္စသည် ကျွန်မနှင့်မသက်ဆိုင်သလို မေ့ပျောက်သွားရလေပြီ။ ဆေးရုံပေါ်မှ လူနာများ၏ဘဝ၊ ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းများ၏ ဝတ္တရား၊ နိုင်ငံအပေါ်ကျေရမည့် တာဝန်၊ ထိုအရာများသာ ကျွန်မ၏ အတွေးထဲတွင် စိုးမိုးနေကြလေပြီ။

တစ်ခါတစ်ခါ ဒေါ်လေးမေမေ အရွယ် လူနာအမျိုးသမီးကြီးများကိုတွေ့မြင်ရလျှင် ဒေါ်လေးအမှတ်ဖြင့် စေတနာထားကာ ပြုစုကုသပေးမိ၏။ ဒေါ်လေးအား ပြုစုခွင့် မရလိုက်သော ကျွန်မ၏ ပေးဆပ်မှုတစ်ခုဟု ခံယူထားမိလေတော့ မေတ္တာရှင်ဆရာဝန်မလေးအဖြစ် ကျေနပ်စွာ ကျွန်မ ခံယူမိပါပြီ။

အလုပ်သင်ဘဝတွင် ဆေးရုံများရှိရာသို့ဆင်းပြီး အတွေ့အကြုံပညာသင်ယူရ၏။ ခင်မင်သော ဆရာများထံတွင် လေ့လာမေးမြန်းရသလို ဆေးခန်းများတွင် ပညာရှာရသည်လည်းရှိ၏။ ဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများသို့ သွားရောက် ဗဟုသုတရယူရသည်လည်းရှိ၏။ ကြာတော့ ဆေးစာအုပ်များနှင့် ရောဂါအမျိုးမျိုးကြားတွင် ကိုယ့်စိတ်ကို နှစ်ထားရ၍ မည်သည့်အတွေးမျှ ကျွန်မ၏ဦးနှောက်ထဲသို့ ရောက်မလာနိုင်ကြတော့ပေ။

+++

"နွေအလွန် အိမ်ထဲမှာ ခန့်မင်းသာအမေ ရောက်နေတယ်၊ မင်းကိုစောင့်နေတာ ကြာလှပြီကွာ"

မြတ်မှုပြောလာ၍ အိမ်ပေါ်တက်ရမည့် ခြေလှမ်းများပင် နှေးကွေးသွားရလေပြီ။ ကျွန်မနှင့် ခန့်ကိစ္စကို သူ့မိဘများ သိသွားကြ၍ လိုက်လာခြင်းပဲဖြစ်ပါလိမ့်မည်။ သူမကို ရင်မဆိုင်၍လည်းမဖြစ်ပေ။ သက်ပြင်းကိုချ၊ စိတ်ကိုလျှော့ပြီး အိမ်ပေါ်သို့ လှမ်းတက်လိုက်မိပါ၏။ ခန့်မင်းသာ၏မိခင်သည် ကျွန်မကို တွေ့သည်နှင့် ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ပြီး တောင်းပန်ရှာလေသည်။

မိခင်တစ်ယောက်ရဲ့
မေတ္တာအများ
တွေပါပဲကွယ်၊
အန်တီ့သားလေးဟာ
ငယ်ပါသေးတယ်၊
ဒီတော့
သူ့နှလုံးသားလေးကို
ပြင်းထန်စေတဲ့
ဘယ်လို
ဒဏ်ရာဒဏ်ချက်မှ
မရှိစေချင်ဘူးလေ
...



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ကို ဒီအတိုင်းပစ်ထားတော့မှာလား သမီးရယ်၊ သားလေးရဲ့ဘဝကို သမီးသာ ကယ်တင်နိုင်ပါလိမ့်မယ်ကွယ်၊ မာမီ့ကို သနားပါနော်"

"သူ့ဆန္ဒကို ကျွန်မမှ ဖြည့်ဆည်းမပေးနိုင်တာ အန်တီရယ်"

ကျွန်မ၏အခက်အခဲကို တင်ပြပြီး ဖြစ်တတ်သည့် သဘာဝကို ဆန့်ကျင်သည့်စကားမျိုးဖြင့် တားဆီးမိ၏။ သူမသည် ကျွန်မမျက်နှာအား တွေတွေလေးကြည့်နေပြီး ခေါင်းကိုသွက်သွက်ခါယမ်းပြရှာလေသည်။ ပြီးတော့ တောင့်တောင့်ကြီးရပ်နေမိသော ကျွန်မ၏လက်နှစ်ဖက်ကို ဖွဖွလေးကိုင်ကာ သူမ၏ဆန္ဒကို ပြောပြလာတော့သည်။

"စာမေးပွဲ ဖြေတဲ့ အထိကို သည်းခံပြီး သူ့ဆန္ဒကို လိုက်လျောပေးလိုက်ပါ သမီးရယ်၊ မာမီတောင်းပန်ပါတယ်"

"မဖြစ်နိုင်ပါဘူး အန်တီ၊ နှလုံးသားဆိုတာ ဟန်ဆောင်ချစ်လို့မရနိုင်ပါဘူး။ ကျွန်မ မလိမ်ညာပါရစေနဲ့"

"ဒီအတွက် သမီး မနစ်နာစေရပါဘူးကွယ်၊ အန်တီ စီစဉ်ထားပါတယ်"

လက်ကိုင်အိတ်လေးထဲမှ ငွေစက္ကူတစ်ထပ်ကို ယူလိုက်ပြီး ငွေကြေးဖြင့် မြှူဆွယ်ဖြားယောင်းလေတော့သည်။ သို့သော် ကျွန်မ၏ မဲ့ပြုံးတစ်ခုကြောင့် သူမ၏မျက်ဝန်းများသည် တုန်လှုပ်ပျက်ယွင်း လှုပ်ရှားသွားကြ၏။

"ဝမ်းနည်းပါတယ်၊ အန်တီ့ရဲ့ငွေနဲ့ စည်းရုံးတဲ့ ကျုံးတစ်ခုထဲကို သိမ်းသွင်းမခံနိုင်ပါဘူး၊ အန်တီ့ငွေကို ပြန်ရုပ်သိမ်းလိုက်ပါ"

"အန်တီ မှားသွားတယ် သမီးရယ်၊ ဒါဟာလည်း သားသမီးအပေါ်ထားရှိတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာအများတွေပါပဲကွယ်၊ အန်တီ့သားလေးဟာ ငယ်ပါသေးတယ်၊ ဒီတော့ သူ့နှလုံးသားလေးကို ပြင်းထန်စေတဲ့ ဘယ်လိုဒဏ်ရာဒဏ်ချက်မှ မရှိစေချင်ဘူးလေ၊ သားလေးရင်ထဲမှာအချစ်ဝေဒနာတစ်ရပ်ကို ထိခိုက်နာကျင်အောင် မခံစားစေချင်တာ မာမီ့ဆန္ဒပါ၊ ဒါကြောင့် မာမီ့လုပ်ရပ်ကို နားလည်ခွင့်လွှတ်ပေးပါကွယ်၊ သမီးဘက်က မလိုက်လျောနိုင်မှတော့ ပြန်ရုံပဲရှိတော့တာပေါ့လေ၊ ဒါပေမဲ့ သားလေးရဲ့ဘဝကို ကယ်တင်ခွင့်မပေးနိုင်တဲ့ မိခင်အဖြစ် ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းမိတယ်ကွယ်၊ မာမီ ပြန်မယ် သမီး"

စိတ်ပျက်လက်လျှော့ကာ အိမ်ပေါ်မှ တရွေ့ရွေ့ပြန်ဆင်းသွားရှာသည့် သူမကို ကျွန်မ စိတ်မကောင်းစွာ ငေးကြည့်နေပြီး အားအင်များ ဆုတ်ယုတ်သွားရသလို နုံးခွေစွာ ထိုင်ချလိုက်မိ၏။ ခန့်မာမီ၏တောင်းဆိုချက်ကို လိုက်လျောရန် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါ။ ပြီးတော့လည်း ကျွန်မ၏နှလုံးသားကို လိမ်ညာ၍ ရနိုင်ပါမည်လား။ ဟန်ဆောင် မှုပါသည့် ချစ်ခြင်းမျိုး မဖန်တီးရက် သလို လူတစ်ယောက်၏အချစ်ကို တန်ဖိုးမဲ့ လိမ်ညာခြင်းလောက် အောက်တန်းကျသည့်အရာ မရှိလေပြီ။

ခပ်ဝေးဝေးတွင် ရပ်ထားသည့် ကားတစ်စီး၏ ထွက်ခွာသွားသံအဆုံးတွင် မြတ်နှင့်ငြိမ်းက ကျွန်မရှိရာသို့ ရောက်လာကြသည်။ သူတို့၏မျက်နှာများပေါ်တွင်လည်း မချမ်းမြေ့ခြင်း စိတ်သန္တာန်များကို တွေ့မြင်နေရ၏။

"ငြိမ်းလည်း ခန့်မင်းသာအမေကို သနားနေမိတယ် နွေအလွန်ရာ၊ သူ တော်တော်ခံစားသွားရမှာပဲနော်၊ သားသမီးအပေါ်ထားတဲ့ မေတ္တာဟာ သူ့ဂုဏ်သိက္ခာကို အောက်ကျခံ တောင်းပန်ရှာတဲ့အထိ မာန်မာနမရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်ပါပဲကွာ၊ လူတိုင်းမှာ စာနာစိတ်နဲ့ မေတ္တာတရား မခေါင်းပါးသင့်ပေမယ့် ကာယကံရှင် မင်းကိုတော့ မှားတယ်၊ မှန်တယ်ဆိုတာ ငြိမ်း မပြောလိုတော့ပါဘူး၊ တစ်ခါတလေတော့လည်းကွာ ကိုယ်ကမှန်တယ်ထင်ပြီး ဆုံးဖြတ်လိုက်တဲ့ အကြောင်းတစ်ရပ်ရပ်ဟာ တစ်ဖက်သားအတွက်တော့ နစ်နာစရာမျိုး ဖြစ်တတ်ကြပါတယ်၊ ဒီကိစ္စမျိုးဟာ တို့ဆရာဝန်တွေမှာ အများဆုံးတွေ့ကြုံတတ်ကြတယ်မဟုတ်လား၊ ဆရာဝန်တစ်ယောက်ရဲ့ ကျွမ်းကျင်မှုနဲ့ နားလည်ခွဲခြားတတ်မှုတော့ လိုအပ်တာပေါ့ကွာ"

ငြိမ်းသည် စကားတစ်ခွန်းကို သွယ်ဝိုက်စွာပြောဆိုတတ်သည့် အလေ့အထရှိ၍ ငြိမ်းဆိုလိုသည့်

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကို ကျွန်မ သိပါသည်။ မြတ်ကတော့ အေးဆေးတည်ငြိမ်စွာ အကြံပေးတတ်လေသည်။

"အခုကိစ္စမှာ အကောင်းဆုံးကို စိတ်အေးအေးထားပြီး စဉ်းစားပါဦး နွေအလွန်ရယ်၊ ချက်ချင်းဆုံးဖြတ်လိုက်ရင် အမှားတွေ့တတ်ပါတယ်၊ စာမေးပွဲက တစ်လကျော်လောက် လိုပါသေးတယ်လေ၊ အချိန်ရပါသေးတယ်"

ကျွန်မအတွက် ခန့်မင်းသာကိစ္စက အတွေးထဲစိုးမိုးလာရ၏။ ကျွန်မဘဝတွင် အဆိုးဝါးဆုံး နောင်တတစ်ခုရရှိခဲ့ဖူးပါသည်။ ဒေါ်လေးမေမေ မရှိတော့သည့်အချိန်ရောက်မှ ကျွန်မ၏အမှားကို တွေ့မြင်လာရသော်လည်း ထိုတစ်ကိုယ်ကောင်းဆန်သည့်အတ္တအမှားကြောင့် ကျွန်မတစ်သက်လုံး နောင်တများစွာ ရလာခဲ့ရ၏။ ကျွန်မက ကိုယ်မှန်သည်ထင်၍ လက်ခံမိသည့်အဆုံးအဖြတ်တစ်ခုကို ခေါင်းမာစွာခံယူတတ်သည့် အကျင့်ဆိုးတစ်ခုရှိနေသည်။ ထိုအကျင့်ဆိုးကြောင့် ဒေါ်လေးမေမေကို ထာဝရဆုံးရှုံးခဲ့လိုက်ရသည်။ သည်အတွက် အနာဂတ်တွင် အမှားများကိုမတွေ့ကြုံရလေအောင် အဖန်ဖန်အလဲလဲ သုံးသပ်တတ်ဖို့တော့ လိုအပ်နေပေပြီ။

ခန့်မင်းသာဆိုသည် ကျွန်မ၏ မောင်ငယ်လေးတစ်ဦးလို သူ့ဘဝလေးကို ပြုပြင်ယူချင်ပေမယ့်လည်း ကိုယ်လျှောက်စေချင်သည့် ယုံကြည်ချက်လမ်းတစ်ခုအပေါ် ဖြောင့်မတ်စွာ လျှောက်နိုင်ပါမည်လား။ သူ့ဘဝလေးကို ပွဲကိုင်ထိန်းကျောင်းနိုင်မည့် ထီးကလေးတစ်ချောင်းနှင့်တူသည့် အေးမြရိပ်ကလေးတစ်ခုရှိဖို့ လိုအပ်နေမှန်းလည်း ကျွန်မ သိပါ၏။ သို့သော်လည်း ၅၂၈ မေတ္တာဖြင့်သာ ခန့်မင်းသာ၏ ဘဝတစ်ခုကို ပြုပြင်နိုင်မည့် အတွေးမျိုးသာ ရင်ထဲတွင် ဖြစ်တည်နေလေသည်။

✦✦✦

တစ်ပတ်ခန့်အကြာတွင် ကျွန်မ ရှိရာသို့ ခန့်မင်းသာဖခင် ရောက်ရှိ လာပြန်၏။ ကျွန်မလေးအားနာခြင်း ထက် ရင်ထဲတွင် ဖြစ်ပေါ်လာသည် က စာနာခြင်းပင်ဖြစ်လေသည်။ ကျွန်မထံ တည်ကြည်လေးနက်သောအကြည့်ဖြင့်.....

"သမီးဟာမကြာခင် ဆရာဝန်ဖြစ်လာတော့မယ့် ပညာတတ်မိန်းကလေးတစ်ယောက်ပါ၊ လူသားတွေရဲ့အသက်ကို သမီးတတ်မြောက်ထားတဲ့ ဆေးပညာနဲ့ ကယ်တင်ပေးရမှာမဟုတ်လား၊ ဒီလိုဆိုရင် အန်ကယ်လ့်သား ခံစားနေရတဲ့ ဝေဒနာတစ်ခုကိုရော စိတ်ဓာတ်အရ ကယ်တင်ကုစားမပေးနိုင်ဘူးလားကွယ်"

ထိုစကားကြောင့် ကျွန်မ၏ရင်တွင် ထိထိခိုက်ခိုက် ခံစားသွားရပါပြီ။ မည်သို့မျှ ရှောင်သွေ၍မရနိုင်သည့် ပြေးပေါက်မရှိသော ချောင်ပိတ်စကားတစ်ခွန်းက ကျွန်မနှလုံးသားကို နာနာကျင်ကျင် ဖြစ်စေခဲ့ရ၏။ ကျွန်မ၏နှုတ်များသည် ဘာကြောင့်ဆွံ့အနေကြသည်လဲ။

"အန်ကယ်လ့်စကားကို သမီးနားလည်မှာပါ၊ တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကြတယ်၊ စေတနာ မေတ္တာထားရှိကြတယ်၊ စာနာထောက်ထားစိတ်နဲ့ ပြဟ္မစိုရ်တရားလက်ကိုင်ထားကြတဲ့သူတွေပါ"

ခန့်မင်းသာ၏ဖခင်က ခဏနားလိုက်ပြီး ဆက်ပြောပြန်သည်။

"မိသားစုတစ်စုအတွင်းမှာတစ်ယောက်ယောက်က စိတ်ဒုက္ခဝေဒနာ ခံစားနေရမယ်ဆိုရင် ဘယ်သူကြည့်ရက်ပါ့မလဲကွယ်၊ ဒီတော့ သမီးက ခန့်ကို ကိုယ့်သွေးသားလို သဘောထားပြီး အစ်မက မောင်တစ်ယောက်ကို ဂရုစိုက်ချစ်ခင်ကြင်နာမှုမျိုးနဲ့ ပြုပြင်ပေးရင် လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်ပေးလိုက်တာနဲ့ အတူတူပါပဲကွယ်၊ ခန့်အခြေအနေဟာ တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာပြီ သမီး၊ ဘီယာနဲ့ အရက်တွေပါ သောက်နေပြီလေ၊ မိဘစကားကို မနာခံတဲ့ သားဆိုးသားမိုက်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာနေပါပြီ၊ ခန့်ဘဝလေးကို အချိန်မီ မကယ်တင်နိုင်ရင် အန်ကယ်လ်နဲ့ သမီးအန်တီ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲနေကြရမှာပါ၊ ဒါကြောင့် သမီးဆုံးဖြတ်ချက်ကို ပြန်စဉ်းစားပါဦးကွယ်"

မျက်ရည်များပင် ရစ်ဝဲသောရသည်။ ကျွန်မ၏တင်းမာသည် လူသားသုံးဦးဘဝကို ထိခိုက်ခံစားရ

www.burmeseclassic.com

www.burmeseclassic.com



အောင် စေခိုင်းသလို ဖြစ်နေကြပြီလား၊ ကျွန်မတွင် မြင့်မြတ်သော စိတ်ထားလေးများရှိကြောင်းကိုတော့ သက်သေပြရန် လိုအပ်နေပေပြီ။

"ကျွန်မ....."

တိမ်ဝင်သွားသော အသံလေးကို အားတင်းပြီး ကြိုးစားပြောလိုက်၏။ ခန့်မင်းသာဖခင်သည် ကျွန်မပြောလာမည့်စကားလေးကို စိတ်ဝင်တစား နားထောင်နေရှာပါသည်။ တုန်နေသော နှုတ်ခမ်းလေးကိုထိန်းမိ၏။

"ကျွန်မ ကူညီပါတော့မယ် အန်ကယ်လ်ရယ်"

"ဝမ်းအသာဆုံးပါပဲ သမီးရယ်၊ ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားထက် လေးနက်စေမယ့် စကားမျိုးရှိရင် အန်ကယ်လ် ပြောလိုက်ချင်ပါတယ်၊ သမီးအန်တီသာသိရင် သိပ်ဝမ်းသာသွားမှာပါပဲကွယ်"

ခန့်ဒယ်ဒီ၏ ပြင်းပြစွာတောင်းဆိုချက်ကြောင့် လူသားအချင်းချင်း ထောက်ထားစာနာစိတ်ဖြင့် ကူညီရန် ကျွန်မ ဆုံးဖြတ်လိုက်ရတော့သည်။ ထို့ကြောင့် ချက်ချင်းပင် ကျွန်မ လိုက်သွားမိ၏။

ကျွန်မကိုတွေ့သည်နှင့် ဝမ်းသာကြသူနှစ်ဦးမှာ ခန့်မင်းသာနှင့် သူ့မာမီပဲဖြစ်ကြသည်။ ခန့်မင်းသာမိခင်နှင့် ဦးဆုံးတွေ့ရသည့်အချိန်တွင်.....

"သိပ်ကိုကျေးဇူးတင်မိပါတယ် သမီးရယ်"

မျက်ရည်လေးတစမ်းစမ်းဖြင့် ကျွန်မကို ဖက်တွယ်ထားရှာသည်။ ကျွန်မမထံလာသောရုပ်ရည်ထက် ပိုကျသွားလိမ့်မည်ဟု မထင်ခဲ့မိပါ။ သောက၏စိတ်ဆင်းရဲခြင်းကြောင့် ဇရာသည် စောစီးစွာ အချိန်မကျမီ ဝင်ရောက်လာနိုင်၏။ သည်အထိ ဖြစ်လာလိမ့်မည်မှန်း မထင်ခဲ့ပါ။

ခန့်မင်းသာရှိသည့်နေရာကို ရောက်မိသည့်အခါ၌ ရှုပ်ပွနေသော အရက်ပုလင်းများ၊ စီးကရက်ဖင်စီခံများ၊ ကြိုးပြတ်နေသော ဂီတာ၊ ညှင်းသိုးသိုးမျက်နှာနှင့် မသေမသပ် ပွယောင်းယောင်းဖြစ်နေသော ဆံပင်ရှည်ကြောင့် ပင့်သက်မောကို ရှိုက်လိုက်မိပါ၏။

"မမ.....မမ ခန့်ဆီကိုလာပြီနော်၊ ဝမ်းသာလိုက်တာဗျာ"

ကြင်နာမှုပါသော ဟန်ဆောင်မျက်ဝန်းတစ်စုံမှန်း ခန့်မသိရှာပေ။ ကျွန်မရှေ့ကိုရောက်လာပြီး အပြစ်ရှိသည့် ကလေးတစ်ဦးပမာ လက်ကလေးပိုက်ကာ အရှိအသေပေးလာ၏။ ကျွန်မနှလုံးသားတွင် ကျင်ခနဲ ဖြစ်သွားခဲ့ရပါပြီ။

"မမပေးလာမယ့်အပြစ်ကို နာခံပါ့မယ်ဗျာ၊ ပြီးရင် မမစကားကို တစ်သဝေမတိမ်း နားထောင်ပါ့မယ်၊ ခန့် ကတိပေးတယ် မမ"

"ကောင်းပြီလေ၊ ခန့်ကို မမ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ ခုချိန်မှာ မမစကားကို ခန့်နားထောင်ရမယ်၊ မမကို စိတ်ညစ်အောင် မလုပ်ရဘူးနော်"

ခေါင်းလေးကို လိုလိုလားလား ဖြင့် သွက်လက်စွာညိတ်ပြရှာသည်။ ပြီးနောက် ကျွန်မ၏မျက်နှာလေးကို စူးစိုက်စွာ ငေးကြည့်နေပြီး လိုချင်တာရသော ကလေးငယ်တစ်ဦးပမာ ကြည်နူးနေရှာသေး၏။ ကျွန်မဘက်မှ အချစ်ကိုလိုက်လျောခြင်းမျိုး မဟုတ်ပါဘဲနှင့် စိမ်ကိန်းချ၍ စည်းခြားမိပါ၏။

"မမအချစ်ကို လိုချင်ရင် ခန့်က စာကိုကြိုးစားရမယ်၊ စာမေးပွဲအောင်တဲ့နေ့ဟာ ခန့်လိုချင်တဲ့အဖြေရတဲ့နေ့ပါပဲကွယ်"

"ဟား.....တကယ်ပြောတာနော် မမ၊ ဒါဆို ခန့် စာကြိုးစားပြမယ်၊ ဒီနေ့ပဲ စာပြန်ကျက်မယ်ဗျာ"

"ခန့်ရဲ့အပေါင်းအသင်းတွေကို အိမ်ခေါ်မလာရဘူးနော်"

"မခေါ်ဘူး၊ စိတ်ချ"

လက်ကလေးပိုက်၍ ရိုသေစွာ ပြန်ဖြေ၏။

"ဂီတာမတီးရဘူးနော်"

"ဟိုမှာ ကြိုးတွေလည်းပြတ်နေပါပြီဗျာ၊ တီးချင်ရင်တောင် တီးလို့မရတော့ပါဘူး"

ကြိုးမဲ့ဂီတာလေးကို လက်ညှိုးထိုးပြရှာသည်။ ကျွန်မ ပြုံးလိုက်မိ၏။

"အရက်မသောက်ရဘူး၊ ဘီယာလည်းပါတယ်နော်"

"အနံ့တောင်မခံဘူး၊ စိတ်ချမမ"

ဘီယာဘူးခွံလွတ်လေးအား လက်ဖြင့်တွန်းချလိုက်၍ အခန်းထောင့်လေးတွင် နေရာယူသွားရှာလေသည်။ နောက်ထပ်ကျန်နေသည့် မကောင်းမှုမှန်သမျှကို တစ်ခုပြီးတစ်ခု စဉ်းစားပြောမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"စီးကရက်လည်း မသောက်ရဘူး"

"ဟုတ်ကဲ့ မမ"

"ဦးဆုံးလုပ်ရမယ့်အလုပ်က ဒါတွေ.....ဒါတွေကို အရင်ရှင်းရမယ်၊ အဆင်သင့်ရှိတယ်မဟုတ်လား"

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို အရင်ဆုံးရှင်းလင်းရန်အကြံပေးလိုက်သည့်အဆုံး ရေချိုးခန်းရှိရာသို့ ပြေးထွက်သွားလေတော့သည်။

"ဟော့.....မြန်မြန်နော်၊ မမအချိန်မရဘူး။ အိမ်မှာ သူငယ်ချင်းတွေကို ချိန်းထားသေးတယ်"

"Wait..Wait a minutes မမ"

ကလေးတစ်ဦးနှယ် ရွှင်မြူးနေသည့် ခန့်က ဘာမှုမသိ။ ကျေနပ်သည့် မျက်ဝန်းလေးထဲတွင် ကျွန်မ၏ပုံရိပ်ကို တွေ့မြင်နေရသေးသည်။

"အဲဒါပဲကြည့်တော့ သမီးရယ်၊ ခန့်က သမီးကို တမ်းတမ်းတတ ဖြစ်နေရှာတာပါ"

ရေရှည်အတွက်ဖြင့် ကျွန်မကိုတင်စိတ်ညစ်နေရဦးမှာပါ။

အချစ်သည် လူသားတစ်ယောက်၏ဘဝကို ပြောင်းလဲပြုပြင်နိုင်သော်လည်း ကျွန်မ၏ မချစ်တတ်သော နှလုံးသားကို ပြောင်းလဲနိုင်စွမ်းမရှိကြောင်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ခန့်သိလာရမည်ပင်။ ကျွန်မအတွက် အနေနီးစပ်တိုင်း မည်သည့်နည်းနှင့်မျှ အချစ်တစ်ခု ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ခန့်၏မာမီကိုသာ ကျွန်မက မပွင့်တပွင့်အပြုံးတစ်ခု ဖန်တီးပြလိုက်မိတော့သည်။

+++

"အခြေအနေကောင်းလာပြီမဟုတ်လား နွေအလွန်"

ရောက်ရောက်ချင်း ငြိမ်းက ဆီးကြိုမေးလာ၍ မဖြေချင့်ဖြေချင်ဖြင့် ဖြေလိုက်ရသည်။

"ငြိမ်းသိပါတယ်၊ ကောင်လေးက အချစ်ကို စိတ်ကူးယဉ်ကြည့်တာပါကွာ၊ ဆယ်ကျော်သက်အရွယ်တွေဟာ သစ်ရွက်လေးကြွေနေတာ၊ ပန်းလှလှလေးပေါ် လိပ်ပြာတစ်ကောင် လာနားတာကအစ အတွေးထဲမှာ စိတ်ကူးယဉ်နေချင်တတ်ကြတာမျိုးပါ၊ သူတို့ရဲ့စိတ်ဝိညာဉ်ဟာ ဟိုမှာနားချင်၊ ဒီမှာနေချင်တဲ့သဘောမျိုးနဲ့ တွေ့ရာမိန်းကလေးကို လက်တည့်စမ်းမိတော့ ကံဆိုးချင်တဲ့ ငြိမ်းရဲ့သူငယ်ချင်းကိုမှ အချစ်မြားက သွားမှန်မိတာကိုး၊ ဟီး.....ဟီး"

"မိန်းမနော်၊ ဒီမှာ စိတ်ညစ်နေရတဲ့အထဲ၊ လာမစနဲ့"

မြတ်က ရေတစ်ခွက်ခပ်လာပြီး စိတ်ပျက်လက်ပျက် ညည်းညူစွာထိုင်နေသော ကျွန်မထံ ပေးလာရှာသည်။

"အေးနော်၊ နွေအလွန်အဖြစ်ကလည်း မလွယ်ပါလား။ မြတ်သာ မင်းနေရာမှာရှိရင် မင်းလိုပဲ ခံစားနေရမှာပါ၊ မစပါနဲ့ ငြိမ်းရယ်၊ အချစ်နဲ့ပတ်သက်ပြီး စကားပုံတစ်ခုရှိထားတယ်မဟုတ်လား၊ မချစ်မနှစ်သက်သောသူနှင့် နေရခြင်းသည် ဒုက္ခဆင်းရဲခြင်းတစ်ခုဖြစ်၏တဲ့၊ ကိုယ်တွေ့ရင်ဆိုင်ရတဲ့အခါ ငြိမ်း အခုလိုရယ်နိုင်ပါ့မလားဟင်"

ထိုစကားလေးသည် ကျွန်မ၏ရင်ကို တိုက်ရိုက်ထိမှန်စေသောစကားတစ်ခွန်းပဲဖြစ်လေသည်။ အေးစိမ့်သောရေသည် ဝမ်းထဲတွင် ပူလောင်နေရ၏။ မည်သည့်အချိန်ထိ ကျွန်မ ဝဋ်ဒုက္ခခံစားနေရဦးမည်လဲ။ ကျွန်မအဖြစ်က အရှင်လတ်လတ် ငရဲကျနေခြင်းမျိုးလား။

"မလွယ်ကူတဲ့အလုပ်မှန်းတော့ ငြိမ်းသိပါတယ်ကွာ၊ သူ့ရဲ့ ကျဉ်းကျပ်နေတဲ့စိတ်ကို ပျော်လာအောင် ကျီစယ်မိတာပါ၊ ဒါပေမဲ့ တို့သူငယ်ချင်းရဲ့အပူက တို့အပူပဲပေါ့"

"စာမေးပွဲဖြေချိန်အထိ ခါးသီးမှန်းတီးတဲ့ အလုပ်တစ်ခုကို စိတ်မပါဘဲ လုပ်ပေးနေရဦးမှာပဲလေ၊ ဘယ်တတ်နိုင်မလဲကွာ၊ အတိတ်က ခန့်ရဲ့ဝဋ်ကြွေးလက်ကျန်ရှိခဲ့လို့နေမှာပါပဲ၊ သူ့ဝဋ်ကြွေးကုန်တဲ့နေ့ဟာ တို့ရဲ့လွတ်မြောက်ခြင်းနေ့တစ်နေ့ဖြစ်လာမှာပါ"

သူတို့အနားမှ ထွက်လာခဲ့မိ၏။ မြတ်နှင့်ငြိမ်းသည် ကျွန်မအား စာနာစွာ ငေးကြည့်ကျန်ရစ်ခဲ့မည်ကို လှည့်မကြည့်ဘဲ သိနေမိပါသည်။

ထို့နောက် ခန့်သည် ကျွန်မငြိုငြင်မည်ကို စိုးရိမ်ကြီးစွာဖြင့် နေ့ညမနား ကြိုးစားပြနေရှာသည်။ သူ့ကိုကြည့်ရင်း ကျွန်မ သနားလာမိ၏။ ခန့်ကိုယ်တိုင်ကိုက မှတ်ဉာဏ်ကောင်းသူပီပီ ဖွဲ့ လုံ့လ ဝီရိယအားကြောင့် စာဟူသမျှသည် တစ်

www.burmeseclassic.com

www.burmeseclassic.com



ခဏချင်း ကျက်မှတ်နိုင်ခဲ့သည်။ လှိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်ဆိုသည့်စကားအတိုင်း ခနဲ့၏ကြိုးစားမှုကြောင့် စာမေးပွဲဝင်ဖြေရန် အဆင်သင့်ဖြစ်နေလေပြီ။

"မမ"

"အင်....."

"စာမေးပွဲနီးလာပြီနော်"

"အဲဒါ ဘာဖြစ်လဲ"

ခနဲ့တွက်ထားသည့် သင်္ချာတစ်ပုဒ်ကို စစ်ဆေးနေရာမှ မော့ကြည့်လိုက်၏။ ကျွန်မအား မချိမချဉ်၊ စပ်ဖြဲဖြဲအမူအရာဖြင့် မေးစင်းစွာကြည့်နေသော ခနဲ့သည် မေးဖျားလေးကို ရှုံ့တွကာ.....

"မမက ခနဲ့အောင်ရင် ခနဲ့ကို တကယ်ပြန်ချစ်မှာနော်"

ရင်မှာရုးခနဲဖြစ်သွားရသည်။ ငြင်းဆန်သည့်စကားမျိုး ဒီအချိန်တွင် မပြောသင့်သေးမှန်းသိ၍ သက်ပြင်းချမိ၏။

"အဲဒါ ဘာဖြစ်လဲ ခနဲ့ မမ မမေ့ပါဘူး"

"ခနဲ့က အခုပဲဖြေရင်တောင် အောင်မယ့်သူပါ၊ ဟင်း.....စာမေးပွဲကလည်းကွာ မြန်မြန်ဖြေဖို့ ရက်ရွေ့လို့ရရင် သိပ်ကောင်းမှာပဲနော်၊ မြန်မြန်ဖြေ၊ မြန်မြန်အောင်၊ မမအချစ်ကို မြန်မြန်ရတာပေါ့။ ခနဲ့လေ မမကို လက်ထပ်ချင်ပြီ"

"ဘုရားရေ....."

ရင်ကိုဖိ၍ ဘုရားတလိုက်မိပါ၏။ ငယ်ရွယ်သူများ၏အချစ်ကို ကြောက်လန့်နေရလေပြီ။ ကျွန်မမှာ ခနဲ့အရွယ်တုန်းကဆိုလျှင် လက်

သီးချိန်တန်သီး၊
ပွင့်ချိန်တန်ပွင့်
ဆိုသော်လည်း
အရွယ်မရောက်သေးသော၊
သဘာဝမကျသေးသည့်
အရွယ်နှင့်
အရွယ်လွန်သော၊
သဘာဝကို
ကျော်လွန်သွားသည့်
အရွယ်များသည်
...



ထပ်ရန်မပြောနှင့်၊ ချစ်သူထားရန်ပင် ခိုးကြောင်ခိုးဝှက်ထားခဲ့ရ၏။ ယခုခေတ်ကလေးများမှာ အတုမြင် အတတ်သင်ဆိုသည့်အတိုင်း ငယ်ငယ်ရွယ်ရွယ်နှင့် လင်ယူသားမွေးပြုနေကြရာ အမျိုးသမီးဆေးရုံ ရောက်ခဲ့စဉ်က မွေးခန်းထဲမှ ... နှစ်အောက်မိန်းကလေးများ တွေ့ခဲ့ရ၍

www.burmeseclassic.com

အံ့ဩခဲ့ရသေးသည်။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုသော်လည်း အရွယ်မရောက်သေးသော၊ သဘာဝမကျသေးသည့်အရွယ်နှင့် အရွယ်လွန်သော၊ သဘာဝကိုကျော်လွန်သွားသည့် အရွယ်များသည် မွေးဖွားရမလွယ်ကူပေ။ သို့ပေမယ့် ဆေးပညာတိုးတက်လာပြီဖြစ်သော ယခုအချိန်တွင် လိုသလိုမွေးနေကြ၍ တတ်နိုင်သူများက အကြောင်းမဟုတ်ပါ။

"မမ....."

"အမယ်လေး.....လန့်လိုက်တာဟယ်"

ကျွန်မစိတ်က မွေးလူနာများဆီရောက်သွား၍ ခန့်ခေါ်လိုက်ခြင်းအတွက် ရုတ်တရက် ထိတ်ခနဲဖြစ်သွားရ၏။

"မာမီက မမကိုမေးကြည့်ပါတဲ့၊ မမက လက်ခံမယ်ဆိုရင် ခမ်းခမ်းနားနား လက်ထပ်ပေးမယ်တဲ့၊ ဝမ်းမသာဘူးလားဟင် မမ"

ခန့်မာမီမှာ သားဖြစ်သူ စိတ်ချမ်းသာစေရန် ပြောလိုက်သည့် စကားဖြစ်မှန်း ကျွန်မ သိနေသော်လည်း သူ့အား မည်သို့နှစ်သိမ့်စကားမျိုး ပြောရမည်မှန်း မသိတော့ပါ။

"ပြီးရင် ခန့်က အဝေးသင်တက်ပြီး ဒယ်ဒီ့ကုမ္ပဏီမှာ ဝင်လုပ်မယ်၊ မမက ဆေးခန်းထိုင်၊ အင်း.. မထိုင်ချင်လည်း အကြောင်းမဟုတ်ပါဘူး၊ ခန့်လုပ်ကျွေးမှာပေါ့၊ ဒါမှမဟုတ် နိုင်ငံခြားမှာ ဆေးပညာဆက်သင်ချင်ရင်လည်း ပါရဂူဘွဲ့တွေ ထပ်ယူနိုင်တယ်"

စိတ်ကူးနှင့်ပြောနေသူ ခန့်၏ ပီတိအဟုန်ဖြင့် ရှုံးသွပ်နေရှာသော ခန့်မျက်နှာ နုနုလေးအား ကျွန်မမှာ မျက်တောင်မခတ်နိုင်လောက်အောင် ငိုင်တွေကြည့်မိ၏။ လူတွေသည် မဖြစ်နိုင်သော စိတ်ကူးတစ်ခုကို တမ်းတမျှော်လင့်တတ်ကြပါလား။ လေထဲတွင် တိုက်အိမ်ဆောက်လိုသူများမှာ ခန့်လိုလူစားများပင် ဖြစ်ကြပါလိမ့်မည်။

"ခန့်ရည်ရွယ်ထားတာကိုပြောပြီးပြီနော်၊ မမကရော ခန့်ပြောတာ သဘောတူရဲ့လား"

ရွှန်းလဲ့တောက်ပြောင်သော မျက်လုံးအစုံဖြင့် မိန်းမောစွာမေးလာပြန်သည်။ ကျွန်မ၏လက်အား အုပ်မိုးကိုင်လာသည့်အတွက် ကြက်သီးမွေးညင်းထသွားပြီး လက်ကိုရုန်းကန် ရုပ်သိမ်းလိုက်မိ၏။ သည်အတွက် ခန့်က နားလည်စွာ တစ်ချက်ပြုံးရှာပြီး.....

"ဆောရီး မမ၊ ခန့် ကတိတစ်ခုကို ချိုးဖောက်သွားမိတာ တောင်းပန်ပါတယ်"

လက်ကလေးနှစ်ဖက်ကိုယှက်ပြီး ခေါင်းကိုငုံ့ကာ တောင်းပန်နေရှာသည်။ သည်လိုတော့လည်း ကျွန်မစကားကို နားထောင်ရှာသည့် ကလေးဆိုးတစ်ယောက်လိုပါပဲလား။

"မမဆန္ဒကတော့ စာမေးပွဲမှာ ဂုဏ်ထူးများများပါရမယ်၊ မမလို ဆရာဝန်ဖြစ်အောင် ကြိုးစား၊ ဒါမှမဟုတ် ကိုယ့်ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ အတတ်ပညာလိုင်းတစ်ခုခုကိုတက်၊ ကိုယ့်ဘဝကို မြင့်မားအောင်လုပ်၊ မိဘလုပ်ငန်းက အချိန်မရွေး လုပ်နိုင်ပါတယ်ကွယ်၊ အရေးကြီးတာက ဘဝမှာ အရည်အချင်းရှိတဲ့ လူတစ်ယောက်ဖြစ်လာအောင် ကြိုးစားထားသင့်တယ်၊ မမပြောတာ နားလည်တယ်မဟုတ်လား၊ လူဆိုတာ ငယ်စဉ်အချိန်မှာ ပညာရှာနေရမယ်၊ ပညာပြည့်စုံမှ ကြင်ရာရှာရမှာပေါ့ကွယ်"

ခန့်ထံမှ သက်ပြင်းမောတစ်ချက် ချလိုက်သံကိုပင် ကျွန်မ ကြားနေရ၏။ ကျွန်မစကားကို လက်မခံချင်သော်လည်း ငြင်းဆန်ခြင်းတော့ မပြုရှာပေ။ ပြတင်းမှကျော်၍ ကောင်းကင်ကြီးကို မျှော်ကြည့်နေတော့သည်။

"ရည်ရွယ်ချက်၊ မျှော်မှန်းချက်ရှိသူမှ ဘဝဆိုတာ ပြည့်စုံလာရမှာပါကွာ၊ အိမ်ထောင်ပြုပြီး မိဘကို အားကိုးတဲ့ ယောက်ျားမျိုး၊ မိဘအရှိန်အဝါနဲ့ အစွမ်းအစမရှိတဲ့သား တစ်ယောက်ကို မမ အထင်မကြီးဘူး ခန့်"

ကျွန်မ၏ ပြတ်သားသော စကားကြောင့် အလန့်တကြားဖြစ်သွားသော မျက်ဝန်းများဖြင့် ကပျာကယာ ကျွန်မမျက်နှာကို လှမ်းကြည့်ရှာ၏။ ကျွန်မဆိုလိုသည့် အဓိပ္ပာယ်ကို နားလည်နေပါလိမ့်မည်။ သို့သော် ကျွန်မ မနှစ်သက်သည့် မည်သည့်အရာမျိုးကိုမှ ခန့်ဘက်က တစ်ဖွတ်တိုး လုပ်လိမ့်မည်မဟုတ်သည်ကို ကျွန်မ ယုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည်။

"စိတ်ချပါ မမရယ်၊ မမဖြစ်စေချင်တဲ့ ဘဝတစ်ခုကိုရောက်အောင် ခန့်ကြိုးစားမှာပါ၊ ဒါပေမဲ့ မမဘက်က ခန့်ကို ဘယ်လိုနည်းနဲ့မှ မုန်းစကားမပြောရဘူးနော်၊ အိုဗျာ..... ခန့်ကိုပဲ မမယူရမယ်၊ လက်ထပ်ရမယ်၊ ချစ်ရမယ်"

နေမြင့်လေ အရှုးရင့်လေ ဖြစ်တော့မည်လားလေ။ ခန့်၏မျှော်လင့်ချက်စကားများက ကျွန်မအတွက် ကယောင်ချောက်ချား ဖြစ်စေရပါသည်။ ခန့်နှင့်ကျွန်မတို့၏ ရှေ့ရေးက လွယ်မည်မထင်ပါ။ ခန့်သည် အချစ်ကြောင့် ဘဝကိုပင်ပေးရဲသည့် မိုက်မဲသော အချစ်တော်သမားတစ်ယောက် မဖြစ်ပါစေနှင့်ဟုသာ ကျွန်မ ဆုတောင်းမိပါ၏။

+++

စာမေးပွဲနောက်ဆုံးနေ့က ကျွန်မရှိရာသို့ ဝမ်းသာအားရ ပြေးလာပြောရှာသည့် ခန့်သည် မောပန်းမှုကို ဂရုမပြုနိုင်ပါ။

"မမရေ.....မမ"

"ဟယ်...ခန့်ပါလား၊ ဖြေနိုင်တယ်မဟုတ်လား"

"သိပ်ဖြေနိုင်တာပေါ့ဗျာ၊ မမမရှိဘူးလားဟင်"

"အေး၊ ဆေးရုံကိုသွားပြီလေ၊ ခန့် လိုက်မသွားနဲ့နော်"

"ဘာဖြစ်လို့လဲဗျ"

"ဟဲ့.....ခွဲစိတ်ခန်းထဲဝင်ရမှာ၊ မင်းကို ထွက်တွေ့နိုင်မှာမဟုတ်ဘူး"

"သွားပါပြီဗျာ၊ ဒီက မမဝမ်းသာသွားအောင် တန်းလာတာ၊ ဒါဆို ကျွန်တော်ပြန်မယ်ဗျာ၊ မမပြန်လာရင်သာ ပြောပေးပါ"

"အေး.....အေး၊ ပြောပေးပါ့မယ်ကွာ"

ခဏအကြာတွင် ငြိမ်းက အိမ်ထဲပြန်ဝင်လာ၏။ မြတ်က သေချာစေရန် ဝရန်တာမှ ရပ်ကြည့်နေသေးသည်။ ပြီးမှ အိမ်ထဲဝင်လာပြီး.....

"ပြန်သွားပြီ နွေအလွန်၊ သူ့ကိုလိမ်မိတာတော့ စိတ်မကောင်းဘူးကွာ၊ ကောင်လေးက အရမ်းဝမ်းသာနေရှာတာ"

"မတတ်နိုင်ဘူး မြတ်ရယ်၊ တစ်နေ့နေ့မှာ ပစ်ပစ်ခွာခွာလုပ်နိုင်အောင် ခုကတည်းက ခပ်ဝေးဝေးနေတတ်အောင် ဖန်တီးရမှာပေါ့၊ သူ့အနာဂတ်ရဲ့ အောင်မြင်မှုလှေကားတစ်ထစ်ကိုတော့ အောင်မြင်စွာ တက်လှမ်းနိုင်ပြီပဲလေ၊ ဒီလိုကူညီနိုင်ခဲ့လို့ ကျေနပ်နေမိတယ်ကွာ"

"ဒီချာတိတ်ကိုကြည့်ရတာ မင်းအပေါ် တကယ်ကြွေနေတာပဲ၊ သူ့ကိုတော့ လျှော့မတွက်နဲ့ နွေအလွန်၊ ဒါမျိုးက ဖွတ်တိဖွတ်ထိုးလုပ်တတ်တယ်နော်"

ငြိမ်း၏ စိုးရိမ်စကားနှင့် သတိပေးရှာသည့်စကားကို ကြားရသည်။

"ဟုတ်တယ်ကွ၊ တော်ကြာ ခိုးပြေးသွားမှ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်နေပါဦးမယ်ကွာ"

"ခိုးပြေးတယ်ဆိုတာ ကျေကျေနပ်နပ်နဲ့ ကိုယ်ကလိုက်သွားမှ ဖြစ်တာပါ၊ ပြီးတော့ မင်းမဲ့တိုင်းပြည်မှမဟုတ်တာ၊ မကြောက်ပါဘူး"

"အင်း...ပြောတာပဲနော်၊ မေ့ဆေးအအုပ်ခံရပြီး ပါသွားမှ ငြင်းမရဖြစ်နေဦးမယ်၊ သားကခိုးသွား၊ အမေက မျက်ရည်ခံထိုးပေးစားမှ ဟုတ်ပေ့ဖြစ်နေပါဦးမယ်"

ဖြစ်တတ်သောသဘာဝကို ပြောလာကြ၏။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာ အာမခံနိုင်ပေမယ့် ကံတရားကိုတော့ ကျွန်မ ကြောက်လန့်မိပါသည်။ လူတိုင်းတွင် မမြင်နိုင်သော ကံဆိုးများ ရှိတတ်ကြလေသည်။ ထိုအကုသိုလ်ကံဆိုးများကို မည်သူမျှ တားဆီး၍မရနိုင်ပေ။

"မင်း ခန့်မင်းသာတို့အိမ်ကို မသွားတော့ဘူးလား"

"တို့အလုပ်က ပြီးပြီပဲ၊ ဘာသွားလုပ်ရမှာလဲ"

"သေချာတယ်၊ မင်းမလာရင်တော့ ချာတိတ်က မင်းရှိရာကို ရောက်လာမှာပဲ"

"စိတ်ညစ်တယ်ဟာ၊ ရှေ့ဆက် ဘာလုပ်ရမှန်း မသိတော့ဘူး"

ကျွန်မတွင် ထွက်ပေါက်ရနိုင်မည့်လမ်းကို သုံးယောက်သား တိုင်ပင်မိကြ၏။ အကောင်းဆုံးနည်းလမ်းကို ရှာဖွေကြပြန်သည်။ အရေးကြီးသည်က ကျွန်မအပေါ် စိတ်ပျက်ပြီးနောက်ဆုတ်သွားစေရန်ပဲဖြစ်၏။

အိမ်ကိုလာတိုင်း 'မရှိဘူး' ဆိုသည့်စကားကြောင့် ခန့်က ကြာတော့ ပါးနပ်သွားတော့သည်။ ထို့ကြောင့်လည်း ကျွန်မရှိတတ်သည့် နေရာမျိုးတွင် ကြိုတင်စောင့်နှင့်နေ

www.burmeseclassic.com

www.burmeseclassic.com



တတ်၍ ဤနည်းသည် ကျွန်မအတွက် မအောင်မြင်ခဲ့ပါ။

"မင်းချာတိတ်က လူလည်ပဲကွာ၊ တို့စကားကို မယုံကြည့်တော့ဘူး၊ ကြည့်သာရှောင်ပေတော့ နွေအလွန်ရေ"

"ဒါဆို လူတစ်ယောက်အခက်အခဲကို ကူညီတာ မှန်မြတ်တဲ့အလုပ်လို့ ငြိမ်းပြောခဲ့တယ်နော်၊ ဒါကိုသိလို့ အစကတည်းက တို့ရှောင်ခဲ့တာ၊ တစ်နေ့နေ့မှာ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ သိနေတယ်"

"ဟင်း.....ခန့်ကိုချစ်တဲ့ ချာတိတ်မတစ်ယောက်ရှိရင်လည်း ကောင်းသားကွာ၊ ဟာ.....ဟုတ်ပြီ၊ ငြိမ်း အကြံရပြီ၊ ဒီလိုလုပ်ရအောင်"

ငြိမ်းအကြံပြုသည့်အတိုင်း စွန့်စားခြင်းအလုပ်တစ်ခုကို သည်းထိတ်ရင်ဖိုဖြစ်အောင် ကျွန်မ လုပ်ဆောင်ရပေတော့မည်။ ကြောက်စိတ်ဖြင့် ရင်တွေခုန်နေရလောက်အောင် ကျွန်မ အမုန်းဆုံး ဟန်ဆောင်မှုပြဇာတ်တစ်ခုကို ကျွန်မကိုယ်တိုင် ပါဝင်ကပြရပေတော့မည်။

+++

ခန့်စောင့်နေတတ်သည့်နေရာသို့ ရဲဝံ့စွာလျှောက်လှမ်းမိ၏။ မမှိတ်မသုန်မျက်လုံးများဖြင့် ငြူစူစူအကြည့်ကြောင့် သူ့ကိုမမြင်ချင်ယောင်ဆောင်ပြီး ဆက်လျှောက်သွားခဲ့သည်။ ကျွန်မနှင့်အတူ ဆရာဝန်လောင်းတစ်ယောက်ကို ယှဉ်တွဲတွေ့လိုက်ခြင်းကြောင့် ခန့်၏သဝန်တိုစိတ်သည် ကြီးထွားလာမည်ဟု ကျွန်မ မထင်ခဲ့မိပါ။

ဒုတိယအကြိမ်လည်း ထိုနည်းတူပင်။ ခန့်က ကျွန်မကိုမြင်ပေမယ့် မခေါ်တော့ပေ။ ကျွန်မအခေါ်ကို မာနဖြင့် စောင့်ကြည့်သည့်သဘောပါ။ ကျွန်မထံမှ ဂရုတစိုက် ခေါ်လာမည့်အချိန်ကို သူမျှော်လင့်နေ၏။ ထိုဆရာဝန်လောင်းနှင့် စကားတွေဖောင်ဖွဲ့ပြောနေသော ကျွန်မအား ခပ်ဝေးဝေးရောက်မှ အနောက်မှ လှမ်းခေါ်သည့်အသံကို သတိပြုမိပါသည်။

"မမ.....မမ.....မမ"

နောက်လှည့်ပြီး လည်ပြန်ကြည့်ကာ ခန့်ကိုရပ်စောင့်လိုက်၏။ အနားသို့ရောက်လာသော ခန့်သည် အလိုမကျသည့်မျက်နှာဖြင့် ကျွန်မထံ လှမ်းကြည့်လာ၍.....

"သြော်.....ခန့်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက မမတို့နဲ့ တစ်ဖွဲ့တည်းပဲလေ၊ ကိုကိုမောင်တဲ့"

အဖြူရောင်ဂျူတီကုတ်ကို လက်တွင်ချိတ်ထား၍ အလုပ်သင်ဆရာဝန်တစ်ယောက်ဖြစ်မှန်း ခန့်သိနေပြီးသားဖြစ်ပေမည်။

"ကိုမောင်လည်း မှတ်ထားနော်၊ ဒါ နွေအလွန့်မောင်လေး ခန့်မင်းသာပါ၊ ဆေးကျောင်းတက်ဖို့ Result ကို စောင့်နေတာပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို၊ ခန့်ကို လမ်းမှာတွေ့ရင်လည်း ခေါ်ပါ"

"Congratulation ခန့်မင်းသာ၊ ခန့်က နွေအလွန့်မောင်ဆိုတော့ ကိုယ့်ညီပဲပေါ့"

"အို.....ကိုမောင်ကလည်း"

ကျွန်မတို့နှစ်ဦး ရယ်မောနေသလောက် ခန့်၏မျက်နှာမှာ မာကျောခက်ထန်နေလေသည်၊ ခန့်ထံမှ မည်သည့်စကားမျိုးမျှ ထွက်မလာခင်တွင်.....

"မမတို့ မအားဘူး ခန့်၊ ဂျူတီဆင်းပြီးရင် ကိုမောင်နဲ့ လိုက်သွားရဦးမှာ"

"သွားမယ်နော် ခန့်၊ မင်းအစ်မ ကိုတော့ စိတ်ချပါကွာ"

ခန့်ကို နှုတ်ဆက်ထွက်ခွာလာသည့်တိုင်အောင် ကျွန်မတို့သွားရာဆီသို့ကြည့်ရင်း မတုန်မလှုပ် ကျန်ရစ်ခဲ့ရှာမည်ကို သိနေ၏။ ခန့်ရင်ထဲ မည်သို့ဖြစ်ကျန်မည်ကို မသိပေမယ့် ခန့်အား နာကျင်အောင် ပြုနိုင်လိမ့်မည်မှန်း စိတ်ထဲအလိုလို သိနေမိလေပြီ။ ထိုနေ့က အိမ်ပြန်ရောက်သည့်အချိန်၌ ငြိမ်းနှင့်မြတ်က ဝမ်းသာအားရ ပြောပြရှာ၏။

"ဘယ်ရမလဲကွာ၊ မင်းတို့ထွက်သွားရာကို ကြက်ကြီးလည်လိမ်ထားသလို ရပ်ကြည့်ကျန်ရစ်ခဲ့တဲ့ ခန့်က တို့နှစ်ယောက် လျှောက်လာတာတောင် မမြင်နိုင်ဘူးကွာ၊ သူ့အနားရောက်တော့ ငြိမ်းက ခေါ်လိုက်တာပေါ့၊ တို့နှစ်ယောက်ကိုတွေ့တော့ ချာတိတ်ဟာ ဝမ်းသာသွားပြီး မေးတော့တာပေါ့"

ကျွန်မတို့ဆင်ထားသည့် အကွက်ထဲ ကွက်တိဝင်လာခြင်းကြောင့် ငြိမ်း၏စကားကို မျှော်လင့်ကြီးစွာနားစိုက်ထောင်မိတော့သည်။

www.burmeseclassic.com



**ကျွန်မ၏
အချိုသတ်စကားနှင့်
ကတိတစ်ခုကြောင့်
ယုံကြည်စိတ်အပြည့်ဖြင့်
ရှင်မြူးစွာ
ပြန်သွားရှာသော
ခန့်သည်
ကျွန်မပြောသမျှ
ခေါင်းညိတ်နေရသော
ပုတ်သင်ညိုလေး
ဖြစ်နေလေပြီ
. . .**



"မင်းဘေးက ကိုကိုမောင်ဟာ မင်းနဲ့ဘယ်လိုပတ်သက်နေသလဲပေါ့၊ မေးလာပြီနော်၊ ဒါနဲ့ ငြိမ်းက မျက်နှာလေးကို ငယ်ထားပြီး စိတ်မကောင်းဖြစ်ဟန်လေးနဲ့ အဲဒါ နွေအလွန်နဲ့ချစ်သူပဲ၊ သူတို့နှစ်ယောက်က ဆရာဝန်ဖြစ်ရင် လက်ထပ်ကြတော့မှာ၊ ခန့်ကိုငြင်းခဲ့တာလည်း သူ့မှာ ကိုကိုမောင်ရှိလို့ပါ၊ ဒါပေမဲ့ ခန့်ကို သနားပြီး နွေအလွန်က ကူညီခဲ့တာပေါ့လို့ ပြောလိုက်တော့ ချာတိတ်မျက်နှာဟာ ဆီးရှက်သာသာ ပဲရှိတော့တယ်လေ၊ ဒေါသလည်း တော်တော်ထွက်နေတယ်၊ မျက်နှာလေးကို နီရဲနေတာပဲ"

ငြိမ်းက ဟန်ပန်ဖြင့်ပြောနေပေမယ့် ကျွန်မတို့ မထင်ထားသလို ဖြစ်သွားမှာကိုတော့ စိုးရွံ့မိပါသည်။

"ဒါနဲ့ မြတ်က ဝင်ပြောတာပေါ့၊ သူတို့ချစ်ခြင်းကို မခွဲချင်ပါနဲ့ မောင်လေးရယ်၊ မင်းဘဝလေးကို စေတနာနဲ့ ကယ်တင်ပေးလိုက်တာလည်း ကိုကိုမောင်သိပါတယ်၊ ကိုကိုမောင်ကလည်း သဘောထားကြီးကြီးနဲ့ ခွင့်ပြုတာပါပေါ့၊ ဒီတော့ ငြိမ်သွားပြီး မျက်ရည်တွေ ဒလဟော ကျလာတယ် နွေအလွန်ရယ်၊ ချာတိတ်တော့ အတော်လေး ခံစားသွားရမှာပဲ"

စောစောကဝမ်းသာစိတ်လေးများပင် မည်သည့်နေရာသို့ လွင့်စဉ်သွားကြပြီမသိပါ။ ကျွန်မ စိုးရိမ်မိသည်က ခန့်သည် စိတ်အားငယ်စွာဖြင့် မဖြစ်သင့်သည်ကို ဖြစ်သွားမှာကိုပဲ ပူပန်မိပါ၏။

"ဟော့...နွေအလွန်၊ မင်း ချာတိတ်ကို သနားနေတာလားဟင်၊ ဒီလိုသနားခဲ့လို့လည်း မင်းအတွက် စိတ်ပျက် ဝမ်းနည်းစရာတွေ တွေ့ကြုံနေခဲ့ရတာမဟုတ်လား"

"တို့သနားမိတာက တို့ကြောင့် သူ့ဘဝလေး ဒုတိယအကြိမ် ပျက်စီးသွားမှာကိုတော့ မလိုလားဘူး ငြိမ်း"

"ဒါဆို ရှေ့ဆက်မင်းဘာလုပ်မှာလဲ၊ ဒီအတိုင်းနေသွားလို့ကတော့ မင်းပဲစိတ်ဆင်းရဲနေရမှာပေါ့"

"သင်တန်းတစ်ခုခုတက်လိုက်ရင် သူ့စိတ်တွေ တည်ငြိမ်နိုင်အောင် ယာယီတော့ ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်လိမ့်မယ်ထင်ပါတယ်၊ ကွန်ပျူတာပဲဖြစ်ဖြစ်၊ စပီကင်ပဲဖြစ်ဖြစ် သင်တန်းတက်ချင်အောင် စည်းရုံးရှမယ်''

''အေး...ဟုတ်တယ်၊ အဲဒါမှ အားလပ်နေတဲ့အချိန်တွေမှာ သင်တန်းမှာအချိန်ကုန်ပြီး မင်းရှိရာ ရောက်မလာနိုင်မှာ''

သူငယ်ချင်းများက ထောက်ခံပြောလာကြရာ မနက်ဖြန်တွင် ခန့်နှင့်တွေ့ရန် ကျွန်မ ဆုံးဖြတ်လိုက်သော်လည်း.....

''မမ.....အော့.....မမ ထွက်ခဲ့စမ်းပါဦးဗျ၊ ဒီမှာ အသည်းကွဲနေတဲ့ ကျုပ်ကို လာကြည့်ပါဦးဗျာ၊ အော့..''

မူးပြီး အော်ဟစ်ခေါ်နေသံကို ကြားလိုက်ရ၍ ဝရန်တာဆီသို့ထွက်ကြည့်မိကြတော့သည်။ ခြံတံခါးဝတွင် တွေ့နေရသူက ခန့်ပဲဖြစ်၏။

''ဟောတော်.....မူးပြီး လာရမ်းနေပါလား၊ ပတ်ဝန်းကျင်ကသိရင် ရုံးအပို့ခံနေရဦးမယ် နွှေအလွန်၊ ဘယ်လိုလုပ်မလဲ''

''သွားတွေ့ပြီး ချော့လိုက်ဟာ၊ ဒီချာတိတ်ကြောင့် ခက်ကုန်ကြလိမ့်မယ်''

ခန့်ရှိရာသို့ ကျွန်မမှာ ပြေးဆင်းလာရတော့သည်။ ဖိုသီဖတ်သီနှင့် စိတ်ညစ်စရာကောင်းသော ခန့်မှာ ကျွန်မကို မမြင်နိုင်အောင် မူးနေ၏။

''မမ.....မမ သိပ်ညာတယ်ဗျာ၊ ကျွန်တော့်ကို လှလှပပကြီးကို ညာရက်တယ်၊ အော့...အညာမကြီး၊ ထွက်ခဲ့ပါဦးဗျ အော့.....''

ခြံတံခါးကို အမြန်ဖွင့်ပြီး ခပ်မာမာ မေးလိုက်ရတော့သည်။

''ဟဲ့.....မင်းဘာဖြစ်နေတာလဲ၊ *ငါ့ကို လိုက်ပြီးအရှက်ခွဲနေတာလား၊* မင်းကြောင့် ငါ သိပ်စိတ်ညစ်တယ် ခန့်ရယ်''

''အင်.....မမ၊ ကျွန်တော့်ကို လာကြည့်တယ်နော်၊ ကျွန်တော်သိပါတယ် မမရယ်၊ မမ ကျွန်တော့်ကို မစိမ်းကားရက်ပါဘူး နော်.....မမ''

ကျွန်မ၏ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ငိုကြွေးနေသည့် ခန့်သည် ကျွန်မစိတ်ကို ကယောက်ကယက် ဖြစ်စေရ၏။ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချမှတ်ထားပြီးမှ ပြန်ပြင်ရလောက်အောင် စိတ်မှာ ချီတုံချတုံ ဖြစ်နေရလေပြီ။ ခန့်၏ ငိုကြွေးခြင်းမျက်ရည်စက်များသည် ကျွန်မအတွက် ပူလောင်ခြင်းသောကမီးတောက်တွေ ဖြစ်နေပြီလား။ နှလုံးသားမှ တဒိတ်ဒိတ် အခုန်မြန်လာသော သွေးခုန်နှုန်းကို ပြန်လည်တည်ငြိမ်အောင် ထိန်း၍ မရနိုင်ခဲ့ပေ။ ခန့်၏ တစက်စက်ကျနေသော သောကမျက်ရည်များက ကျွန်မရင်ကို ထိထိခိုက်ခိုက် ခံစားစေခဲ့ရပါပြီ။ နွမ်းလျသော ရင်သည် အားအင်ချည့်နဲ့နေရ၏။

''မမ ခန့်တောင်းပန်ပါတယ်၊ ခန့်ကို တစ်ယောက်တည်းမထားခဲ့ပါနဲ့ မမရယ်၊ ခန့် မမကိုမခွဲနိုင်ဘူး''

သက်မချသံသည် တစ်ကိုယ်လုံးရှိ အကြောများကို လျှော့ချပြီး ရင်ဘတ်တစ်ခုလုံးကို တုန်ခါသွားစေရသည်။

''ခန့် မင်း အဲဒီလို ပြုမူနေရင် မမကို ပတ်ဝန်းကျင်က ဘယ်လိုထင်ကြမလဲ၊ *မမရဲ့သိက္ခာတွေ လူတွေ*ရဲ့ခြေဖဝါးအောက်က မြေမှုန့်တစ်မှုန်လောက်တောင် တန်ဖိုးရှိတော့မှာမဟုတ်ဘူး၊ မမတို့ဟာ ပတ်ဝန်းကျင်နဲ့နေရတဲ့ မိန်းကလေးတွေပါကွာ၊ မင်း ဆင်ခြင်ပါဦး''

ခန့်သည် ကျွန်မကို မလှုပ်မယှက်ကြည့်နေပြီး သူ့အမှားကိုသိမြင်သွားပုံရ၏။ ကျွန်မကို ညို့မှောင်ဝေရီသော မျက်ဝန်းများဖြင့်တောင်းပန်နေရှာလေသည်။

''ကဲပါကွာ ထတော့၊ အိမ်ပေါ်လိုက်ခဲ့၊ မင်းကို မမ ပြောစရာစကားတွေ ရှိနေတယ်''

ပေနေသော ဖုန်မှုန့်များကိုခါပြီး ကျွန်မ၏နောက်မှ ကပျာကသီ ထ၍လိုက်လာရှာသည်။ သောကပြဿနာများစွာသည် ကျွန်မထံသို့ အလုံးအရင်းနှင့် ဝင်ရောက်လာကြပါလား။

အချစ်ဟူသည် သနားတိုင်းလည်း ချစ်ခြင်းတစ်ခုဖြစ်မလာတတ်သည်ကို ကျွန်မ လက်တွေ့သိနေရလေပြီ။

+ + +

''ကောင်လေးက မင်းစကားကိုတော့ နားထောင်ရှာသားပဲ၊ ဟိုနေ့ညက ငြိမ်းဖြင့် အုန်းအုန်းကျွက်ကျွက်ဖြစ်သွားမလားလို့ စိုးမိလိုက်ရတာကွာ''

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို သူ့မိဘတွေဆီ အသိပေးထားရရင် ကောင်းမလား၊ နောက်တစ်ခါ လာသရမ်းရင် ဘယ်လိုလုပ်မလဲ နွေအလွန်ရာ၊ မြတ် ကြောက်တယ်"

မိန်းကလေးချည်းနေသောအိမ်ဖြစ်၍လည်း သူတို့ဘက်က စိုးရိမ်မိမည်မှာ ပိုသည်ဟု မဆိုနိုင်ပါ။ ကျွန်မ၏အချိုသတ်စကားနှင့် ကတိတစ်ခုကြောင့် ယုံကြည်စိတ်အပြည့်ဖြင့် ရွှင်မြူးစွာ ပြန်သွားရှာသော ခန့်သည် ကျွန်မပြောသမျှ ခေါင်းညိတ်နေရသော ပုတ်သင်ညိုလေးဖြစ်နေလေပြီ။

ယခုလည်း ကွန်ပျူတာသင်တန်းတက်ရန် သဘောတူခဲ့၍ ကျွန်မလာနေကျ လမ်းကလေးတိုင်းတွင် မတွေ့ရတော့ပါ။

"ငြိမ်ချက်သားကောင်းလှချည်လား နွေအလွန်"

"တို့ ခန့်အကြောင်း တွေးနေမိတာပါ၊ သူ့စိတ်ကို အချစ်နဲ့ပဲ ပြုပြင်ယူမှ ရမှာပါ၊ သူ့မိဘဆိုတာကလည်း သားအတွက်ဆိုရင် အသက်ပေးဝံ့တဲ့ သူတွေလေ၊ ပြောပြနေလည်း အပိုပဲဖြစ်မှာပါကွာ"

အားယုတ်စေသောစကားကြောင့် လက်မှိုင်ချသွားကြတော့၏။ ကျွန်မသဘောက. ခန့်ကိုယ်တိုင် အလိုအလျောက် ရလာမည့် အသိတရားမျိုးဖြင့် အချစ်ကို ခွဲခြားတတ်စေချင်သည်။ အချစ်သည် ဘဝတွင် အဓိကကျသော အရာတစ်ခုမဟုတ်ဘဲ ဘဝတစ်ခုအတွက် အရေးပါသော အစိတ်အပိုင်းမျိုးသာဖြစ်ကြောင်း နားလည်စေချင်၏။

"ဒါဆို တို့တွေရဲ့ လက်တွေ့လုပ်ဆောင်ချက်က မအောင်မြင်ဘူးလို့ပဲ ယူဆရတော့မှာပေါ့နော်"

"ဟင့်အင်း၊ မပြီးဆုံးသေးဘူး မြတ်၊ ခန့်ဘက်က နားလည်မှုနဲ့ ခွင့်လွှတ်စိတ်ရှိလာမယ်ဆိုရင် တို့တွေ အနိုင်ရပြီပေါ့"

"မထင်ပါဘူးကွာ၊ ချာတိတ်က စိတ်ဓာတ်သိပ်ပြင်းပြတဲ့သူပါ၊ ကိုကိုမောင့်ကို ရန်သွားလုပ်ရင်တော့ ဇာတ်လမ်းက ပိုရှုပ်သွားလိမ့်မယ်၊ ဟိုက ဘုမသိဘမသိ ကူညီသရုပ်ဆောင်ပေးခဲ့တာ၊ အားနာစရာဖြစ်ကုန်လိမ့်မယ်"

မြတ်၏အတွေးက ကျွန်မအတွက် ရင်လေးစရာ ဖြစ်ခဲ့ရပါပြီ။ ခန့်၏စိတ်ကို သိနေ၍လည်း ခန့်ကိုလျှော့တွက်၍မရ။ ပင်လယ်ပြင်တွင် မုန်တိုင်းတစ်ခုက အချိန်မရွေး ကျရောက်လာတတ်သလိုမျိုးပါ။

ကိုကိုမောင်က ကျွန်မတို့နှင့်တစ်ဖွဲ့တည်းဖြစ်ပေမယ့် သူ့တွင် ချစ်သူရှိပြီးသားပါ။ တိုက်ဆိုင်ချင်တော့ ကိုကိုမောင်သည် ခန့်တက်ရောက်နေသော ကွန်ပျူတာသင်တန်းရှိ ချစ်သူထံ သွားကြိုရာမှ ခန့်၏ကွန်ပျူတာဆရာမသည် ကိုကိုမောင့်ချစ်သူ ဖြစ်နေ၏။ ထိုမှ ကျွန်မ၏ ဟန်ဆောင်ဇာတ်လမ်းကို ခန့်က သိရှိသွားလေတော့သည်။

"မမက ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ၊ ခန့်မှာဖြင့် ခံစားလိုက်ရတာမှ မချိမဆံ့ပဲဗျာ"

ကျွန်မအဖြစ်က သူနှင့်ဝေးအောင် ပြေး၍မရပါလား။

ကံမကောင်း၍လည်း ဘာလုပ်လုပ် အဆင်ကမပြေ။ စိတ်ပျက်သွားရ၏။

"နောင်ကို လိမ်တတ်မှလိမ်ပါ မမရာ၊ ခန့်နဲ့မမကို ကံတရားက ဘယ်တော့မှ ဝေးဖို့ဖန်တီးမပေးဘူးဗျ"

သေသာသေလိုက်ချင်ပါပြီ။ အနိုင်ရသူက ပိုင်နိုင်သော စကားတစ်ခွန်းဖြင့် မထိတထိ ကလိ၏။ မခံချိမခံသာ ပြောလာသေး၏။

"ဘယ်ရမလဲဗျာ၊ မမရဲ့ကိုကိုမောင်ကို အမှန်အတိုင်းဖွင့်မပြောရင် တီချယ်နဲ့တိုင်မယ်ဆိုတော့ ဟာ..ဟ အားလုံးကို သိခဲ့ရတာပေါ့၊ ဟိုနှစ်ယောက်လည်း ကြံရာပါတွေပဲ"

"မင်းက စုံထောက်လုပ်ဖို့ကောင်းတယ်နော်"

"ဟင့်အင်း၊ ချစ်သူသတင်းထောက်လုပ်ချင်တာ၊ ဒါမှ မမဘယ်လာတယ်၊ ဘယ်ကိုသွားတယ်၊ ဘယ်သူနဲ့စကားပြောတယ်ဆိုတာက အစ သိနိုင်တာပေါ့"

ကျွန်မအနားကပ်ပြီး တိုးတိုးလေးပြောလာ၏။ ငြိမ်းနှင့်မြတ်၏ ရှုံ့တွနေသော မျက်နှာများကိုကျောခိုင်းကာ စတော်ဘယ်ရီဖျော်ရည်ကို ပိုက်တံဖြင့် ထိုးမွှေနေသေးသည်။ ပြီးနောက် မချိုးမချိ ပြုံး၏။

"ကဲ.....နွေအလွန်၊ ငြိမ်းတို့ဆေး(၂)ကိုသွားဖို့ ရှိသေးတယ်လေ၊ နောက်တောင်ကျနေပြီ"

"ဟယ်.....ဟုတ်ပါရဲ့"

ငြိမ်းနှင့်မြတ်က အတိုင်

www.burmeseclassic.com

www.burmeseclassic.com



အဖောက်ညီစွာဖြင့် ပြောလာသော စကားကို ကျွန်မက အထာပေါက် ပါ၏။ ခန့်မျက်နှာ ရှုတ်ခြည်းညှိုး သွားသည်ကိုလည်း တွေ့ရသည်။

"ဟုတ်တယ် ခန့်၊ မမတို့သွား မယ်နော်"

နှုတ်မှမဖြေသော်လည်း ခန့်၏ အကြည့်သည် ခွင့်ပြုခြင်းမမည်ပါ ဘဲနှင့် လိုက်လျောနေမှန်း ကျွန်မ သိနေမိသည်။ သို့သော် သူမတား ဆီးရှာပါ။ ကျွန်မတို့ ထွက်သွားရာ ဆီသို့ ငေးငိုင်ပြီး ကျန်ရစ်ခဲ့ရှာ၏။ ငြိမ်းနှင့်မြတ်တို့၏ အောင်မြင်သော အပြုံးနှင့်အတူ.....

"ဟင်း.....ဘယ်ရမလဲ ခန့် ရာ၊ နွေအလွန်ကို စောင့်ရှောက်ဖို့ က တို့တွေရဲ့ မဟာတာဝန်ပဲ၊ ဟဲ.. ဟဲ"

"ခုလောက်ဆို မင်းချာတိတ် တော့ ဆွေးပြီး ငေါင်တောင်တောင် ဖြစ်ကျန်ခဲ့မှာပဲနော်၊ သနားစရာ တော့အကောင်းသား။ ဟား..ဟား"

"မင်းတို့နှစ်ယောက်ကို ကျေး ဇူးတင်ပါတယ်ဟာ၊ ခန့်ကို ပြန်ဖို့ မပြောရက်တဲ့ တို့အခက်အခဲကို ဝင် ပြီးဖြေရှင်းပေးကြလို့ပေါ့၊ တို့လေ သူ့အပေါ် သနားမိပေမယ့် အဲဒီ သနားစိတ်ဟာ ဘာအရောင်မှရော စပ်ခြင်းမရှိတဲ့ အဖြူရောင်သက် သက် မေတ္တာမျိုးပါ။ ဒါကိုတော့ မင်း တို့ အထင်မလွဲစေချင်ဘူး"

ရင်မှဖြစ်ပေါ်လာသော ခံစားမှု ကို သူတို့သိစေချင်၏။ ကျွန်မ၏ ခန့် အပေါ်ထားရှိသော မေတ္တာစိတ်ကို အမြင်မမှားစေလိုပါ။

မည်သည့်မေတ္တာမျိုးမှ ၅၂၈ မေတ္တာလောက် အေးမြသန့်စင်ခြင်း *မရှိပေ။ မေတ္တာတန်ဖိုးများလေ ပူ* လောင်လေပင်။

အချစ်သည် သောကနှင့်ယှဉ် ၍ ပူလောင်တတ်ကြောင်း ခန့်က သက်သေပြနေလေပြီ။ လူတွေသည် အချစ်နှင့်မကင်းနိုင်ကြသော်လည်း နှလုံးသားထဲမှ ပေါက်ဖွားလာသော၊ ကိုယ့်နှလုံးသားကို ဆွဲကိုင်လှုပ်ရှား စေနိုင်သော နှလုံးသားနှစ်ခု အပြန် အလှန် ဆက်သွယ်ပေါင်းစပ်နိုင်မှ သာ အချစ်ဖြစ်ပေါ်စေ၏။

+++

"မမ.....မမရေ ကျွန်တော် အောင်ပြီဗျ။ ခန့်အောင်ပြီ၊ 4 D ပါ တယ်"

ဝေလီဝေလင်းအချိန်သာရှိသေး သည်။ အိမ်ရှေ့ဆီမှ တကြော်ကြော် အော်နေသော ခန့်၏အသံကြောင့် သုံးယောက်သားနိုးလာခဲ့ရ၏။ နံ နက်မိုးသောက်အလင်းပင် မရောက် သေးပါ။ ပြတင်းကိုဖွင့်ကြည့်ရာ ငြိမ်း က ခေါင်းလေးထောင်ကြည့်ပြီး.....

"ဟင်း...မိုးတောင်မလင်းသေး ဘူး။ အဖျက်အဆီးက ရောက်လာ ပြီ၊ ပြန်အိပ်ဦးမယ်ကွာ"

"တို့လည်း မျက်စိတွေ ကျိန်း စပ်နေတယ်၊ အိပ်ရေးမဝသေးဘူး"

မည် သူ မျှ ထ မ လာ ကြ ပေ။ ကျွန်မ မလာမချင်း ခန့်က ပြန်မည် မဟုတ်။ ထို့ကြောင့် တံခါးဖွင့်ပြီး ခြံဝသို့ ဆင်းလာခဲ့မိ၏။

"မမ ခြံတံခါးမဖွင့်နဲ့တော့"

ထူးဆန်းစွာဖြင့် ခန့်၏မျက်နှာ ကို လှမ်းကြည့်လိုက်မိသည်။ ခန့်က *ကျွန်မထံ အချိုမြဆုံးအပြုံးတစ်ခု* ဖန်ဆင်းပြီး.....

"ဝမ်းသာလွန်းလို့ မမကိုလာ ပြောတာ၊ ကျွန်တော့်တာဝန်ကျေပြီ နော် မမ"

ရင်မှာဖျတ်ခနဲလှုပ်ခါသွားစေ ပြီး ခေါင်းနားပန်းကြီးသွားစေရ၏။ သူနှင့်ကျွန်မ ထားရှိခဲ့သည့် ကတိ တစ်ခုကြောင့် ဦးနှောက်သွေးကြော များ ပြတ်တောက်သွားသည့်အလား ဝေဒနာတစ်ရပ်ကို ခံစားစေရလေ ပြီ။

"မမအချစ်ကို ခန့် ပိုင်ဆိုင် နိုင်ပြီနော်"

ကျွန်မ၏လက်အစုံကို သူ၏ လက်က အုပ်မိုးလာ၍ ရှက်ရွံ့သော မျက်လုံးများဖြင့် ရှန်းကန်မိ၏။ ခန့် သည် သူ့လက်ကို ပြန်ရုပ်လိုက်ပြီး နောက်.....

"ခန့်ကို အခွင့်အရေးတစ်ခုပဲ ပေးပါ မမရယ်၊ မမရဲ့လက်လေးကို ခန့် နမ်းပါရစေလား"

တွေဝေခြင်းများဖြင့် အဖြေ မပေးမိပါ။ သို့သော်လည်း ခြံတံခါး ပေါ်တင်ထားသည့် ကျွန်မ၏ ယာ လက်ဖမိုးလေးကို ဖွဖွကိုင်ပြီး ခန့် က အသာအယာနမ်းနေသည်ကို ကျွန်မ မငြင်းဆန်မိပါလား။ ခန့်၏ အနမ်းတစ်ချက်သည်ကျွန်မအတွက် ခံစားမှုမရှိခဲ့ပေမယ့် ရင်မှာအမှတ် တရလေးတစ်ခု ဖြစ်ကျန်စေရ၏။

"ခန့်အတွက် တစ်သက်လုံး

www.burmeseclassic.com

www.burmeseclassic.com



သတိရစေမှာပါမမရယ်၊ ခန့်ကြောင့် မမ အိပ်ရေးပျက်သွားပြီပေါ့နော်၊ ခန့်သွားမယ် မမ''

လက်ကလေးကို အသာပြန်လွှတ်ပြီး ကျောခိုင်းထွက်ခွာသွားသော ခန့်၏ကျောပြင်ကို ကျွန်မ ငေးကြည့်ကျန်ရစ်ခဲ့ရသည်။ ကျွန်မနှင့်ပတ်သက်၍ ခန့်ထံတွင် မည်သည့်အမှတ်တရမျိုးမှ ရှိမနေစေချင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအမှတ်တရများသည် ခန့်အတွက် အဆိပ်အတောက်ဖြစ်စေနိုင်မည့် အရာတစ်ခုသာဖြစ်နေပါလိမ့်မည်။ ဝိုးတဝါးအမှောင်လမ်းတွင် ခန့်ပျောက်သွားမှ ကျွန်မ အိမ်ပေါ်ပြန်တက်လာမိသည်။ သို့တိုင် ပြန်အိပ်မရခဲ့ပါ။ ကျွန်မအတွေးထဲတွင် ခန့်ရှိနေ၏။

လူတစ်ယောက်၏ အောင်မြင်မှုအတွက် ကူညီနိုင်ခဲ့သဖြင့် ဂုဏ်ယူခြင်း၊ ကြည်နူးခြင်းများကို ကျွန်မ ခံစားရင်း ကျေနပ်မိပါသည်။ ခန့်အတွက် အောင်မြင်ခြင်းလှေကားနစ်ထစ်ကို တက်လှမ်းနိုင်ခဲ့လေပြီ။ ခန့်၏မိဘနှစ်ပါးလည်း ထိုအောင်မြင်ခြင်းအတွက် ဝမ်းသာနေကြမည်ပင်။

သည့်နောက်တွင် ခန့်သည် ကျွန်မအားသူ၏ချစ်သူပမာသဘောထားဆက်ဆံနေခြင်းကြောင့် အချစ်မပါသည့် ဟန်ဆောင်ခြင်းအလုပ်ကို တစ်စထက်တစ်စ ရွံမုန်းလာမိ၏။ တစ်ခါတစ်ခါ ခန့်ကိုရှောင်ပြေးမိပါ၏။

"သမီးကို မာမီ ကျေးဇူးသိပ်တင်မိပါတယ်၊ သားက သမီးနဲ့ စေ့စပ်ထားပါရစေတဲ့၊ အဲဒါ....."

"နေပါဦး အန်တီ၊ ကျွန်မနဲ့ အန်တီတို့ရဲ့ ကူညီမှုမှာ စေ့စပ်ဖို့မပါပါဘူး။ ပြီးတော့ ခန့်ကို ကျွန်မမချစ်ဘူး"

ခန့်မိခင်၏ စကားမဆုံးခင်တွင် ဝင်ရောက်တားဆီးမိ၏။ ခန့်နှင့်ပတ်သက်၍ ကျွန်မ၏ခံစားမှုသဘောထားကို အဆုံးစွန်ထိပြောချလိုက်သော်လည်း.....

"ဟုတ်ပါတယ်၊ သားကိုမယူနိုင်တာ မာမီသိပါတယ်ကွယ်၊ သားဘက်ကိုငဲ့ပြီး သမီးနားလည်မပေးနိုင်ဘူးလား၊ စဉ်းစားပါဦး"

"တော်ပါတော့ အန်တီ၊ နှလုံးသားအတုနဲ့ ဟန်ဆောင်အချစ်တစ်ခုကို စက်ဆုပ်ရွံရှာဖွယ်ကောင်းလောက်အောင် ကျွန်မ လုပ်ခဲ့ရပြီးပါပြီ၊ ဆက်ပြီးတော့ ကျွန်မရဲ့ဘဝကို အချစ်မဲ့ချောက်ကမ်းပါးထဲကို မတွန်းချချင်ပါနဲ့တော့၊ ကျွန်မ ဘယ်တော့မှမလုပ်ဘူး"

ယတိပြတ်ပြောချလိုက်တော့၏။ ခန့်မိခင်သည် ကျွန်မထံ အကြည့်စူးစူးလေးဖြင့်ကြည့်ရင်း သက်ပြင်းချလိုက်ပြန်သည်။ သူမထံမှ လက်လျှော့ဟန်မပြပါ။ မျက်နှာငယ်လေးဖြင့် တောင်းပန်လာပြန်၏။

"သားကိုလက်ထပ်ရင် အန်တီတို့ပိုင်ဆိုင်မှုမှန်သမျှ သမီးအတွက်ဖြစ်လာမှာပါ၊ စေ့စပ်တာနဲ့ သမီးအတွက် စိန်တစ်ဆင်စာအပြင် တိုက်နဲ့ကား တင်တောင်းမှာပါ"

အသားတွေတဆတ်ဆတ်တုန်လာ၏။ ခန့်မိခင်၏ အတ္တကြီးမှုအတွက် မအံ့ဩသော်လည်း ကျွန်မ၏ဒေါသစိတ်ကို နိုးထစေရသည်။ သူမ၏စည်းရုံးမှုသည် ကျွန်မအတွက် ခံပြင်းစရာဖြစ်လာစေရလေပြီ။

"ဒီမှာ အန်တီ၊ အဲဒီစကားတွေကို ငွေမက်တဲ့ တခြားမိန်းကလေးတွေကိုပဲ သွားပြီးသိမ်းသွင်းကြည့်ပါ၊ ကျွန်မကို လာပြောနေရင် အန်တီ မောရုံပဲရှိပါလိမ့်မယ်၊ ကျွန်မက အန်တီတို့လို မချမ်းသာပေမယ့် ငွေကြေးကိုမက်မောတဲ့ မိန်းကလေးတစ်ယောက်မဟုတ်ပါဘူး၊ ငွေထက် စေတနာကို တန်ဖိုးထားတဲ့ ဆရာဝန်မတစ်ယောက်ပါ"

ခန့်မိခင်၏ ကယောင်ကတမ်းစကားများကို နားမထောင်ချင်တော့ပေ။ ကျွန်မဘက်မှစေတနာဝတ္တရားများ ကုန်နေလေပြီ။

"ဒါဆို မာမို့သားအတွက် သမီး မကူညီနိုင်ဘူးပေါ့နော်"

"ကူညီခဲ့ပြီးပါပြီ၊ အန်တီပြောသလို ကျွန်မ မလုပ်ပေးနိုင်တာပါ၊ အခုဆိုရင် ခန့်လည်းY.I.T တက်နေပါပြီ၊ ကျွန်မတာဝန်လည်း ကုန်သွားပါပြီ"

"မာမီတော့ သားအတွက်စိတ်ညစ်ရဦးမှာပါပဲလား၊ မာမို့သားလေး စိတ်ချမ်းသာတာကိုပဲ မာမီမြင်ချင်တဲ့သူပါ"

သားအတွက်ဆိုလျှင် အသက်ပေးမည့် မိခင်တစ်ယောက်ကြောင်း ကျွန်မ သိနေပြီးပင်။ နှုတ်ခမ်းလေးကို ချည့်နဲ့စွာ ပြုံးမိပါ၏။

www.burmeseclassic.com



"မာမီ့ကို အတ္တကြီးတဲ့မိခင်လို့ ပြောရင် ကျေကျေနပ်နပ်နဲ့ ခံယူနေမှာပါပဲလေ၊ ဒီလိုအပြောခံရတဲ့အတွက် မာမီ စိတ်မဆိုးပါဘူး။ ဘာကြောင့်လဲဆိုတော့ မာမီက သားကို သိပ်ချစ်မိတာကိုး။ ဒါကြောင့် သားချစ်တဲ့သူနဲ့ပဲ မာမီလက်ထပ်ပေးချင်တယ်၊ သားကလည်း သမီးကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လာမှာမဟုတ်ပါဘူးကွယ်"

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး အန်တီ၊ ကျွန်မကို ခွင့်လွှတ်ပါ"

နောက်ဆုံးစကားတစ်ခွန်းကို သာပြောပြီး အခန်းထဲသို့ပြေးဝင်လာမိတော့သည်။ ခန့်မာမီ၏ ခေါ်သံကို ကျွန်မ လှည့်မကြည့်နိုင်တော့ပါ။ အခန်းတံခါးကိုပိတ်ပြီး ငိုမိပါ၏။ မကူညီသင့်သည့် ကိစ္စမျိုးကို ကူညီမိသည့်အတွက် ကျွန်မ၏ပြေးလမ်းသည် ထွက်ပေါက်ပိတ်ခဲ့ရလေပြီ။

ညှိခန်းထဲမှ မြတ်နှင့် ခန့်မိခင်တို့၏အသံများကို ကြားရပြီးနောက် ခဏအကြာတွင် ပြန်သွားသည့်ခြေသံများ၊ နှုတ်ဆက်သံများကို အတိုင်းသားကြားနေရသည်။

"ဒေါက်.....ဒေါက်...ဒေါက်"

တံခါးခေါက်သံသည် မြတ်ဖြစ်မှန်းသိ၍ ဖွင့်ပေးလိုက်ရာ မြတ်ဝင်လာသည်နှင့် မြတ်၏ရင်ခွင်တွင် မျက်နှာအပ်ကာ ကျွန်မ တသိမ့်သိမ့် ရှိုက်ငိုမိ၏။

"မငိုပါနဲ့ နွေအလွန်ရယ်၊ ဒီအဘွားကြီးက မင်းရဲ့အားနည်းချက်ကိုသိထားတော့ သူ့သားအတွက် ငြိမ်းတစ်ခုလို သဘောထားချင်တာပါ၊ ဘုရားတည်ပြီးရင် ငြိမ်းဖျက်ပစ်ရမှာပဲပေါ့၊ သူ့မှာသာ စာနာတရားရှိထားရင် မင်းဘက်ကိုလည်း ကိုယ်ချင်းစာ လှည့်ကြည့်တတ်ရမှာပါ၊ မင်းနေရာမှာ ဆင်းရဲပြီး ပညာမတတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ကြည့်ပါလား၊ သူ့သားကိုအသေခံပြီး အဲဒီမိန်းကလေးမျိုးနဲ့ ပေးစားမှာမဟုတ်ဘူး"

ကျွန်မဘက်မှ ခံစားနားလည်စွာ တွေးပေးသည့် မြတ်ကို ကျေးဇူးတင်မိရသည်။ မြတ်ပြောသလိုပင် ဆရာဝန်ဆိုသည့် ဂုဏ်ပုဒ်တစ်ခုကြောင့် ကျွန်မအား လက်မလွှတ်ချင်သည့် သဘောလည်း ပါပါလိမ့်မည်။ သူတို့ဘဝတွင် ဂုဏ်သာအလိုရှိ၏။ ငွေဖြင့် အချစ်ကိုဝယ်ယူ၍ရမည်ထင်တိုင်း အရာရာတွင် ငွေသာ တန်ဖိုးထားတတ်သူများပါ။ ဂုဏ်ကို ငွေဖြင့်ဝယ်ယူချင်ကြ၏။ ကံအားလျော်စွာပင် ကံတရား၏အဆုံးအဖြတ်ကြောင့် ချင်းပြည်နယ်သို့ တာဝန်ကျခဲ့၍ ခန့်မသိအောင် ကျွန်မ ထွက်လာခဲ့ရ၏။ ရန်ကုန်တွင် မည်သို့ဖြစ်ကျန်ခဲ့မည်ကို ကျွန်မ,မသိချင်တော့ပါ။ သိအောင်လည်း ကြိုးစားလိမ့်မည်မဟုတ်ပေ။

ရှေ့လဆက်ဖတ်ပါရန် ...
လေးစားစွာဖြင့်...
ထက်ထက်ဦးဝေ



www.burmeseclassic.com

www.burmeseclassic.com


## နှစ်သစ်ကူးကာလမှာမှ အဆင်မပြေဖြစ်နေရသူများအတွက်

* မိန်းမခိုးပြေးသောကိစ္စ၊ * ခိုးရာလိုက်ပြေးသောသမီးကိစ္စ
* နှစ်ဖက်သောမိဘမောင်နှမဆွေမျိုးတွေနဲ့ညှိနှိုင်းလို့မရဖြစ်နေတဲ့ကိစ္စ
* စေ့စပ်ကြောင်းလမ်းဖို့ကိစ္စ၊ * စေ့စပ်ကြောင်းလမ်းဖျက်သိမ်းဖို့ကိစ္စ
* ပြန်လည်ပေါင်းသင်းလိုတဲ့ကိစ္စ၊ * ကွာရှင်းပြတ်စဲလိုတဲ့ကိစ္စ
* အဆက်အသွယ်ပြန်ရလိုတဲ့ကိစ္စ၊ * အဆက်အသွယ်ပြတ်သွားစေလိုတဲ့ကိစ္စ
* အနှောင့်အယှက်ပေးနေသူနဲ့ကင်းဝေးစေဖို့၊ * သာယာပျော်ရွှင်နိုင်မြဲဖို့ကိစ္စ

(ဂမ္ဘီရပညာယတြာနည်းလမ်းကောင်းများနဲ့ပံ့ပိုးကူညီပေးပါရစေ)

**ဆရာ ဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့)၊**

လက္ခဏာဗေဒင်ဟောခန်း၊ တိုက်(၄၀)၊ B.1၊ မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊
(၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။ ၀၉ ၇၃၁ ၄၇၀၂၄၊ ၀၉ ၅၀၉၃၈၉၁



# ဆရာမဒေါ်နှင်းသူဇာဦး(အမျိုးသမီးသီးသန့်)

**(လက္ခဏာဗေဒင် ယတြာအစီအရင်)**

* အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးဖောက်ပြန်မှုများ ကင်းရှင်းစေဖို့၊
* မိမိနောက်ကွယ်မှာ ခြေမရှုပ်ဘဲ ခြေငြိမ် အိမ်မြဲစေဖို့၊
* ချစ်သူ အိမ်ထောင်ဘက်မှ မိမိအပေါ်တွင် ချစ်ခင်ကြင်နာယုယ အလိုလိုက်လာစေဖို့၊
* ချစ်သူ/အိမ်ထောင်ဘက်တို့ထံမှ အဆက်အသွယ် အမြန်ဆုံး လုပ်လာစေဖို့၊
* အချစ်ရေး၊ အိမ်ထောင်ရေးဖောက်ပြန်ရှုပ်ထွေးနေသူနှင့် အမြန်ဆုံး မုန်းတီးပြတ်စဲစေဖို့၊
* ချစ်သူ အိမ်ထောင်ဘက်တို့အပေါ်တွင် ပြောသမျှ အောင်မြင်နေစေဖို့၊
* အိမ်ထောင်ရေးဒုက္ခ လုံးဝကင်းရှင်းပြီး အမြန်ဆုံးစိတ်ချမ်းသာပျော်ရွှင်ရဖို့၊

အိမ်မှတ်(A -2)၊ တိုက်(၄၀)၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ ၄၁-ရပ်ကွက်၊ မြောက်ဒဂုံ၊
ဖုန်း - ၀၉-၅၀၉၃၈၉၁ ၊ ၀၉ - ၇၃၁၄၇၀၂၄ ၊ ၀၉ - ၂၅၄၃၁၁၀၉၄


www.burmeseclassic.com

www.burmeseclassic.com

# ဒုရဲမှူးကြီးဝင်းဦး(ငြိမ်း)

ထိတ်ထိတ်မှုန်း




www.burmeseclassic.com

www.burmeseclassic.com



□

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်အစပ်နှင့် ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၏ နယ်နိမိတ်အစပ်တွင်ရှိသော ရွာလေးတစ်ရွာ၏အမည်က "မအူကုန်း"ရွာဖြစ်ပါသည်။ အိမ်ခြေ ၇၀ ခန့်သာရှိပြီး မြို့နှင့်အတန်ငယ်ဝေးကွာသောနေရာတွင် တည်ရှိသောကြောင့် ကျေးရွာသူရွာသားများအနေဖြင့် တစ်ခါတစ်ရံ အကြောင်းကိစ္စရှိမှသာ မြို့သို့သွားလာကြပြီး မိမိနေရာဒေသလေးကိုပင် ခင်မင်တွယ်တာ ခုံမင်နေကြသောနေရာဖြစ်ပါသည်။ မိရိုးဖလာ လယ်ယာစိုက်ပျိုးခြင်းသာလုပ်ကိုင်ကြပြီး ရာသီအလိုက် စိုက်ပျိုးသည့်သီးနှံများအား ရာသီချိန်ဖွင့်လှစ်သည့် ပွဲရုံဒိုင်များသို့ ပေးပို့ရောင်းချကြပါသည်။ ရွာ၏အိမ်ခြေအရေအတွက် နည်းပါးမှုကြောင့် တစ်ဦးအကြောင်းတစ်ဦး အတွင်းသိအစင်းသိ အခြေအနေတွင် ရှိကြပါသည်။ တစ်အိမ်အိမ်တွင် သာရေးနာရေးရှိပါကလည်း မိသားစုပမာ ရွာလုံးကျွတ် ကူညီဝိုင်းဝန်းဆောင်ရွက်လေ့ရှိကြပါသည်။ စည်းလုံးညီညွတ်သော ရွာဟုဆိုလျှင် မှားမည်မထင်ပါ။ ရွာကငယ်ပြီး လူဦးရေကလည်းနည်း၍ ယာထဲ၊ ကိုင်းထဲအနေများကြသဖြင့် နေ့ခင်းတွင် ရွာအတွင်း၌ ခြောက်ကပ်လျက်ရှိပါသည်။ ညနေမှောင်ရီသန်းသည့်အခါမှသာ နေ့ခင်းလွှတ်ကျောင်းထားသော နွားများ၊ လုပ်ငန်းခွင်ဝင်နွားများ အိမ်သို့ပြန်မောင်းလာခြင်း၊ လယ်ထဲယာထဲမှ အလုပ်လုပ်သူများပြန်လာကြသဖြင့် ခြောက်ကပ်နေသော ရွာကလေးမှာ ကလေးငိုသံ၊ နွားအော်သံ၊ ခွေးဟောင်သံများဖြင့် ဆူညံ၍ ပြန်လည်စိုပြည် လှုပ်ရှားလာကြပါသည်။

ရွာ၏သချိုင်းမြေက ရွာ၏မြောက်ဘက်၊ ၄ ဖာလုံခန့်အကွာ၊ ရိုးချောင်းအစပ်တွင်ရှိပါသည်။ သချိုင်းဇရပ်မှာလည်း အုတ်ခုံလေးဖြင့် လေးတိုင်စင်သွပ်မိုး ဆောက်လုပ်ထားပြီး ယိုင်နဲ့နေပါသည်။ မည်သူက ဆောက်လုပ်လှူဒါန်းခဲ့သည်ကိုတော့ မသိရှိကြပါ။ ရွာသချိုင်းမြေတွင် ဟောင်းနွမ်းအိုမင်းနေသော ဂူတစ်လုံးသာရှိပြီး ချုံနွယ်များဖြင့် ပြည့်နှက်နေပါသည်။ ကျန်သည့်နေရာများတွင် မြေပုံမို့မို့နှစ်ခုခန့်သာရှိပါသည်။ ရွာကငယ်၊ လူကနည်းသဖြင့် တစ်နှစ်လျှင် သေဆုံးသူနည်းသောကြောင့် ရွာသချိုင်းမြေမှာ ဖုန်းဆိုးတောများဖြင့်သာ ဖုံးလွှမ်းမှုရှိနေပါသည်။ ရွာကငယ်သော်လည်း ရွာဦးတွင် ဘာသာရေးအရ ကိုးကွယ်ရာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပါသည်။ ဆရာတော်တစ်ပါးနှင့် ရွာခံကိုရင်တစ်ပါးသာရှိပြီး နံနက်တိုင်း ဆွမ်းခံရရှိသော ဆွမ်းဟင်းများနှင့်ပင် တင်းတိမ်ရောင့်ရဲမှုရှိကြောင်း သိရပါသည်။

+++

အချိန်က သကြံန်ကျပြီးချိန်...

မိုးရွာသွန်းခြင်း မရှိသေးသဖြင့် အပူရှိန်က မြင့်မားလျက်ရှိသောကြောင့် ကျွဲ၊ နွားများပင် အရိပ်ခို၊ အနားယူသောအချိန်လည်းဖြစ်ပါသည်။ ထိုသို့ပူပြင်းနေသောအချိန်ဖြစ်သော်လည်း ရွာ၏မြောက်ဘက်ရှိ သချိုင်းမြေတွင် လူတစ်စုမှာ လှုပ်စိ

www.burmeseclassic.com





လှုပ်စိဖြင့် အလုပ်ရှုပ်နေကြပါသည်။ သင်္ချိုင်း၏ဇရပ်အနီးတွင် နွားလှည်း တစ်စီးရပ်ထားပြီး နွားလှည်းပေါ်မှ ထန်းခေါက်ဖျာဖြင့် ပတ်ထားသော ရှည်မျောမျောအထုပ်တစ်ထုပ်အား လူငယ်နှစ်ဦးက သင်္ချိုင်းဇရပ်ပေါ်သို့ မ,တင်နေကြပါသည်။ ထိုသို့မ,ချပြီး မကြာမီ ရွာဘက်မှ အသက်အရွယ် ၆၀ ကျော်ခန့် အမျိုးသမီးကြီးတစ်ဦး၊ ဘုန်းကြီးတစ်ပါးနှင့် အမျိုးသမီးငယ် လေးဦး၊ လူငယ်သုံးဦးတို့မှာ သင်္ချိုင်းမြေတူရှုသို့ ခပ်သုတ်သုတ်ဖြင့် လျှောက်လာသည်ကို တွေ့ရပါသည်။ သင်္ချိုင်းနားရောက်သည့်အခါ ဘုန်းကြီးက ဇရပ်ပေါ်တက်ပြီးသည်နှင့်.....

"ကဲ.....ဒကာမကြီး ဒေါ်တင်မေ၊ သမီးအတွက် သရဏဂုံတင်ကြရအောင်"

**အမေ့သိမှာနေရင်**
**ဒီလိုအဖြစ်မျိုးနဲ့**
**ကြုံရမှာမဟုတ်ဘူး၊**
**အခုတော့**
**သမီးဆန္ဒအတိုင်း**
**သမီးရဲ့ မွေးရပ်မြေ**
**သင်္ချိုင်းမှာပဲ**
**အမေဆောင်ရွက်**
**ပေးပြီးပြီကွယ်၊**
**သမီးလည်း**
**ရောက်ရာဘုံဘဝက**
**သာဓုခေါ်လိုက်ပါတော့**
**...**

ဘုန်းကြီးက ထိုသို့ပြောလိုက်သည်နှင့် သင်္ချိုင်းမြေသို့ ရောက်ရှိလာကြသောသူများမှာလည်း ဘုန်းကြီးအား ကန်တော့ပြီး ဘုန်းကြီးက ငါးပါးသီလပေး၊ သရဏဂုံတင်ခဲ့ပါသည်။ ဤသို့ပင် သေဆုံးသူ လူသားတစ်ဦး၏ သရဏဂုံတင်ပွဲက ခြောက်ကပ်တိတ်ဆိတ်စွာဖြင့်ပင်ပြီး ဆုံးခဲ့ပါသည်။ ကြေးစည်ထုရိုက်သံ၊ ဗိုလ်ယိုသံများ၊ ရေအိုးခွဲသံများ မကြားရပါ။ ဆရာတော်ဘုန်းကြီးကပင်.....

"ကဲ...ဒကာမကြီး၊ သရဏဂုံလည်းတင်ပြီးပြီ၊ လုပ်စရာရှိတာဆက်လုပ်ကြပါ၊ ကျုပ်လည်း ကျောင်းပြန်ကြတော့မယ်၊ နေကလည်းပြင်းတယ်၊ မြန်မြန်သာလုပ်ကြပေတော့".

ထိုသို့ ဘုန်းကြီးက မိန့်မှာပြီး ထွက်သွားသည့်အခါမှ ဒေါ်တင်မေဆိုသူ အမျိုးသမီးကြီးမှာ ခေါင်းပေါ်တွင်ပေါင်းလာသော ပုဆိုးနှင့် ကျလာသော မျက်ရည်များသုတ်ပြီး.....

"ဖြစ်ရလေ သမီးရယ်၊ သေမှပဲ ကိုယ့်ဇာတိမြေမှာလာပြီးမြေမြှုပ်ရတော့ အမေတို့အနေနဲ့ ဘယ်လိုပြောရပါ့မလဲ၊ ငါ့သမီးလေး ကံဆိုးလိုက်တာနော်"

ရွာမှလိုက်လာသော အမျိုးသမီးလေးများက ဒေါ်တင်မေနားတွင် ရပ်နေကြပြီး ဝင်ရောက်ကူညီခြင်းတော့မရှိပါ။ ဒေါ်တင်မေနှင့်ပါလာသူ လူငယ်သုံးယောက်က အသင့်ယူလာသော ပေါက်တူး၊ ဓါးမြှောများနှင့် ဇရပ်၏အနောက်ဘက်မြေလွတ်နေရာတွင် အလောင်းမြှုပ်နှံရန် မြေတူးကြပါသည်။ ၎င်းတို့နှင့်အတူ လှည်းပေါ်မှ အလောင်းမ,ချသော လူငယ်နှစ်ဦးကပါ ဝိုင်းတူးကြသဖြင့် အလောင်းမြှုပ်မည့်မြေကျင်းမှာ တစ်နာရီအတွင်း အနက် ၂ ပေခန့်သို့ ရောက်ရှိသွားပါသည်။ နေကလည်းပူသဖြင့် မြေ

www.burmeseclassic.com



ကျင်းတူးကြသူများမှာလည်း ချွေးတပြိုက်ပြိုက်နှင့်ဖြစ်နေကြပါသည်။ မကြာမီ မြေကြီးတူးသည့်အဖွဲ့ထဲမှ လူငယ်တစ်ဦးက ဒေါ်တင်မေထံ ရောက်လာပြီး.....

"ကဲ.....အဒေါ်ကြီး၊ မြေကြီးကတော့ တူးပြီးပြီ၊ အဆင်သင့်ပဲ၊ မြှုပ်လိုက်ကြရအောင်"

"အေးပါကွယ်၊ နေကလည်း ပူတော့ မြန်မြန်သာလုပ်ကြပါကွယ်"

ထို့နောက် လူငယ်နှစ်ဦးရောက်လာပြီး ဖျာလိပ်ဖြင့်ပတ်ထားသော အလောင်းအား မြေကျင်းဆီသို့ မ,သွားကြပါသည်။ ၎င်းတို့နောက်မှ ဒေါ်တင်မေနှင့်အဖွဲ့လည်း လိုက်သွားကြပါသည်။ ဖျာလိပ်ပတ်ထားသောအလောင်းအား မြေကျင်းအနီးတွင် ချပြီးသောအခါ လူငယ်တစ်ဦးက ပတ်ထားသောဖျာလိပ်အားဖြေလိုက်ပါသည်။ ဖျာပေါ်တွင် မျက်နှာဝိုင်းဝိုင်း အမျိုးသမီးငယ်တစ်ဦး တစ်ကိုယ်လုံး ဆန္ဒင်းလိမ်းထားသကဲ့သို့ ဝါထိန်နေကာ ထဘီခါးလယ်နားတွင် သွေးဟူယူဆရသော အစွန်းများ ပေကျံနေလျက် အမျိုးသမီးငယ်မှာ ပုံမပျက် အိပ်ပျော်နေသယောင်ဖြင့် အသက်ဝိညာဉ်ကင်းမဲ့နေခြင်းဖြစ်ပါသည်။ ဒေါ်တင်မေနှင့်အတူပါလာသော အမျိုးသမီးငယ်များကလည်း သေဆုံးနေသော ထိုအမျိုးသမီးငယ်အား စိတ်မချမ်းမြေ့သောပုံစံဖြင့် ဝိုင်းကြည့်နေကြပါသည်။ ဒေါ်တင်မေက မျက်ရည်သုတ်ရင်း.....

"ငါ့သမီးလေး ကံဆိုးလိုက်တာ၊ အမေ့ဆီမှာနေရင် ဒီလိုအဖြစ်မျိုးနဲ့ကြုံရမှာမဟုတ်ဘူး။ အခုတော့ သမီးဆန္ဒအတိုင်း သမီးရဲ့ မွေးရပ်မြေသချိုင်းမှာပဲ အမေဆောင်ရွက်ပေးပြီးပြီကွယ်၊ သမီးလည်း ရောက်ရာဘုံဘဝက သာဓုခေါ်လိုက်ပါတော့၊ ကဲ.....သားတို့ရယ် နေကလည်းပြင်းတယ်၊ အမြန်သာ မြေမြှုပ်လိုက်ကြပါတော့ကွယ်"

ဒေါ်တင်မေက ပြောပြီးသည့်နောက် လူငယ်များက ဖျာချပ်အားလေးယောက်မ,ပြီး မြေကျင်းထဲသို့ ချလိုက်ပါသည်။ မြေစာခဲများကိုလည်း အပေါ်မှ အမြန်ဖို့လိုက်ကြပါသည်။ မထင်မရှား အမျိုးသမီးငယ်တစ်ဦး၏ မြေမြှုပ်သင်္ဂြိုဟ်ခြင်း အခမ်းအနားက ကြေးစည်ထုသံမကြားဘဲ ဤလိုနှင့်ပင် တိတ်ဆိတ်စွာ ပြီးဆုံးခဲ့ပါသည်။ နေမင်းကြီးက အစွမ်းကုန် ပူပြင်းနေပါသည်။ သချိုင်းမြေမှ လူသားများကလည်း နေအပူရှိန်ကို အန်တုပြီး ရွာဘက်သို့ သုတ်ခြေတင်လှမ်းလျှောက်နေကြပါတော့သည်။

+++

လွန်ခဲ့သည့်ညက ရဲစခန်းမှူး ရဲအုပ် နှင်းဦး ၎င်း၏နယ်ထိန်းအဖွဲ့နှင့် မြို့ထဲကင်းလှည့်ပြီး နံနက် ၃ နာရီခန့်မှ ရဲစခန်းပြန်ရောက်သည်။ ဒါကလည်း စခန်းမှူး ရဲအုပ် နှင်းဦးအတွက် ပြွန်တန်ဆာရဲစခန်းသို့ စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ လုပ်မြဲလုပ်စဉ် ဝတ္တရားတစ်ခုဖြစ်ပါသည်။ ဒုစရိုက်သားကောင် ညဥ့်ငှက်များကလည်း ည ၁၂ နာရီနောက်ပိုင်းမှသာ လှုပ်ရှားဘတ်သည်ဖြစ်၍ ထိုအချိန်ကိုပင် စောင့်ဆိုင်း ကာကွယ်နေရပါသည်။

ပြွန်တန်ဆာမြို့သည် ရန်ကုန်–မန္တလေး ကားလမ်း၊ မီးရထားလမ်းပေါ်တွင် တည်ရှိသောမြို့ဖြစ်သောကြောင့် စည်ကားပြီး ဖွံ့ဖြိုးသောမြို့တစ်မြို့ဟု ဆိုရမည်ဖြစ်ပါသည်။ မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၆ ခု၊ ကျေးရွာပေါင်း ၆၀ နီးပါးခန့်ရှိပြီး လယ်ယာကိုင်းကျွန်း စိုက်ပျိုးဖြစ်ထွန်းမှုရှိသဖြင့် ရာသီ သီးနှံပေါ်ချိန်များတွင် သာမန်အချိန်များထက် ရောင်းသူဝယ်သူ စည်ကားမှု ပိုရှိပါသည်။ အထူးသဖြင့် သီးနှံပေါ်ချိန်များ၌ စံဒွန်းကုန်း၊ ဘိုင်းဒါးစသည့်ကျေးရွာများတွင် သီးနှံပွဲရုံများဖြင့် စည်ကားပြီး သီးနှံပေးပို့မည့် ကုန်တင်ကားများ ပြည့်နှက်နေသောကြောင့် ပိုမိုစည်ကားမှုရှိပါသည်။

ဒုစရိုက်သားကောင်များကလည်း ပြည်သူတို့၏ ငြိမ်းချမ်းစွာ ရောင်းဝယ်ဖောက်ကားမှုများကို အခွင့်ကောင်းယူပြီး ပြစ်မှုကျူးလွန်နိုင်ကြရန် အချိန်အခါ၊ အလစ်အငိုက်ကို စောင့်ဆိုင်း၍ ကျူးလွန်တတ်ကြပါသည်။ ထို့ကြောင့်လည်း စခန်းမှူး ရဲအုပ် နှင်းဦးက မိမိရဲစခန်းပိုင်နယ်မြေအတွင်း မသင်္ကာ လူစိမ်း ဝင်ထွက်လှုပ်ရှားမှုများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ

www.burmeseclassic.com

တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အခါမလပ် စုံစမ်းလှည့်ကင်းဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

ယခုနေ့တွင် အိပ်ရာမှ ၆ နာရီခန့်နိုးပြီး သူ၏ ပြုဖွယ်ကိစ္စရပ်များ လုပ်ဆောင်ပြီးနောက် နံနက် ၇ နာရီတွင် ရဲစခန်းသို့ ရောက်လာသည်။ ဂါတ်စာရေးကြီး တပ်ကြပ်ကြီး မောင်ရင် (ကွယ်လွန်)ကတော့ အလုပ်ခွဲ မှတ်ပုံတင် ၄(က)ကိုင်ပြီး စိစစ်ဆောင်ရွက်နေပါသည်။ စခန်းမှူး ရောက်လာသည့်အခါ တာဝန်မှူး ဒုရဲအုပ် လှဝင်း (ရဲမှူး၊ မူဆယ်)က သတင်းပို့ပြီး နိုင်ငံတော်အလံအလေးပြုခြင်း၊ သစ္စာဆိုခြင်းများ ပြုလုပ်ပြီးနောက် စခန်းမှူးက ထူးခြားပြစ်မှုမရှိသဖြင့် တန်းစီရုပ်သိမ်းခိုင်းလိုက်ပါသည်။

စခန်းမှူး ရဲအုပ် နှင်းဦးက စခန်းမှူးစားပွဲသို့လာပြီး တပ်ကြပ်ကြီးစာရေး တင်ပေးထားသော မှတ်ပုံတင် ၄၊ ၉၊ ၃၂ တို့အား စိစစ်ဖတ်ရှု လက်မှတ်ရေးထိုးနေသည်။ ထို့နောက် နယ်ထိန်း တပ်ကြပ်ချစ်တီး (ငြိမ်း)က ဘူတာလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရန်ခေါ်သဖြင့် နယ်ထိန်းအဖွဲ့နှင့်အတူ မီးရထားဘူတာရုံရှိ ဦးမာမက်လက်ဖက်ရည်ဆိုင်သို့သွားရောက်ကြသည်။ ဒုစရိုက်သားကောင်တို့၏ သတင်းအစအနကို ဘူတာရုံရှိ သတင်းပေးများထံမှလည်း ရရှိနိုင်သောကြောင့် နေ့စဉ်လက်ဖက်ရည်သောက်သွားနေရခြင်းဖြစ်သည်။

စခန်းရုံးသို့ နံနက် ၉ နာရီခန့်ရောက်သည့်အခါ ရဲစခန်းရုံးတွင် မအူကုန်းရွာဘက်မှ လူငယ်ခေါင်းဆောင် ကိုကံပိုဆိုသူနှင့် လူငယ်တစ်ဦးတို့ ရောက်နေပြီး စခန်းမှူး ရဲအုပ် နှင်းဦးနှင့်တွေ့လိုကြောင်း အကူစာရေး ဒုတပ်ကြပ် မြင့်ဒွေး (ကွယ်လွန်)က သတင်းပို့သဖြင့် စခန်းမှူး ရဲအုပ် နှင်းဦးစားပွဲရှေ့ကုလားထိုင်သို့ ခေါ်လာပြီး ထိုင်ခိုင်းလိုက်ပါသည်။ စခန်းမှူး ရဲအုပ် နှင်းဦးက.....

"ကဲ..ကိုကံပို၊ ဆိုပါဦး၊ ဘယ်လိုကိစ္စတွေများ အရေးပေါ်လာလဲ၊ ဘာကူညီပေးရမလဲ"

"ဒီလိုပါ စခန်းမှူး၊ ကျွန်တော်ပြောမယ့် ဖြစ်စဉ်လေးကိုနားထောင်ပြီး ဘယ်လိုလုပ်သင့်တယ်ဆိုတာ ပြောပြပေးပါဦး"

"ပြောမှာသာပြောပါဗျာ၊ ခင်ဗျားတို့ပြည်သူတွေရဲ့ အခက်အခဲတွေကို ဖြေရှင်းပေးဖို့၊ ကူညီပေးဖို့ ရဲတပ်ဖွဲ့ဆိုတာ ဖွဲ့စည်းထားတာပါ၊ အားမနာတမ်းပြောပါ"

ကိုကံပိုက ပါလာသောလက်ကိုင်ပဝါဖြင့် ၎င်း၏မျက်နှာတွင်ထွက်နေသော ချွေးများကို သုတ်လိုက်ပြီးနောက်.....

"ဒီလိုပါ ဆရာ၊ အခုပြောမယ့်ကိစ္စက ကျွန်တော့်အမျိုးလည်းဖြစ်နေပါတယ်၊ ရွာထဲမှာ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးနဲ့ ပြောနေကြလို့ ကျွန်တော်လည်း သတင်းစုစည်းပြီး မသင်္ကာတာနဲ့ ဆရာတို့ဆီလာတာပါ"

"ကဲ...ဟုတ်ပါပြီ၊ ကျွန်တော်သေသေချာချာ နားထောင်ပါ့မယ်"

"လွန်ခဲ့တဲ့ လေးရက်လောက်ကပေါ့ ဆရာရယ်၊ ကျွန်တော့်အဖေရဲ့ညီမ၊ ကျွန်တော့်အဒေါ် ဒေါ်တင်မေပေါ့ဗျာ၊ သူ့သမီး နှင်းဥသေတာကို အိမ်ကိုယူမလာဘဲ ရွာသင်္ချိုင်းမှာပဲ ဘုန်းကြီးပင့်ပြီး တိတ်တိတ်သဂြိုဟ်လိုက်တယ်တဲ့၊ ကျွန်တော်တို့ကိုလည်း အကြောင်းမကြားဘူး၊ သူ့ဘာသာသူ ရွာကလူ လေးငါးယောက်လောက်နဲ့ ဘုန်းကြီးကို သင်္ချိုင်းကုန်းကိုပင့်၊ သရဏဂုံတင်ပြီး မြေမြှုပ်လိုက်တယ်တဲ့၊ အဲ သူနဲ့ပါသွားတဲ့ ကလေးမလေးတွေပြောပြချက်အရ ကျွန်တော့်ညီမဝမ်းကွဲ



www.burmeseclassic.com

www.burmeseclassic.com


နှင်းဥကို မြေမြှုပ်ခင်ကြည့်တော့ ထဘီမှာ သွေးတွေပေနေတာတွေ့ရတယ်တဲ့၊ ကျွန်တော့်အဒေါ်ကလည်း ဘာမှမပြောဘဲ အမြန်ပဲမြေမြှုပ်နိုင်းလိုက်တယ်လို့ သိရတယ်၊ အဲဒါ ဘယ်ဆွေမျိုးကိုမှလည်း အကြောင်းမကြားဘူး၊ ဘယ်လိုဖြစ်လို့ သေတယ်လို့လည်း မပြောဘူး၊ အဲဒါ ကျွန်တော့်အနေနဲ့ မသင်္ကာလို့ ဆရာတို့ဆီကို ရောက်လာတာပါ''

''ခင်ဗျားကရောခင်ဗျားအဒေါ်ကို မမေးကြည့်ဘူးလား''

''ကျွန်တော်က ရွာထဲမှာပြောသံကြားလို့ သွားမေးပါသေးတယ်၊ ကျွန်တော့်ကို နင်နဲ့မဆိုင်ဘူးတဲ့၊ မသိချင်ပါနဲ့တဲ့၊ ဖြစ်သွားပြီးမှ ဘာမှလုပ်လို့မရဘူးလို့ပြောတယ်၊ အဲဒီလိုပြောလို့ ကျွန်တော်တို့ဆွေမျိုးတွေကလည်း မကျေမနပ်ဖြစ်နေကြတယ်''

''ဒါနဲ့ အခုသေတဲ့ ခင်ဗျားညီမ နှင်းဥက ယောက်ျားရှိလား''

''မရှိဘူးခင်ဗျ၊ သူက ဒေါ်တင်မေရဲ့ အကြီးဆုံးသမီးပဲ၊ အသက် ၁၉ နှစ်လောက်ရှိမယ်ထင်တယ်၊ သူ့အောက်မှာ ၁၀ နှစ်အရွယ် မောင်တစ်ယောက်နဲ့ ၇ နှစ်အရွယ် ညီမလေးတစ်ယောက်ရှိတယ်၊ ဒေါ်တင်မေခင်ပွန်းက လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆုံးသွားပါပြီ''

''မနှင်းဥက သူ့အမေနဲ့အတူနေတာလား၊ နောက်ပြီးဘာအလုပ်လုပ်သလဲ''

''နှင်းဥက ရွာအလုပ်ပဲပေါ့ ဆရာ၊ ရာသီချိန် အခါစား အငှားဝင်လုပ်တဲ့အလုပ်ပဲလုပ်ပါတယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ လေးလလောက်ကတော့ ညောင်လေးပင်ဘက်မှာ အလုပ်သွားလုပ်တယ်လို့ ကြားသိရတယ်၊ ကျွန်တော့်အဒေါ်ကလည်း ဘာမှမပြောဘူး၊ ကျွန်တော်တို့ကလည်း ရွာတောင်ဖျားနဲ့ မြောက်ဖျားဖြစ်နေကြတယ်လေ၊ အခုလည်း ရွာထဲမှာ နှင်းဥသေတာ သွေးတွေနဲ့လို့ ပြောသံကြားမှ ကျွန်တော်က လိုက်စုံစမ်းရတာ၊ ကျွန်တော့်အဒေါ်က ဘာဖြစ်လို့ ဖုံးကွယ်ထားတာလဲ မသိဘူး''

''သူမပြောချင်တဲ့အကြောင်းရှိလို့နေမှာပေါ့''

''ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ အခု သေလို့မြေမြှုပ်ပြီးမှ ကျွန်တော်တို့ သိရတယ်၊ နောက်ပြီး ရိုးရိုးသေတာလား၊ ဆန်းဆန်းသေတာလားဆိုတာလည်း မသိရဘူး၊ ဒီကြားထဲ သွားကြည့်တဲ့သူတွေပြောပြချက်အရ နှင်းဥထဘီမှာလည်း သွေးစွန်းတွေတွေ့တယ်ဆိုတော့ အသတ်ခံရတာလား၊ အမှုဖြစ်မှာစိုးလို့ မပြောတာလားပေါ့ ဆရာ၊ ကျွန်တော်ကတော့ ဖြစ်စဉ်တွေ ခြုံငုံပြီးသေတာ၊ မြေမြှုပ်တာနဲ့ပတ်သက်လို့ မသင်္ကာဘူးဖြစ်နေတယ်ဆရာ၊ ဥပဒေအရ ဘယ်လိုလုပ်လို့ရမယ်ဆိုတာ ကူညီပေးပါဦး''

စခန်းမှူး ရဲအုပ် နှင်းဦးက ကိုကံပိုပြောသည့် ဖြစ်စဉ်များကို သေချာစွာနားထောင်ပြီး စဉ်းစားနေခဲ့သည်။ သူ၏ညီမဝမ်းကွဲ သေဆုံးမှုအတွက် မသင်္ကာဖြစ်ပြီး စိတ်ထဲတွင် ခံပြင်းစိတ်ဖြင့်ပြောနေသည်ဟု ယူဆရသည်။ အဖြစ်မှန်ကို ပေါ်ပေါက်စေချင်သည့် သဘောရှိနေကြောင်းလည်း အကဲခတ်မိသည်။

''ကဲ.....ခင်ဗျားက အဖြစ်မှန်သိချင်တယ်ဆိုရင်တော့ ကူညီစုံစမ်းပေးရမှာပေါ့ဗျာ၊ အခု သေတဲ့သူ မြေမြှုပ်ပြီးတာ ဘယ်နှရက်ရှိပြီလဲ''

''ဒီနေ့ပါနဲ့ဆိုရင် ငါးရက်ရှိပြီ''

''ကဲ...ဒီလိုဆိုရင် ကျွန်တော် ဒီနေ့ပဲ မြို့နယ်မှူးဆီ အစီရင်ခံစာနဲ့ ဖြစ်စဉ်တင်ပြမယ်ဗျာ၊ မြို့နယ်မှူးကနေတစ်ဆင့် တရားသူကြီးနဲ့ ဆရာဝန်တွေကိုပါ အကူအညီတောင်းခံပြီး ခင်ဗျားညီမအလောင်းကို ဖော်ကြည့်ကြတာပေါ့ဗျာ၊ မနက်ဖြန် ခင်ဗျား ကျွန်တော်တို့အဖွဲ့ကို ဘိုင်းဒါးရွာက လာစောင့်ဗျာ၊ လှည်းရရင်လည်း နှစ်စီးလောက် စီစဉ်ထားဗျာ၊ ကျွန်တော် ဒီနေ့ပဲညောင်လေးပင်သွားပြီး အမြန်စီစဉ်လိုက်မယ်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် စခန်းမှူး၊ ကျွန်တော် မနက်ဖြန် စခန်းမှူးပြောတဲ့အတိုင်း အဆင်သင့်စောင့်နေပါ့မယ်၊ ကျွန်တော့်ကိုခွင့်ပြုပါဦး''

ကိုကံပိုလည်း ပြောပြောဆိုဆိုနှင့် စခန်းမှူးကိုနှုတ်ဆက်ပြီးထွက်သွားသည်။ စခန်းမှူး ရဲအုပ် နှင်းဦးကလည်း ဖြစ်စဉ်အခြေအနေအစီရင်ခံစာနှင့်အတူ ညောင်လေးပင်မြို့သို့ အမြန်သွားရောက်ခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ကြီး စောလှ...င် (ယခင်ကာလမှရာထူးအခေါ်အဝေါ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်၊ ရဲမှူးကြီး ငြိမ်း၊ စစ်ကိုင်း)နှင့် တွေ့ဆုံ၍ လိုအပ်သည့် ညွှန်ကြားချက်များ ခံယူခဲ့သည်။



ကျွန်မ မှားခဲ့ပါတယ်
ဆရာရယ်၊
တကယ်တော့
ကျွန်မ
လုပ်မပေးသင့်ပါဘူး၊
တစ်ခါမှလည်း
ဒီလို
မလုပ်ပေးဖူးပါဘူး၊
ကျွန်မလည်း
မိန်းမချင်း
အရှက်သိက္ခာကိုငဲ့ပြီး
တိတ်တိတ်ပုန်း
မဆင်မခြင်လုပ်ခဲ့လို့ . . .

+++

ထို့နောက် အဆင့်ဆင့်တင်ပြချက်များအရ စခန်းမှူး ရဲအုပ် နှင်းဦးနှင့်အတူ မြို့နယ်တရားသူကြီးအဖွဲ့ဝင် ဦးကြင်သိန်း(ပြွန်တန်ဆာတွင်နေသူ)နှင့် ပြွန်တန်ဆာတိုက်နယ်ဆေးရုံမှ ဒေါက်တာလှစိန်(ငြိမ်း) တို့အား အလောင်းတူးဖော်ရာတွင် အတူလိုက်ပါကူညီရန် ညွှန်ကြားချက် ရရှိခဲ့ပါသည်။ မြို့နယ်တရားသူကြီးအဖွဲ့ဝင် ဦးကြင်သိန်းနှင့်တွေ့ဆုံပြီး နောက်နေ့တွင် ရဲစခန်းမှ စက်ဘီးနှင့် လာရောက်ခေါ်မည်ဖြစ်ကြောင်း ညှိနှိုင်း၍ စခန်းမှူး ရဲအုပ် နှင်းဦးလည်း ညောင်လေးပင်မှပြန်လာခဲ့ပါသည်။ ပြွန်တန်ဆာရောက်သည်နှင့် တိုက်နယ်ဆေးရုံသွားပြီး ဒေါက်တာလှစိန်နှင့် ထပ်မံတွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

နောက်နေ့နံနက် ၇ နာရီခန့်တွင် စခန်းမှူး ရဲအုပ် နှင်းဦး၊ နယ်ထိန်းတပ်ကြပ် ချစ်တီးအဖွဲ့နှင့်အတူ မြို့နယ်တရားသူကြီးအဖွဲ့ဝင် ဦးကြင်သိန်း၊ တိုက်နယ်ဆရာဝန် ဒေါက်တာ လှစိန်အဖွဲ့တို့ပူးပေါင်းပြီး ဘိုင်းဒါးရွာသို့ ထွက်လာပါသည်။ ဘိုင်းဒါးရွာတွင် ကိုကံပိုက လှည်း နှစ်စီးဖြင့် စောင့်နေသဖြင့် လှူခဲ့တက်ပြီး မအူကုန်းရွာဘက်သို့ ထွက်လာကြသည်။ ရွာသို့မသွားတော့ဘဲ ရွာပြင်ရှိ သင်္ချိုင်းကုန်းဆီသို့သာ ဦးတည်ထွက်လာကြသည်။ သင်္ချိုင်းကုန်းသို့ နံနက် ၁၀ နာရီခန့်ရောက်ရှိကြပြီး အလောင်းတူးဖော်ရန် လူငယ် ငါးဦးခန့်ကိုလည်း ပေါက်တူး၊ ဂေါ်ပြားကိုယ်စီနှင့် စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။ ကိုကံပိုက မနှင်းဥမြှုပ်နှံထားသည့် မြေပုံနေရာအား ပြသပြီးနောက် စခန်းမှူး ရဲအုပ် နှင်းဦးက မြေကြီးတူးသမားများအား ဘေးမှနေ၍ဝိုက်ပြီး ကျယ်ကျယ်တူးရန် ညွှန်ပြနေသည်။

လူငယ်များတစ်ယောက်တစ်လက်ဖြင့် ဘေးမှဝိုက်ပြီး မြေကြီးကို တူးသည့်အခါ သေဆုံးသူအလောင်းအား ဖျာဖြင့်ပတ်လျက် ပုံမပျက် တွေ့ရပါသည်။ သို့သော် မြှုပ်နှံထားသည်မှာ ၆ ရက်ခန့်ရှိသည့်အပြင် နေကလည်း ပူပြင်းသဖြင့် အပုပ်နံ့က ဆိုးရွားစွာထွက်လာပါသည်။ ဆရာဝန်ကြီးက ကလိုရီဖောင်းဆွတ်ထားသော ဂွမ်းစလေးများပေးသဖြင့် နှာခေါင်းဝတွင်ရှူသော်လည်း အပုပ်နံ့က ပြင်းထန်စွာ ထိုးဖောက်ဝင်ရောက်လာသဖြင့် လေတင်ဘက်သို့ ရွှေ့ပြောင်းပြီး လက်ကိုင်ပဝါဖြင့် နှာခေါင်းကို ဖိပိတ်ထားရပါသည်။

ဆရာဝန်ကြီးက သေသူမနှင်းဥ၏အလောင်းအား ကျင်းထဲမှ ဆွဲတင်ခိုင်းပြီး ဖျာလိပ်အားဖယ်ရာတွင် ပုံပျက်ပန်းပျက် ဖောရောင်ဖောင်း

www.burmeseclassic.com

www.burmeseclassic.com



ကားနေသည့်အလောင်းကို တွေ့ရပါသည်။ သို့သော် တာဝန်အရ စစ်ဆေးရမည်ဖြစ်သဖြင့် ၎င်း၏အကူလူငယ်အား မနှင်းဥ၏ဝမ်းဗိုက် ခွဲစိတ်ရမည့်နေရာများကို လက်ဖြင့်ညွှန်ပြနေပါသည်။ ခွဲစိတ်သူ လူငယ်အနေဖြင့်လည်း နှာခေါင်းစည်းစည်းပြီး မရွံမရှာ ရဲရဲဝံ့ဝံ့ ကိုင်တွယ်ခွဲစိတ်နေသည်ကို တွေ့ရ၍ စိတ်ထဲမှ ကျိတ်ပြီးချီးကျူးနေမိပါသည်။

ဆရာဝန်ကြီးကလည်း အနီးကပ်ပြီး ဝမ်းတွင်းကလီစာများကို အသေးစိတ် စစ်ဆေးကြည့်ရှုပြီးနောက် အလောင်းအား မြေကျင်းထဲပြန်ထည့်ခိုင်းပြီး မြေဖို့ခိုင်းလိုက်ပါသည်။ အပုပ်နံ့ကလည်း မခံမရပ်နိုင်အောင် နံလာသဖြင့် လူငယ်များကလည်း ခပ်သွက်သွက်ပင် မြေဖို့လိုက်သဖြင့် အပုပ်နံ့က သက်သာသွားပါသည်။ ဆရာဝန်ကြီး စစ်ဆေးပြီးသည်နှင့် သိချင်စိတ်ကလည်းပိုမိုပြင်းထန်လာသောကြောင့် မနေနိုင်တော့ဘဲ.....

“ဆရာကြီး၊ ကြိုတင်ထင်မြင်ချက်လေး ပြောပါဦး ဆရာ”

ဆရာဝန်ကြီးက နှာခေါင်းစည်းကိုချွတ်၊ လက်အိတ်ကိုချွတ်ပြီးနောက် မျက်နှာပြင်မှချွေးများကို သုတ်လိုက်သည်။

“ပြောရမှာတော့ အားနာပါတယ်၊ ကောင်မလေးက ကလေးဖျက်ချပြီး သေဆုံးရတာပါ၊ သူ့ရဲ့အမျိုးသမီးတန်ဆာတွေလည်း ရောင်ကိုင်းနေတယ်၊ နောက်ပြီး သားအိမ်ထဲမှာ သွေးတုံးသွေးခဲတွေက အစိတ်စိတ်အမြွှာမြွှာဖြစ်နေတယ်၊ အပုပ်ဆန်ပြီး သေတာပါ၊ ကိုယ်ဝန်ကတော့ ၂ လကျော်၊ ၃ လလောက်လို့ ခန့်မှန်းပါတယ်”

ဆရာဝန်ကြီးပြောစကားကို ကြားသိရသော ကိုကံပိုတစ်ယောက် မျက်နှာကြီးနီရဲနေပြီး ဘာကိုမှမပြောနိုင်တော့ဘဲ အရှက်ရသည့်မျက်နှာဖြင့် နေနေရပါသည်။ သူ့ညီမဝမ်းကွဲက အပျိုဟုပြောပြီး ယခုတော့ တိတ်တိတ်ပုန်း ကလေးဖျက်ချလို့ သေတာဖြစ်သဖြင့် ပါလာသည့်အဖွဲ့ကိုလည်း စကားမပြောရဲအောင် အရှက်ရနေပါတော့သည်။ ကိုကံပိုအဖို့ ထိုင်နေတော့အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိအဖြစ်မျိုးဖြစ်နေပါသည်။

“ကဲ.....ကိုကံပို၊ အဖြစ်မှန်အကြမ်းဖျင်းလောက်တော့ သိရောပေါ့ဗျာ၊ အဲဒီလို ဒီလိုအဖြစ်ဆိုးမျိုးဖြစ်အောင် ဘယ်သူကလုပ်လိုက်တာလဲဆိုတာတော့ ဆက်ဖော်ထုတ်ရမှာပေါ့ဗျာ၊ အဲဒီတော့ ကျွန်တော့်ဆီကို ခင်ဗျားအဒေါ် ဒေါ်တင်မေခေါ်ပြီး ရဲစခန်းကိုသာ အမြန်လာခဲ့တော့ဗျာ၊ ကျုပ်တို့ကတော့ သွားနှင့်တော့မယ်”

စခန်းမှူး ရဲအုပ် နှင်းဦးက ဖြစ်စဉ်အမှန် ဖော်ထုတ်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအစဉ်များကို တွေးတောရင်း သက်ပြင်းချလျက်ရှိနေသည်။ ကိုကံပိုကတော့ သူ့ညီမသေဆုံးမှုကို မသက်သာလို့ စုံစမ်းရာမှ လင်ကောင်မပေါ်ဘဲ ကလေးဖျက်ချမှု တိတ်တိတ်ပုန်း အဖြစ်အား သိရှိလိုက်ရသဖြင့် အရှက်ကြီးစွာဖြင့် နှုတ်ဆိတ်စွာပြန်သွားပါတော့သည်။

+++

ရဲစခန်းမှူး ရဲအုပ် နှင်းဦး ရဲစခန်းသို့ ပြန်ရောက်ရှိပြီး ညနေ ၃ နာရီခန့်တွင် ကိုကံပိုနှင့်အတူ ဒေါ်တင်မေ ရဲစခန်းသို့ ရောက်လာပါသည်။ ရဲစခန်းမှူး နှင်းဦးက ဒေါ်တင်မေအား ထိုင်ခိုင်းပြီးနောက်...

“ကဲ.....ဒေါ်တင်မေ၊ ခင်ဗျားသိသလောက် ကျွန်တော့်ကိုပြောပြပေတော့ဗျာ၊ အခုမှတော့ ခင်ဗျားသမီးကိစ္စက ဖုံးကွယ်ထားလို့ မရတော့ဘူးလေ၊ ဥပဒေနဲ့အညီ ဆက်အရေးယူရတော့မှာပဲ”

ဒေါ်တင်မေက စို့လာသောမျက်ရည်စကို ပါလာသောတဘက်ခေါင်းပေါင်းနှင့်သုတ်ပြီးနောက်.....

“ဟုတ်ကဲ့၊ ဒီလိုပါ ဆရာ၊ ကျွန်မသမီးလေး နှင်းဥက ကံဆိုးပါတယ် ဆရာရယ်၊ သမီးအကြီးဆုံးဆိုတော့ သူ့အဖေမရှိတဲ့နောက်မှာ အိမ်နဲ့ကလေးတွေအတွက် တာဝန်ကျေပါတယ်၊ လွန်ခဲ့တဲ့ လေးလကျော်လောက်က ရွာမှာ အလုပ်လုပ်ရတာ အဆင်မပြေလို့ ညောင်လေးပင်ကိုသွားပြီး အလုပ်ရှာမယ်လို့ပြောလို့ ကျွန်မလည်းလွှတ်လိုက်ပါတယ်၊ သူသွားနေတဲ့ကာလအတွင်း လူကြုံနဲ့ ငွေ ၃၀၀၀ တစ်ခါ ပို့ပေးဖူးပါတယ်၊ အဲဒီလူကြုံပြောပြချက်အရ ညောင်လေးပင်ဈေးထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ကုန်စိမ်းကောက်ပြီး ရောင်းနေတဲ့အကြောင်းနဲ့ စိတ်မပူဖို့ မှာလိုက်တဲ့အကြောင်းပြောလို့ ကျွန်မလည်း အဆင်ပြေရင်ပြီးရောဆိုပြီး ဘာမှ မပြောတော့ပါဘူး''

စခန်းမှူး ရဲအုပ် နှင်းဦးက အပူသောကနှင့် ပြောနေသော ဒေါ်တင်မေ၏ပြောပြချက်ကို ဆက်လက်နားထောင်ပြီး စာရွက်နှင့် လိုက်မှတ်နေခဲ့သည်။

''မသေခင် သုံးရက်လောက်မှာ သတင်းရောက်လာပါတယ်၊ သူနေမကောင်းလို့ ရွာပြန်လာမယ်ဆိုတဲ့အကြောင်းသိရလို့ ကျွန်မလည်း မျှော်နေမိပါတယ်၊ သေတဲ့နေ့ စောစောပိုင်းကမှ ညောင်လေးပင်မှာဆုံးသွားပြီဖြစ်ကြောင်း၊ ကလေးဖျက်ချသလိုလို မသေမချာပြောတာနဲ့ ကျွန်မ သမီးအလောင်းကို လှည်းနဲ့လာပို့တဲ့အခါ ရွာအဝင်မခံတော့ဘဲ သင်္ချိုင်းကိုပဲ ယူလာခိုင်းပါတယ်၊ တခြားမြို့မှာ သေပြီးပြီဆိုတော့ ရွာထဲအဝင်မခံတော့ဘူးလေ၊ ဘယ်ဆွေမျိုးမှလည်း အပူမကပ်တော့ဘဲ သင်္ဂြိုဟ်လိုက်တာပါ၊ ကလေးဖျက်ချလို့ဆိုတာတော့ နောက်နေ့မှ ကျွန်မလည်း ကြားသိရပါတယ်၊ ဖြစ်ပြီးသားဆိုတော့လည်း အရှက်ရမှာစိုးလို့ ကျွန်မလည်း ဘယ်သူ့ကိုမှ မပြောတော့ပါဘူး၊ အဲဒါကို တူဖြစ်သူ မောင်ကံပိုက သိသွားတော့ မသင်္ကာလို့ဆိုပြီး ဆရာတို့ကိုခေါ်၊ အလောင်းဖော်တော့မှပဲ အကြောင်းစုံသိရတာပါ''

''ဒါဖြင့်ရင် ခင်ဗျားသမီးက ညောင်လေးပင်မှာ ကလေးကို တိတ်တိတ်ပုန်း ဖျက်ချတာပေါ့''

''ဟုတ်မယ်ထင်တာပဲ၊ ကျွန်မလည်း အသေးစိတ်တော့ မသိဘူး၊ သူ့အလောင်းကို လာပို့တဲ့ လှည်းသမားတွေကိုတော့ သိတယ်၊ ကျွန်မတို့ရွာမှာ လယ်လာလုပ်ဖူးတယ်၊ သူတို့နေတာက ညောင်လေးပင်မြို့၊ ရပ်ကွက် ၄ ထဲမှာနေပါတယ်၊ အောင်ဘုတို့ညီအစ်ကိုဆိုရင် မေးလို့ရပါတယ်၊ သူတို့က လယ်မလုပ်တော့ဘဲ လှည်းအခစားလိုက်နေတယ်လို့ သိရပါတယ်''

စခန်းမှူး ရဲအုပ် နှင်းဦးက ဒေါ်တင်မေ၏ ပြောပြချက်များပေါ်မူတည်ပြီး ချက်ချင်းလက်ငင်းလုပ်ဆောင်ရမည့် အစီအစဉ်များကို တွေးတောနေပါသည်။ ထို့နောက် နယ်ထိန်းတပ်ကြပ် ချစ်တီးနှင့်အဖွဲ့အားခေါ်ပြီး ညောင်လေးပင်သို့ အမြန်စေလွှတ်၍ မနှင်းဥအား မည်သည့်အိမ်မှသယ်လာသည်ကို သိရှိရန်နှင့် တိတ်တိတ်ပုန်း ကလေးဖျက်ချပေးသူကိုပါ တစ်ပါတည်း ခေါ်လာရန် အမြန်စေလွှတ်လိုက်ပါသည်။

+++

ည ၇ နာရီခန့်တွင် တပ်ကြပ်ချစ်တီးအဖွဲ့နှင့်အတူ အသက် ၇၀ ခန့်ရှိ ဒေါ်ဖွားစောဆိုသူ အမျိုးသမီးကြီးတစ်ဦး ပါလာပါသည်။ အရပ်လက်သည်ဟု သိရှိရပြီး မနှင်းဥမှာ ၎င်း၏အိမ်တွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသဖြင့် စုံစမ်းစစ်ဆေးခဲ့ရာတွင်.....

''ကဲ.....အဒေါ်ကြီး၊ မနှင်းဥက အဒေါ်ကြီးအိမ်မှာသေတယ်လို့ သိရတယ်၊ ဖြစ်ပျက်တာကို အမှန်အတိုင်း ပြောပြစေချင်တယ်''

''ဟုတ်ကဲ့၊ ကျွန်မ ပြောပြပါ့မယ်၊ ကျွန်မက အရပ်လက်သည်လုပ်လာတာတော့ ကြာပါပြီ၊ အခုကိစ္စကလည်း မထင်မှတ်ဘဲ မိန်းမသားချင်း ကိုယ်ချင်းစာနာမှုကြောင့် ဖြစ်သွားရတာပါ၊ မနှင်းဥက ကျွန်မဆီရောက်လာတော့ ကိုယ်ဝန်နှစ်လကျော်၊ သုံးလလောက်လို့ထင်ရပါတယ်၊ သူ့ချစ်သူနဲ့ မှားယွင်းပြီး ရခဲ့တာလို့ သိရပါတယ်၊ သူ့ချစ်သူကလည်း သူကိုယ်ဝန်ရှိတယ်လို့ ပြောလိုက်တဲ့အခါ ရှောင်သွားတယ်တဲ့၊ အဲဒါ ရွာကိုပြန်ရင်လည်း အရှက်ရမှာစိုးတော့ ကိုယ်ဝန်ဖျက်ချပေးဖို့ ပြောပါတယ်၊ ကျွန်မကငြင်းပါသေးတယ်၊ သူ့အနေနဲ့ မိဘဆွေမျိုးအလယ်မှာ လင်ကောင်မရှိ တိတ်တိတ်ပုန်းကိုယ်ဝန်ကို မပြဝံ့တာမို့ အကြိမ်ကြိမ် ငိုယိုပြီး တောင်းပန်လုပ်ခိုင်းခဲ့ပါတယ်၊ ကျွန်မလည်း သူ့အဖြစ်ကို သနားတာနဲ့ တတ်သလောက် ဗိုက်ကိုနှိပ်နယ်ပေးပြီး ကလေးဖြစ်မယ့်သွေးလုံးကို ကြေသွားအောင် နေ့စဉ်နှိပ်ခဲ့ပါတယ်''

စခန်းမှူး ရဲအုပ် နှင်းဦးက ဒေါ်ဖွားစောပြောပြသည်များကို ရင်တထိတ်ထိတ်ဖြင့် စိတ်ဝင်စားစွာ နားထောင်နေပါသည်။

''နောက်ဆုံး မရတာနဲ့ ဖိထိုး

www.burmeseclassic.com

www.burmeseclassic.com





သံချောင်းလေးကို ထိပ်အကောက်လေးလုပ်ပြီး သူ့သားအိမ်ထဲကို ထိုးထည့်ပြီး မွှေခဲ့ပါတယ်၊ အဲဒီတော့မှ သားအိမ်ထဲက သွေးခဲတွေထွက်လာပါတယ်၊ ကျွန်မလည်း ဆန္ဒင်းလူးပေးပြီး ဗိုက်ကိုစည်းထားခိုင်းပါတယ်၊ ဒါပေမဲ့ ဆရာရယ် သားအိမ်ထဲမှာ ကလေးဖြစ်မယ့် သွေးတုံးအပိုင်းအစက ကျန်ခဲ့တယ်ထင်ပါတယ်၊ အဲဒီကနေ အပုပ်ဆန်ပြီး မနှင်းဥလည်း သတိမရတစ်ချက်၊ ရတစ်ချက်နဲ့ အဖျားဝင်လာပါတယ်၊ သူသတိရတဲ့အခါ သူ တကယ်လို့ သေသွားခဲ့ရင် သူ့ရွာမအူကုန်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ပြန်ပို့ပေးဖို့ အကြိမ်ကြိမ်မှာပါတယ်၊ ဒီလိုနဲ့ မနှင်းဥလည်း အဖျားမကျဘဲ ဖောရောင်ပြီး ကျွန်မအိမ်မှာပဲ ဆုံးသွားပါတယ်၊ ကျွန်မ မှားခဲ့ပါတယ်ဆရာရယ်၊ တကယ်တော့ ကျွန်မ လုပ်မပေးသင့်ပါဘူး၊ တစ်ခါမှလည်း ဒီလို မလုပ်ပေးဖူးပါဘူး၊ ကျွန်မလည်း မိန်းမချင်း အရှက်သိက္ခာကိုငဲ့ပြီး တိတ်တိတ်ပုန်း မဆင်မခြင်လုပ်ခဲ့လို့ ဒီလိုဖြစ်ရတာပါ၊ ဒါကြောင့်သူမသေခင် ပြောသွားတဲ့ဆန္ဒအတိုင်း သူသေတော့ သူ့ရွာကို မရောက်၊ ရောက်အောင် ပို့ပေးခဲ့တာပါ''

စခန်းမှူး ရဲအုပ် နှင်းဦးက ဒေါ်ဖွားစော၏ ထွက်ချက်အပြီးတွင် စိတ်မသက်သာစွာနှင့် သက်ပြင်းချလိုက်မိပါသည်။ မိန်းမသားတစ်ဦးအနေနှင့် အရှက်ကို အသက်နှင့်လဲသွားခြင်းပင်ဖြစ်ပါသည်။ သို့သော်လည်း အချို့သော မိန်းမသားများအနေဖြင့် အချစ်ကိုရှေ့တန်းတင်ပြီး မစူးစမ်းမဆင်ခြင် သွေးသားဆန္ဒကို မထိန်းသိမ်းနိုင်ခဲ့၍ အဖြစ်ဆိုးနှင့်ကြုံခဲ့ရခြင်းလည်းဖြစ်ပါသည်။

ရဲစခန်းမှူး ရဲအုပ် နှင်းဦးကတော့ ကလေးတိတ်တိတ်ပုန်းဖျက်ချပေးသူ ဒေါ်ဖွားစောကိုလည်း အသက်ကြီးသော်လည်း ဥပဒေအရ ခွင့်မလွှတ်နိုင်ခဲ့ပါ။ ပြစ်မှုပုဒ်မ ၃၀၄(က)/၃၁၄ တို့ဖြင့် တရားစွဲတင်ရန် ပြင်ဆင်ရတော့မည်ဖြစ်ပါသည်။

ယနေ့ မိမိတို့နိုင်ငံရှိ အရွယ်ရောက်အမျိုးသမီးငယ်တိုင်း ဖြစ်စဉ်ပေါ်တွင် သင်ခန်းစာယူ၍ သတိပြုဆင်ခြင်စေချင်ပါသည်။ မိဘများ၏ မျက်ကွယ်တွင် မိမိချစ်ရသောသူများအား ယုံမှတ်၍ သွေးသားဆန္ဒအလိုကို မလိုက်မိကြရန် အထူးလိုအပ်လှပါသည်။ မိမိတစ်သက်လုံး မြတ်နိုးစွာဖြင့် ထိန်းသိမ်းလာသော အပျိုစင်ဂုဏ်အား ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိဖြင့် သတိတရားထားပြီးထိန်းသိမ်းကာကွယ် စောင့်ရှောက်သင့်ကြပါသည်။ ယနေ့ခေတ်အခါသည် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်သို့ ရောက်ရှိရေးအတွက် အသိ၊ အတတ်ပညာရှင်များနှင့် ပေါင်းစပ်ပြီး ဒီမိုကရေစီလမ်းကြောင်းဖြင့် ပွင့်လင်းမြင်သာစွာ ချီတက်နေသည့် ကာလလည်းဖြစ်ပါသည်။ ခေတ်နှင့်အညီ ပေါက်ဖွားလာကြသော အရွယ်ရောက်အမျိုးသမီးငယ်များသည် အတွေးအခေါ် ရင့်သန်ပြီး မိမိဘဝလမ်းကြောင်းအား မှန်ကန်ဖြောင့်တန်းစွာဖြင့် အန္တရာယ်ကို သတိပြုကာ လျှောက်လှမ်းနိုင်ကြစေရန် ဆန္ဒပြုလိုက်ရပါတော့သည်။

**(စာရေးသူ ပြန်တန်ဆာရဲစခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ရပ်မှန်အား အမည်၊ နေရပ်များ ပြောင်းလဲ၍ ခံစားရေးဖွဲ့ထားခြင်းဖြစ်ပါသည်။)**

**ဒုတိယရဲမှူးကြီးဝင်းဦး (ငြိမ်း)**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ဂွပ်....."

အောက်ခံခွက်ထဲသို့ ဖုန်းကို ဆောင့်ချလိုက်သောအသံက ဆောင့်အောင့်ထွက်သွားသည်။ ထိုအသံနှင့် မရှေးမနှောင်းမှာပင် ထွက်လာသော "တောက်"ခေါက်သံမှာလည်း တစ်ခန်းလုံး တုန်ဟည်းသွားသည်ဟု ထင်ရသည်။ စာကြည့်နေသော တစ်တန်းကျောင်းသားလေး "ဖြိုးဝေ"သည်ပင် လန့်သွားသဖြင့် စာကိုမကြည့်ဘဲ ဖခင်ကိုလှမ်းကြည့်လိုက်မိသည်။

ဦးမြင့်စိန် မကျေမနပ်နှင့် အံကိုတင်းတင်းကြိတ်လိုက်မိသည်။

'သည်ခေတ်လူတွေဟာ ကတိသစ္စာမရှိကြတော့ပါလား'။ ညနေကမှ နှုတ်ဖြင့်ကတိပြုခဲ့သောလုပ်ငန်းသည် ည ၉ နာရီမှာ ပျက်သွားလေပြီ။ 'ကျပ်သိန်းတစ်ထောင်ငါးရာ'ဖြင့် စကားပြောပြီးသားလုပ်ငန်းကို ယခု ည ၉ နာရီကျမှ ထောင့်သုံးရာဖြင့် လာပြီးဈေးဆစ်နေသည်။

□

ဦးမြင့်စိန်၏ ကန်ထရိုက်ဘဝတစ်ခုလုံးတွင် မဟုတ်တာမလုပ်ခဲ့ မှန်းသိပါလျက် ယခုလိုတင်စီးခြင်းမျိုးကို မည်သို့မျှ သည်းမခံနိုင်။ ထို့ကြောင့်လည်း ဈေးလျှော့မပေးဘဲ လုပ်ငန်းကို ဖျက်လိုက်ပြီဖြစ်သည်။ ပေါချောင်မကောင်း ကန်ထရိုက်တစ်ယောက်က ပစ္စည်းဝိတ်အားတွေလျှော့ပြီး သူ့အလုပ်ကို ဝင်လုပြီဖြစ်ကြောင်း ဦးမြင့်စိန်ပြေးမကြည့်ဘဲသိသည်။ 'ပေါချောင်ကောင်း'ဆိုသောစကားသည်မှားနေသည်။ ပေါချောင်နေမှတော့ ဘယ်သောအခါမှ ကောင်းမည်မဟုတ်ပေ။

မနေ့ညနေက နေ့ချင်းပြီး စာချုပ်မချုပ်လိုက်မိသော မိမိကိုယ်မိမိလည်း အပြစ်တင်မိသည်။ ညဉ့်ခန်းထဲတွင် ရောက်တတ်ရာရာတွေ တွေးတောရင်း အချိန်ဖြုန်းနေမိသည်။ ဖြိုးဝေက ၉ နာရီဆို အိပ်နေကျ။ ယခု ၁၀ နာရီထိုးတော့မည်။ ဖခင်က မထသေး။ မိခင်မရှိတော့ကတည်းက ဖခင်ကို ပုံချစ်နေရရှာသော ဖြိုးဝေတစ်ယောက် ဖခင်နှင့်သာ အတူအိပ်ချင်သည်။ ဖခင်ပြောသော အိပ်ရာဝင်ပုံပြင်များကိုနားထောင်ချင်သည်။ ထို့ကြောင့်လည်း ဖခင်နားသို့ မရဲတရဲကပ်၍.....

"အဖေ.....အိပ်ကြစို့လေ"

"သွားအိပ်နှင့်ကွာ"

ဖြိုးဝေတစ်ယောက် အတွန့်မတက်ရဲတော့ဘဲ အိပ်ခန်းထဲသို့ ကုပ်ချောင်းချောင်းလေး ဝင်သွားသည်။ အရင်တစ်ရက်က "မအိပ်ချင်သေးဘူး"ဟုပြောကာ ထိုင်ပြီးငိုင်နေသော ဖခင်ကို သူက နွဲ့ဆိုးဆိုးသည့်အနေဖြင့် လက်ကိုဆွဲခေါ်မိသည်။ သူထင်ထားသည်က 'သားကလည်းကွာ၊ အဖေမအိပ်ချင်သေးဘူးလို့ ပြောရဲ့သားနဲ့'ဟုဆိုကာ လိုက်ပါလာမည်ဟုထင်သည်။ ထို့အရင်ညများက ဤကဲ့သို့ပင်လိုက်ပါလာခဲ့သည်မဟုတ်ပါလား။

သို့သော် ထိုနေ့ညက အဖေကတော့ အိပ်ရာထဲသို့မရောက်။ အဖေ့လက်ဝါးတစ်ဖက်ကသာ ဖြိုးဝေနားရင်းပေါ်သို့ ဖြောင်းခနဲနေအောင် ရောက်လာခဲ့သည်။ ဖြိုးဝေ ယိုင်လဲမတတ်ဖြစ်သွားသည်။ နားအူသွားသလို မျက်စိလည်း ပြာခနဲဖြစ်သွားသည်။ နာတာထက် ဘာဖြစ်လို့ရိုက်မှန်းမသိတာက သူ့ကိုပိုရှုဝမ်းနည်းစေသည်။ ငိုခြင်းသည် ကလေး၏ သောကထွက်ပေါက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဖြိုးဝေငိုမည်ပြုသောအခါ အဖေက.....

www.burmeseclassic.com

www.burmeseclassic.com

"မင်း အသံတစ်ချက်ထွက်ကြည့်စမ်း၊ မျက်ရည်တစ်စက်ကျကြည့်စမ်း၊ သေအောင်ကိုရိုက်ပစ်မယ်၊ သေသွားတဲ့မင်းအမေလိုပဲ ဘာမှ လူရိုပ်လူကဲနားမလည်ဘူး၊ ဒီမှာ အလုပ်ကိစ္စအဆင်မပြေလို့ စိတ်တိုနေပါတယ်ဆိုမှ လူကိုလာပြီး ဆွဲလားရမ်းလားနဲ့"

ထိုအချိန်မှစပြီး အဖေ သုန်သုန်မှုန်မှုန်ဖြစ်နေချိန်ဆိုလျှင် အပြစ်မရှိလည်း အဖေက သူ့ကိုရိုက်တတ်သည်ဟု ဖြိုးဝေ အသေမှတ်ထားလိုက်သည်။ အဖေပြောတဲ့ အလုပ်ကိစ္စအဆင်မပြေဆိုတာကို သူနားမလည်ပါ။ သူနားလည်တာက ကျောင်းသွားမယ်၊ ကစားမယ်၊ စားမယ်၊ အဖေနဲ့အတူအိပ်မယ်၊ အဖေပြောတဲ့ပုံပြင်ကို နားထောင်မယ်။ ဒါပဲသူသိသည်။

ခုတင်ပေါ်ရောက်တော့ အိပ်ရာထဲလှဲချလိုက်သည်။ ဘေးနားမှာ အဖေမရှိတော့ ဖြိုးဝေ တစ်ခုခုလိုနေသလိုဖြစ်နေသည်။ ဘာလိုနေမှန်းလည်း သူမသိ။ ၁၂ နာရီခန့်တွင် အိပ်ခန်းထဲသို့ ဦးမြင့်စိန်ဝင်လာသည်။ အိပ်ရာပေါ်သို့ လှဲချလိုက်သော်လည်း အိပ်၍မရ။ ကတိဖျက်သော သူ့ဒွေးဦးစိန်၏မျက်နှာက မျက်စိထဲပေါ်လာသည်။ အခုအချိန်မှာသာ ထိုသူအနားမှာရှိနေလျှင် အမှုန့်ကြိတ်ပစ်မိမည်ထင်၏။

ထိုအချိန်မှာပင် ရှူးရှူးရှုရှုအန့်တစ်ခုက ဦးမြင့်စိန်နှာခေါင်းထဲသို့ ဝင်လာသည်။ ဦးမြင့်စိန် နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ကြည့်လိုက်သည်။

"သေချာပြီ၊ သေးနံ့၊ ဒီခွေးမသားဖြိုးဝေ သေးပေါက်ပြန်ပြီ"

သူ မီးဖွင့်ပြီး ဖြိုးဝေအောက်က အိပ်ရာခင်းကိုကြည့်လိုက်ရာ ရောမ သေးကွက်ကြီးကိုတွေ့လိုက်ရသည်။

"ဟေ့ကောင်.....ထစမ်း"

ဦးမြင့်စိန် ဖြိုးဝေလက်ကို ဆွဲဆောင့်ပြီး ထိုင်ခိုင်းလိုက်သည်။ ဖြိုးဝေမှာ အသနားခံသော မျက်လုံးလေးနှင့် ဖခင်ကို ပြန်ကြည့်ရုံမှတစ်ပါး ဘာမျှမပြောနိုင်ရှာ။ သူ သေးပေါက်သောပြစ်မှုကြောင့် ကြိမ်ဒဏ် ၁၀ ချက်စီ နှစ်ကြိမ်အရိုက်ခံရပြီးပြီ။ ယခု တတိယအကြိမ် အရိုက်ခံရဦးတော့မည်။ သူ သတိထားသော်လည်း အိပ်ပျော်သွားသည်နှင့် သေးက ဘယ်လိုလုပ်ထွက်သွားမှန်း သူမသိ။

ဖြိုးဝေ သူ့အဖေကို လှမ်းကြည့်လိုက်သောအခါ အိပ်ခန်းထောင့်တွင်ထောင်ထားသော ကြိမ်လုံးကိုဆွဲမယူဘဲ ညှော်ခန်းဘက်သို့ ထွက်သွားသဖြင့် ဘယ်လိုအပြစ်များပေးမှာပါလိမ့်ဟု သူတွေးသည်။ သူ့အဖေ အခန်းထဲဝင်လာသောအခါ ပလတ်စတစ်ကြိုးများနှင့် သူကစားသော သားရေကွင်းများပါလာသည်ကို တွေ့ရသည်။ သူနှင့် သားရေကွင်းပစ်တမ်းကစားဖို့တော့ မဖြစ်နိုင်။

သူ့အဖေမျက်နှာက ဒေါသကြောင့် ကြမ်းတမ်းခက်ထန်နေသည်မဟုတ်ပါလား။ အခန်းထဲသို့ ရောက်သောအခါ ဦးမြင့်စိန်က ဖြိုးဝေတစ်ကိုယ်လုံးမှ အဝတ်များကို ဆွဲချွတ်သည်။ ကိုယ်လုံးတီးဖြစ်သွားသောအခါ မတ်တတ်ရပ်ခိုင်းပြီး ဖြိုးဝေကို လက်ပြန်ကြိုးတုပ်သည်။ ပြီးသောအခါ ဖြိုးဝေနှင့် ဆယ်ပေအကွာလောက်တွင် သွားရပ်ပြီး သားရေကွင်းဖြင့်ပစ်ရန် စီစဉ်နေသည်။ သားရေကွင်းဖြင့်ပစ်လျှင် ကြိမ်လုံးဖြင့်ရိုက်တာလောက်မနာနိုင်ဟုယူဆပြီး ဖြိုးဝေက ဟင်းချလိုက်သည်။ မပစ်မီ သူ့အဖေပြောလိုက်သောစကားကြောင့် ဖြိုးဝေ လန့်ပြီး တုန်တောင်သွားမိသည်။

"ကဲ.....ဖြိုးဝေ၊ မင်းကို သေးပေါက်လို့ ငါနှစ်ကြိမ်တောင်ရိုက်ခဲ့ပြီ၊ ဒါပေမဲ့ မင်းက မပြုပြင်ခဲ့ဘူး၊ ငါ့ကို သူငယ်ချင်းတစ်ယောက်က ပြောဖူးတယ်၊ အပြစ်ရှိတဲ့နေရာကို အပြစ်ပေးမှ ပြုပြင်မှာဆိုတဲ့စကားပဲ၊ အရှင်အာနန္ဒာအလောင်းဟာ နှစ်ဥ်ဘဝတစ်ခုတုန်းက သူတစ်ပါးသားမယားကို ကျူးလွန်ခဲ့တယ်၊ အဲဒါကြောင့် ဆိတ်ဘဝ၊ နွားဘဝရောက်တဲ့အခါ သူ့ရဲ့အထီးအင်္ဂါကို ဖောက်ထုတ်ခံရတယ်၊ ကျူးလွန်တဲ့နေရာကို တည့်တည့်အပြစ်ပေးခံရတာပေါ့၊ အခုလည်း သေးပေါက်မှုကျူးလွန်ခဲ့တဲ့နေရာကို အပြစ်ပေးရမယ်"

ဖြိုးဝေ သူ့အဖေကို မကြည့်ရဲတော့။ မျက်လုံးကို မှိတ်ထားလိုက်သည်။ 'ရှပ်'ဟူသောအသံအဆုံးမှာပင် သူ့အင်္ဂါဆီမှ ပူခနဲဖြစ်သွားပြီး သူ 'အား'ဟုသာ အော်လိုက်မိ၏။

"ဟေ့ကောင်...အသံမထွက်

www.burmeseclassic.com

www.burmeseclassic.com





နဲ့'' ဟူသော အမိန့်ပေးသံကြောင့် နောက်အချက်တွေထိတိုင်း သူ့အော်ချင်စိတ်ကို မျိုသိပ်ပြီး ပါးစပ်ကိုပိတ်ထားသည့်ကြားက 'အာ့'ဟူသော အသံလေးကတော့ ထွက်သွားသေးသည်။

အသားနုနေရာဖြစ်သောကြောင့် အသည်းခိုက်အောင်နာသော်လည်း ဖြိုးဝေ မငိုရဲ။ မျက်ရည်တွေသာ တတွေတွေကျနေသည်။ လေးငါးချက် ပစ်ပြီးသောအခါ ဦးမြင့်စိန်က ဖြိုးဝေကို ဆွဲထုတ်သွားပြီး တံခါးမကြီးကိုဖွင့်ကာ အိမ်အပြင်သို့ထုတ်လိုက်သည်။

"သေးပေါက်တဲ့သူဆိုတာ အိပ်ရာပေါ် မအိပ်သင့်ဘူး၊ အပြင်မြေကြီးမှာပဲအိပ်''

''ကျိမ်း.....''

ဟူသော တံခါးပိတ်သံကိုသာ ကြားလိုက်ရသည်။

+++

အိမ်ရှေ့ဆင်ဝင်တွင် ဖြိုးဝေသည်အတိုင်းရပ်နေမိသည်။ မည်မျှကြာကြာ ရပ်နေမိသည်မသိ။ သံချောင်းခေါက်သံနှစ်ချက် ကြားလိုက်ရသည်။ ချမ်းလည်းချမ်း၊ ခြင်ကလည်းကိုက်သည်။ ထိုအချိန်မှာပင် နောက်ဖေးတံခါးဖွင့်သံကြားရပြီး အမျိုးသမီးကြီးတစ်ယောက် စောင်တစ်ထည်နှင့် ရောက်လာသည်။ သူလှည့်မကြည့်ဘဲသိပါသည်။ အိမ်ဖော် ဒေါ်တိုးပင်။ ဒေါ်တိုးက သူ့ကိုယ်ပေါ်တွင် စောင်ခြုံပေးကာ ပွေ့ခေါ်ဖို့ပြင်သည်။ ဒေါ်တိုးမှာ လူ

မမည်ကလေးအတွက် ရှိုက်ပြီးငိုနေသည်။

"သားလေးရယ် အဲဒါ သားလေးရဲ့အမေမရှိတော့လို့ ခုလိုဖြစ်ရတာ သိလား၊ လာ.....သားလေး၊ အဒေါ့်အခန်းထဲသွားမယ်''

ဒေါ်တိုးက သူ့လက်မှကြိုးတွေကို ဖြေပေးဖို့ကြိုးစားတော့ သူရုန်းကန်ဖယ်ရှားလိုက်သည်။

တကယ့်
သူတော်ကောင်းလေးနဲ့မှ
လာတွေ့နေရတာကိုး၊
အဲဒါဆိုလည်း
ပြီးတာပါပဲတော်၊
ကျုပ်ကတော့
ဘေးကနေကြည့်ပြီး
သနားလိုက်ရတာ၊
အခုတော့
. . .

www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်တိုး သားလက်ကကြိုးတွေ မဖြေနိုင်လေ”

“ဘာဖြစ်လို့လဲ သားရဲ့”

“အဖေက သားကို အပြစ်ရှိလို့ ဒဏ်ပေးတာလေ၊ သားကအိပ်ရာထဲ သေးပေါက်မိတာကိုး”

“သားရယ် ဒီအရွယ်ဆိုတာ ဒီလိုပဲ ပေါက်မိကြတာပဲ၊ ကြီးလာတော့ သူ့ဘာသာသူ ပျောက်သွားတာပဲ”

“အဖေက မြန်မြန်ပျောက်စေချင်လို့နေမှာပေါ့ ဒေါ်တိုးရဲ့”

ကလေးကိုယ်တိုင် သူ့အဖေဘက်က ပါနေသောအခါ ဒေါ်တိုး စိတ်ဆိုးသွားသည်။

“သားအဖေက သားကို အဲဒီလောက် ရိုက်နှက်နှိပ်စက်နေတာ သား မမုန်းဘူးလား”

“မမုန်းပါဘူး၊ သားမှာ ချစ်စရာဆိုလို့ အဖေပဲရှိတာလေ၊ ပြီးတော့ အဖေကပြောတယ်၊ သားကို ချစ်လို့ရိုက်တာတဲ့”

“အမယ်လေးတော်၊ တကယ့်သူတော်ကောင်းလေးနဲ့မှ လာတွေ့နေရတာကိုး၊ အဲဒါဆိုလည်း ပြီးတာပါပဲတော်၊ ကျုပ်ကတော့ ဘေးကနေကြည့်ပြီး သနားလိုက်ရတာ၊ အခုတော့ အလကားပါပဲ”

ထိုကဲ့သို့ပြောဆိုပြီး ဒေါ်တိုး နောက်ဖေးပေါက်မှ ပြန်ဝင်သွားသည်။ မနက်မိုးမလင်းခင် ဒေါ်တိုးက သူ့ကိုယ်ပေါ်မှစောင်ကို လာယူသွားသည်။ ဦးမြင့်စိန်သိလျှင် ဆူမှာစိုးသောကြောင့်ဖြစ်သည်။ မိုးလင်းလင်းချင်း ဦးမြင့်စိန်တစ်ယောက် ဝရုန်းသုန်းကားနှင့်ထလာကာ အိမ်ရှေ့တံခါးမကြီးကို ဆွဲဖွင့်သည်။ ဖြိုးဝေက သူထားခဲ့သည့်အတိုင်း လက်ပြန်ကြိုးတုပ်လျက် မတ်တတ်ရပ်လျက်ကလေးပင်။ ဦးမြင့်စိန် သူ့ရက်စက်မှုအတွက် စိတ်မကောင်းဖြစ်သွားသည်။ မျက်ရည်များဝိုင်းလာကာ.....

“သား”ဟုခေါ်ကာ ဖြိုးဝေကို ကြိုးတွေဖြေပေးရင်း ပွေ့ချီယူလာသည်။ သူ တစ်နာရီခန့်သာ ဒဏ်ပေးဖို့ စိတ်ကူးထားသော်လည်း အိပ်ပျော်သွားခြင်းဖြစ်သည်။ ဖြိုးဝေက စိတ်မဆိုး။ သူက အဖေ၏ပါးကိုပင် ဖက်နမ်းနေသေးသည်။

“သားကိုချစ်လို့ ဆုံးမတာနော် အဖေ”

“အေး.....အေး၊ ဟုတ်တယ် သား၊ ချစ်လို့ဆုံးမတာပါကွယ်”

ပြောရင်းဖြင့် ဦးမြင့်စိန် ထွက်လာမည့်မျက်ရည်တွေကို မျက်နှာအားရှုံ့ပြီးအထဲကိုပြန်သွင်းနေသည်။ ဖြိုးဝေကို သူကိုယ်တိုင် မျက်နှာသစ်ပေးလိုက်သည်။ အင်္ကျီဘောင်းဘီတို့ကိုလည်း သူကိုယ်တိုင်ဝတ်ပေးနေသည်။

“ငါ့သားလေးကို နောက်ဘယ်တော့မှ မရိုက်မိအောင် သတိထားမယ်”ဟူ၍လည်း ဆုံးဖြတ်လိုက်သည်။

+++

ထိုနေ့က ဖြိုးဝေတစ်ယောက် ရင်ခုန်စွာဖြင့် သူ့အဖေကို မျှော်နေမိသည်။ ဦးမြင့်စိန်က သူ့အပေါ် ရောရောနှောနှောမနေသောကြောင့် တခြားကလေးတွေလို “အဖေ့ကို တအားချစ်တယ်”ဆိုသောစကားကို နှုတ်ကထုတ်မပြောရဲ။ ထို့ကြောင့် ဗလာစာအုပ်၏ ပထမဆုံးစာမျက်နှာတွင် စာလုံးအကြီးကြီးဖြင့်.....

**“အဖေ့ကိုတအားချစ်တယ်၊ သား ဖြိုးဝေ”**ဟူ၍ ရေးထားပြီး ဦးမြင့်စိန်၏ အလုပ်စားပွဲပေါ်တွင် တင်ထားလိုက်သည်။ အဖုံးကိုလှန်လိုက်သည်နှင့် သူရေးထားသောစာကိုအဖေတွေ့လျှင် သူ့ကိုပိုချစ်လာမည်ဟု ဖြိုးဝေက တွေးထားသည်။

သူ့အဖေသည် သူ့ကို တစ်ကြိမ်သာ နမ်းဖူးသည်။ ထိုညက သူ ခေါင်းကိုက်နေသဖြင့် တော်တော်နှင့်အိပ်မပျော်။ သို့သော် မျက်လုံးကိုတော့ မှိတ်ထားသည်။ ညဉ့်တော်တော်နက်တော့မှ အဖေက သူ့ပါးကို ဖွဖွလေးလာနမ်းသည်။ ပျော်လွန်းလို့ သူခေါင်းကိုက်တာတောင် မေ့ပျောက်သွားသည်။ နောက်ညတွေမှာလည်း အဖေနမ်းတာ သိချင်လို့ ဖြိုးဝေ အိပ်မပျော်အောင် အောင့်နေသေးသည်။ သို့သော် မရ။ ခေါင်းအုံးပေါ် ခေါင်းချပြီးသည်နှင့် မကြာမီ အိပ်ပျော်သွားတာများသည်။

သူ့အင်္ဂါကို သားရေကွင်းဖြင့် အပစ်ခံရသောနေ့မှစ၍ သူမအိပ်ဘဲနေသည်မှာ သုံးညရှိပြီ။ အိပ်ပျော်သွားလျှင် သေးပေါက်မိမှာစိုးရိမ်သောကြောင့်ဖြစ်သည်။ သူ့အဖေကတော့ သူမအိပ်ဘဲနေတာကို မသိ။

www.burmeseclassic.com

www.burmeseclassic.com



သေးမပေါက်တာကိုသာသိသည်။ ညဘက်မအိပ်ရသည့်အတွက် စာသင်ရင်း အိပ်ငိုက်၍ အရိုက်ခံရတာလည်း သုံးရက်တောင်ရှိပါပြီ။

ဟော.....အဖေတို့ကားဝင်လာသံ ကြားရသည်။ အိမ်ထဲဝင်လာကြပြီ။ အဖေ့မိတ်ဆွေ ဦးညွန့်လည်းပါလာသည်ကိုတွေ့ရသည်။ စားပွဲရှေ့ရောက်တော့ အဖေက သူ့စာအုပ်ကိုမကြည့်။ နံရံတွင်မှန်ပေါင်သွင်းထားသော စာတန်းတစ်ခုကို လက်ညှိုးထိုးပြနေသည်။

"ဦးညွန့်၊ ဟိုမှာဖတ်ကြည့်လိုက်စမ်းပါ"

ဦးညွန့်က လှမ်းဖတ်ကြည့်လိုက်သည်။

**"အိုးထိန်းသည် သည် အိုးကိုနာနာရိုက်သည်မှာအိုးကောင်းဖို့အတွက်ဖြစ်သည်။ ထို့အတူ ဆရာမိဘက တပည့်သားသမီးအား နာနာရိုက်သည်မှာ လိမ္မာဖို့အတွက်သာဖြစ်သည်။"**

"ဦးညွန့်လည်း ကိုယ့်သားသမီးကို နာနာသာရိုက်ပြီး ဆုံးမဗျာ၊ အရိုက်ခံရတဲ့ တုတ်ချက်များလေ သူတို့ဘဝ ကောင်းလေပဲ၊ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်မှတ်မိမယ်လို့ ကျုပ်ကပြောချင်တယ်၊ ကလေးဆိုတာ ရိုက်မှမှတ်မိတာဗျ။ မရိုက်ဘဲ ပြောဆိုဆုံးမရင် မမှတ်မိကြဘူး။ ကျွန်တော့်သားဆို ကြည့်ပါလား၊ အိပ်ရာထဲသေးပေါက်တာ သုံးကြိမ်တောင် ရိုက်ယူရတယ်၊ တတိယအကြိမ်ကျတော့ ရိုက်ပြီး အပြင်ဘက်မှာ ထုတ်ထားလိုက်တယ်၊ အခု သေးပေါက်တာပျောက်သွားပြီ"

> **အရိုက်ခံရတဲ့**
> **တုတ်ချက်များလေ**
> **သူတို့ဘဝ**
> **ကောင်းလေပဲ၊**
> **အရိုးကွဲအောင်**
> **ရိုက်မှ**
> **အသည်းစွဲအောင်**
> **မှတ်မိမယ်**
> ...

သူ့အဖေကို လှမ်းကြည့်နေသော လိုက်ကာနောက်မှ ဖြိုးဝေတစ်ယောက် ယနေ့ထိအောင် နီရဲပြီး စပ်ဖျဉ်းဖျဉ်းဖြစ်နေသော သူ့ငယ်ပါကို ရုတ်တရက် အလန့်တကြား လက်ဖြင့်ပြန်အုပ်ကိုင်မိသွားသည်။ အဖေက 'အပြစ်ရှိတဲ့နေရာကို ဒဏ်ပေးတာ'တဲ့။

"ဦးမြင့်စိန်က နှိပ်ကွက်တဲ့ 'နိဂ္ဂဟကံ'တစ်ခုတည်း အားကိုးနေတာကိုး ဗျ၊ တကယ်ကျတော့ မကောင်းတဲ့အကျင့်တွေ ပျောက်ဖို့ဆိုတာ ချီးမြှောက်တဲ့ 'ပဂ္ဂဟကံ'နဲ့လည်း ရပါတယ်"

"ဒါဆို ခင်ဗျားကလေးတွေ အိပ်ရာထဲသေးမပေါက်အောင် ဘယ်လိုလုပ်လဲ"

"လွယ်လွယ်လေး၊ အရုပ်လှလှလေးသုံးရုပ် ဝယ်လာလိုက်တယ်၊ သေးမပေါက်တော့တဲ့ အကြီးနှစ်ယောက်ကို တစ်ယောက်တစ်ရုပ်စီ ပေးလိုက်တယ်၊ သေးပေါက်တဲ့ အငယ်ဆုံးကောင်ကို မပေးဘူး၊ မပေးတော့ သူဇွတ်တောင်းပြီလေ၊ ဒီတော့ ကိုယ်လိုချင်တာ သူ့ကိုပြန်ပြောလိုက်ရုံပဲ၊ သားသား အိပ်ရာထဲမှာသေးမပေါက်ရင်ပေးမယ်လို့၊ အဲဒီညကစပြီး သူသေးမပေါက်တော့တာ ခုထိပဲ"

"အေးဗျာ၊ ဒီလိုဆိုတော့လည်း ဟုတ်သားပဲ၊ ခက်တာက ကျွန်တော့်မှာ ရိုက်တာအကျင့်ဖြစ်နေပြီ၊ ကျွန်တော်တို့တုန်းကလည်း အရိုက်ခံခဲ့ရတာဆိုတော့ ရိုက်ပြီးဆုံးမမှ ရတယ်လို့ပဲ ထင်နေမိတယ်"

"ဆန့်ကျင်ဘက်ပြောတာ မဟုတ်ဘူး။ ကျွန်တော်တို့ညီအစ်ကိုမောင်နှမတွေအားလုံး တစ်ယောက်မှ အရိုက်မခံခဲ့ရဘူး၊ နောက်ပြီး အခုကြီးလာတဲ့အခါ မိုက်တာတစ်ယောက်မှ မပါလာဘူး။ ကျွန်တော့်အစ်ကိုတစ်ယောက်ဆိုရင် ဗိုလ်သာဆရာတော်ကြီးတောင် ဖြစ်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အစ်မအကြီးဆုံးက စာသင်တိုက်တည်ထောင်ထားတဲ့ သီလရှင်ဆရာကြီးတစ်ပါးဖြစ်နေပြီ၊ ကျွန်တော်တို့မိဘတွေက သားသမီးအပြစ်ရှိရင် လူရှေ့သူရှေ့မှာ ဘယ်တော့မှ အော်ဟစ်ဆုံးမတာမျိုးမရှိဘူး၊ ကွယ်ရာရောက်မှ အကျိုးသင့်အကြောင်းသင့်ရှင်းပြတယ်''

''ဪ.....ဟုတ်လား''

''အဲ.....လူရှေ့သူရှေ့မှာဆိုရင် ကျွန်တော်တို့ရဲ့ကောင်းကွက်တွေကို အားပါးတရ ချီးမွမ်းစကားပြောတယ်၊ အများရှေ့မှာ ကျုပ်သားက အကျင့်သီလ သိပ်ကောင်းတာ၊ နောင်တစ်ချိန် ဆရာတော်ကြီးတစ်ပါးဖြစ်ဖို့ အလားအလာရှိတယ်လို့ အချီးမွမ်းခံရတဲ့ ကျွန်တော့်အစ်ကိုဟာ အခု အဟုတ်ကို ဆရာတော်ကြီးဖြစ်နေပြီလေ''

''ကျုန်တဲ့မောင်နှမတွေရော''

''ပညာသိပ်တော်တာလို့ ချီးမွမ်းခံရတဲ့ ကျွန်တော့်အစ်မတစ်ယောက်က ပါဠိနဲ့ ဘွဲ့ရခဲ့တဲ့အပြင် ဒေါက်တာဘွဲ့တောင် ထပ်ရသွားပြီ၊ အခု တက္ကသိုလ်မှာ ပါမောက္ခဖြစ်နေတယ်၊ . ကျွန်တော် လေ့လာမိသလောက်ဆိုရင် ကလေးတွေကို ရိုက်နှက်ခြင်းဖြင့် ကလေးတွေမှာရှိတဲ့ စာနာစိတ်နဲ့ ကရုဏာစိတ်ကို ဖျက်ဆီးပစ်ရာရောက်တယ်တဲ့ဗျ''

''ဪ.....''

''ပြီးတော့ အရိုက်ခံရတဲ့ ကလေးဟာ အသားနာတဲ့အပေါ်မှာပဲ အာရုံစိုက်သွားပြီး ဒေါသထွက်တာနဲ့ ကြောက်တာပဲရှိတော့တယ်၊ သူလုပ်လိုက်တဲ့အမှားကို ဆင်ခြင်နိုင်တဲ့ဉာဏ်လည်း ပျောက်သွားတယ်၊ ဒါ့အပြင် အပြစ်ရှိရင် အဖေနဲ့အမေရဲ့တာဝန်ပဲရှိတယ်၊ ငါ့တာဝန်မရှိဘူးလို့လည်း စွဲသွားတတ်တယ်၊ ဆိုလိုတာက အမြဲအရိုက်ခံနေရတဲ့ကလေးဟာ အပြစ်ရှိ၊ မရှိဆိုတာကို ကိုယ့်ဉာဏ်နဲ့ မဆုံးဖြတ်နိုင်တော့ဘူး၊ မိဘကရိုက်မှပဲ ဒါဟာ အပြစ်ရှိတယ်၊ မရိုက်ရင် အပြစ်မရှိဘူးလို့ စွဲသွားတော့ သူလုပ်သမျှအပြစ်ကို မိဘက ဘယ်မှာအမြဲသိနိုင်မလဲ၊ ကျွန်တော် လူပျိုပေါက်စအရွယ်လောက်တုန်းက အစ်မဝမ်းကွဲတစ်ယောက်နဲ့ သံယောဇဉ်ဖြစ်ဖူးတယ်၊ အမှန်ကတော့ နီးစပ်လို့ဖြစ်တာပါ''

''ဟာ....ကျွန်တော်သာဆိုရင် ဒီလောက်ကမြင်းကြောထတဲ့ကောင်ဆိုပြီး လိမ့်ရိုက်ပစ်လိုက်မှာပဲ''

''အဲဒီလိုရိုက်ရင် မခံချင်စိတ်နဲ့ ခိုးပြေးကြမှာပေါ့၊ ပိုဆိုးဖို့ပဲရှိ တယ်၊ စိတ်ပညာရှင်တွေရဲ့ လက်တွေ့စမ်းသပ်ချက်အရ ရိုက်ရင် အပြစ်ကိုမပြင်တဲ့အပြင် ပိုတောင်အရွဲ့တိုက်ပြီး လုပ်တတ်တယ်လို့ ပြောတယ်၊ ကျွန်တော့်အဖေအမေက လုံးဝမဆူဘူး၊ အကျိုးအကြောင်းနဲ့ ရှင်းပြတယ်၊ ဆွေမျိုးနီးစပ်ချင်းယူရင် ပညာရှိသူတော်ကောင်းတွေရဲ့ ရှုတ်ချခြင်းကို ခံရမယ်။ နောက်တစ်ချက်က သိပ္ပံပညာရှင်တွေ လက်တွေ့စမ်းသပ်တွေ့ရှိချက်အရ မွေးလာတဲ့ကလေးဟာ ကိုယ်အားရော၊ ဉာဏ်အားရော အဆင့်နိမ့်သွားတတ်တယ်တဲ့၊ အဲဒီလိုရှင်းပြလိုက်တာနဲ့ ကျွန်တော်နောက်ဆုတ်လိုက်တာပဲ''

''အင်း.....အင်း''

''ကျွန်တော်တို့မိဘတွေက သားသမီးတွေနဲ့ ရင်းရင်းနှီးနှီးနေတယ်၊ မိတ်ဆွေလိုပေါင်းတယ်၊ အဲဒီတော့ ကျွန်တော်တို့ကလည်း ဘာဖြစ်ဖြစ် မိဘနဲ့ တိုင်ပင်ရဲတယ်၊ ပြောရရင် ကျွန်တော်တို့က မိဘကို ချစ်တာ၊ လေးစားကြည်ညိုတာပဲရှိတယ်၊ မကြောက်ဘူး၊ ကြောက်စရာလည်းမဟုတ်ဘူးလေ''

''အဲဒါဆိုရင် မှားတာပေါ့ဗျ၊ သားသမီးဆိုတာ မိဘကိုကြောက်မှဖြစ်မှာပေါ့''

''ချစ်ခင်ကြည်ညိုတဲ့ သားသမီးက မိဘစကားကို ရှေ့မှာလည်းနားထောင်တယ်၊ ကွယ်ရာမှာလည်း နားထောင်တယ်၊ ကြောက်ရုံကြောက်တဲ့ သားသမီးက မိဘစကားကို ရှေ့မှာသာ နားထောင်တာ၊ ကွယ်ရာမှာ နားမထောင်ဘူးဗျ''

''ကျွန်တော်ကတော့ 'သားသမီးကို စိတ်ထဲကပဲချစ်၊ အပြင်ထုတ်မချစ်နဲ့၊ ကမ်းတက်လိမ့်မယ်' ဆိုတဲ့စကားကိုပဲ သဘောကျတယ်၊ ကျွန်တော့်သားလေးကို ကျွန်တော်တအားချစ်တယ်၊ ဒါပေမဲ့ ကမ်းမတက်အောင် ကျွန်တော်ချစ်တာကို ကိုယ်အမူအရာနဲ့ မပြဘူး၊ နှုတ်နဲ့လည်းမပြောဘူး၊ ကိုယ့်သားလိုနမ်းချင်ရင်တောင် သူအိပ်ပျော်တဲ့အချိန်မှနမ်းတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခင်ဗျားဆိုလိုတာက စိတ်ထဲကချစ်နေရင် ပြီးတာပဲ၊ ကိုယ်နဲ့နှုတ်နဲ့ ပြနေစရာမလိုဘူး။ ဒီလိုလား"

"ဟုတ်တယ်လေ"

"အဲဒါဆို ဦးမြင့်စိန်သား ကြီးလာတဲ့အခါမှာလည်း ဦးမြင့်စိန်ကို စိတ်ထဲကပဲချစ်ပြီး အနားကိုလာမှာ မဟုတ်တော့ရင် ဘယ်လိုလုပ်မလဲ"

ဦးမြင့်စိန်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဦးညွန့်ပြောသောစကားများမှာ သဘာဝကျနေသည်မဟုတ်ပါလား။ သို့သော် နှစ်ပေါင်းများစွာ စွဲလာသော အယူဝါဒတစ်ခုကို ချက်ချင်းစွန့်ပစ်ဖို့ ဦးမြင့်စိန် အခက်ကြုံနေသည်။ သူ့စားပွဲပေါ်မှ ဖြိုးဝေ၏ ဗလာစာအုပ်လေးကို တွေ့လိုက်သည်။ တော်တော်စည်းကမ်းမရှိတဲ့ ကလေး။ သူ့ကျောင်းစာအုပ်ကို ဘာ့ကြောင့် သူ့အလုပ်စားပွဲပေါ် လာတင်ထားရသနည်း။ လှမ်းအော်လိုက်မည်ပြင်ပြီးမှ ဦးညွန့်ပြောစကားကို အမှတ်ရသွားပြီး ခက်ထန်စွာ မအော်မိတော့။

+++

"သား.....ဖြိုးဝေ"

"ခင်ဗျာ"

"ဒီမှာ သားစာအုပ် လာယူ"

"ဟုတ်ကဲ့"

ဖြိုးဝေ လက်ပိုက်ပြီး ဦးမြင့်စိန်ရှေ့နားသို့ ရောက်လာသည်။ သို့သော် တရားသူကြီးရှေ့ရောက်လာသော တရားခံတစ်ယောက်လို ဘေးဘီသို့ မကြည့်ရဲဘဲ အောက်သို့ငုံ့ရင်း ရောက်လာသည်။

"သားစာအုပ်က ဘာဖြစ်လို့ အဖေ့စားပွဲပေါ် ရောက်နေတာလဲ"

"ဟို.....ဟို"

ဖခင်ကို ကြောက်သည့်စိတ်က လွှမ်းမိုးနေသောအခါ မှန်သော၊ အကျိုးရှိသော၊ နှစ်သက်မှုကို ဖြစ်စေနိုင်သော စကားကိုပင် ဖြိုးဝေ မပြောရဲတော့။

**မလိုအပ်ဘဲအကြောက်လွန်ခြင်းသည် နုံးညံ့သော စိတ်ဝေဒနာတစ်မျိုးပင်ဖြစ်၏။**



"ရော့.....နောက်ကို ကျောင်းစာအုပ်ကို တခြားနေရာမှာ မရှိစေနဲ့"

"ဟုတ်.....ဟုတ်ကဲ့"

"ကဲ.....သွားတော့"

ဦးမြင့်စိန် စာအုပ်ကိုလှမ်းပေးလိုက်သည်။ စာအုပ်ကိုယူကာ ဖြိုးဝေ ထွက်သွားသည်။ ဦးမြင့်စိန်သည် ရှင်ဘုရင်ဘဝက လာလေသလောမသိ။ ထိုကဲ့သို့ သူ့ကိုမော်မကြည့်ရဲခြင်းကို သူအလွန်နှစ်သက်သည်။ သူပြောသမျှကိုလည်း မှားမှားမှန်မှန် စောဒကတက်သည်ကို မကြိုက်။ ငြိမ်နားထောင်ပြီး ခေါင်းညိတ်မှုကြိုက်သည်။ စောဒကတက်လာသူမှန်သမျှကို သူ့ရန်သူဟု သဘောထားတတ်သည်။ အပြစ်တော့မဆိုသာ။ သူသည် **'ရေဘူးပေါက်တာမလိုချင်၊ ရေပါတာကိုသာ လိုချင်သည်'** ဟူသော အစိုးရနှစ်ဆက်တွင် လူဖြစ်ခဲ့ရသူမဟုတ်ပါလား။ ထွက်သွားသော သားဖြစ်သူကိုကြည့်၍ ဦးမြင့်စိန်က ဂုဏ်ယူဝင့်ကြွားစွာ ဦးညွန့်ကိုပြောလိုက်သည်။

"တွေ့လား ဦးညွန့်၊ ကျွန်တော့်သား ဘယ်လောက်အပိုးကျိုးသလဲ"

**ဘုရားမဖြစ်သေးလျှင် အမှားမကင်းသေး**

"ပထမမစိုးရိမ်ဆရာတော်ကြီးက ဆုံးမတယ်ဗျ။ ဘုရားမဖြစ်သေးသမျှ မိမိကိုယ်ကို ဘယ်တော့မှ ပြည့်စုံပြီလို့ မအောက်မေ့ပါနဲ့။ သိုရင်းကတော့ ဘုရားမဖြစ်သေးရင်

www.burmeseclassic.com

www.burmeseclassic.com



မှားနိုင်သေးတယ်လို့ ဆိုလိုတာပဲ၊ အရှင်သာရိပုတ္တရာတောင် သင်္ကန်း ရုံတာ မညီမညွတ်ဖြစ်နေလို့ ခုနစ်နှစ်သား ကိုရင်လေးက ဆုံးမဖူးတယ်၊ သင်္ကန်းမညီဘူးဖြစ်နေတယ်၊ ညီအောင်ဝတ်ပါဆိုတာမျိုးပေါ့၊ အရှင်သာရိပုတ္တရာဟာ သင်္ကန်းကို သေချာပြင်ရုံပြီး ကိုရင်လေးရှေ့ကို သွားတယ်၊ လက်အုပ်ချီပြီးတော့ လျှောက်တယ်၊ ပြင်ရုံပြီးပါပြီဘုရား၊ နောက်နောင် အပြစ်တွေ့ရင်လည်း အခုလိုဆုံးမပါတဲ့၊ အဲဒီတော့ အရှင်သာရိပုတ္တရာလို ရဟန္တာအရှင်မြတ်ကြီးတောင် ချို့ယွင်းချက်ရှိသေးရင် ခင်ဗျားတို့၊ ကျုပ်တို့ ပုထုဇဉ်တွေက ပိုတောင်ရှိနိုင်သေးတာပေါ့''

''ကဲပါဗျာ မိဘလည်းမှားတာ လက်ခံပါပြီ၊ ခင်ဗျားတို့ကို ရှစ်နှစ်သမီးက ဆုံးမတာကို ပြောပြပါဦး''

''ဒီလိုဗျ၊ အဲဒီနေ့က ကျွန်တော်တို့ လင်မယားက ဆရာတော်တစ်ပါးရဲ့ကျောင်းကို ဝါဆိုသင်္ကန်းကပ်ဖို့သွားကြမှာ၊ ကျွန်တော့်ဇနီးက သင်္ကန်းဘူးမှာ ကျွန်တော်တို့လင်မယားနှစ်ယောက်နာမည်ကို ဆော့ပင်အကြီးကြီးနဲ့ ရေးနေတာ၊ အဲဒါ သမီးလေးက ဘာပြောလိုက်သလဲဆိုတော့ **'သင်္ကန်းမှာတစ်မက်တဲ့ လောဘကိုကျတော့ ပယ်နိုင်ပြီး နာမည်ကြီးချင်၊ လူသိများချင်တဲ့ လောဘကို မပယ်နိုင်ရင် ဘယ်လို လုပ်ပြီး ပါရမီထိုက်တဲ့ဒါနဖြစ်မှာ လဲ'**တဲ့''

''ဆက်စမ်းပါဦး''

''ကျွန်တော်တို့လင်မယားနှစ်ယောက် ရုက်လိုက်တာဗျာ၊ ကျွန်တော့်ဇနီးဆို ကောင်းမှုရှင်နာမည်ကြီးကို ချက်ချင်းပြန်ဖျက်ပစ်လိုက်တယ်၊ အမှန်က အဲဒီစာအုပ်ကို ကျွန်တော်တို့လည်း ဖတ်ပြီးသားဗျ၊ ဒါပေမဲ့ အပြင်မှာ လက်တွေ့ကျင့်သုံးဖို့ သတိမရကြတာ၊ ဇနီးကဆိုရင် သမီးလေးကို လှိုက်လှိုက်လှဲလှဲ ချီးကျူးရှာတယ်''

''အင်း.....ကျွန်တော်တောင် စိတ်ဝင်စားသွားတယ်၊ ပါရမီထိုက်တဲ့ဒါနနဲ့ မထိုက်တဲ့ဒါန ဘယ်လိုကွာသလဲဗျ''

''စာအုပ်ထဲမှာ အကျယ်ရေးထားတာက လှူဖွယ်ဝတ္ထုမှာ တစ်မက်တဲ့ **'လောဘ'**၊ နာမည်ကြီးချင်တဲ့ **'လောဘ'**၊ နောက်ဘဝချမ်းသာချင်တဲ့ **'လောဘ'**သုံးမျိုးကို ပယ်သတ်ပြီး အလှူခံချမ်းသာပါစေ ဆိုတဲ့ စိတ်သက်သက်နဲ့ လှူဒါန်းရင် ပါရမီထိုက်တယ်။ ဖော်ပြပါ လောဘသုံးမျိုးအနက် တစ်မျိုးမျိုးနဲ့လှူဒါန်းရင် ပါရမီမထိုက်ဘူး''

ထိုနေ့က အလုပ်မှအိမ်အပြန်ခရီးသည် ဦးမြင့်စိန်အတွက် ပျော်စရာအကောင်းဆုံးဖြစ်နေသည်။ သူ လင်ခရုဆာကားစီးချင်နေသည်မှာ နှစ်အတော်ကြာပြီ။ သို့သော် သူ့အဆင့်လောက်နှင့် သိန်းပေါင်း ၃၅၀၀ အထက်မှာရှိသော ၎င်းကားနားသို့ မကပ်နိုင်ခဲ့။ ယခုသမ္မတကြီး ဦးသိန်းစိန်လက်ထက်တွင် ကားဟောင်းများအပ်ပြီး ကားသစ်များ သွင်းခွင့်ပေးခဲ့သည်။

ယခု ၂၀၁၁ ခုနှစ်ထဲမှာပင် ယခင်က သိန်းပေါင်း ၃၅၀၀ တန် လင်ခရုဆာကားများသည် ယခုဆိုလျှင် သိန်းရာဂဏန်းမျှသာရှိတော့သည်။ သူ့ကားသည် သိန်းပေါင်း (၁၂၅၀)သာကျသည်။ စီးသောအခါ ငြိမ်ပြီးငြိမ့်နေသော အရသာကို ခံစားရင်း သူ့အိမ်သို့ရောက်လာသည်။ ကားသံကြားရသည်နှင့် ဒေါ်တိုးက တံခါးပြေးဖွင့်ပေးသည်။ ထုံးစံအတိုင်း သားလေးကတော့ တိုက်ရှေ့မှ သူ့ကိုကြိုနေသည်။ ဦးမြင့်စိန် ကားတံခါးဆွဲဖွင့်ပြီးသည်နှင့် ပြေးလာသောသားကို ပွေ့ချီနမ်းလိုက်သည်။ မနေ့က ဦးညွန့်ပြောသော စကားများက သူ့နားထဲသို့ ထိုက်သလောက်ဝင်လာခဲ့သည်မဟုတ်ပါလား။

''အဖေ့ကားက အသစ်ကြီးနော်''

''ဟုတ်တယ် သားရှ၊ အသစ်ကြီး၊ အဖေ ဒီကားကြီးစီးနိုင်အောင် နှစ်တွေအကြာကြီးစောင့်ပြီး ငွေစုဝယ်ခဲ့ရတာ''

''သားလည်းစီးချင်တယ်''

''စီးရမှာပေါ့ဗျာ၊ အဖေ့ကားက သားရဲ့ကားပဲပေါ့''

သားအဖနှစ်ယောက် စကားကောင်းနေကြစဉ်မှာပင် ဖုန်းခေါ်သံကြားရသဖြင့် သားကိုခဏချပြီး ဖုန်းပြောရသည်။ ထိုအချိန်တွင် ဦးဝေက ကားအသစ်ကြီးဆီသို့ပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟယ်လို.....ပြောပါ”

“ဆရာ၊ ကျွန်တော် ညိုဝင်းပါ”

သူ့အလုပ် ဆိုက်နံပါတ်(၂)မှ လက်ထောက်အင်ဂျင်နီယာ ညိုဝင်းဖြစ်သည်။ သူသည် နေ့အလုပ်ဆိုက်(၁)မှာ အချိန်ကုန်သွားသဖြင့် (၂)ကိုသွားမကြည့်လိုက်ရပေ။ မည်သည့်အကြောင်းများပေါ်သည်မသိ။

“ကဲ.....ညိုဝင်း ပြော၊ ဘာအကြောင်းပေါ်လို့လဲ”

“အလုပ်ဆိုက်ထဲက လက်သမားခေါင်းဆောင် အမိုးမိုးရင်း ဒိုင်းလွတ်ကျပြီး ဘယ်ဘက်လက်မကြေသွားတယ် ဆရာ”

“အေး...အဲဒါဆိုလည်း ဆေးရုံပို့လိုက်ပေါ့”

“ပို့လိုက်ပြီ ဆရာ၊ လက်မကဖြတ်ပစ်ရမှာလို့ ဆရာဝန်ကပြောတယ်၊ လူနာက အင်္ဂါချွတ်ယွင်းသွားတဲ့အတွက်ကြောင့် လျော်ကြေး ငါးသိန်းတော့ပေးပါတဲ့၊ ငွေငါးသိန်းဆိုတာ ဆရာတို့အရက်ဝိုင်းတစ်ခါထိုင်ပဲရှိတာပါတဲ့”

**လက်တစ်ချောင်းနှင့်အရက်တစ်ဝိုင်းစာ**

ဟုတ်တော့ဟုတ်သည်။ ဦးမြင့်စိန် သုံးသိန်းကိုးသောင်းတန်သော နှစ်ချို့ဝိုင်တစ်ပုလင်း သူငယ်ချင်းသုံးယောက်နှင့်အတူ သောက်ဖူးသည်။ ကုန်ကျစရိတ်အားလုံးရှင်းလိုက်တော့ ငါးသိန်းပင် နည်းနည်းကျော်သွားသေးသည်။ သို့သော် အဲဒါက ကိုယ့်ခန္ဓာကိုယ်မှ သဒ္ဒါတာ။ အောက်တန်းစား အလုပ်သမားတစ်ယောက်အတွက် ငွေငါးသိန်းအကုန်မခံနိုင်။

“ဘာလို့ငါးသိန်းပေးရမှာလဲကွ၊ လက်တစ်ချောင်းပဲဖြစ်တာ၊ တစ်သိန်းပဲပေးမယ်၊ တကယ်လို့ ငါးသိန်းလိုချင်ရင် နောက်ကျန်တဲ့ လက်လေးချောင်းကို ငါကိုယ်တိုင် တူနဲ့ထုတာကို ခံရမယ်လို့ ပြောလိုက်”

“ပေးလိုက်မှကောင်းမယ်ထင်တယ် ဆရာ၊ တော်ကြာ ဟိုတိုင်၊ သည်တိုင်နဲ့ ပြဿနာလိုက်ရှင်းနေရရင် ဆရာပိုကုန်နေလိမ့်မယ်”

“တိုင်ချင်တဲ့နေရာတိုင်လို့ ပြောလိုက်ကွာ၊ ဘယ်လောက်ကုန်ကုန် လိုက်ရှင်းမယ်”

ကြည်နေသောစိတ်ကလေး နောက်ကျိသွားပြီ။ ထိုကဲ့သို့အပြောမျိုးတွေကြောင့် ယင်းလက်သမားခေါင်းဆောင်ကို ဦးမြင့်စိန် ကြည့်မရ။ လက်သမားခေါင်းဆောင်သည် အကျင့်တော့ကောင်းသည်။ သို့သော် အလုပ်သမားများနှင့်ပတ်သက်လာလျှင် သူ့ဘက်ကမနေဘဲ အလုပ်သမားများဘက်က ရှေ့နေလိုက်တတ်သည်။ ထိုအချက်ကြောင့်ပင် ဦးမြင့်စိန်က လက်သမားခေါင်းဆောင်ကို မုန်းခြင်းဖြစ်သည်။

တခြားအလုပ်သမားဆိုရင် တောင်းသောငွေကို ပေးချင်ပေးဦးမည်။ ထိုသူဖြစ်နေခြင်းကြောင့် ပိုပြီးမပေးလိုခြင်းဖြစ်သည်။ သူလိုချင်တာ ရိုးရိုးမတောင်းဘဲ ဘာ့ကြောင့် သူတို့အရက်ဝိုင်းကိုစွ ထည့်ပြောရသနည်း။ ယခုအချိန်သာ ထိုသူ့ကို တွေ့လျှင် အလျော်မပေးဘဲ ကျန်နေသော သူ၏လက်လေးချောင်းကို စားပွဲပေါ်တင်ပြီး ကြေမွသွားအောင် ထုပစ်လိုက်ချင်သည်။

+++

ဝယ်လာခါစ သူ့ကားကိုတစ်ကြိမ်ထပ်ကြည့်ချင်သောကြောင့် ကားရှိရာသို့ ထွက်လာခဲ့သည်။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူ့ဒေါသတွေ ငယ်ထိပ်ထိ တက်သွားသည်။ သူ့သားက သူ့ကားကို အိမ်ရိုက်သံချောင်းရှည်ဖြင့် တဂျစ်ဂျစ်မြည်အောင် ခြစ်နေပါရော့လား။

“ဟင်....ခွေးမသား လူမိုက်”

ဦးမြင့်စိန်၏ ညာဘက်လက်ဝါးသည် ဖြိုးဝေ၏နားရင်းပေါ်သို့ ခပ်ပြင်းပြင်းကျသွားသည်။

“ဖြောင်း.....”

အသံနှင့်အတူ ဖြိုးဝေခန္ဓာကိုယ်က မြေကြီးပေါ်ပုံကျသွားသည်။ ဖြိုးဝေလက်ထဲမှ သံချောင်းလည်း အရှိန်နှင့်လွတ်ထွက်သွားသည်။ မနေ့က ဦးညွှန့်ပြောခဲ့သောစကားတွေ ဦးမြင့်စိန် တစ်လုံးမှ မမှတ်မိတော့။

လောလောဆယ် သူသိသည်က ဖြိုးဝေကို မှတ်လောက်သားလောက်အောင် ဒဏ်ခတ်ဖို့သာ တာစူနေလေသည်။ ဖြိုးဝေမှာလည်း ကြောက်လွန်းအားကြီးပြီး ငိုဖို့ပင်မေ့နေသည်။ ကြောင်ဘက်တက်ဖြစ်နေသော ဖြိုးဝေကို သူ အိမ်ထဲသို့ ဆွဲခေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"လာခဲ့စမ်း၊ မင်း အိပ်ရာထဲမှာ သေးပေါက်တုန်းကလို ကျူးလွန်တဲ့နေရာကိုပဲ အပြစ်ပေးရမယ်၊ ဒါမှ မင်းအပြစ်ကို မင်းပိုမှတ်မိမှာ"

ဖြိုးဝေ၏ညာလက်ကို သူ့လက်ဖြင့် မလှုပ်နိုင်အောင်ကိုင်ကာ စားပွဲပေါ်တင်လိုက်သည်။ စားပွဲပေါ်တွင် အသင့်တွေ့ရသော ဖန်တုံးဖြင့်ထုသည်။ နာရုံလောက် ခပ်သာသာထုလိုက်မည်ဟု မှန်းထားသော်လည်း ကားအပေါ်တပ်မက်သော "လောဘ"၊ အလုပ်သမားအပေါ် မကျေနပ်သော "ဒေါသ"တို့ ဖုံးလွှမ်းသွားသောအခါ ဦးမြင့်စိန်တစ်ယောက် အချက်ပေါင်းများစွာ အားကုန်ထုချလိုက်သည်။ ဖြိုးဝေ၏ ကြောက်လန့်တကြားအော်သံ၊ သူ၏အားကုန်ထုသံတို့က တိုက်ခန်းထဲတွင် ဆူညံနေသည်။ ထိုအချိန်မှာပင် မီးဖိုထဲမှထွက်လာသော ဒေါ်တိုးက လှမ်းကြည့်ရင်း.....

"အမယ်လေး...ဆရာရယ်၊ ကလေးသေပါပြီ"

ဟု အသံကုန်အော်လိုက်သော အခါတွင်မှ ဦးမြင့်စိန် သတိပြန်ဝင်လာသည်။

+++

သူ့သား၏လက်ချောင်းလေးများ ငါးချောင်းလုံးကျိုးကြေပြီး သွေးတွေကလည်း သူ့လက်အပါအဝင် စားပွဲတစ်ပြင်လုံး အိုင်ထွန်းနေပါပြီ။ ဖြိုးဝေလည်း ပျော့ခွေကျပြီး သတိလစ်သွားလေပြီ။

"သား.....သားလေးဖြိုးဝေ၊ အဖေမှားပါပြီကွယ်၊ ဒေါ်တိုး လာပါဦးဗျ၊ သားလေးကို ကယ်ပါဦး"

ဦးမြင့်စိန် သတိလစ်နေသော သားငယ်ကိုပွေ့ဖက်ရင်း အရူးတစ်ယောက်လို အော်ဟစ်ငိုယိုနေသည်။

"ဆရာ၊ ငိုနေလို့ မပြီးသေးဘူး။ ဆေးရုံပို့ရအောင်၊ တော်ကြာ သွေးလွန်သွားရင်အသက်အန္တရာယ်ရှိတယ်"

"အေး သွားမယ်၊ ဘယ်နှနာရီထိုးပြီလဲ"

သူ့လက်ပတ်နာရီကိုငုံ့ကြည့်သော်လည်း ဂဏန်းများကို မမြင်ရတော့။ မျက်ရည်တွေက ဖုံးနေပြီ။ တိုင်ကပ်နာရီကို မော့ကြည့်သောအခါ နာရီကို ချက်ချင်းမတွေ့ရဘဲ အိုးထိန်းသည်နှင့် ဥပမာပေးပြီး ကလေးကိုရိုက်သင့်ကြောင်း ရေးထားသည့်စာတန်းကို သွားတွေ့သည်။ သားကို လက်တစ်ဖက်က ပွေ့ထားရင်း ကျန်လက်တစ်ဖက်ဖြင့် စာတန်းကိုဖြုတ်ကာ ကြမ်းပြင်သို့ ကိုင်ပေါက်ခွဲပစ်လိုက်သည်။

"သွားစမ်း.....ဒီစာတန်းကြီး မြှောက်ပေးလို့ ငါ့သားကို ငါလူမဆန်စွာ ရိုက်မိတာပဲ"

ဒေါ်တိုးက ကလေးကို စောင်ဖြင့်ပတ်ကာပွေ့ထားပြီး ဦးမြင့်စိန်မှာ ကားကိုသတိထားမောင်းနေရ၏။

"ဆရာ.....ဟိုဟာ တရားခွေမဟုတ်လား၊ ဖွင့်လိုက်ပါလား၊ ဆရာ့စိတ်တွေလည်း ငြိမ်သွားတာပေါ့"

သူနှင့်သူ့သား တရားနာရအောင်ဆိုကာ ဦးညွှန့်ထည့်ပေးလိုက်သော တရားခွေဖြစ်သည်။ သူ စက်ထဲထည့်ပြီး ဖွင့်လိုက်သည်။ ကြည်လင်ပြတ်သားသော ဆရာတော်တစ်ပါး၏တရားသံ ပေါ်လာသည်။

"ကောလိယပြည်နဲ့ ဒေဝဒဟပြည်တို့ဟာ အစိရဝတီမြစ်ရေနဲ့ လယ်ယာစိုက်ပျိုးကြပါတယ်၊ တစ်နှစ်မှာတော့ မိုးခေါင်တဲ့အတွက် မြစ်ရေဟာ အင်မတန်နည်းနေပါတယ်၊ ဒါကြောင့် နှစ်ပြည်ထောင်သုံးဖို့ မလောက်နိုင်ဘူးဖြစ်နေတော့ လယ်သမားတွေ မြစ်ရေလုကြရင်း ရန်ဖြစ်ရာကနေ ဘုရင်နဲ့တကွ တစ်ပြည်လုံးအထိပါလာပြီး စစ်ပွဲဖြစ်ဖို့အခြေကိုရောက်ခဲ့ပါတယ်၊ နှစ်ပြည်ထောင်တပ်တွေဟာ မြစ်ရဲ့ဟိုဘက်ဒီဘက်မှာ တပ်ချပြီး တိုက်ခိုက်ဖို့ ပြင်ဆင်နေပါပြီ၊ ဒီအချိန်မှာ ဘုရားရှင်ကြွရောက်တော်မူလာပြီး ဖျန်ဖြေတော်မူပါတယ်၊ နှစ်ပြည်ထောင်လုံးဟာ ဘုရားရှင်ရဲ့ ဆွေမျိုးတွေချည်းပါပဲ"

"ဘုရားရှင်က မေးမြန်းတော်မူပါတယ်၊ မြစ်ရေနဲ့ ပြည်ထောင်နှစ်ခုက လူတွေရဲ့အသက် ဘယ်ဟာက ပိုပြီးတန်ဖိုးရှိသလဲတဲ့၊ အားလုံးက ပြန်ဖြေကြတယ်၊ လူတွေရဲ့အသက်က ပိုပြီးတန်ဖိုးရှိပါတယ်ပေါ့၊ ဒါဆိုရင် တန်ဖိုးမရှိတဲ့ ဒီမြစ်ရေအတွက် တန်ဖိုးရှိတဲ့ လူတွေရဲ့အသက်ကို သေစေသင့်ပါသလားလို့ မေးလိုက်တော့ အားလုံးစဉ်းစားသွားကြတယ်၊ နောက် နားလည်သွားကြပြီး နှစ်ဖက်တပ်တွေ ရုပ်သိမ်းသွားကြတယ်၊ မြစ်ရေကိုလည်း အညီ

www.burmeseclassic.com

www.burmeseclassic.com



အမျှပဲ ခွဲဝေသုံးကြတယ်''

ဦးမြင့်စိန် စဉ်းစားရပြီ။

**''ဩော်.....ငါဟာ တန်ဖိုးဖြတ်လို့ရတဲ့ကားအတွက်နဲ့ တန်ဖိုးဖြတ်လို့မရတဲ့ သားရဲ့လက်ချောင်းလေးတွေကို စတေးပစ်ခဲ့တာပါလား''**

ဆေးရုံရောက်သည်နှင့် ခဏအကြာမှာပင် ခွဲစိတ်ခန်းထဲသို့ဝင်သွားသည်။ ခွဲစိတ်ခန်းကပြန်ထွက်လာတော့ ည ၁၀ နာရီကျော်နေပြီ။

သားက လက်တွန်းလှည်းပေါ်မှာ ပက်လက်ကလေး။ သတိရသေးဟန်မတူ။ သားရဲ့ညာဘက်လက်ကတော့ ပတ်တီးတွေဖြူဖွေးနေသည်။ သားကိုကြည့်ရင်း မျက်ရည်တွေက အတားအဆီးမဲ့စွာဖြင့်ထွက်လာသည်။ ခွဲစိတ်ခန်းထဲမှ ပထမဆုံးထွက်လာသော ဆရာဝန်ကြီး၏စကားက သူ့နားထဲမှမထွက်။

''ဦးမြင့်စိန်၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပြီး ခွဲစိတ်တာပဲဗျာ၊ လက်မတစ်ချောင်းတော့ အကောင်းပြန်ဖြစ်မယ်၊ ကျန်တဲ့ လက်လေးချောင်းကတော့ အရိုးတွေ ပါ ကြေသွားတော့ ဖြတ်ပစ်လိုက်ရပြီ''

+++

လက်သမားခေါင်းဆောင်နဲ့ ပတ်သက်တဲ့ မိဘခွေမျိုးတွေလည်း ငါ့လိုခံစားကြရမှာပဲ၊ ငါ ကိုယ်ချင်း မစာတတ်လိုက်တာ။ ထုချေချင်တာက လက်သမားခေါင်းဆောင်ရဲ့လက်လေးချောင်း၊ တကယ်ထုချေမိတာက ငါ့သားရဲ့ လက်လေးချောင်း။ သူတစ်ပါးကို ပျက်စီးစေချင်တဲ့ 'ဒေါသ'ဟာ အခုဘဝမှာကို မကောင်းကျိုးပေးနေပါပေါ့လား။ တစ်ရက်ကျရင် လက်သမားခေါင်းဆောင်ကို ကိုယ်တိုင်သွားပြီး အားပေးမယ်။

ထို့နောက် ဦးမြင့်စိန်သည် ဟန်းဖုန်းကိုထုတ်ကာ လက်ထောက်အင်ဂျင်နီယာထံ ဆက်ကြည့်လိုက်သည်။ ဖုန်းဝင်သွားသည်နှင့် မနက်တွင် ငွေငါးသိန်းသွားပေးရန် ညွှန်ကြားလိုက်သည်။ သူ့သား၏ ညာဘက်လက်လေးကို ကိုင်ကြည့်ရင်း ရှိုက်ကြီးတငင် ငိုနေမိရာ သူ့မျက်ရည်များက သားလက်မှ ပတ်တီးပေါ်တွင် ရေနှင့်လောင်းချလိုက်သလို စိုရွှဲသွားသည်။ နံနက် ၄ နာရီသာသာလောက်မှ သား သတိရလာသည်။ သတိရသည်နှင့် သားပါးစပ်မှ ပထမဆုံး ကယောင်ကတမ်းထွက်လာသောစကားက.....

**''အဖေက သားကိုချစ်လို့ ရိုက်တာနော်၊ သား သေးမပေါက်အောင် ညမအိပ်ဘဲနေတာ၊ ဗလာစာအုပ်ထဲမှာ အဖေ့ကို တအားချစ်တယ်လို့ရေးထားတယ်၊ အဖေ က ဖွင့်မဖတ်ဘူး''** တဲ့။

သားဆီက ကယောင်ကတမ်းထွက်လာသော စကားများကို နားထောင်ရင်း တစ်နေ့က ဦးညွှန့်အိမ်လာစဉ် သူ့စားပွဲ သားရဲ့ဗလာစာအုပ်လေး လာတင်ထားသည်ကို သူဖျတ်ခနဲ အမှတ်ရလိုက်သည်။ အိမ်ရောက်မှ သားရဲ့ဗလာစာအုပ်လေးကို လှန်ကြည့်လိုက်ဦးမည်ဟု သူဆုံးဖြတ်လိုက်သည်။ မိုးလင်းတော့ သားက ကြည်ကြည်လင်လင်လေး ဖြစ်နေသည်။

''အဖေ''

''သား....လူလေး၊ သက်သာရဲ့လား သား''

''သက်သာပါတယ်''

သားက ငုံးတိတိဖြစ်နေသော သူ့လက်ကိုမြှောက်ကြည့်ရင်း ဦးမြင့်စိန်ကို မေးခွန်းထုတ်လိုက်သည်။

''အဖေ သားလက်လေးတွေက အတက်ပြန်ထွက်ဦးမှာလားဟင်''

''သားရယ်.....''

ဦးမြင့်စိန် မဖြေနိုင်တော့ပါ။ သားရင်ဘတ်ပေါ် မျက်နှာအပ်ပြီး ကလေးငယ်တစ်ယောက်လို ငိုနေမိတော့သည်။ ဘေးနားမှာထိုင်နေသော ဒေါ်တိုးကိုလည်း သူမရှက်နိုင်တော့။ ပြတ်သွားသော လက်ငုတ်တိုလေးများက အတက်ပြန်ထွက်မည်ဟု ထင်နေရှာသော အသိဉာဏ်နုနယ်သည့် လူမမည်ကလေး တစ်ယောက်ကို သူက မတရားရက်စက်စွာ အနိုင်ကျင့်ခဲ့သည် မဟုတ်ပါလော။

''ဆရာ ညက သားလေး ဘာမှမစားရသေးဘူး၊ ဆာရှာရော့မယ်၊ ကျွန်မ တစ်ခုခုဆင်းဝယ်လိုက်မယ်လေ''

''နေ.....နေ၊ ကျွန်တော်သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်၊ သားကြိုက်တာကို ကျွန်တော်သိတယ်၊ သား ဒေါ်တိုးနဲ့ခဏနေရစ်၊ အဖေ သားဖို့ စားစရာတစ်ခုခု သွားဝယ်လိုက်ဦးမယ်၊ သိလား''

မျက်ရည်များကို လက်ကိုင်ပဝါဖြင့်သုတ်ကာ ဦးမြင့်စိန် ဆေးရုံပေါ်မှ ဆင်းလာသည်။ မိုးအတော်လင်းသွားပြီဖြစ်၍ ဆေးရုံသည့် ဝင်ကြထွက်ကြသော လူနာများ၊ လူနာစောင့်များနှင့် အတော်စည်နေပြီ။ သူ့ကားနားသို့ရောက်သည်နှင့် မနေ့က ကားဘော်ဒီတွင် သားခြစ်ကာစားထားသောနေရာကို ဆေးပြန်မှုတ်ဖို့ သတိရသဖြင့် လှမ်းကြည့်လိုက်မိသည်။ မောင်းသူထိုင်သောဘက်တွင် တံခါးမှာ ရေးခြစ်ထားခြင်းဖြစ်သည်။

**__''နှလုံးရပ်စေသော စာတစ်ကြောင်း''__**

သူက သံချောင်းဖြင့် ကားကို လျှောက်ခြစ်ကစားသည်ဟု ထင်ခဲ့သည်။ သေချာကြည့်လိုက်သော အခါ စာကြောင်းတစ်ကြောင်းဖြစ်နေသည်ကိုတွေ့ရသည်။ စာကြောင်းကို ဆုံးအောင်ဖတ်ပြီးသည်နှင့်.....

''သားရယ်.....''

ဟု တစ်ချက်သာဆိုနိုင်ပြီး ဦးမြင့်စိန်တစ်ယောက် ကားဘေးတွင် ခွေလဲကျသွားတော့သည်။ ခပ်လှမ်းလှမ်းမှလူတွေ ဦးမြင့်စိန်ဘေးနားသို့ ပြေးလာကြသည်။ တစ်ခဏအတွင်း လူတွေအုံသွားသည်။

တစ်ယောက်က ဆရာဝန်ကို ပြေးခေါ်ဟန်တူသည်။ ဆရာဝန်တစ်ယောက်ပါလာသည်။ ဝိုင်းကြည့်နေသူများက ဆရာဝန်ကို နေရာဖယ်ပေးကြသည်။ ဆရာဝန်က ဦးမြင့်စိန်၏လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။ နားကြပ်ဖြင့်နှလုံးခုန်သံကို နားထောင်သည်။ ဆရာဝန်က ပရိသတ်ကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းယမ်းပြလိုက်သည်။

''အသက်မရှိတော့''ဟူသော အဓိပ္ပာယ်ပင်ဖြစ်၏။ ကားမှာ သူ့သားဖြိုးဝေ ရေးထားသည်က **''အဖေ့ကို သား တအားချစ်တယ်။''**

**လူသားအားလုံးကို မေတ္တာစစ် ဖြင့် ချစ်တတ်ကြပါစေ။**

ဦးသန်းထွန်း (ဥပဒေ)


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

**ခရသင်း သမင်ဖြူ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၇)တဆထလ(၀၇၇)

ခရသင်း သမင်ဖြူ နီး နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကျိုက်ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



**လှမိုး** (ပညာရေး)

# ပျောက်ဆုံးသွားသော လေယာဉ်စားပြ ဓာရမင်းသား



ကျွန်တော်သည် မေလထုတ် ဘဝသစ်မဂ္ဂဇင်းကြီးတွင် ''ထူးဆန်းသော လေကြောင်းကြံမှာင်မှု''အမည်နှင့် ဆောင်းပါးတစ်စောင် ရေးသားဖော်ပြခဲ့ပါသည်။ ထိုဆောင်းပါးတွင် ၁၉၇၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့ က ဂျပန်နိုင်ငံ၊ ဂျေအေအယ်(လ်)ကုမ္ပဏီပိုင် ဘိုးရင်း ၇၂၇ ခရီးသည်တင် လေယာဉ်ကြီးတစ်စင်းသည် တိုကျိုမြို့တော်မှ မိုင် ၁၅၀ ကွာဝေးသော ဖုကူအိုမြို့သို့ ပျံသန်းသွားသည့် ပြည်တွင်းခရီးစဉ်တွင် ပြန်ပေးဆွဲခံရသည့် ဖြစ်ရပ်ကို ရေးသားဖော်ပြခဲ့ပါသည်။

ထိုထူးခြားဖြစ်စဉ်တွင် ယင်းလေယာဉ်ကြီးနှင့် လိုက်ပါလာခဲ့ကြသော ဂျပန်တပ်နီအဖွဲ့ဝင် ကိုးယောက်တို့သည် သူတို့ယူဆောင်လာသော ဓားမြှောင်များ၊ ဆာမူရိုင်းဓားရှည်များကို ကိုင်ဆောင်၍ လေယာဉ်ကြီးကို ပြန်ပေးဆွဲ၍ မြောက်ကိုရီးယားနိုင်ငံ၊ ပြုံယမ်းသို့ မောင်းနှင်သွားစေသည့် ဖြစ်စဉ်ဖြစ်ပါသည်။ ထိုဖြစ်စဉ်တွင် လွမ်းမောတသဖွယ်ရာများ၊ ရှင်မြူးဖွယ်ရာဖြစ်ရပ်များ ပါဝင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မှန်ပါသည်။ ၁၉၇၀ ပြည့်နှစ်၊ နှစ်ဆန်းကာပင် ကမ္ဘာတစ်လွှားတွင် လေယာဉ်ပုံများကို ပြန်ပေးဆွဲ၍ အပိုင်စီးမှုများအပါအဝင် ဝေဟင်ယံ လေယာဉ်ပျံပေါ်၌ ဓားပြတိုက်မှု မကြာခဏ ဖြစ်ပွားခဲ့ကြ၏။ ယင်းသို့ဖြစ်ပွားခဲ့ရာ၌ နိုင်ငံရေးအကြမ်းဖက်မှုများလည်း ပါဝင်ခဲ့သည်။

ဤသို့အကြမ်းဖက်မှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လေကြောင်းသွားလာရေးကုမ္ပဏီများမှ အာဏာပိုင်များ၊ အကြောင်းအမျိုးမျိုးကြောင့် ခရီးသွားကြရသော ခရီးသည်အများမှာလည်း စိတ်သောကဝေဒနာအဖြာဖြာ တွေ့ကြရ၏။ ကမ္ဘာ့ကုလသမဂ္ဂတွင်ပင် ယင်းကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး အဖြေရှာခဲ့ကြသည်။ သို့သော် ထိုပြဿနာ မပေါ်ပေါက်လာစေရန် နည်းလမ်းအမျိုးမျိုးနှင့် နိုင်ငံအသီးသီးမှ အားထုတ်ခဲ့ကြသော်လည်း ယခုဆောင်းပါးရေးသားသည့်အချိန်အထိ အောင်မြင်ပေါက်ရောက်မှု မရှိသေးပေ။

လေကြောင်းကုမ္ပဏီကြီးများကလည်း လေယာဉ်အပိုင်စီးမှု တားဆီးရန် လေကြောင်းစုံထောက်များထားရှိ၍ ထိုပြဿနာကို တားဆီးရန် ကြိုးစားခဲ့သည်။ လေဆိပ်အာဏာပိုင်များကလည်း ခေတ်မီနည်းကိရိယာများကို အသုံးပြု၍ လေယာဉ်စီးခရီးသည်များကို စနစ်တကျရှာဖွေစုံစမ်း စစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း လေယာဉ်အပိုင်စီးမှုများ လုံးဝပပျောက်သွားအောင် မတားဆီးနိုင်။

ယခုရေးသားဖော်ပြမည့် ထူးထူးဆန်းဆန်း လေယာဉ်ဓားပြတိုက်မှုမှာ ၁၉၇၁ ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် ဒီဘီကူးပါးဆိုသူ တစ်ကိုယ်တော် ဓားရမင်းသားသည် အမေရိကန်ပြည်ထောင်စု၊ ဘီတယ်(လ်)မြို့မှ ရီနိုမြို့သို့ ပျံသန်းသော ပြည်တွင်းလေကြောင်းခရီးစဉ်တွင် ဘိုးရင်း ၇၂၇ ပေါ်တွင် အေးအေးဆေးဆေး ဓားပြတိုက်ခဲ့သည့်အမှုဖြစ်သည်။

ထိုအမှုမှာ ကမ္ဘာ့လေကြောင်းသွားလာရေးသမိုင်းတွင်သာမက အမေရိကန်ပြည်ထောင်စု မှုခင်းသမိုင်းတွင်လည်း အတော်အသင့်ထူးဆန်းသော မှုခင်းကြီးတစ်မှုအဖြစ် နိုင်ငံတကာမှ မှုခင်းသုတေသီများက တညီတညွတ်တည်း အသိအမှတ်ပြုခဲ့ကြ၏။ ယနေ့ ဆူပါပါဝါဟု နိုင်ငံတကာက ယူဆထားခဲ့သော အမေရိကန်ပြည်ထောင်စုမှ အက်(ဖ်)ဘီအိုင် စုံထောက်ဌာနသည် ထိုတစ်ကိုယ်တော် လေယာဉ်ဓားပြ ဒီဘီကူးပါးအား နည်းလမ်းအမျိုးမျိုးနှင့် ပိုက်စိပ်တိုက်ဖမ်းဆီးရန် ကြိုးစားခဲ့သော်လည်း ဒီဘီကူးပါးကို ခြေရာခံမရခဲ့သဖြင့် ထိုလေယာဉ်ဓားပြတိုက်မှု မှုခင်းဖိုင်မှာ နှစ်ပေါင်း ၄၀ ကျော်ကြာခဲ့ပြီဖြစ်သော်လည်း မပိတ်နိုင်ဘဲ ဖွင့်ထားရဆဲဖြစ်သည်။

ပို၍ အံ့ဖွယ်သရဲဖြစ်ရသည်မှာ ထိုတစ်ကိုယ်တော် လေယာဉ်ဓားပြ၏ နောက်ကြောင်းရာဇဝင်ကို အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးက တိတိကျကျ မပြောနိုင်ခဲ့၊ နိုင်ငံ တကာ စုံထောက်အဖွဲ့များက မော့ကြည့်ခဲ့ရသော အက်(ဖ်)ဘီအိုင်မှာ အရပ်ရပ် ဝင့်ကြွားခဲ့သမျှ ဒီဘီကူးပါးကျမှပင် ရေငုံနှုတ်ပိတ်ခဲ့ရ၏။ သတင်းမီဒီယာသမားများနှင့် စာရေးဆရာများအဖို့ ဒီဘီကူးပါးအကြောင်း ရေးကွက်များရရှိသွားကြသဖြင့် သတင်းဆောင်းပါးများ၊ ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသားထုတ်ဝေခဲ့ကြသည်။ တေးဂီတပညာရှင်များကလည်း သူ့အကြောင်း သီချင်းရေးစပ် သီဆိုခဲ့ကသည်။ တီရှပ်ရောင်းချသော ကုမ္ပဏီကြီးတစ်ခုကမူ "ဒီဘီကူးပါး"စာတန်း ရိုက်နှိပ်ထားသော တီရှပ်အင်္ကျီများ ထုတ်လုပ်ရောင်းချခဲ့ရာ အမြောက်အမြား ရောင်း

---

**အင်တာပို(လ်)ကမ္ဘာ့ရဲအဖွဲ့ကြီးကလည်း လေယာဉ်ဓားပြ ဒီဘီကူးပါးနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ တစ်ကိုယ်တော် လေယာဉ်ဓားပြ ဒီဘီကူးပါးမှာ သူလေယာဉ်ဓားပြတိုက်၍ရသည့် ဒေါ်လာငွေနှစ်သိန်းနှင့်အတူ ဤကမ္ဘာမြေပြင်မှ ပျောက်ခြင်းမလုပျောက်ဆုံးသွားရသည် . . .**

www.burmeseclassic.com

www.burmeseclassic.com


ချခဲ့ရသဖြင့် ထိုတီရှပ်ရောင်းချသော ကုမ္ပဏီမှာ စိုစိုပိုပို အမြတ်ငွေရသွားခဲ့သည်။

အင်တာပို(လ်) ကမ္ဘာ့ရဲအဖွဲ့ကြီးကလည်း လေယာဉ်ဓားပြ ဒီဘီကူးပါးနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ တစ်ကိုယ်တော် လေယာဉ်ဓားပြ ဒီဘီကူးပါးမှာ သူလေယာဉ်ဓားပြတိုက်၍ရသည့် ဒေါ်လာငွေနှစ်သိန်းနှင့်အတူ ဤကမ္ဘာမြေပြင်မှ ပျောက်ခြင်းမလှပျောက်ဆုံးသွားရသည်။ ပျောက်သောသူ ရှာလျှင်တွေ့ဟူသော ရှေးသူဟောင်းတို့၏ အဆိုအမိန့်နှင့် ရာဇဝတ်ဘေး ပြေးမလွတ်ဟူသော ဆိုရိုးစကားတို့မှာ ဒီဘီကူးပါးကျမှပင် လွဲရတော့သည်ဟု ပြောစမှတ်ဖြစ်ခဲ့ရ၏။ အမေရိကန်ပြည်ထောင်စုမှထုတ်ဝေသော "Unsolved Crimes" မဖြေရှင်းနိုင်သော မှုခင်းစွယ်စုံကျမ်းတွင် တစ်ကိုယ်တော် လေယာဉ်စောရမင်းသား ဒီဘီကူးပါးမှာ ထိပ်ဆုံးက နေရာယူထား၏။ ဤကဲ့သို့ မိုးမြေတသိမ့်သိမ့်ဖြစ်ခဲ့ရသော လေယာဉ်ဓားပြတိုက်မှုကြီးမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ၏ သာယာသော နေ့တစ်နေ့၏ နံနက်ခင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ နော့ဝက်(စ်)လေကြောင်းပျံသန်းရေးကုမ္ပဏီ (North West Air Line)မှ ဘိုးရင်း ၇၂၇ လေယာဉ်ကြီးသည် အမေရိကန်ပြည်ထောင်စု၊ ပို့(တ်)လန်မြို့လေဆိပ်မှ ခရီးသည် ၃၇ ဦးတင်ဆောင်၍ နံနက် ၉ နာရီအချိန်တွင် ခရီးစဉ်အတိုင်း ထွက်ခွာလာခဲ့သည်။ ထိုလေယာဉ်ကြီး၏ ခရီးစဉ်မှာ ပို့(တ်)လန်–အော်ရီဂွန်–ဆီရပ်တယ်(လ်)မှ ဝါရှင်တန်ထိ ပျံသန်းမည်ဖြစ်၏။ ထိုကာလက နော့ဝက်(စ်)လေကြောင်းပျံသန်းရေးကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စု၊ ပြည်တွင်းလေကြောင်းပျံသန်းရေးကုမ္ပဏီများတွင် ခရီးသွားပြည်သူအများ ကြိုက်နှစ်သက်စိတ်ဝင်စားသော လေကြောင်းပျံသန်းရေးကုမ္ပဏီတစ်ခုအဖြစ် နာမည်ကျော်ကြား လူသိများခဲ့သည်။ ပျံသန်းရာတွင် ခေတ်မီစိတ်ချရသော လေယာဉ်ပျံများကိုသာ အသုံးပြုခဲ့ပြီး လေယာဉ်မှူးကြီးများမှာလည်း ဝါရင့်လေယာဉ်မှူးများသာဖြစ်၏။ လေယာဉ်မောင်၊ လေယာဉ်မယ်များမှာ ဆက်ဆံရေးကောင်းမွန်၍ လေယာဉ်ခရီးစဉ်များတွင် ကျွေးမွေးဧည့်ခံသော စားသောက်ဖွယ်ရာများမှာလည်း အမေရိကန်ပြည်ထောင်စုရှိ ထိပ်တန်းဟိုတယ်ကြီးများမှ စားဖိုမှူးကြီးများကိုယ်တိုင် စီမံချက်ပြုတ်သော စားဖွယ်သောက်ဖွယ်များဖြစ်ရကား ပြည်တွင်းခရီးသွားအများက ထိုလေကြောင်းလိုင်းမှ လေယာဉ်များကိုသာ လိုက်ပါစီးနင်းလေ့ရှိ၏။

လေယာဉ်အကြမ်းဖက်မှုကာကွယ်ရန် အထူးစုံထောက်နှင့် အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့ဝင်များလည်း ခန့်ထားသဖြင့် လေယာဉ်ပျံသန်းရေးခရီးစဉ်များမှာ လုံခြုံချောမွေ့၊ စိတ်ချရသည်ဟု နာမည်ကျော်ရကား အမေရိကန်ပြည်ထောင်စုမှ လုပ်ငန်းရှင်များ၊ အထင်ကရပုဂ္ဂိုလ်မိသားစုများသည် ထိုနော့ဝက်(စ်)လေကြောင်းလိုင်းမှ လေယာဉ်ပျံများဖြင့်သာ ပြည်တွင်းခရီးထွက်ကြလေ့ရှိသည်။




ယခုခရီးစဉ် ၁၃၉ တွင် လိုက်ပါလာသော ခရီးသည်များမှာ ထိပ်တန်းလုပ်ငန်းရှင်များဖြစ်ကြသည်။ လေယာဉ်ကြီးသည် ပို့(တ်)လန်လေဆိပ်မှ တက်လာခဲ့ပြီး ဆယ်မိနစ်ခန့်အကြာတွင်မှ လေယာဉ်မယ် တီနာ[illegible]သည်

www.burmeseclassic.com

www.burmeseclassic.com

**အချိန်ကိုက်ဗုံးအား ထာဝစဉ်ကိုင်ဆောင်ထားပြီး ဒေါ်လာငွေနှစ်သိန်းထည့်ထားသည့် လွယ်အိတ်ကို လွယ်ထားသူ တစ်ကိုယ်တော်စောရမင်းသား ဒီဘီကူးပါးမှာ လေယာဉ်ပေါ်မှ ပျောက်ခြင်းမလှ ပျောက်သွားတော့၏။ သူ့အနီးရှိ လေထီးနှစ်ခုကိုလည်း မတွေ့ရ။ အံ့ဖွယ်သရဲဖြစ်ရတော့၏ . . .**

ခရီးသည်တစ်ဦးချင်းအား မည်သည့်အဖျော်ယမကာ သုံးဆောင်မည်ကို လိုက်၍မေးမြန်းခဲ့သည်။ လေယာဉ်မယ် တီနာမတ်ကလိုးမှာ ဝါရင့်လေယာဉ်မယ်တစ်ဦး ဖြစ်သည်။ လေယာဉ်ကြီး ပို့(တ်)လန်လေဆိပ်မှ ပျံတက်ခြင်းမပြုခင် ခရီးသည်များကို သက်ဆိုင်ရာထိုင်ခုံများတွင် နေရာချထားစဉ်ကပင် လေယာဉ်နောက်ဆုံးဝဲဘက်ခုံတွင် တစ်ဦးတည်းထိုင်နေသူ ခရီးသည်တစ်ဦးကို သတိထားမိ၏။

ထိုသူ၏အမူအရာမှာ အခြားခရီးသည်များနှင့်မတူ၊ စိတ်လှုပ်ရှားနေသည့် အမူအရာရှိပြီး သူ့ကိုယ်ဟန်မှာလည်း ခက်ထန်သည့်ဟန် ရှိနေသဖြင့် တီနာမတ်ကလိုးသည် လိုက်ပါသည့်ခရီးသည်စာရင်းကို ကြည့်ရှုမိသည်။ သူ၏နာမည်မှာ ဒီဘီကူးပါးဆိုသူဖြစ်ပြီး နယ်လှည့်အရောင်းကိုယ်စားလှယ်တစ်ဦးဟု အလုပ်အကိုင်ကိုဖော်ပြထား၏။ သူသည် ကာကီရောင် လက်ဆွဲအိတ်တစ်လုံးကို လက်မှမလွှတ်ဘဲ ကိုင်ထားသည်။ သူ့ရုပ်ရည်၊ သူ၏ထူးခြားသော ဟန်အမူအရာ၊ စိတ်လှုပ်ရှားနေမှုများကြောင့် ထိုခရီးသည်အား အခြားခရီးသည်များထက် တီနာမတ်ကလိုးက စိတ်ဝင်စားမိခြင်းဖြစ်သည်။

တီနာသည် အစီအစဉ်အတိုင်း ခရီးသည်များအား သူတို့သုံးဆောင်လိုသော အဖျော်ယမကာများကို မေးမြန်းမှတ်သားလာခဲ့ပြီး သူစိတ်ဝင်စားသည့် ခရီးသည် ဒီဘီကူးပါးနေရာသို့ ရောက်လာသည်။ တီနာမတ်ကလိုးမှာ ဘာကြောင့်မှန်းမသိ စိတ်လှုပ်ရှားနေမိသည်။ ထိုထူးဆန်းသော ခရီးသည်ကမူ တီနာမတ်ကလိုး မေးမြန်းမည်ကို မစောင့်ဘဲ သူရေးထားသော စာတစ်စောင်ကို တီနာမတ်ကလိုးအား ပေးလိုက်သည်။ စာရွက်မှာ တွန့်ကြေလျက်ရှိနေသည်။

ယင်းစာရွက်ပေါ်တွင် စာလုံးများကို ခပ်ကြီးကြီး အောက်ပါအတိုင်း ရေးထားသည်ကို လေယာဉ်မယ် တီနာမတ်ကလိုးက တွေ့ရ၏–

"ကျွန်တော့်တွင် စနက်တံအသင့်ထားသော ဗုံးတစ်လုံးရှိနေသည်။ အချိန်မရွေး ထိုဗုံးကိုခွဲ၍ အသေခံသွားရန် အသင့်ရှိသည်။ ကျွန်တော့်အား ဒေါ်လာနှစ်သိန်းပေးရမည်။ ဤသို့ပေးရာတွင် ၂၀ ဒေါ်လာငွေစက္ကူများသာ ဖြစ်ရမည်။"

**ဒီဘီကူးပါး**

ပထမတွင် လေယာဉ်မယ် တီနာမတ်ကလိုးသည် ဟုတ်မှဟုတ်ပါ့မလား။ သူ့အမြင်အာရုံ လွဲမှားခြင်းလော၊ သို့မဟုတ် သူ အိပ်မက် မက်နေခြင်းလော ဝေခွဲမရဖြစ်နေသည်။ သေသေချာချာ ပြန်ကြည့်၍ ဒီဘီကူးပါး ပေးသောစာရွက်ကို သေသေချာချာ ပြန်ဖတ်မိပြန်သည်။ သေချာပါသည်။ တွန့်ကြေနေသော စာရွက်ပေါ်တွင် ရေးထားသောစာ၏ သတ်ပုံများ မှားယွင်းနေသည်ကို တွေ့ရသဖြင့် ဒီဘီကူးပါးမှာ ကျောင်းကောင်းကောင်းနေခဲ့ရသူမဟုတ်သည်က သေချာနေသည်။

ဤသို့အတွင်း ဒီဘီကူးပါးသည် သူ့ရင်ခွင်တွင် ပိုက်ထားသော အိတ်ကိုဖွင့်ပြလိုက်သည်။ ထိုအိတ်အတွင်း စနက်တံအသင့်ထိုးထားသော ချိန်ကိုက်ဗုံးတစ်လုံးကို တွေ့ရသည်။ ဒီဘီကူးပါး၏ ဟန်အမူအရာမှာ ပြောသလိုလုပ်မည့်လူဖြစ်သည်။ သူ ရုတ်တရက် ထိုင်ခုံမှထ၍ ချိန်ကိုက်ဗုံးကို ကိုင်ထားသည်။ ဤသို့ ထူးဆန်းခရီးသည်နှင့် လေယာဉ်မယ်တို့ အပြန်အလှန်အမူအရာနှင့် ပြနေသည်ကို လေယာဉ်ပေါ်တွင်လိုက်ပါ

www.burmeseclassic.com


www.burmeseclassic.com



လာကြသော ခရီးသည်အများက သတိမထားမိ။ အချို့က သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ဖတ်နေကြရာ လေယာဉ်ထိုင်ခုံအခုံးတွင် ဖြစ်ပျက်နေသည့် အကြမ်းဖက်ဓာတ်လမ်းကို မသိကြ။ မိနစ်အနည်းငယ်အတွင်း လေယာဉ်ကြီးသည် ဆီရပ်တယ်(လ်)လေဆိပ်သို့ ဆင်းသက်တော့မည်ဖြစ်သည်။ ထိုလေဆိပ်တွင် လေယာဉ်ပေါ်မှ ခရီးသည်အချို့လည်း ဆင်းသက်ကြမည်ဖြစ်ပြီး ဝါရှင်တန်သို့ လိုက်ပါမည့် ခရီးသည်အချို့လည်း တက်ရောက်လိုက်ပါမည်ဖြစ်၏။

လေယာဉ်မယ် တီနာမတ်ကလိုးသည် သူ့စိတ်ကို ထိန်းထားပြီး တစ်ကိုယ်တော်ဓားပြပေးသည့်စာကို လေယာဉ်မှူးကြီးနှင့် တွဲဖက်လေယာဉ်မှူးတို့ထံ ပေးအပ်လိုက်သည်။ လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးကြီးတို့ကမူ ပါးနပ်သည်။ လေယာဉ်ပေါ်လိုက်ပါလာသူများအားလုံးအား လေယာဉ်နောက်ပိုင်းတွင် တစ်ကိုယ်တော်ဖောက်ခွဲရေးဓားပြ ရှိနေသည်ကို မည်သူမျှမသိစေလို။ ခရီးသည်များ သိရှိသွားပါက အထိတ်တလန့်ဖြစ်ကာ လေယာဉ်ပေါ်တွင် ကစဉ့်ကလျားဖြစ်သွားမည်ကို စိုးရိမ်ကြသည်။ သို့ဖြစ်၍ လေယာဉ်ခရီးသည်များအားလုံးအား အသိမပေးကြပါ။ သက်ဆိုင်ရာ နော့ဝက်(စ်)လေကြောင်းလိုင်းကုမ္ပဏီရုံးချုပ်ရှိ တာဝန်ရှိသူတို့နှင့်ဆက်သွယ်၍ တစ်ကိုယ်တော်ဓားပြ ဒီဘီကူးပါးတောင်းဆိုသည့် ဒေါ်လာငွေ နှစ်သိန်းအား အသင့်ထားရှိပြီး ဆီရပ်တယ်(လ်)မှ စောင့်ဆိုင်း၍ ဓားပြအားပေးရန် စီစဉ်ထားရန် သတင်းပို့ထားခဲ့သည်။

နော့ဝက်(စ်ဝလေကြောင်းလိုင်းကုမ္ပဏီမှ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပေးပို့ခဲ့ကြသည်။ နော့ဝက်(စ်)လေကြောင်းသွားလာရေးကုမ္ပဏီအဖို့ ကုမ္ပဏီပိုင် ဘိုးရင်း ၇၂၇ လေယာဉ်ပျံအသစ်ကြီးအား လေယာဉ်အမှုထမ်းများ၊ ခရီးသည်များနှင့်အတူ အသေခံဗုံးဖောက်ခွဲမည့် ဓားပြ၏ဆန္ဒအားလိုက်လျောမည်ဟု ဆုံးဖြတ်ထားသည်။ သူတို့ကုမ္ပဏီအဖို့ နာမည်ပျက်ရမည့်ကိစ္စကို မလိုလား။ သို့ဖြစ်၍ ဒီဘီကူးပါး တောင်းဆိုသည့်ငွေကိုပေးရန် အသင့်ပြင်ဆင်ထားသည်။ တောင်းဆိုသည့် ဒေါ်လာငွေနှစ်သိန်းမှာ




လည်း ဒေါ်လာ ၂၀ တန် ငွေစက္ကူများသာဖြစ်သည်။ ထိုဒေါ်လာနှစ်သိန်းအား ပြန်ပေးဓားပြ တောင်းဆိုသည့်အတိုင်း ကျောပိုးအိတ်တစ်လုံးတွင် အသင့်ထည့်၍ တာဝန်ရှိသူများက ယူဆောင်ကာ ဆီရပ်တယ်(လ်)လေဆိပ်တွင် အသင့်စောင့်နေကြသည်။

နော့ဝက်(စ်)လေကြောင်းကုမ္ပဏီပိုင် ခရီးသည်တင်လေယာဉ်ကြီးအား တစ်ကိုယ်တော် ဖောက်ခွဲရေးဓားပြ တစ်ဦးက ပြန်ပေးဆွဲထားခဲ့သည်ဟူသောသတင်းသည် ချက်ချင်းပျံ့နှံ့သွားခဲ့ရာ သတင်းစာတိုက်ကြီးများမှ သတင်းထောက်များ၊ နိုင်ငံတကာသတင်းကိုယ်စားလှယ်ဌာနများမှ သတင်းထောက်များ၊ ရုပ်သံလွှင့်အဖွဲ့များမှ သတင်းထောက်များ၊ ဒေသခံသတင်းစာများမှ သတင်းထောက်များသည် ထိုလေယာဉ်ကြီး ခေတ္တဆင်းသက်မည့် ဆီရပ်တယ်(လ်)လေဆိပ်သို့ စုဝေးရောက်ရှိလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စု၊ အက်(ဖ်)ဘီအိုင်ထောက်လှမ်းရေးအဖွဲ့မှ စုံထောက်အဖွဲ့ဝင်များ၊ လက်ဖြောင့်တပ်သားများ၊ အမေရိကန်ပြည်ထောင်စု ရဲအဖွဲ့ဝင်များ၊ ပြန်ပေးဆွဲ ဓားပြတိုက်မှုများတွင် စေ့စပ်ဆွေးနွေးရန် အထူးအတွေ့အကြုံရှိသော ပုဂ္ဂိုလ်များ၊ လေကြောင်းလိုင်းများမှ စုံထောက်အဖွဲ့ဝင်များသည် ဆီရပ်တယ်(လ်)ပြည်တွင်းခရီးသွား လေယာဉ်ကွင်းတွင် အသင့်စောင့်နေကြ၏။

---

**ဒီဘီကူးပါးမှာ**

**ဒေါ်လာ ၂၀ တန်**

**ဒေါ်လာနစ်သိန်းထုပ်ကြီးနှင့်အတူ**

**ဤကမ္ဘာမြေပြင်မှ ပျောက်ခြင်းမလှ**

**ပျောက်ခဲ့ရတော့သည်။**

**ကမ္ဘာ့မှုခင်းသုတေသီများကမူ**

**ထိုအမှုအား မဖြေရှင်းနိုင်သောအမှု**

**"Unsolved Crimes" ဟု**

**သတ်မှတ်ထားခဲ့သည်ဟု**

**ဆိုကြပါကြောင်း . . .**

မီးသတ်ယာဉ်များနှင့် သူနာပြုယာဉ်များလည်း လေယာဉ်ကွင်းသို့ ရောက်ရှိလာခဲ့ကြသဖြင့် ဆီရပ်တယ်(လ်) လေယာဉ်ကွင်းကြီးတစ်ကွင်းလုံးနှင့် ပတ်ဝန်းကျင်တွင် ပွဲလမ်းသဘင်များ စည်ကားလျက်ရှိနေသည်။ လေယာဉ်မှူးကြီးများသည် ဒီဘီကူးပါးနှင့် စေ့စပ်ဆွေးနွေးကြပြီး လေယာဉ်အမှုထမ်းများမှအပ လေယာဉ်နှင့်လိုက်ပါမည့် ခရီးသည်အားလုံးအား လေယာဉ်ပေါ်မှ ဆင်းခွင့်ပြုခဲ့သည်။ ဒီဘီကူးပါးကမူ သူဖောက်ခွဲမည့်ဗုံးအား အသင့်အနေအထားကိုင်ထားခဲ့ပြီး သူ့အားပေးမည့် ဒေါ်လာနစ်သိန်းထည့်ထားသောအိတ်နှင့် လေထီးနှစ်လက်ကိုပါ ယူဆောင်လာမည့် နော့ဝက်(စ်)လေကြောင်းကုမ္ပဏီမှ တာဝန်ရှိသူနှစ်ဦးကိုသာ လေယာဉ်ပေါ်သို့ တက်လာစေသည်။

အသင့်စောင့်နေသော အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ စုံထောက်များ၊ လက်ဖြောင့်တပ်သားများ၊ ဒေသခံစုံထောက်များနှင့် ရဲအဖွဲ့ဝင်တို့မှာ ရုတ်တရက် တစ်ကိုယ်တော် ဓားပြအား ဝင်ရောက်စီးနင်းတိုက်ခိုက်လိုကြသည်။ သို့သော် ဒီဘီကူးပါးမှာ သူ့အသက် အသေခံ၍ ဗုံးအားဖောက်ခွဲမည်မှာ သေချာနေသဖြင့် တာဝန်ရှိသူများက လေယာဉ်ကြီးအား ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းဖြင့် လေယာဉ်အမှုထမ်းများနှင့် အခြားအရပ်သားများ သေဆုံးထိခိုက်ဒဏ်ရာရမှုကို မလိုလား။ သို့ဖြစ်၍ လေယာဉ်ကြီးအတွင်း စီးနင်းဝင်ရောက်၍ တစ်ကိုယ်တော်ဓားပြကို ပစ်ခတ်မည့်အစီအစဉ်ကို လက်လျှော့လိုက်ကြရတော့သည်။

ဒီဘီကူးပါးမှာ စိတ်အေးအေးထားသူဖြစ်သည်။ လက်တစ်ဖက်တွင် ဖောက်ခွဲမည့်ဗုံးအား အသင့်အနေအထားဖြင့် ကိုင်ထားပြီး သူတောင်းဆိုသည့် ဒေါ်လာ ၂၀ တန် ငွေနစ်သိန်းအထုပ်နှင့် လေထီးနှစ်ခုကို စစ်ဆေးကြည့်ရှုပြီး သက်ဆိုင်သူအားလုံးအား လေယာဉ်ပေါ်မှ ဆင်းစေသည်။

လေယာဉ်မှူးကြီးနှင့် တွဲဖက်လေယာဉ်မှူးတို့ကိုသူ သက်ဆိုင်ရာ လေဆိပ်အာဏာပိုင်များနှင့် ဆွေးနွေးစေ၍ လေယာဉ်ကြီးအား ဆီဖြည့်တင်းစေပြီး မက္ကဆီကိုနိုင်ငံသို့ ဆက်လက်ပျံသန်းရန် အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ မှောင်စပျိုးလာခဲ့ပြီဖြစ်သည်။ ဘိုးရင်း ၇၂၇ လေယာဉ်ကြီးသည် တစ်ကိုယ်တော်ဖောက်ခွဲရေးသမား ဒီဘီကူးပါး၏ အမိန့်အရ ဆီရပ်တယ်(လ်)လေယာဉ်ကွင်း မျှော်စင်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး ထွက်ခွာလာခဲ့သည်။ ပြန်ပေးဆွဲလေယာဉ်ကြီး ထက်ကောင်းကင်သို့ ရောက်သည်နှင့် အမေရိကန်ပြည်ထောင်စု လေတပ် မတော်မှ ဂျက်တိုက်လေယာဉ်သုံးစင်းကလည်း ပြန်ပေးဆွဲ အေးစားပြေတိုက်ခံရသည့် ဘိုးရင်း ၇၂၇ လေယာဉ်ကြီးနှင့် မလှမ်းမကမ်းမှ လိုက်ပါလာခဲ့၏။ ဆီရပ်တယ်(လ်) လေဆိပ်မှ တာဝန်ရှိသူများကလည်း အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ လေဆိပ်များသို့ အကြောင်းကြားထားခဲ့၏။ အမေရိကန် သတင်းမီဒီယာလောက တစ်ခုလုံး သိမ့်သိမ့်တုန်သွားခဲ့သည်။ ထိုသတင်းကို သိရှိကြသော အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးရှိ အိမ်ထောင်စုများအားလုံးသည် ဖောက်ခွဲရေးသမား ဒီဘီကူးပါးလိုက်ပါလျက် မက္ကဆီကိုနိုင်ငံသို့ ဦးတည်ပျံသန်းနေသည့်သတင်းကို နားစွင့်လိုကြသောကြောင့် အမေရိကန်ပြည်ထောင်စုအစိုးရ ရုပ်သံလွှင့်ဌာနမှ ထုတ်လွှင့်သည့် သတင်းကို စောင့်ကြည့်နေကြသည်။ ထိုအချိန်တွင် ထိုလေယာဉ်ကြီးသည် အမြင့်ပေ ၇၀၀၀ သို့ ရောက်ရှိနေပြီး သာမန်ခရီးစဉ်များတွင် မောင်းနှင်နေသည့် နှုန်းထားအတိုင်း မောင်းနှင်နေခဲ့သည်။ လေယာဉ်မှူးများနှင့် လေယာဉ်အမှုထမ်းများသည် မိမိတို့အခန်းများအတွင်းမှ ဘုရားတ၍ လိုက်ပါလာခဲ့ကြရသည်။ ဤသို့ဖြင့် လေယာဉ်ကြီးသည် လေးနာရီကြာ ပျံသန်းလာခဲ့ရာ အမေရိကန်ပြည်ထောင်စု၊ နီဗာဒါ သဲကန္တာရအတွင်းရှိ ရီနိုလေဆိပ်သို့ ခေတ္တဆင်းသက်၍ လေယာဉ်ဆီဖြည့်ရမည်ဖြစ်ရာ လေယာဉ်အပိုင်စီးသူ ဒီဘီကူးပါး ဖွင့်ထားသော လေယာဉ်ကြီး၏ နောက်ပိုင်းတံခါးကို ပိတ်ရမည်ဖြစ်၏။ သို့ဖြစ်၍ တွဲဖက်လေယာဉ်မှူးသည် ဒီဘီကူးပါးရှိရာ လေယာဉ်နောက်ပိုင်းသို့ သွားရောက်ခဲ့သည်နှင့် ကြက်သေသေသွားတော့သည်။

အချိန်ကိုက်ဗုံးအား ထာဝစဉ်ကိုင်ဆောင်ထားပြီး ဒေါ်လာငွေနှစ်သိန်း ထည့်ထားသည့် လွယ်အိတ်ကို လွယ်ထားသူ တစ်ကိုယ်တော် စောရမင်းသား ဒီဘီကူးပါးမှာ လေယာဉ်ပေါ်မှ ပျောက်ခြင်းမလှ ပျောက်သွားတော့၏။ သူ့အနီးရှိ လေထီးနှစ်ခုကိုလည်း မတွေ့ရ။ အံ့ဖွယ်သရဲဖြစ်ရတော့၏။ ကူးပါးသည် ပေခြောက်ထောင်အမြင့်မှ ပျံသန်းနေစဉ် ငွေထုပ်ကြီးကိုလွယ်ကာ လေထီးဖြင့် လေယာဉ်ပျံပေါ်မှ ခုန်ဆင်းသွားခဲ့ဟန်ရှိသည်။ မည်သည့်နေရာတွင် ခုန်ဆင်းခဲ့သည်ကို ပြောမပြနိုင်။

လေယာဉ်မှူးကြီးသည် ချက်ချင်း သက်ဆိုင်ရာသို့ သတင်းပို့လိုက်သည်နှင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး ထိုသတင်းပျံ့သွားတော့၏။ အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့နှင့် ရဲအဖွဲ့ဝင်များသည် ပြည်နယ်အသီးသီးသို့ သတင်းပေးပို့ခဲ့ကြပြီး ပြန်ပေးဆွဲခံရသည့် လေယာဉ်ကြီး ဖြတ်သန်းမောင်းနှင်ခဲ့သည်။ ပြည်နယ်များတွင် ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြ၏။ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ကလည်း လေယာဉ်ပေါ်မှ လေထီးဖြင့်ခုန်ဆင်းသွားသော ဒီဘီကူးပါး၏သတင်းကို ပေးနိုင်သူအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဟု ကြေညာခဲ့သည်။ နာမည်ကျော် သတင်းစာကြီးများကလည်း မိမိတို့အစီအစဉ်ဖြင့် အလွတ်စုံထောက်များ ငှားရမ်း၍ ဒီဘီကူးပါး ရှာပုံတော်ဖွင့်ကြသည်။ သို့သော် ထိုနေ့မှစ၍ ဒီဘီကူးပါးမှာ ဒေါ်လာ ၂၀ တန် ဒေါ်လာနှစ်သိန်းထုပ်ကြီးနှင့်အတူ ဤကမ္ဘာမြေပြင်မှ ပျောက်ခြင်းမလှ ပျောက်ခဲ့ရတော့သည်။ ကမ္ဘာ့မှုခင်းသုတေသီများကမူ ထိုအမှုအား မဖြေရှင်းနိုင်သောအမှု "Unsolved Crimes"ဟု သတ်မှတ်ထားခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး–(၁) Unsolved Crimes By. N.Bludell

(၂) Airport International

www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းထောက်

## ဗြိတိသျှခေတ် မြန်မာနိုင်ငံတွင်အားပြိုင်ခဲ့ကြသော ခရိုနီများ



ကျွန်တော်သည် ၂၀၁၄ ခုနှစ်၊ ဖွန်လတွင်ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းကြီးတွင် "ကိုလိုနီခေတ်နှောင်းရေကြောင်းကြမ္မာငင်မှုကြီး" အမည်ဖြင့် ဆောင်းပါးတစ်စောင် ရေးသားဖော်ပြခဲ့သည်။ ယင်းဆောင်းပါးတွင် ထိုကာလက ဗြိတိသျှမြန်မာနိုင်ငံစီးပွားရေးနှင့် သယ်ယူပို့ဆောင်ရေးတွင် လက်ဝါးကြီးအုပ်ထားခဲ့သော ဧရာဝတီဖလော်တီလာကုမ္ပဏီ၊ အရပ်အခေါ် ဧရာဝတီမီးသင်္ဘောကုမ္ပဏီပိုင် 'နတ်စိမ်း'အမည်ရှိ ဆွဲသင်္ဘောတစ်စီး မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ထွက်ခွာလာရာမှ ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့သည့် မှုခင်းကြီးကို ရေးသားဖော်ပြခဲ့ပါသည်။

ထိုဆောင်းပါးတွင် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအရေးအခင်းကို အခြေခံ၍ပွားမြင်လာသော ဧရာဝတီဖလော်တီလာ ရေကြောင်းသွားလာရေးကုမ္ပဏီကြီး၏အကြောင်းကို အတော်အသင့် ရေးသားဖော်ပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**မြစ်ကြောင်းခရီး၊ လားဝန်တင်ခရီးတို့နှင့် တရုတ်တို့၏ ပိုးထည်၊ ရွှေပြားနှင့် လက်ဖက်ခြောက်တို့ကို မြန်မာတို့က ဝါဂွမ်း၊ သား၊ ကျောက်၊ စိန်၊ ပတ္တမြားတို့နှင့် ဖလှယ်ခဲ့ကြ၏။ ဤသည်တို့ကို သိရှိထားသော ဗြိတိသျှ ခရိုနီကုန်သည်ကြီးများသည် မြန်မာနိုင်ငံအား စိတ်ဝင်စားလာခဲ့သဖြင့် ဗြိတိသျှအာဏာပိုင်များအား မြန်မာနိုင်ငံအား အကြောင်းရှာ၍ သိမ်းပိုက်ရန် ဖိအားပေးခဲ့၏ . . .**

မြန်မာစစ်ကို အခြေခံ၍ ပေါက်ဖွားလာသော ဧရာဝတီဖလော်တီလာကုမ္ပဏီသည် မြန်မာနိုင်ငံသမိုင်းနှင့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့တွင် ခြယ်လှယ်ခဲ့ပုံ အချို့ကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။ ပထမကမ္ဘာစစ်ကြိုကာလနှင့် စစ်ပြီးကာလ၊ ဒုတိယကမ္ဘာစစ်ကြိုကာလနှင့် စစ်ပြီးကာလတို့တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီအား ပိုင်ဆိုင်ခဲ့သော ဗြိတိသျှအမျိုးသား အရင်းရှင်ခရိုနီများသည် မြန်မာနိုင်ငံအား အဘက်ဘက်မှ သြဇာတိက္ကမ လွှမ်းမိုးနိုင်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ကြသည်။

ထိုကာလက မှတ်တမ်းများအရဆိုရလျှင် ဧရာဝတီဖလော်တီလာကုမ္ပဏီကို စတင်တည်ထောင်ခဲ့သော တီဒီဖင်လေနှင့်ကုမ္ပဏီကိုပိုင်ဆိုင်သူ ဗြိတိသျှအမျိုးသား ခရိုနီ တီဒီဖင်လေမှာ အင်္ဂလန်နိုင်ငံ၊ ဂလပ်စဂိုမြို့တွင် လျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်ခဲ့သော လုပ်ငန်းရှင်သူဌေးကြီးဖြစ်ခဲ့သည်။ စီးပွားရေးလမ်းမြင်သော တီဒီဖင်လေသည် အင်္ဂလန်နိုင်ငံမှ ဟင်ဒါဆင်ရေကြောင်းသွားလာရေးကုမ္ပဏီပိုင်ရှင် ခရိုနီကြီး ပက်(ဒ်)ဒီဟင်ဒါဆင်နှင့်ပူး ပေါင်း၍ ကမ္ဘာ့ရေကြောင်းသွားလာရေးလုပ်ငန်းများကို သာမက ထိုစဉ်က ဗြိတိသျှမြန်မာနိုင်ငံဟု လူများက ခေါ်ဝေါ်ခဲ့သော မြန်မာနိုင်ငံ ပြည်တွင်းပို့ဆောင်ရေးဖြစ်သော ရေကြောင်းသွားလာရေးနှင့် မီးရထားပို့ဆောင်ရေးများကိုပါ လက်ဝါးကြီးအုပ်ရန် ကြိုးစားခဲ့သူများဖြစ်၏။ ယခုဆောင်းပါးတွင်မူ ထိုစဉ်က လျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်ခဲ့သော ဧရာဝတီဖလော်တီလာကုမ္ပဏီအား အန်တုခဲ့သည့် မြန်မာနိုင်ငံမှ ဖာရစီအမျိုးသား ခရိုနီ မင်နက်ဂျီ (Mr.Manekjee Pallonjee) အကြောင်း ရေးသားဖော်ပြမည်ဖြစ်ပါသည်။ ဖာရစီအမျိုးသား ခရိုနီကြီး မင်နက်ဂျီမှာ စစ်ကိုင်းမှ မြန်မာအမျိုးသမီး ဒေါ်လှဘူးနှင့် လက်ထပ်ခဲ့သူဖြစ်သည်။ မင်နက်ဂျီမှာ မြန်မာ့စီးပွားရေးကို အတော်အသင့် ချုပ်ကိုင်ထားနိုင်သူဖြစ်ရာ သူ့အား မြန်မာပြည်သူလူထုအများမှ မနှင်းဆီဟု ကင်ပွန်းတပ်ခဲ့ကြရာ ထိုကာလက ထုတ်ဝေသော သတင်းမီဒီယာများကလည်း ဖာရစီအမျိုးသား ခရိုနီ မင်နက်ဂျီအား မနှင်းဆီဟူ၍ပင် ခေါ်ဝေါ်ခဲ့ကြ၏။

သူကား နယ်နယ်ရရ ခရိုနီမဟုတ်ပါ။ ဗြိတိသျှအမျိုးသား ခရိုနီကြီးများအား အန်တု၍ ပထမကမ္ဘာစစ်ပြီးစ ၁၉၁၉ ခုနှစ်တွင် မန္တလေး–မတ္တရာ မီးရထားကုမ္ပဏီလီမိတက်ကို တည်ထောင်၍ တောင်ပြုံးနှင့် မတ္တရာ မီးရထားလမ်းဖောက်ကာ ပြေးဆွဲခဲ့သော ခရိုနီကြီးဖြစ်သည်။ သူကား ခေသူမဟုတ်ပါပေ။ နိုင်ငံတကာ ပြည်တွင်းရေကြောင်းသွားလာရေးကုမ္ပဏီများက မော့ကြည့်ရသော ဧရာဝတီဖလော်တီလာကို အန်တုခဲ့သော ခရိုနီဖြစ်ပေသည်။

အမှန်အားဖြင့် ဗြိတိသျှအမျိုးသား ခရိုနီကြီးများသည် ဗြိတိသျှအာဏာပိုင်များ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ခြင်းမပြုမီကပင် မြန်မာနိုင်ငံအား ကုန်သွယ်ရေးအရ အလွန်စိတ်ဝင်စားခဲ့၏။ ဤကဲ့သို့ စိတ်ဝင်စားခြင်းမှာ မြန်မာနိုင်ငံ၏ သယံဇာတ အခြေအနေများကြောင့်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုကာလ

www.burmeseclassic.com

www.burmeseclassic.com



က ဗြိတိသျှနယ်ချဲ့သမားသည် ကျွန်တော်တို့မြန်မာနိုင်ငံ၏ သယံဇာတ အခြေအမြစ်များကို ပြည့်ပြည့်စုံစုံ မသိခဲ့ကြရသေး။ အဓိကအကြောင်းရင်းမှာ အာရှတိုက်၏ ထက်ဝက်နီးပါးကျယ်ပြော၍ လက်ဖက်ခြောက်နှင့် ဥရောပတိုက်နိုင်ငံအသီးသီးက စိတ်ဝင်စားသည့် ကြွေထည်ပစ္စည်းများ၊ ပိုးထည်များကို ဝယ်လိုသည်သာမက ဥရောပတိုက်ထွက် ဝါဂွမ်းများ၊ အထည်အလိပ်များ၊ စက်မှုကိရိယာများကို ရောင်းချနိုင်သော တရုတ်နိုင်ငံအား နောက်ဖေးပေါက်မှ ဝင်လို၍ဖြစ်သည်။ တရုတ်နိုင်ငံ၏ နောက်ဖေးပေါက်ဖြစ်သော မြန်မာနိုင်ငံမှ တရုတ်နိုင်ငံအတွင်း ဝင်ရခြင်းသည် ရေလမ်းခရီးထက် လုံခြုံချောမွေ့၍ ခရီးတိုတောင်းကာ အမြတ်အစွန်း စိုစိုပို့ပို့ရရှိပြီး အလွန်ကျယ်ပြန့်သော ကုန်စည်ကူးသန်းရေးကို လုပ်ကိုင်နိုင်မည်ဟု ယူဆထားကြသည်။ ထိုအထင်အမြင်သည်ပင်လျှင် ဗြိတိသျှခရိုနီကြီးများအသင်း၏ စိတ်ကူးယဉ် အိပ်မက်ကြီးတစ်ခုဖြစ်ပေသည်။ ထိုအချက်သည်ပင်လျှင် နှစ်ပေါင်းများစွာကြာသည်အထိ ဗြိတိသျှနယ်ချဲ့သမားတို့ ဆုပ်ကိုင်ထားသော မြန်မာနိုင်ငံဆိုင်ရာ မူဝါဒဖြစ်၏။

မြစ်ကြောင်းခရီး၊ လားဝန်တင်ခရီးတို့နှင့် တရုတ်တို့၏ ပိုးထည်၊ ရွှေပြားနှင့် လက်ဖက်ခြောက်တို့ကို မြန်မာတို့က ဝါဂွမ်း၊ ဆား၊ ကျောက်၊ စိန်၊ ပတ္တမြားတို့နှင့် ဖလှယ်ခဲ့ကြ၏။ ဤသည်တို့ကို သိရှိထားသော ဗြိတိသျှခရိုနီ ကုန်သည်ကြီးများသည် မြန်မာနိုင်ငံအား စိတ်ဝင်



စားလာခဲ့သဖြင့် ဗြိတိသျှအာဏာပိုင်များအား မြန်မာနိုင်ငံအား အကြောင်းရှာ၍ သိမ်းပိုက်ရန် ဖိအားပေးခဲ့၏။


၁၉ ရာစုနှောင်းပိုင်းကာလက ဗြိတိသျှကုန်သည်ကြီးများ၏ မူဝါဒမှာ မြန်မာနိုင်ငံ၊ ဗန်းမော်မြို့ကိုဖြတ်၍ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ လမ်းသစ်ဖွင့်ကာ ကုန်ကူးသန်းရောင်းဝယ်ရေးဖြစ်၏။ ယင်းမူဝါဒကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံမှ ဧရာဝတီမြစ်ကို ပင်မလမ်းကြီးအဖြစ် အသုံးပြုရမည်ဖြစ်သည်။ ဧရာဝတီမြစ်ကို ဗန်းမော်အထိ စုန်ဆန်သွားလာနိုင်မည့် ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောအုပ်စု ဖွဲ့စည်းရေးကိုပါ စဉ်းစားခဲ့ကြသည်။

ဤသို့သောအခြေအနေတွင် ဗြိတိသျှနယ်ချဲ့သမားသည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့ကြရာ အနှစ်နှစ်အလလ စိတ်ကူးယဉ်ခဲ့သော ရန်ကုန်မြို့မှ ဗန်းမော်မြို့အထိ ဧရာဝတီမြစ်ကြောင်းလမ်းကို သင်္ဘောများ ပြေးဆွဲရန် စီမံခဲ့သည်။ ဤသို့ပြေးဆွဲရာတွင် ဗြိတိသျှအစိုးရသည် ပုဂ္ဂလိကမီးသင်္ဘောကုမ္ပဏီများနှင့် အစိုးရတို့ သဘောတူညီမှုရလျှင် စရိတ်သက်သာမည်သာမက ကုန်စည်ကူးသန်းရောင်းဝယ်ရေး တိုးတက်လာမည်ဟု ယူဆခဲ့ရာ ထိုစီမံချက်ကို အကောင်အထည်ဖော်နိုင်ရန် မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့တို့တွင် ဖွင့်လှစ်ထားသော ကုမ္ပဏီများအား တင်ဒါခေါ်ယူစေခဲ့သည်။ ဤတွင် တင်ဒါအောင်မြင်ခဲ့သော Todd Finlay သည် ခရစ်နှစ် ၁၈၆၃ ခုနှစ်၌ ဗြိတိသျှအစိုးရပိုင် မီးသင်္ဘောများကို လွှဲပြောင်းယူရန် ကုမ္ပဏီတစ်ခုကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုကုမ္ပဏီ၏အမည်အား Irrawaddy Flotila Company (ဧရာဝတီဖလော်တီလာကုမ္ပဏီ)ဟု အမည်ပေးခဲ့သည်။

ထိုကုမ္ပဏီသည် နောက်ဆုံးပေါ် ဒလက်တပ်ဆင်ထားသော သင်္ဘော ၁၁(တစ်ဆယ့်တစ်)စီးနှင့် တွဲသမ္ဗန်သင်္ဘော (၃၂)စီးတို့နှင့် စတင်၍ ဧရာဝတီ မြစ်ဝကျွန်းပေါ်ကို ဖြတ်သန်း၍ ပုသိမ်အထိ သင်္ဘောများပြေးဆွဲခဲ့၏။ မှတ်တမ်းများအရ ထိုစဉ်က သင်္ဘောများမှာ အလျား (၃၂၆)ပေ၊ ဗြက် (၄၆)ပေရှိ၍ အင်ဂျင်စက်များမှာလည်း အားကောင်းသဖြင့် တွဲသမ္ဗန် နှစ်စီး ဆွဲနိုင်ကြသည်။

www.burmeseclassic.com






ထိုသင်္ဘောကြီးများ၏ အပေါ်ထပ်တွင် ပထမတန်းခရီးသည် ၁၆ ဦး လိုက်ပါနိုင်သော အထူးခန်းများကို ဦးပိုင်းတွင်ထားရှိပြီး ဒုတိယတန်းခရီးသည် ၂၄ ဦးဆံ့ အခန်းများကိုမူ ပဲ့ပိုင်းတွင်ထားရှိ၏။ ကျန်တတိယတန်းခရီးသည်များအတွက်မူ သင်္ဘောကုန်းပတ်ပေါ်တွင် လိုက်ပါစီးနင်းခွင့်ပြုခဲ့သည်။ အထက်မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့သည့် တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ ပြီးဆုံးသည့်အခါ ဧရာဝတီဖလော်တီလာကုမ္ပဏီသည် ရန်ကုန်မြို့မှ မန္တလေးမြို့သို့လည်းကောင်း၊ အထက်ဗန်းမော်မြို့သို့လည်းကောင်း၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်သို့လည်းကောင်း ပြေးဆွဲစေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြိုကာလအထိ ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောအစင်း ၆၅၀ ရှိခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကုမ္ပဏီများတွင် ဧရာဝတီကုမ္ပဏီသည် အကြီးမားဆုံး ပြည်တွင်းရေကြောင်းသွားလာရေးကုမ္ပဏီဖြစ်ခဲ့ရာ နိုင်ငံတကာမှ ပြည်တွင်းရေကြောင်းသွားလာရေးကုမ္ပဏီများက မော့ကြည့်ခဲ့ရသော ကုမ္ပဏီကြီးဖြစ်ခဲ့၏။

ပထမကမ္ဘာစစ်ကြိုကာလမှ ဒုတိယကမ္ဘာစစ်ကြိုကာလထိ ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် သင်္ဘောများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ဧရာဝတီမြစ် တစ်နံတစ်လျားနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ပြေးဆွဲခဲ့သည်။ ထိုစဉ်ကာလက ဧရာဝတီဖလော်တီလာကုမ္ပဏီပိုင် မီးသင်္ဘောကြီးများ၏ ရေယာဉ်မှူးကြီးများမှာ ဗြိတိသျှအမျိုးသားများ၊ ဗြိတိသျှမြန်မာကပြားများ၊ အိန္ဒိယဗြိတိသျှကပြားများသာဖြစ်ကြ၏။ သင်္ဘောသားအများစုမှာမူ စစ်တကောင်းပြည်နယ်သားများသာဖြစ်ကြသည်။ ဆိပ်ကမ်းမြို့များရှိ ဧရာဝတီဖလော်တီလာကုမ္ပဏီဌာနေကိုယ်စားလှယ်များမှာလည်း အင်္ဂလိပ်မြန်မာ ကပြားများနှင့် အင်္ဂလိပ်အိန္ဒိယ ကပြားများသာဖြစ်ကြသည်။ ထိုခေတ်၊ ထိုအခါက ဗြိတိသျှလူမျိုးများအုပ်စိုးသော ကိုလိုနီမြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံလက်အောက်ခံဖြစ်သောကြောင့် အုပ်ချုပ်ရေးစနစ်နှင့် တရားဥပဒေသည် အိန္ဒိယနိုင်ငံအတိုင်းဖြစ်၏။ ငွေကြေးသုံးစွဲမှုမှာလည်း ယနေ့ခေတ်ကဲ့သို့ ကျပ်၊ ပြား မဟုတ်သေး။ အိန္ဒိယလူမျိုးများ သုံးစွဲသကဲ့သို့ ရူပီး၊ ပဲ၊ ပိုင်စနစ်သာဖြစ်သည်။ ခရိုနီအများမှာလည်း အိန္ဒိယတိုင်းရင်းသားများသာဖြစ်ပြီး မြန်မာတိုင်းရင်းသား ခရိုနီများမှာ လက်ဆစ်ချိုး၍ ရေတွက်လျှင် ရနိုင်၏။

ဤတွင် အထက်မြန်မာနိုင်ငံ၊ စစ်ကိုင်းမြို့တွင် နေထိုင်သော ဖာရစီသူဌေး (ခရိုနီ)မင်နက်ကျီ၊ အရပ်အခေါ်မနှင်းဆီနှင့် အထက်တွင်ဖော်ပြခဲ့သော ဗြိတိသျှခရိုနီကြီးများ စုပေါင်းဖွဲ့စည်းထားသော ဧရာဝတီကုမ္ပဏီတို့အားပြိုင်ကြပုံကို ရေးသားဖော်ပြမည်ဖြစ်ပါသည်။

ခရိုနီ မင်နက်ကျီမှာ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာအမျိုးသမီး ဒေါ်လှဘူးနှင့် အကြောင်းပါခဲ့ရာ ဦးမောင်မောင်ဟူသော သားတစ်ယောက်ရှိ၏။ ဦးမောင်မောင်၏ ဖနီးဖြင်သူမှာ မြန်မာနိုင်ငံ ခွဲရေး၊ တွဲရေးခေတ်တွင် စစ်ကိုင်းခရိုင် မင်းတိုင်ပင်အမတ်(လွှတ်တော်ကိုယ်စားလှယ်)ဖြစ်၏။ သို့ဖြစ်၍ မင်နက်ကျီမိသားစုသည် မြန်မာလူထုအပေါ် သဲယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



ရှိသောသူများဖြစ်ကြသည်။ ထိုစဉ်ကာလက စစ်ကိုင်းမြို့နှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်နေ မြန်မာပြည်သူလူထုသည် ဧရာဝတီမြစ်နှင့်ပင် အသက်မွေးဝမ်းကျောင်းပြုကြရသည်။ မြစ်ကြီးနား၊ ရွှေဘိုမှလာသော မီးရထား၊ ရေဦး၊ မုံရွာမှလာသော မီးရထားများသည် စစ်ကိုင်းဘူတာတွင် ခရီးဆုံးသည်။ မန္တလေး၊ ရန်ကုန်သို့ ခရီးဆက်လိုပါက၊ သို့မဟုတ် ကုန်များတင်ပို့လိုပါက သင်္ဘောများဖြင့် အမရပူရဆိပ်ကမ်းဘက်သို့ ကူးကြရ၏။ ထို့ကြောင့် မီးရထားလမ်းဆုံးဘူတာဖြစ်သော စစ်ကိုင်းမြို့၏ သင်္ဘောဆိပ်မှာ အထူးစည်ကားလှသည်။

ထိုသင်္ဘောဆိပ်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်မှ ဆန်တက်လာသည့် မြန်မာ့ရိုးရာလှေကြီးများ ဆိုက်ကပ်လေ့ရှိ၏။ ထိုလှေကြီးများတွင် ဧရာဝတီ မြစ်ဝကျွန်းပေါ်ထွက် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ရေနံမြေမှ ရေနံချေးများ တင်လာလေ့ရှိပြီး အပြန်အစုန်တွင်မူ အညာကုန်များဖြစ်သော နှမ်း၊ ပဲမျိုးစုံ၊ ဓနုတ်၊ ကြက်သွန်တို့ တင်သွားကြသည်။ ကိုလိုနီခေတ်ဦးကာလကမူ မြစ်ရောကိုဖြတ်ကူးမည့် အရပ်အခေါ် စစ်ကိုင်းတံတားကြီး(အင်းဝတံတား)မှာ တည်ဆောက်ခြင်းမပြုရသေး။ သို့ဖြစ်၍ စစ်ကိုင်းမှ မန္တလေးသို့ ကူးလိုလျှင် အညာအခေါ် ငှက်၊ အောက်အရပ်အခေါ် သမ္ဗန်များဖြင့် ကူးကြရ၏။ ထိုကာလကမူ စစ်ကိုင်း၊ မန္တလေးသွား ခရီးသည်အများမှာ ငှက်များဖြင့်ပင် ဥဒဟို ကူးကြရ၏။ တစ်မိုးလုံးဖျောက်ဆိပ်ဟု မြန်မာလူထုက ကင်ပွန်းတပ်ထားသော ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီပိုင် မီးသင်္ဘောများသည် ဤခရီးစဉ်များတွင် ပြိုင်ဘက်မရှိ ပြေးဆွဲခဲ့ကြသည်။ ကုန်စည်ပို့ဆောင်ရေးတွင်လည်း လက်ဝါးကြီးအုပ်ထားခဲ့သည်။ ဧရာဝတီဖလော်တီလာကိုယ်စားလှယ်များ၊ သင်္ဘောတာဝန်ခံများ သတ်မှတ်သည့်နှုန်းထားအတိုင်း ကုန်စည်များတင်ပို့ကြရသဖြင့် မြန်မာကုန်သည်များ၊ ခရီးသွားများအဖို့ အမြတ်အစွန်းနည်းခဲ့သည်။ ဧရာဝတီဖလော်တီလာကုမ္ပဏီမှာ စိုစိုပိုပို အမြတ်ရရှိရကား ကမ္ဘာ့ထိပ်တန်းရောက် ပြည်တွင်းသွားလာရေး မီးသင်္ဘောကုမ္ပဏီ ဖြစ်ခဲ့ရ၏။

ဤသို့ အခြေအနေအရပ်ရပ်ကိုမြင်လာသော ဖာရစီခရိုနီ မင်နက်ကျီသည် မီးသင်္ဘောကုမ္ပဏီတစ်ခု တည်ထောင်ရန် စိတ်ဝင်စားသည်။ သူ့သားဖြစ်သူ ဦးမောင်မောင်အားလည်း သူ့မိတ်ဆွေ မြန်မာအမျိုးသားများက မီးသင်္ဘောကုမ္ပဏီတည်ထောင်၍ စစ်ကိုင်း၊ မန္တလေးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ မီးသင်္ဘောများ ပြေးဆွဲပါက ကုမ္ပဏီအဖို့ အမြတ်အစွန်းရနိုင်သည်သာမက မြန်မာလူထုအဖို့ ငွေကြေးသက်သက်သာသာဖြင့် ကုန်စည်တင်ပို့နိုင်မည်ဟု တိုက်တွန်းကြသည်။ ထိုအချိန်က ဥရောပတိုက်တွင် ဂျာမနီဦးဆောင်သော မဟာမိတ်များနှင့် ဗြိတိသျှ၊ ပြင်သစ်တို့ဦးဆောင်သော မဟာမိတ်တို့ စစ်ကြီးဖြစ်ပွားတော့မည့် အခြေအနေ ရောက်ရှိနေသည်။ နှစ်ဖက်သော နိုင်ငံများသည် စစ်ပြင်ဆင်လျက်ရှိနေ၏။

ဖာရစီသူဌေး မင်နက်ကျီသည် သူ့စီးပွားရေးမိတ်ဆွေများ၏ အကူအညီနှင့် အိန္ဒိယနှင့် အင်္ဂလန်နိုင်ငံတို့မှ ပြည်တွင်းရေကြောင်းသွား ဒလက်တပ်သင်္ဘောများကို ဝယ်ယူ၍ စစ်ကိုင်း၊ မန္တလေးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်တို့သို့ ခရီးသည်များ၊ ကုန်စည်များ တင်ပို့နိုင်ရန် စတင်စီစဉ်သည်။

ထိုသင်္ဘောကုမ္ပဏီ၏သတင်းမှာ စတင်တည်ထောင်ခြင်း မပြုမီကပင် နာမည်ကြီးလာသည်။ ဖာရစီခရိုနီ မင်နက်ကျီနာမည်ထက် သူ့ဇနီး ဒေါ်လှဘူးနှင့်သား ဖြစ်သူ ဦးမောင်မောင်တို့၏အမည်ကြောင့် ထိုစဉ်က မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများက စစ်ကိုင်းမှ ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ စတင်ပြေးဆွဲတော့မည့် မြန်မာအမျိုးသားပိုင် မီးသင်္ဘောကုမ္ပဏီဟုဆိုကာ မြန်မာလူထုအား ဝိုင်း၍အားပေးကြရန် နှိုးဆော်ရေးသားခဲ့ကြ၏။ ဝံသာနုအသင်းများကလည်း ဖာရစီအမျိုးသား မင်နက်ကျီ၊ အရပ်အခေါ် မနှင်းဆီဖြင့်သာ ခေါ်ဝေါ်ခဲ့ကြရကား မြန်မာလူထုအများက မြန်မာအမျိုးသားပိုင် မီးသင်္ဘောကုမ္ပဏီကို အားပေးကြရန် လှုံ့ဆော်ခဲ့ကြသည်။ ပထမတွင် ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီမှ အာဏာပိုင်များသည် ခရိုနီ မင်နက်ကျီ၏ မီးသင်္ဘောကုမ္ပဏီအား အမှုမဲ့အမှတ်မဲ့ သဘောထားခဲ့၏။

မင်နက်ကျီ၏သင်္ဘော ပြေးဆွဲရာတွင် ဝပ္ပစီးခနှုန်းထားများ၊ ကုန်တင်ခနှုန်းထားများကို ဧရာဝတီဖလော်

www.burmeseclassic.com



တီလာပိုင် မီးသင်္ဘောများ တောင်းခံသည့်နှုန်းထားထက် လျှော့ပေါ့ခဲ့ရာ မြန်မာကုန်သည်ကြီးများ၊ မြန်မာခရီးသွားပြည်သူများက မင်နက်ကျီ၏မီးသင်္ဘောများကို အားပေးခဲ့ကြသည်။ စစ်ကိုင်း၊ မန္တလေး ကျူးတို့မီးသင်္ဘောမှာလည်း ခရီးသည်များ ပြည့်လျက်ရှိသည်။ ရောဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများမှ ခရီးသည်များ၊ ကုန်သည်များကမူ မင်နက်ကျီ၏သင်္ဘောများကိုစောင့်၍ စီးနင်းခဲ့ကြရကား တစ်ချိန်က မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းသွားလာရေးကို လက်ဝါးကြီးအုပ်ထားခဲ့ သော ရောဝတီဖလော်တီလာကုမ္ပဏီသည် မင်နက်ကျီ အား ယှဉ်ပြိုင်ရန် စီမံလာခဲ့သည်။

ထိုစဉ်က သတင်းမှတ်တမ်းများအရ ရောဝတီမီးသင်္ဘောကုမ္ပဏီကလည်း ယခင်ကောက်ခံခဲ့သည့် ကုန်စည်တင်ခနှုန်းထားနှင့် ခရီးသည်စီးနင်းခနှုန်းထားများကို လျှော့ချပေးခဲ့သည်သာမက ရောဝတီဖလော်တီလာမီးသင်္ဘောများကို မင်နက်ကျီကုမ္ပဏီပိုင်သင်္ဘောနှင့် အတူယှဉ်၍ အချိန်ကိုက်ပြေးဆွဲသည်။ ခရီးသည်များ၊ ကုန်သည်များကို အပြိုင်အဆိုင် ဆွဲဆောင်နိုင်ရန် ကြိုးစားကြသည်။

စစ်ကိုင်း–မန္တလေး ကျူးတို့ခကို အခမဲ့စီးနင်းရန် ရောဝတီကုမ္ပဏီက စီစဉ်သောအခါ မင်နက်ကျီကုမ္ပဏီကလည်း သူ့သင်္ဘောနှင့်လိုက်ပါသည့် ခရီးသည်များအား သင်္ဘောခ မယူသည့်အပြင် လက်ဖက်ရည်အခမဲ့တိုက်ခြင်း၊ ပဝါကမ်းခြင်းများ ပြုလုပ်ခဲ့သည်။ ရောဝတီဖလော်တီလာကုမ္ပဏီကလည်း ခရီးသည်များကို အခမဲ့ပို့ပေးသည်သာမက နံနက်စာထမင်း ကျွေးမွေးခြင်းများ ပြုလုပ်ခဲ့၏။


ထိုကာလက ရောဝတီဖလော်တီလာကုမ္ပဏီမှာ ဗြိတိသျှအမျိုးသားပိုင်ဖြစ်ရကား အုပ်ချုပ်ရေးအာဏာပိုင်များကလည်း မင်နက်ကျီပိုင်သင်္ဘောများကို ရေကြောင်းသွားလာရေး ဥပဒေများဖြင့် အကျပ်ကိုင်လာခဲ့ရာ နောက်ဆုံးတွင် ဟာရစ်ခရိုနီ မင်နက်ကျီမှာ ဗြိတိသျှခရိုနီများကို အရှုံးပေးခဲ့ရပြီး သူ့သင်္ဘောများအား ရောဝတီဖလော်တီလာကုမ္ပဏီသို့ ရောင်းချခဲ့ရတော့၏။

လှမ်းထက်

ကျမ်းကိုး- (၁) Who's who in Burma 1928

(၂) Paddy Henderson

(၃) A year on the Irrawaddy




စစ်ကြိုခေတ် အမှတ်(၄၅)။
ဖယ်ရာလမ်း ရောဝတီကုမ္ပဏီရုံးချုပ်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ဒီည ကျုပ်ထိုင်တွေးနေမိတယ်။ ကောင်းကင်ကြီးကိုမော့ကြည့်ပြီး "မိုးမင်းကြီးရယ်၊ မိုးတစ်ချက်မရွာလိုက်ပါနဲ့"လို့ဆုတောင်းနေရပြီပေါ့။ တိမ်တိုက်တွေရဲ့ မည်းမှောင်အုံ့မှိုင်းနေပုံက သဲသဲမဲမဲ ရွာတော့မယ့်ဟန်နဲ့ ကျုပ်ကို ခြိမ်းခြောက်နေတယ်လေ။ မနေ့ကလို ကောင်းကင်ကြီးဟာ မှန်တိုင်းဆင်နေပြီး တစ်ပြင်လုံး နီရဲလာတယ်။ ကျုပ်ကို ကြိုတင်အရိပ်အယောင်မပြဘဲနဲ့ ဖြုန်းခနဲဆို ရွာချလာလိုက်တာ မိုးသောက်ယံအထိ မတိတ်တော့ပါလား။ တစ်ညလုံး အိပ်မရတဲ့အပြင် ချမ်းလိုက်သမှ ခိုက်ခိုက်တုန်နေရပြီပေါ့။ ကျုပ်ရဲ့အိပ်ရာခင်းလေး (ပလတ်စတစ်နဲ့ ဂွမ်းကပ်စုတ်) မိုးရေစိုကုန်ရင် အခက်။ ပြီးတော့ ဂျပ်ခုတ်စောင်နဲ့ ဖော့ခေါင်းအုံးလေးပါ စိုကုန်မှာ စိုးရိမ်နေရပြီပေါ့ဗျာ။

"ဟာ....မိုးတကယ်ရွာလာပါလား"

ကျုပ် ဆုတောင်းမပြည့်ခဲ့ပါဘူး။ မိုးမရွာခင်မှာ လေတစ်ချက်ပြင်းပြင်းတိုက်လာတော့ ကျုပ်က မိုးသားတွေလွင့်ကုန်ပြီလို့ ထင်မိတာပါ။ ဒါပေမဲ့ လေနဲ့အတူ မိုးစက်တွေပါ တပေါက်ပေါက်ရွာချလာပြီး လေရောမိုးပါ အသည်းအထန် ရွာလာတော့တယ်။ ကျုပ်အိပ်တဲ့နေရာအထိ မိုးတွေစိုကုန်လာတော့ ကျုပ်လည်း ထီးစုတ်လေးကိုထုတ်ပြီး ငုတ်တုတ်ထိုင်နေရတဲ့ဘဝ။ အဲသလောက်ထိ ကျုပ်အဖြစ်က ကံဆိုးလွန်းပါတယ်ဗျာ။

ဝတ်ထားတဲ့ဂျာကင်လေးကို ဇစ်ဆွဲပိတ်ပြီး ကျုပ်ရဲ့ ဣန္ဒြာသယ လွယ်အိတ်လေးကို ရင်ခွင်ထဲ ပွေ့ဖက်ထားလိုက်တယ်။ တော်ကြာစိုကုန်ရင် ဒုက္ခ။ ဒီကြားထဲ ဗိုက်ထဲက ဆာဆာလောင်လောင်ဖြစ်လာတယ်။ အိတ်ထဲက ဘီစကစ်ထုပ်လေးကိုယူစားပြီး မွှာရုံရှေ့က ရေအိုးစင်ဆီက ထည့်လာတဲ့ ရေသန့်ဘူးကို မော့သောက်လိုက်တယ်။

"ဟင်း.....ခုမှပဲ အထဲကငြိမ်သွားတော့တယ်"

ညနေက မုန့်သည်ကောင်မလေး ပေးလိုက်တဲ့ သူ့လက်ကျန်ဘီစကစ်မုန့်လေးက ကျုပ်အတွက် နတ်သုဒ္ဓါပေါ့ဗျာ။ ကျုပ်ကို အခုလိုပဲ လမ်းဘေးဈေးသည်လေးတွေက ဒါနပြုကြတယ်။ ကျုပ်ကိုသနားပြီး ကျွေးမွေးကြတဲ့သူတို့ရဲ့ သဒ္ဓါတရားနဲ့ မေတ္တာတရားကို ကျုပ်လေးစားပါတယ်ဗျာ။ သူတို့က ကျုပ်ရဲ့ကျေးဇူးရှင် အလှူရှင်တွေပါပဲ။ ဒါပေမဲ့လည်း.....

"အဘ ဘယ်မှာနေလဲ"

လို့မေးလာရင် ကျုပ်ဖြေရခက်ပြီပေါ့။ သူတို့မေးလည်း မေးစရာပဲလေ။ ကျုပ်မှာ နေစရာမရှိ၊ စားစရာမရှိတဲ့ အခြေအနေမှဲ့ဘဝပါ။ ကျုပ်ဆီမှာ ကျုပ်ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းဆိုလို့ ကျုပ်ရဲ့ ပင်စင်ကတ်လေးပါပဲ။ နိုင်ငံတော်ကထောက်ပံ့တဲ့ ကျုပ်တစ်သက် ကျုပ်ကိုပြန်လုပ်ကျွေးမယ့် ကျေးဇူးရှင်ဆိုရင် မမှားဘူးပေါ့ဗျာ။ တစ်ချိန်က ပင်ပန်းခဲ့တဲ့ ဒဏ်တွေက အသက်ကြီးလာတဲ့အခါ ကျုပ်ရဲ့တစ်သက် မပျောက်ပျက်နိုင်တဲ့ အမွေအနှစ်တစ်ခုဆိုရင်လည်း မမှားဘူးပေါ့။

အခု ကျုပ်နေတဲ့နေရာလေးက လူမနေသေးတဲ့ တိုက်ခန်းတစ်ခုရဲ့ အဝင်ဝ အတက်အဆင်း တံခါးဝမှာပါ။ မြို့လယ်ကောင်က လမ်းတစ်လမ်းရဲ့ တိုက်ခန်းရှေ့မှာ ကျုပ်က ဆင်းဆင်းရဲရဲ နေခဲ့ရတယ်။ တံခါးဝမှာ ဆန်းရှိတ်ရှိနေတဲ့အတွက် ကျုပ်အဖို့ မလုံခြုံတဲ့ အမိုးအောက်မှာ အိမ်လေးအဖြစ် ဖန်တီးနေခဲ့တယ်။ သမံတလင်းအေးတဲ့ဒဏ်ကို ဖြစ်သလို ခင်းကျင်းပြီး ကျုပ်နေခဲ့ရတာ ကံကောင်းတာပါပဲ။ အခြေအနေမှဲ့သူချင်း ကျုပ်မှာ ကျောခင်းစရာတစ်နေရာရှိနေတာ ကျုပ်အဖို့ မဟာအခွင့်အရေးတစ်ခုပါပဲဗျာ။

ရပ်ကွက်က ဘာဝင်နိုင်သူတွေက ကျုပ်ကို လာ...တယ်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ ကျုပ်လို အသက် ၆၀ ကျော် အဘိုးအိုတစ်ယောက်ကို သူတို့က လည်း တာဝန်မယူနိုင်ကြတော့ ကျုပ်ရဲ့အခြေအနေကိုကြည့်ပြီး ဘာ မှမပြောကြတော့ဘူး။ အဆောက် အအုံပိုင်ရှင်လည်း ကျုပ်ရှိနေတော့ သူ့အခန်းကို စိတ်ချလက်ချနဲ့ အစောင့်မလိုတော့ဘူးပေါ့။

"ကျုပ်ကို ညတိုင်း ဒီနေရာ လေးမှာ အိပ်ခွင့်ပြုပါဗျာ၊ မနက် လင်းတာနဲ့ တစ်နေရာကိုထွက်သွား ပေးမှာပါ"

လမ်းတာဝန်ရှိသူတွေက ကျုပ် ကို သနားသွားကြတယ်။ စာနာစိတ် ထားရှိကြတဲ့လူတွေကြောင့် ဒုက္ခ သည် ကျုပ်ကို မပြောကြတော့ပါ ဘူး။ ပြီးတော့ ကျုပ်က တကယ် ဒုက္ခရောက်နေတဲ့သူဖြစ်ပေမယ့် ကျုပ်ရဲ့သွင်ပြင်က ဒုစရိုက်မှု ကျူး လွန်သူမဟုတ်မှန်း သူတို့က အကဲ ခတ်မိကြမှာပါဗျာ။

"အဘရဲ့အန္တရာယ်တော့ကြည့် ရှောင်ပေါ့ဗျာ"

ကျုပ်ကိုသတိပေးတဲ့အတွက် ကျေးဇူးတင်တယ်။ ဒီတော့ ကျုပ် မှာ ပင်စင်ကတ်လေးကို လုံလုံခြုံခြုံ ကိုယ်နဲ့မကွာ သိမ်းရတော့မှာပေါ့။ တစ်ခေါင်းလုံးဖြူဖွေးနေတဲ့ ကျုပ်လို အဘိုးကြီးကို ဘယ်သူမှ အန္တရာယ် မပေးနိုင်ကြပါဘူး။ ဘာမှမရှိလို့ လည်း ကျုပ်က လမ်းဘေးရောက် နေရတာမဟုတ်လား။ ဒါကို ဒုစရိုက် သမားတွေ သိကြမှာပါဗျာ။

ညဘက်ဆို ကျုပ်က တော် တော်နဲ့ အိပ်မရဘူး။ တောင်တွေး



မြောက်တွေးနဲ့၊ တစ်ခါတစ်ခါ ကျုပ် ဝမ်းနည်းလာရတယ်။ ယောကျ်ား တန်မဲ့ မျက်ရည်ကျနေရတဲ့အထိ ကျုပ် စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ခလုတ်ထိမှ အမိတဆိုတဲ့အတိုင်း ဒီ အချိန်မှာ ကျုပ်သတိရတာက မိဘ တွေကိုပါ။ ကျုပ်ရဲ့အဖြစ်ဆိုးကို သွား လေသူမိဘတွေသိရင် ခံစားနေကြ ရမှာပေါ့။

"အဖေနဲ့အမေ့ကို ကျွန်တော် ကန်တော့ပါတယ်ဗျာ၊ ကျွန်တော့် မှာ အပြစ်ရှိခဲ့ရင် ခွင့်လွှတ်ကြပါ"

မျက်ရည်ဝဲပြီး ကျုပ်ကတောင်း ပန်စကားပြောမိတယ်။ မိဘအပေါ် ဆိုးခဲ့တာတွေရှိလို့ ကျုပ်က ဝဋ်ခံနေ ရတာလားလို့ တွေးနေမိတယ်။ တကယ်တမ်း ဆန်းစစ်ကြည့်တော့ ကျုပ်ဘဝသာ ကံမကောင်းခဲ့တာပါ လား။ အတိတ်အကြောင်းတွေပြန် တွေးမိရင် ကျုပ်ရင်နာတယ်။ ဖြစ် နိုင်ရင် လုံးဝကို ပြန်မတွေးချင်တော့ ဘူးဗျာ။

+ + +

အခုဆို မိုးက အငြိုးကြီးကြီး နဲ့ တားဆီးမရနိုင်လောက်အောင် ရွာသွန်းနေလေရဲ့။ ကျုပ်ကတော့ ထီးလေးမိုးပြီး မိုးမြန်မြန်တိတ်ပါ တော့လို့ တီးတိုးရေရွတ်နေမိတယ်။ မိုးစက်တွေဟာ သမံတလင်းပေါ်ကျ ပြီး ကျုပ်ဆီကို ပြန်လည်ရိုက်ခတ် လာကြတယ်။ ကျုပ်ရဲ့ဆိုးအနားစ တွေ ချက်ချင်းဆိုသလို စိုရွှဲလာပြီ

www.burmeseclassic.com

ဗျာ။ ဒါနဲ့ပဲ ငုတ်တုတ်ထိုင်နေလိုက်ရတယ်။

"သြော်.....အခုလို မိုးသည်းလာရင် ကလေးဘဝက ပြေးလွှားဆော့ကစားခဲ့ပုံကို သတိရလိုက်တာ၊ အမေက အအေးပတ်မှာစိုးလို့ စိုးရိမ်ကြီးပေမယ့် ကစားမက်တဲ့ငါက အမေစိတ်တိုဒေါသထွက်အောင်ကို မိုးရေထဲကနေ မတက်ခဲ့ဘူး။ အမေ တုတ်ကိုင်မှပဲ အိမ်ပေါ်ပြေးတက်တော့တယ်"

ကျုပ်လေ အမေ့ကို သတိရလိုက်တာဗျာ။ သတိရရင်းနဲ့ မျက်ရည်တွေတောင် ကျနေမိတယ်။ အရွယ်လေးနည်းနည်းရလာတော့ ကျုပ်က တည်ငြိမ်စွာနဲ့ နေတတ်လာခဲ့တယ်။ ဝတ္ထုစာအုပ်ကိုငှားပြီး အိပ်ရာပေါ်မှာ မိုးအေးအေးနဲ့ စောင်ခြုံကွေးနေတော့တာပေါ့။ ကျုပ်အိမ်ထောင်ကျချိန်မှာ ကျုပ်မဟေသီက ကော်ဖီပူပူလေး ဖျော်တိုက်ခဲ့ပုံကို အမှတ်ရနေမိတယ်။ ကျုပ် အလုပ်အကိုင်နဲ့ ဖြစ်လာချိန်မှာ မိဘတွေက ဆုံးပါးကုန်ပြီလေ။ လူပျိုကြီးဘဝနဲ့ ကျုပ်က ဖြတ်သန်းလာခဲ့ပြီးမှ အိမ်ထောင်ပြုခဲ့တာပါ။ ဒီတော့ ကျုပ်မှာ တွယ်တာစရာသားသမီးဆိုတာ မရှိခဲ့ရဘူးပေါ့။

"မအေးယဉ်.....မအေးယဉ်၊ မင်းကတော့ အစ်ကို့အဖြစ်ကို မသိနိုင်တော့ပါလားကွာ၊ အစ်ကို့ကမ္ဘာလေးထဲကနေ မင်းထွက်ပြေးသွားတာ သုံးနှစ်ကျော်ကြာခဲ့ပြီပေါ့၊ အေးချမ်းတဲ့ဘဝလေးနဲ့ ပျော်အောင်သာ နေပါတော့ အေးယဉ်ရာ၊ မင်းကို ရှာဖွေပြီး စိတ်ဒုက္ခတွေ မပေးတော့ပါဘူးကွယ်"

ကျုပ်က မအေးယဉ်မျက်နှာလေးကို ပြေးမြင်မိပြန်တယ်။ လူလုသလို စိတ်ထားပါလှတဲ့ ကျုပ်မိန်းမ။ ကျုပ်ကိုသိပ်ချစ်တဲ့ မိန်းမ။ ကျုပ်အပေါ် နားလည်ပေးတဲ့သူ။ ခွင့်လွှတ်တဲ့စိတ်နဲ့ အရာရာ သည်းခံခဲ့ရှာတယ်ဗျာ။ တကယ်တော့ဗျာ နောက်ထပ် အမှတ်ရစရာတစ်ခုကတော့ မိုးတွေသည်းလာရင် မအေးယဉ်က မိုးခြိမ်းတာ ကြောက်တတ်တော့ ကျုပ်ကျောကိုဖက်ပြီး ကျုပ်ရဲ့လည်ကုပ်လေးကို တရှိုက်မက်မက် နမ်းရှိုက်နေတတ်တယ်။ ဒါကတော့ ကျုပ်အိမ်သူနဲ့ ကျုပ်တို့ရဲ့ အမှတ်တရတစ်ခုပါပဲ။ မိုးရွာတိုင်း မိန်းမကို သတိရတတ်တာ အမှန်ပါပဲဗျာ။

မအေးယဉ်ကို ကျုပ်သနားတယ်။ ကျုပ်လိုကောင်ကို ဘာကြောင့်ချစ်ရသလဲဆိုတာ ကျုပ်မစဉ်းစားတတ်တော့ဘူး။ တကယ်တမ်း မကောင်းခဲ့သူက ကျုပ်ပါဗျာ။ မိန်းမကို စိတ်ချမ်းသာမှုမပေးခဲ့တဲ့ လုပ်ရပ်က ကျုပ်ဘဝကို အခုလို နိမ့်ကျစေရတဲ့အထိပါပဲလား။ ကျုပ်မျက်ရည်ကျပြီး မိန်းမကို တမ်းတမိတယ်။ လွမ်းမိတယ်။ ကုန်ကုန်ပြောရရင် သတိရတယ်ဗျာ။

"ဦးကြီး တစ်ယောက်တည်းလားဟင်"

ကျုပ်မိန်းမကို သတိရနေလို့မှ မဆုံးသေးဘူး။ ကျုပ်ရှေ့ကို မိန်းမတစ်ယောက် ရောက်လာတယ်။ ပြီးတော့ သူမက ပိုင်စိုးပိုင်နင်းနဲ့ ကျုပ်နားမှာ ဝင်ထိုင်တယ်။ ဒီလောက်မိုးတွေမှောင်ပြီး သဲသဲမဲမဲ ရွာနေချိန်မှာ ဒီမိန်းမက ဘာလာလုပ်တာလဲပေါ့။ သူမက ထီးကိုပိတ်ပြီး ကျုပ်ရဲ့ထီးအောက်ကို ရောက်လာတော့တယ်။

"မင်း ဘယ်ကလဲ၊ သွား.....သွား၊ မလာနဲ့"

ကျုပ်က အမုန်းနဲ့ မောင်းထုတ်လိုက်ချိန်မှာ သူမက တဟင်းဟင်းနဲ့ ပြက်ရယ်ပြုပြီး ကျုပ်နားကို တအားတိုးကပ်လာတော့တာပေါ့။ ကျုပ်လည်း လက်ထဲကထီးကိုပိတ်ပြီး ဒေါသဖြစ်ဖြစ်နဲ့ အော်လိုက်ပြန်တယ်။

"သွား.....ငါ့ရှေ့မလာနဲ့၊ နင့်လုပ်ရပ်ကို ငါသိတယ်နော်"

"သြော်...ဦးကြီးရယ်၊ ကျွန်မကို အပေါစားမိန်းမဆိုပြီး အထင်သေးတာလားရှင်"

သူမမျက်လုံးတွေက ကျုပ်ရဲ့လွယ်အိတ်လေးဆီမှာ ရောက်နေတယ်။ ကျုပ် သိပ်သိတာပေါ့။ တဏှာနဲ့ဖြားယောင်းပြီး ကျုပ်ဆီက ရှိတာလေး မ,ဖို့လာတာလေ။ သူမက ကျုပ်ကိုဖက်ပြီး ရင်ခွင်ထဲရောက်လာချိန်မှာ သူမဆီက အပေါစားရေမွှေးနံ့နဲ့ စိတ်ပျက်ဖွယ်ကောင်းတဲ့ အနံ့ဆိုးတွေကြောင့် ကျုပ် သူမကို ဆောင့်တွန်းလိုက်တော့တယ်။ သူမက မာယာနဲ့ဖြားယောင်းတာ မရတော့ မျက်နှာထား ခက်ထန်လာပြီး.....

"ဒီမှာနော် ဦးကြီး ရှင် ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်မနေရင် ကျွန်မ အော်လိုက်မယ်၊ ဒါဆို ပတ်ဝန်းကျင်ကလူတွေကြားပြီး.....ဟင်း.....ဟင်း''

''ကောင်မ.....မယုတ်မာနဲ့၊ သွားစမ်း''

ကျုပ်လည်း သူမရဲ့ရင်ဝကို တွန်းထုတ်လိုက်ချိန်မှာ သူမက ဖင်ထိုင်လဲကျသွားတော့တယ်။ ဟန်ချက်ပျက်သွားတော့ ကျုပ်လည်း အိတ်ကိုပိုက်ပြီး ပြေးထွက်သွားလိုက်တယ်။ ကျုပ်အိပ်ရာခင်းလေးတော့ မိုးရေစိုပြီး ကျန်ခဲ့ပြီပေါ့ဗျာ။ ကျုပ်နောက်ကို သူမက လိုက်လာပြန်တယ်။ ဒါပေမဲ့ ကျုပ် ကံကောင်းချင်တော့ ဓမ္မာရုံက အစောင့်ကြီးက ဓာတ်မီးနဲ့ လမ်းမပေါ် ထိုးကြည့်လာတယ်၊ ကျုပ်ကိုလည်း သူကသိနေတော့.....

''ဟေ့လူကြီး.....မိုးစိုကုန်ပြီ မဟုတ်လား။ ခင်ဗျားတော့ အအေးပတ်သေတော့မှာပဲ၊ ကဲ..လာ..လာ၊ ဓမ္မာရုံထဲလာနေ''

လူသားချင်းစာနာစိတ်နဲ့ ကူညီသံက ကျုပ်အတွက် ကယ်တင်ရှင်တစ်ယောက်ဖြစ်သွားတော့တယ်။ ကျုပ်လေ ထိုင်ရှိခိုးလိုက်ချင်ပါရဲ့ဗျာ။ ဒီတော့မှ သူမက မကျေမနပ်နဲ့ ထွီခနဲ တံတွေးထွေးပြီး ဆက်လျှောက်သွားတော့တယ်။

''ကျေးဇူးတင်လိုက်တာဗျာ''

ကျုပ်ရဲ့စကားကို သူက ဂဃနဏ မသိပါဘူး။ မိုးရေစိုလို့၊ နေစရာမရှိလို့ပဲ ထင်နေမှာပါ။ ကျုပ်ကို အဝတ်စိုတွေလဲဖို့ သူ့အဝတ်အစားတွေ ထုတ်ပေးတယ်။

''ကဲ.....ကျေးဇူးတင်မနေနဲ့၊ အဝတ်လဲလိုက်ဦး၊ ခင်ဗျားတော့ အအေးပတ်ပြီး သေတော့မှာပဲ''

''ဟုတ်ကဲ့ပါဗျာ၊ နောင်ကြီးကို ကျေးဇူးတင်ပါတယ်''

ကျုပ် အဝတ်လဲပြီးချိန်မှာ ကယ်တင်ရှင်ကြီးက အသီးအနှံတွေ ယူလာတယ်။ ရေသန့်ဘူးပါချပေးပြီး.....

''ဒီမှာတော့ ဘုရားကစွန့်တဲ့ သစ်သီးပဲရှိတယ်ဗျ၊ ခင်ဗျားဆာရင် စားလေ၊ တစ်ရေးနိုး အိပ်မရတာနဲ့ ထထိုင်နေတာ၊ ခင်ဗျားကိုတွေ့တော့ စကားပြောဖော်ရသွားတာပေါ့''

ကျုပ်လည်း သူ့ကို ညည့်ငှက်မနဲ့တွေ့ခဲ့တဲ့အကြောင်း ပြောပြလိုက်တော့တယ်။ သူက ပြုံးပြီးနားထောင်နေတယ်။ ကျုပ်စကားဆုံးတော့...

''ညဘက်တွေ့ရမယ့်အန္တရာယ်ဆိုတာ အဲဒါလည်းပါတယ်ဗျ၊ အခုခေတ်မှာ အဘိုးကြီးပဲဖြစ်ဖြစ် မရဘူး၊ ဒုစရိုက်လောက,က လူမရွေးဘူးပေါ့ဗျာ၊ ဒါနဲ့ ခင်ဗျားမှာ နေစရာမရှိတော့ဘူးလား၊ ကိုယ့်အိမ်ကိုယ့်ရာကို မပြန်တော့ဘူးလားဗျာ၊ အန္တရာယ်များတယ်ဗျ''

ကျုပ်က ခေါင်းကိုသာ ခါယမ်းပြလိုက်တယ်။ သည်လိုမေးလာလေ ကျုပ်ကဝမ်းနည်းလေပါပဲဗျာ၊ ကျုပ်မှာ ပြန်စရာဆိုလို့ အိမ်မရှိဘူး။ နေစရာနတ္ထိ။ ကျုပ်ကို ကြင်နာတတ်တဲ့ မိန်းမလည်း မရှိတော့ပါဘူး။ ပြီးတော့ ကျုပ်လေ ဘယ်သူ့ကိုမှ ငဲ့မပေးချင်တော့ပါဘူးဗျာ။ ဖြစ်သမျှကံ တရားလို့ပဲသဘောထားတော့တယ်။

''ဒီညတော့ ဒီမှာပဲနေလိုက်တော့ဗျာ၊ နောက်နေ့အတွက် ခင်ဗျားနေဖို့ ရှာပေရော့၊ ဟိုတိုက်ခန်းက လူတွေက အရင်က လူမရောက်ပေမယ့် အခု နေတဲ့လူရောက်လာပြီ၊ ရုံးခန်းမဟုတ်တော့ဘူးဗျ၊ သူတို့က နေခွင့်မပြုလို့ ရုံးလာတိုင်နေဦးမယ်''

''ဟုတ်ကဲ့၊ အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ''

''ခင်ဗျားလည်း အိပ်ချင်ရောပေါ့၊ ဟိုမှာ ဖျာနဲ့ခေါင်းအုံးရှိတယ်၊ သွားအိပ်တော့ဗျို့''

ကျုပ်လည်း သူပြောတဲ့အတိုင်း ခင်းပေးထားတဲ့ ဖျာပေါ်မှာ ခေါင်းအုံးအိပ်လိုက်တော့တယ်။ သူက ဓမ္မာရုံသော့ကိုခတ်ပြီးမှ သူ့အိပ်ရာဆီကို ခြင်ထောင်ချပြီး ဝင်သွားတယ်။

ကျုပ်လေတော်တော်နဲ့အိပ်မရနိုင်ပါဘူး။ မျက်လုံးထဲမှာ အတိတ်ကဖြစ်ရပ်တွေ တရေးရေးပြန်ပေါ်လာတယ်။ ကျုပ်ကိုယ်တိုင် ဘယ်တော့မှ မတွေးချင်တော့တဲ့ အတိတ်ဖြစ်ရပ်က ကျုပ်အတွေးထဲကို ဝင်လာတော့တယ်။ အဲဒီမှာပဲ ကျုပ်အမုန်းဆုံး မိန်းမတစ်ယောက် ပါလာရတော့တာပေါ့ဗျာ။ လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကပေါ့.....

\+ + +

''အစ်ကို အေးယဉ် ဆိုင်သွားတော့မယ်နော်''

''အေးပါကွာ၊ အပြင်ကနေ

www.burmeseclassic.com

www.burmeseclassic.com



သော့ခတ်ပြီးသာသွားကွာ၊ အိပ်ရေးမဝသေးဘူး၊ ဆက်အိပ်လိုက်ဦးမယ်''

''ဒါဆို အေးယဉ်သွားပြီ''

ကျုပ်က ညဘက်မှာ ဘောလုံးပွဲ ထိုင်ကြည့်ခဲ့တော့ မျက်လုံးတွေ ကျိန်းစပ်နေတယ်။ အိပ်ရေးမဝတဲ့လက္ခဏာပေါ့။ ဒီတော့ မအေးယဉ်တစ်ယောက်တည်း ဆိုင်ထွက်သွားရတယ်။ နေ့လယ်လောက်မှ ကျုပ်က လိုက်သွားမယ်ပေါ့ဗျာ။ ဒါကြောင့်မို့ ကျုပ်က ပြန်အိပ်နေလိုက်တယ်။ မကြာသေးခင်က ဖြစ်သွားရတဲ့ ပင်စင်စားဘဝက လွတ်လပ်တယ်ပေါ့ဗျာ။

ကျုပ်တို့လင်မယားက ဈေးကြီးတစ်ခုမှာ အထည်ဆိုင်ဖွင့်ထားတယ်။ အထည်ဆိုင်ဆိုပေမယ့် သိပ်တော့အထင်မကြီးနဲ့ဦး။ ဈေးသိပ်ကြီးတာမျိုး တင်မထားဘူး။ ချည်ထည်မျိုးစုံ၊ ကျားဝတ်၊ မဝတ်၊ ကလေးဝတ်လေးတွေပေါ့။ ပြီးတော့ မိန်းမက အတွင်းခံအဝတ် (ဘော်လီ၊ ဘရာစီယာ၊ ဘောင်းဘီ၊ အောက်ခံစကတ်)တွေ ရောင်းသေးတယ်။ ကျုပ်ကတော့ အမျိုးသမီးအသုံးအဆောင်ပစ္စည်းတွေ ရောင်းတဲ့နေရာမှာ မထိုင်ဘူး။ ဆိုင်ရှေ့က ခုံမှာပဲ အထိုင်များတယ်။ ဘာဖြစ်လို့လဲဆိုရင် လာဝယ်တဲ့မိန်းမတွေ ရှက်မှာစိုးလို့ပါ။ ဒီတော့ မိန်းမနဲ့ ဝိုင်းကူရုံသက်သက်ပါပဲ။

''ဩော်...ဒီနေ့ အထည်သွားယူရမယ့်နေ့ပဲ၊ အေးယဉ် မေ့နေပြီထင်တယ်''

ကျုပ်က အိပ်ရင်းနဲ့ တွေးနေမိတယ်။ မနေ့က မင်္ဂလာဈေးမှာရှိတဲ့ ဖောက်သည်ဆိုင်ကို ပစ္စည်းတွေမှာနေတာ ကျုပ်ကြားခဲ့တယ်။ ကျုပ်အလုပ်က ဈေးသွားပေးရတယ်၊ အထည်တွေ သွားယူပေးရတယ်။ ကျန်တဲ့ ငွေကြေးကိစ္စကို ကျုပ်မကိုင်ဘူး။ ကျုပ်က ခေါင်းထဲဝင်လာတဲ့အတွေးကို ဖယ်ထုတ်ပြီး ပြန်အိပ်နေလိုက်တယ်လေ။

''ကလင်...ကလင်...ကလင်''

အရေးထဲ ဖုန်းကတစ်မျှောင့်။ အိပ်ရေးပျက်လွန်းလို့ ကျုပ် စိတ်ညစ်သွားတော့တယ်။ ခေါင်းထဲမှာလည်း မကြည်တော့ဘူးပေါ့။ ဖုန်းက အဆက်မပြတ်မြည်နေတော့ ကျုပ်လည်း မအေးယဉ်က အထည်ယူခိုင်းဖို့ ဆက်တာပဲထင်ပြီး ဟန်းဖုန်းကို ကိုင်လိုက်တယ်။

''ကိုကြီးလားဟင်''

''လာပြန်ပြီ ခင်ဗျားက ကျုပ်ဖုန်းပဲ မှားခေါ်နေတာပဲ၊ ကိုကြီးမဟုတ်ဘူးလို့ ပြောနေတယ်လေ၊ ကျုပ်က အဘိုးကြီးဖြစ်နေပြီ''

''ခရေ့ကို မစိမ်းကားပါနဲ့ရှင်၊ ခရေလေ ကိုကြီးကို မေ့မရဘူး''

''ရော်.....ခက်ပါလားဗျာ၊ ကျုပ်က ခင်ဗျားလူမဟုတ်ဘူး''

''ကိုကြီးပဲ ဒီဖုန်းနံပါတ်ကိုပေးထားခဲ့ပြီးတော့၊ အခုမှ စားပြီးနားမလည်လုပ်နေတာလား၊ ခရေ့ကို သနားပါနော်''

ဆွဲဆောင်မှုရှိတဲ့အသံလေးက ကျုပ်နားထဲကို စီခနဲရောက်လာတယ်။ ကျုပ်ထက်ငယ်ပုံတော့ရမှာပါ။ ခရေဆိုတဲ့ မိန်းကလေးကို ကျုပ်က သနားသလိုလို ဖြစ်သွားမိတယ်။ သူမဟာ တကယ်ပဲ ယောကျ်ားတစ်ယောက်ရဲ့ လှည့်စားမှုကို ခံနေရပြီလားဆိုပြီး စိတ်မကောင်းဖြစ်သွားမိတယ်လေ။

''ကဲ..မခရေ၊ ကျုပ် အိပ်ရေးပျက်လို့ပါဗျာ၊အိပ်ပါရစေ၊ဒါပဲနော်''

ဖုန်းချလိုက်တော့တယ်။ ဒါပေမဲ့ ကျုပ်ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားမိတယ်။ ဒီမိန်းကလေး ဘာကြောင့်များ ဒီလောက်တောင် ဖွဲ့ရှိနေရတာလဲ။ ကျုပ်ဖုန်းနဲ့ မှားတယ်ပဲထားဦးတော့၊ ကျုပ်အသံနဲ့ သူ့ကိုကြီးအသံက ကွာခြားနေတာ မသိဘူးလား။ စကားပြောသံတော့ ကွဲလွဲမှာပါနော်။

''ကလင်...ကလင်...ကလင်''

''တောက်.....အိပ်ရေးပျက်တယ်ကွာ၊ ဘာလဲ.....ပြော''

ကျုပ်အသံက မာထန်သွားတယ်။ ဒါပေမဲ့ တစ်ဖက်အသံက နူး ညံ့ပျော့ပျောင်းနေပြန်ရော။ သူမအတွက် ကိုကြီးဆိုသူက အရေးပါဆုံးပုဂ္ဂိုလ် ဖြစ်နေမလားဗျာ။

''ခရေ ကိုကြီးနဲ့ တွေ့ပါရစေနော်၊ ခဏလေးဖြစ်ဖြစ်ပါ ကိုကြီးရယ်''

ကျုပ်က စဉ်းစားလိုက်တယ်။ တွေ့ချင်တာက ကျုပ်ကို ဘာအကြံရှိလို့လဲ။ ဒါမှမဟုတ်ရင် သူ့ကိုကြီးက ဘာတွေမုသာဝါဒပြောပြီး နှစ်သိမ့်ထားခဲ့လို့လဲ။ ကျုပ်သိချင်လာတယ်။

''ပြောမရရင်လည်း ကဲ.....

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလာတွေ့ရမလဲ၊ ပြော''

"ဆူးလေပန်းခြံထောင့်ကိုလာပါနော်၊ ခရေ ၁၂ နာရီတိတိမှာ စစောင့်နေမယ်၊ ကိုကြီးမလာမချင်းပေါ့"

"အေး မင်းမှန်းဘယ်လိုသိမှာလဲ"

"ခရေ ခရမ်းပြာရောင် ဝမ်းဆက်ဝတ်ထားတယ်နော်၊ ဒါပဲနော်"

ခရေက ဖုန်းချသွားတယ်။ ကျုပ်လည်း အိပ်ချင်စိတ်တွေပျောက်သွားပြီး ဒီဇာတ်လမ်းကို စုံထောက်လုပ်ချင်စိတ်နဲ့ စပ်စုမိတာပေါ့ဗျာ။ ဒီ တော့ ရေမိုးချိုးပြီး မအေးယဉ်ဖျော်ပေးထားတဲ့ ကော်ဖီကို ဓာတ်ဘူးထဲက ငှဲ့ထည့်လိုက်တယ်။ နောက်ပဲထမင်းကြော်ပန်းကန်ကို ယူစားနေလိုက်တယ်။ ခရေနဲ့တွေ့ဖို့က ကျုပ်အတွက် မဟာစွန့်စားမှုတစ်ခုပါပဲ။ ကျုပ်မိန်းမက သဘောထားနုတတ်တော့ မအေးယဉ် သိလို့လည်းမဖြစ်ဘူး။ ကျုပ်နှလုံးသားထဲမှာ မအေးယဉ်ကလွဲပြီး ဘယ်သူ့ကိုမှ နေရာမပေးနိုင်ဘူး။ ကျုပ်မိန်းမကို ကျုပ်သိပ်ချစ်တယ်။



ကျုပ်နဲ့မအေးယဉ်က အသက်ချင်း ၁၀ နှစ်ကျော်ကွာတာပါ။ သားသမီးမရှိကြတော့ သံယောဇဉ်က အပြန်အလှန် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့။ ဘယ်သူဖျက်ဖျက် ကျုပ်ကတော့ မအေးယဉ်ကို မပြတ်နိုင်ဘူး။ မအေးယဉ်ရဲ့မျက်နှာကအေးချမ်းတယ်။ အအေးမျက်နှာပေါ့ဗျာ။ သူ့မျက်နှာမှာ ကောက်ကျစ်မှု ဝန်တိုမှုတွေမရှိဘူး။ မျက်နှာချိုတယ်။ စိတ်ထားနူးညံ့တယ်။ ဒါကြောင့် မိန်းမကို သိပ်ချစ်ရတာပေါ့ဗျာ။

✦✦✦

ဆူးလေကားဂိတ်မှာ ဂိတ်ဆုံးတော့ ကားပေါ်ကဆင်းဆင်းချင်း ကျုပ်က ခရမ်းပြာမလေးကို ရှာနေမိတော့တယ်။ ခရမ်းပြာရောင်ဆိုလို့ ဘယ်သူမှမတွေ့ရဘူး။

"ငါ့ကိုများ နောက်နေတာများလား"

ကျုပ်ရှက်သွားတယ်။ နောက်တော့ ပန်းခြံဘက်ကို လျှောက်လာတော့မှ အဝေးကနေ ခရမ်းပြာရောင် ထက်အောက်ဆင်တူနဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်။ ကျုပ်လည်း သူ့အခြေအနေကို အကဲခတ်ကြည့်နေချိန်မှာ ခရေဆိုတာ အားပါးပါး သိပ်လှတဲ့မိန်းကလေးတစ်ယောက်မှန်း သိလိုက်ရတယ်။ ဆံပင်ရှည် အောက်ဖျားကောက်လေးနဲ့ ခေတ်ရှေ့ပြေးတဲ့မိန်းကလေး ဖြစ်နေတယ်။ အသက်က ၃၀ ကျော်လောက် ရှိလိမ့်မပေါ့ဗျာ။ အရပ်ရှည်ရှည်၊ အသားလတ်တယ်။ ဒီတော့ ဝတ်ထားတဲ့ အဝတ်အစားကြောင့် ခရေ့အသားလေးဟာပိုဝင်းနေသလိုပါပဲလား။

"သိပ်လှတဲ့ကောင်မလေးပါလား၊ ဒီလိုမိန်းကလေးမျိုးကို ကိုကြီးဆိုတဲ့လူက ဘာကြောင့်များပစ်သွားပါလိမ့်နော်"

ကျုပ်ရဲ့ခြေလှမ်းတွေက နောက်မဆုတ်ချင်တော့ဘူး။ ဘာပဲဖြစ်ဖြစ် ခရေ့ကိုတွေ့ဖို့ ရှေ့ကိုဇွတ်တိုးသွားမိတယ်။

"ခရေဆိုတာလား"

ကောင်မလေးမျက်နှာက ကွက်ခနဲပျက်သွားတယ်။ သူ့စိတ်ထဲမှာ ကျုပ်ကို အသက်ကြီးမယ်လို့ ထင်မထားပုံရတယ်လေ။ အံ့သြနေတဲ့ မျက်လုံးဝိုင်းလေးက သက်သေပါပဲဗျာ။

"မင်းရဲ့ကိုကြီးမဟုတ်တာ သိပြီပေါ့နော်"

ခရေက စကားပြောဖို့ မေ့နေပုံပါပဲ၊ စောစောက ဖုန်းဆက်ချိန်မှာ ကျုပ်က ငြင်းဆန်နေသလောက် အခုတော့ ပြောင်းပြန်ဖြစ်သွားတယ်။ ကျုပ်ကပဲခရေ့ကို စကားတွေဖောင်ဖွဲ့ပြောနေတော့တာပေါ့ဗျာ။

"မင်းရဲ့ကိုကြီးက မင်းကို ဘယ်လိုပြောထားခဲ့လဲ မခရေ"

"အဲဒီလူအကြောင်းမပြောချင်တော့ပါဘူး ဟေးလေးရယ်၊ ခရေ့ကို လှည့်စားသွားတာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



နေပါပြီ၊ သူနဲ့က မန္တလေးသွားရင်း ခင်မင်ခဲ့ကြတာပါ၊ ရန်ကုန်ပြန်ရောက်ရင် ပြန်ဆုံမယ်လို့ ပြောသွားခဲ့တယ်၊ အခုတော့ ဟင့်.....ဟင့်"

"အို.....ခရေလေးရယ်"

ကျုပ်အသံတွေ ပြောင်းသွားတော့တယ်။ ကရုဏာသံနှောပြီး ငိုနေတဲ့မိန်းကလေးကို ကျုပ်က မျက်ရည်တွေ သုတ်ပေးလိုက်တယ်။ ခရေကလည်း မငြင်းဆန်ရှာဘူး။ ကျုပ်က ပန်းခြံထဲက ခုံတန်းလေးဆီကိုခေါ်သွားရတယ်။ လမ်းခုလတ်ကြီးမှာငိုနေတာ ကျုပ်ကို ပတ်ဝန်းကျင်က တစ်မျိုးမြင်ကြမှာပေါ့နော်။ ဒါပေမဲ့ အဲဒီလိုထင်တာကို ကျုပ်က ကျေနပ်နေပြန်ရော။

"ကိုယ့်အပေါ်ကို မချစ်လို့ ဥပေက္ခာပြုသွားမှတော့ သံယောဇဉ်ထားမနေပါနဲ့ မိန်းကလေးရယ်၊ ခရေက အဆင်းရှိသူပဲကွာ"

"ခရေလေ ကိုယ့်ကိုယ်ကိုယ် ရှက်လို့ပါ လေးလေးရယ်၊ ခရေက မိန်းကလေးဖြစ်ပြီး သူ့ကိုတမ်းတနေလိုက်တာ၊ သူကတော့ ခရေ့ကို အစောကြီးကတည်းက ဖြတ်သွားခဲ့တာပဲနော်"

"ဒါပေါ့ကွာ၊ အခုခေတ်လူငယ်တွေက မေတ္တာကို တန်ဖိုးမှမထားကြတော့တာပဲကွယ်၊ အခုတွေ့၊ အခုကြိုက်၊ အခုချစ်၊ အခုမုန်းသတဲ့၊ ဒီတော့ မေတ္တာကြီးတဲ့သူသာ ခံစားရမှာပဲ၊ မေ့လိုက်တော့ကွယ်"

ပတ်ဝန်းကျင်မှာရှိတဲ့ စုံတွဲက ကျုပ်တို့နှစ်ယောက်ကို အကဲခတ်နေကြတယ်။ အရွယ်မတူတဲ့အတွက် ကဲ့ရဲ့ချင်ကဲ့ရဲ့နေကြမှာပေါ့။ ဒါပေမဲ့ ကျုပ်က ပျော်နေတယ်။ ခရေ့လို အလှပဂေးလေးနဲ့ တွဲရတာ ကျုပ်အတွက် ဂုဏ်ယူစရာပဲမဟုတ်လား။

"လေးလေးကို ကျေးဇူးတင်ပါတယ်ရှင်"

ကျုပ်လည်း ခရေလေးနဲ့မခွဲခွာချင်သေးတော့ ပိုပြီးရင်းနှီးမှုရအောင် အရဲစွန့်ပြီး ပြောလိုက်တယ်။

"ကဲ....ဒီနေ့ ခရေလေး စိတ်ညစ်နေတယ်မဟုတ်လား၊ တစ်ခုခု သွားစားကြရအောင်နော်"

"စားချင်စိတ်မရှိပါဘူး လေးလေးရယ်"

"လာပါကွယ်၊ ထ...အချိန်ရတယ်မဟုတ်လား"

ခရေ့လက်ကို ကျုပ်က ပိုင်စိုးပိုင်နင်းဆွဲခေါ်ပြီး ကြင်နာမှုတွေပေးလိုက်တော့ ခရေလေးလည်း ကျုပ်နောက်ကို လိုက်လာရပြီပေါ့။ သူ့စိတ်ထဲမှာ ကျုပ်လိုကောင်နဲ့တွဲရတာ ဘယ်လိုများ ခံစားနေရမလဲပေါ့။ တွေးနေမိတယ်။ ခရေနဲ့ ရွယ်တူကောင်တွေရဲ့ မျက်လုံးတွေက ကျုပ်ကို ဝန်တိုမှုနဲ့ ကျိန်ဆဲနေမှာ သေချာပါတယ်ဗျာ။

ကျုပ်ကဦးဆောင်ပြီး ခရေ့ကို ကြေးအိုးဆီချက်ဆိုင်ကို ခေါ်သွားခဲ့တယ်။ ပြီးတော့ သိမ်ကြီးဈေးက ဂမုန်းပွင့်ကို ဝင်လိုက်တယ်။ မိန်းမဆိုတာမျိုးက လိုချင်တာရရင် ကျေနပ်ကြတာလေ။ ဒီတော့ နောက်တစ်ကြိမ်ဆုံနိုင်ဖို့ အခွင့်အရေးကို မျှော်လင့်ပြီး ကျုပ်က ပညာရှိနည်းနဲ့ ချဉ်းကပ်လိုက်တာပဲပေါ့။ ကျုပ်စုထားတဲ့ငွေလေးက ခရေနှိပ်စက်လို့ကုန်ပြီပေါ့ဗျာ။

တကယ်တမ်းတွေးကြည့်ရင် ခရေက နှိပ်စက်တာမှမဟုတ်ဘဲလေ။ ကျုပ်က စိတ်ထဲကနေဖောက်ပြန်ပြီး ပိုးကြေး၊ ပန်းကြေးသဘောနဲ့ ရက်ရောလိုက်တာမဟုတ်လား။ မအေးယဉ်သာ ကျုပ်လုပ်ရပ်ကိုသိရင် Heart ထိမှာ သေချာပါတယ်ဗျာ။ နောက်တော့ ခရေနဲ့ကျွန်တော် ဖုန်းအဆက်အသွယ်နဲ့ တိတ်တဆိတ် ဇာတ်လမ်းစခဲ့ကြတာပေါ့လေ။

+ + +

"ရုပ်ရှင်ကြည့်ရအောင် ခရေဒီအပတ် သမ္မတရုံမှာ ကားသစ်လဲတယ်၊ ၁၀ နာရီခွဲပွဲနော်"

"ရုပ်ရှင်ပြီးရင် ဘယ်သွားမှာလဲဟင်"

"နောက်တွေ့တော့မှ တိုးတိုးလေးပြောမယ်ကွယ်"

ခရေဟာ ကျုပ်ကို အဘိုးကြီးဆိုပြီး လျှော့တွက်ထားပုံပါပဲ။ ပြီးတော့ အတွေ့အကြုံရှိပြီးဖြစ်တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်လိမ့်မယ်၊ သူ့ကိုကြီးဆိုသူနဲ့ ဘယ်ပုံဘယ်နည်း ရင်းနှီးခဲ့မှန်းမှ ကျုပ်မသိတာပဲဗျာ။ သေချာတာက ခရေဟာ အပျိုစင်တစ်ယောက် မဖြစ်နိုင်ဘူးဆိုတာပါပဲ။

"ဒါဆို ခရေလာခဲ့မယ်နော်"

ကျုပ် ဝမ်းသာသွားတယ်။ မအေးယဉ်ကို ဘယ်လိုလှို့ထွက်ရ

www.burmeseclassic.com

www.burmeseclassic.com



မလဲလို့ ကျုပ် ကြဲရာမရဖြစ်မိတယ်။ သည်တော့ ထုံးစံအတိုင်း ခေါင်းမူး တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကျုပ်က အိမ်ထဲမှာ အိပ်ကျန်ခဲ့ တယ်။

"အစ်ကို စားပွဲပေါ်မှာ ဆေး တင်ထားခဲ့တယ်နော်၊ ကော်ဖီနဲ့မုန့် စားပြီးမှသောက်၊ အေးယဉ် ဆိုင် သွားတော့မယ်"

ကျုပ်မိန်းမဟာ သနားစရာ တော့အကောင်းသားပါလား။ ကျုပ် ရဲ့အကြံအစည်ကို မသိရှာဘူး။ သူ့ အပေါ် သစ္စာမဲ့တဲ့လင်သားကို ကြင် နာနေရှာတယ်လေ။ ခရေလေးမျက် နှာကို တွေးမြင်မိပြန်တော့ မအေး ယဉ်နဲ့ သွေးအေးလာမိတာ မိုးခါးရေ သောက်ချင်စိတ်ရှိလို့ပဲဖြစ်မှာပါပဲ။ ကျုပ်ရဲ့ဖောက်ပြန်စိတ်က ဒီအချိန် မှာ ဘယ်သူတားတား ရတော့မှာ မဟုတ်ဘူးလေ။

ဒါကြောင့်မို့ မအေးယဉ်ထွက် သွားချိန်ကို ကြည့်လိုက်တော့ ၈ နာရီထိုးနေပြီပေါ့။

ကျုပ်လည်း ကမန်းကတန်းထ ပြီး ရေချိုးလိုက်တယ်။ မုန့်နဲ့ကော်ဖီ စားသောက်ပြီးတော့ ရေအိမ်တက် ခဲ့တယ်။ နာရီကြည့်လိုက်တော့ ၉ နာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲလိုတော့ တယ်လေ။ သွားမှာလာမှာနဲ့ဆိုရင် ဘာပဲဖြစ်ဖြစ် ကျုပ်က ကြိုတင်ပြီး ရောက်နှင့်နေမှဖြစ်မှာပါ။

"ဒီအကျီနဲ့ ဘောင်းဘီရှည် ဝတ်သွားမယ်"

ကျုပ်လည်း မဝတ်ဘဲထားတဲ့ စပို့ရှပ်လက်စကနဲ့ စတိုင်လ်ဘောင်း ဘီကို ထုတ်ဝတ်လိုက်တယ်ဗျာ။ မှန် ကြည့်ပြီး ခေါင်းဖြီးလိုက်တော့ အား ပါးပါး ကျုပ်မှာ ငယ်မူငယ်သွေးကြွ ပြီး ကျုပ်အသက် ၁၀ နှစ်လောက် ပြန်ငယ်သွားပုံပါပဲဗျာ။ ဒါမှလည်း ခရေလေးနဲ့ လိုက်ဖက်သွားမှာ မဟုတ်လား။ ကျုပ် အိမ်ကထွက် တော့ ၉ နာရီထိုးနေပြီ။ ဒီတော့ တက္ကစီနဲ့ ထွက်လာရတော့တာပေါ့။

"မနေ့က အထည်ဖိုးရှင်းဖို့ငွေ ထဲက ငွေငါးသောင်းယူလာတယ်၊ မိန်းမက ငွေလျော့တယ်ဆိုရင် ရှုး ကြောင်မူးကြောင် လုပ်လိုက်ရုံပဲ၊ ဩော်.....အေးယဉ်.....အေးယဉ်၊ မင်းကိုလိမ်ညာမိတာ ခွင့်လွှတ်ပါ ကွာ"

ကျုပ်က တက္ကစီပေါ်ကဆင်း လာတော့ ခရေ့ကို ရှာလိုက်တယ်။ သူမရောက်သေးမှန်းသိတော့ လက် မှတ်ကို စိတ်ကြိုက် အနောက်တန်း ကိုရှာပြီး ဝယ်ယူလိုက်တယ်။ ဒါမှ ကျုပ်လည်း အဆင်ပြေမှာမဟုတ် လားဗျာ။ လက်မှတ်ဝယ်ပြီး မြင်သာ တဲ့နေရာကနေ ခရေလေးအလာကို ကြည့်နေမိတယ်။

"ဟာ....လူဝင်ဖို့ ဘဲလ်တီးနေ ပြီ၊ မလာရင် ဒုက္ခပဲ"

ကျုပ်လိုပဲ အတွဲစုံ၊ အရွယ်စုံ တွေက လက်မှတ်ပြပြီး အပေါ်ထပ် ဆီ ချီတက်သွားကြလေရဲ့။ ကျုပ် တစ်ယောက်တည်း ရုပ်ရှင်ရုံရှေ့မှာ ယောင်တောင်ပေါင်တောင်နဲ့ ကျန် နေရစ်တော့တယ်။

"လေးလေး.....ခရေ နောက် ကျသွားတယ်၊ လမ်းမှာစီးလာတဲ့ ကားကပျက်လို့ တက္ကစီငှားလာရ တာရှင့်"

"ကဲ.....လာ၊ ဒီမှာ လူရှင်း နေပြီ၊ ကြာကြာရပ်လို့ မကောင်း ဘူး။ ရုံထဲရောက်မှပြောတော့"

ကျုပ်က ခရေလေးရဲ့လက် ကိုတွဲပြီး အပေါ်ထပ်ရုပ်ရှင်ရုံ အမှောင်ခန်းထဲကို ဝင်သွားတော့ တယ်။ ဓာတ်မီးနဲ့ လက်မှတ်နံပါတ် ကိုကြည့်ပြီး ထိုင်ခုံပြပေးတဲ့ ကောင် လေးကြောင့် ကျုပ်တို့လည်းအမှောင် ထဲမှာ စမ်းတဝါးဝါးနဲ့ ရောက်သွား တော့တယ်။ ရုပ်ရှင်က ကြော်ငြာ တွေတောင် ပြနေပြီလေ။

"ခရေ....."

"ရှင်....."

"ကြောက်နေလား"

"အင်း....."

ကျုပ်က ခရေလေးရဲ့လက်ကို ဆုပ်ကိုင်ပြီး အအေးခန်းမကြီးထဲမှာ ပြုံးပျော်ကြည်နူးနေမိတယ်။ ကျုပ် တို့ဘေးတစ်ဖက်တစ်ချက်စီက စုံတွဲ တွေတောင် ခရီးရောက်နေကြပြီ ပေါ့။ ကျုပ်ရင်တွေ တဒိတ်ဒိတ်ခုန် လာတော့တယ်။ ဆိတ်ကွယ်ရာနေ ရာမှာ ကျုပ်စိတ်တွေ ဖောက်ပြန် ကုန်တယ်။ မျက်လုံးထဲမှာ ခရေ၊ အတွေးထဲမှာ ခရေ၊ ကျန်တာတွေ ကျုပ်ခေါင်းထဲမှာ ဘာမှမရှိတော့ ဘူး။ မအေးယဉ်လား၊ အင်း...ကျုပ် ခဏမေ့ထားလိုက်တယ်ဗျာ။

+++

ရုပ်ရှင်ရုံကထွက်တော့ ခရေ

www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်ကို အားကိုးအားထားစိတ်နဲ့ ကျုပ်လက်မောင်းကို ဆုပ်ကိုင်ပြီး သမ္မတရုံဘေးက တိုက်ခန်းတွဲတွေကြားကနေ မီးရထားလမ်းကိုဖြတ်ကူးပြီး ဗိုလ်ချုပ်ဈေးထဲကို ခေါ်သွားတယ်။ နောက် ခေါက်ဆွဲဆိုင်မှာ စားကြတယ်။ ကျုပ်အိတ်ထဲကငွေတွေ တစ်ရွက်ပြီးတစ်ရွက် ခုန်ထွက်သွားကြပြီပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်က မနှမြောဘူး။ ကျုပ်ငွေမှမဟုတ်တာဘဲလေ။

"လေးလေး.....သိမ်ကြီးဈေးမှာ ပုစွန်ခြောက်နဲ့ သနပ်ခါးတုံးသွား ဝယ်ရဦးမယ်၊ အမေက မှာလိုက်လို့ လေ"

ကျုပ် သဘောပေါက်သွားတယ်။ ဒီတော့ ခေါက်အိတ်ထဲက တိုထားလျှိုထားတဲ့ငွေလေးတွေကို ထုတ်သုံးရပြီပေါ့။ ဒီလိုမှမလုပ်ရင်လည်း ကျုပ်လိုအဘိုးကြီးနောက်ကို ဘယ်သူကလိုက်ချင်တော့မှာလဲ။ မဟုတ်ဘူးလား။

"ဒီနေ့ လေးလေး အရမ်းမိုက်တာပဲ သိလား၊ တွေ့စကပုံထက်ပို လန်းတယ်၊ ခရေတောင် လူမှားသွားတာပဲ၊ ခစ်.....ခစ်"

ကျုပ် သဘောကျသွားတယ်လေ။ လူဆိုတာ စိတ်ပျိုတော့ကိုယ်နုသတဲ့။ ပြီးတော့ ခရေ့လိုအမိုက်စားလေးနဲ့တွဲရတာ ကျုပ်အဖို့ မြားနတ်မောင်လေးကြောင့် မိုးပေါ်က နတ်သမီးလေးတစ်ပါး မျက်စိလည်လမ်းမှားရောက်လာတာလားလို့ တွေးမိသေးတယ်။ သိမ်ကြီးဈေးကို ရောက်တော့ ခရေက သူ့အကြိုက် ပုစွန်ခြောက် အကောင်ကြီးတွေမှ ရွေးဝယ်တယ်။

"လေးလေး.....ဒါကောင်းတယ်နော်၊ ခရေ နားမလည်လို့၊ ကြည့်ပေးပါဦး"

ကျုပ်လေ မအေးယဉ်ကိုချက်ချင်းသတိရသွားတယ်၊ မိန်းမက ပုစွန်ခြောက်နဲ့ လက်ဖက်ကိုစားနေကျ။ အိမ်မှာ အမြဲမပြတ်ဝယ်ထားတတ်တယ်။ ကျုပ်က မိန်းမအတွက် တစ်ခါမှ မဝယ်ပေးဖူးပါဘူး။ ခရေ့ကို ဝယ်ပေးရမှာ မအေးယဉ်ကို မတရားရာကျနေပြီလား။ စိတ်ထဲမှာတော့ စိတ်မကောင်းဖြစ်ပြီး နှမြောသွားမိတယ်။ သနပ်ခါးတုံးဝယ်ပြန်တော့လည်း မိန်းမကို ပိုပြီးသတိရသွားတယ်။ ဒီတော့ ကျုပ်မှာမိန်းမရှိမှန်း အကဲခတ်နိုင်အောင်.....

"အိမ်အတွက်လည်း တစ်တုံးပိုဝယ်လိုက်ဦး ခရေ"

ခရေက နည်းနည်းတွေသွားပြီး မျက်နှာလေး ညှိုးကျသွားရှာတယ်။ ပြီးမှ ဟန်ဆောင်အပြုံးနဲ့ သူကိုယ်တိုင် ရွေးပေးနေတယ်။ ခရေဝယ်နေတာကြည့်ပြီး ကျုပ်တောင်လန့်နေရတယ်။ အိတ်ထဲကငွေကလည်း တဖြည်းဖြည်းနဲ့ ကုန်ပြီလေ။ လက်နှစ်ဖက်မှာလည်း အထုပ်တွေအပြည့်ပေါ့။ ဒါနဲ့ပဲ ခရေ့ကို တက္ကစီငှားပေးပြီး သူက လက်ပြပြုံးသွားမှ ကျုပ်လည်း မိန်းမဆီ အလျင်အမြန် ဒိုးရတော့တယ်ဗျို့။ ကျုပ်ရင်ထဲက စိုးရိမ်စိတ်တွေလည်း ပျောက်ကွယ်သွားရတယ်။ ကြည့်ပါဦး.....ကျုပ်အဖြစ်က တက္ကစီခ မရှိတော့လို့ လိုင်းကားကို တိုးစီးလာရတယ်ဗျာ။

"အစ်ကို.....နောက်ကျလိုက်တာ၊ ဒီမှာဖြင့် ထမင်းစားစောင့်နေတာပါ၊ အမယ်....တို့အစ်ကိုက ဒီနေ့မှ ဘောင်းဘီနဲ့ သားနားနေပါလားနော်"

"အဝတ်တွေက မဝတ်လို့ မှိုစော်တောင်နံနေပြီ အေးယဉ်၊ ဒါကြောင့် ထုတ်ဝတ်လာတာပါ"

"ဝတ်ပေါ့ အစ်ကိုရယ်၊ လူဆိုတာ စိတ်ပျိုအောင်နေမှ ကိုယ်နုတာတဲ့၊ ကဲ.....ထမင်းစားကြစို့နော်"

ယောက်ျားကို ထမင်းစားစောင့်နေရှာတဲ့ မအေးယဉ်ကို ကျုပ်သနားသွားမိတယ်၊ ကျုပ်ကဖြင့် အလေလိုက်ပြီး ကိုယ့်ဝမ်းကိုဖြည့်လို့ သစ္စာမဲ့တဲ့အလုပ်ကို လုပ်ခဲ့တယ်။ ကျုပ်အကြောင်းကို မအေးယဉ်သိရင် ဘယ်လိုနေမလဲ။ ကိုယ့်လိပ်ပြာကိုယ်မလုံဘူးပေါ့ဗျာ။ ထမင်းစားပြီးတော့ မိန်းမက အပေါ့အပါး ထသွားချိန်မှာ ကျုပ်က မိန်းမအိတ်ထဲက ငွေတွေနှိုက်ယူလိုက်တယ်။ မလုပ်ချင်ပေမယ့်လည်း ကျုပ်ရဲ့စိတ်ကို ခရေလေးက ပိုင်စိုးထားနေပြီဗျာ။

နောက်တစ်ခါဆိုရင် ခရေက ကျုပ်ကိုစပြီးချိန်းမယ်ဆိုတာ သိလိုက်တယ်။ မိန်းကလေးအများစုဟာ ငွေကိုမက်မောကြတယ်။ ငွေကြောင့်လည်း ပျက်စီးကြတယ်။ ဒေါသနဲ့ အတ္တတွေ ဖြစ်ကြတယ်ပေါ့ဗျာ။ ကျုပ်ဆိုတဲ့ကောင်က ငွေနဲ့မျှားလိုက်မှပဲ ကျုပ်ကိုတကပ်ကြ

www.burmeseclassic.com

မှာမဟုတ်လား။ ဒါကြောင့်မို့ ကျုပ်လက်ထဲမှာ ငွေအဆင်သင့်ရှိနေရမယ်လေ။

"ယောကျ်ား.....ထလေ၊ ဘုရားသွားကြမယ်၊ ဒီနေ့ ဈေးပိတ်တယ်"

"ဟာကွာ.....အိပ်ရေးမဝသေးဘူး၊ မင်းတစ်ယောက်တည်းသွားလိုက်ကွာ"

"ဘယ်ဖြစ်ပါ့မလဲ၊ ရှင်လည်းလိုက်မှပေါ့၊ အပြန်မှာ ရုပ်ရှင်ကြည့်ကြမယ်ဆို၊ အစ်ကိုပဲ ညက အိပ်နေရင်းနဲ့ ပြောနေတာလေ"

"ဗုဒ္ဓေါ....."

ကျုပ် လန့်ဖျပ်ပြီး မျက်လုံးပြူးကျယ်သွားရတော့တယ်။ အိပ်နေရင်း ယောင်တာပဲဖြစ်မှာပါ။ ကျုပ်ကို ခရေက ချိန်းတယ်လေ။ အဲဒါကိုစိတ်စွဲပြီး ကျုပ်အသံထွက်မိတာပဲဖြစ်မှာပါ။

"ပြီးတော့ ရှိသေးတယ်၊ ခရေခရေနဲ့၊ ဘုရားပန်းကပ်ဖို့ထင်ပြီး အေးယဉ်တောင် ခရေပန်းတွေဝယ်ထားသေးတယ်"

ဟုတ်ပါပြီ။ ခရေ့အမည်လေးပါသွားပုံပါပဲ။ မိန်းမက နုံလို့သာတော်သေးတာပေါ့။ လည်လည်ဝယ်ဝယ် မိန်းမဆိုရင် ကျုပ်ယောင်မိတာနဲ့ ခရေ့ဇာတ်လမ်းက ပေါ်သွားမှာပဲ။

ကျုပ်နဲ့ခရေဟာ ဇာတ်ရှိန်မြင့်တဲ့အပိုင်းကို ရောက်နေပါပြီ။ ခရေကလည်း ကျုပ်မှာ မိန်းမရှိမှန်းသိနေတယ်။ ဘယ်တုန်းက စုံစမ်းထားမှန်း ကျုပ်မသိခဲ့ဘူး။ ကျုပ်ကိုလည်း အခွင့်အရေးတွေပေးတယ်။ ဒါပေမဲ့ ကျုပ်က သတ္တိမရှိဘူးလို့ ဆိုရမှာပေါ့။ ခရေ့ကို အိမ်တစ်ဆောင်၊ မီးတစ်ပြောင်နဲ့ ထားနိုင်ဖို့ ကျုပ်မှာ မတတ်နိုင်တာဗျာ။ ဒီတော့ ပေးတဲ့ အခွင့်အရေးကို ကျုပ်မယူခဲ့ဘူး။

"ဟင်း...လေးလေးက ဘယ်လိုကြီးမှန်းမသိဘူး၊ နှလုံးသားမှရှိပါရဲ့လား"

ကျုပ်ကို ခရေက အားမလိုအားမရဖြစ်သွားတယ်။ ဇာတ်လမ်းကို စတုန်းက ကျုပ်ဘက်က အရင်စခဲ့ပြီးမှ အခုတော့ ရှေ့မတိုးရဲတော့ဘူးပေါ့။ ကျုပ်ရဲ့ဆန္ဒက ခရေလေးနဲ့ တွဲသွားတွဲလာ စားသောက်ပြီး ယောကျ်ားတွေအလယ်မှာ ဂုဏ်ယူမယ်ပေါ့။

"အစ်ကို ဘုရားမသွားတော့ဘူးလား"

ခရေလေးအကြောင်းကိုတွေးနေရင်း မအေးယဉ်ကြောင့် ပျက်သွားရတယ်။

"မသွားတော့ဘူးဆိုမှကွာ၊ ပြန်အိပ်မယ်"

"ဒါဆိုလည်း အိပ်လိုက်တော့၊ အေးယဉ်တော့ ဓမ္မာရုံမှာ သီလသွားယူလိုက်တော့မယ်"

"အေး.....အေး၊ သွား"

ကျုပ်က စိတ်ကူးယဉ်အိပ်မက်လေးကို ပြန်မက်နေလိုက်တော့တယ်။ ကျုပ်စိတ်ထဲမှာ တွေးမိတာက ယောကျ်ားတွေမှာ အချစ်သစ်ရှိလာရင် လက်ရှိအချစ်ကို ဥပေက္ခာစိတ် ထားနိုင်ကြပါလားဆိုတာကို ကျုပ် လက်တွေ့ခံစားမိလိုက်တယ်။

ဒါပေမဲ့လည်း အချစ်သစ်ကို စိတ်နာလာတဲ့တစ်နေ့မှာ လက်ရှိအချစ်ဟာ ကျုပ်ကိုစွန့်လွှတ်လိုက်တယ်ဆိုတာ ကျုပ်ကိုယ်တွေ့ကြုံရပြီဗျာ။

+ + +

"ခင်ဗျားက ကျွန်တော့်မိန်းမကို ကြာခိုနေတယ်ပေါ့"

ကျုပ်နဲ့ခရေတို့လည်း အံ့အားသင့်သွားတော့တယ်။ ခရေနဲ့ရွယ်တူတန်းတူလို့ ယူဆရတဲ့ အမျိုးသားတစ်ယောက်က ကျုပ်ကို ရင်ဘတ်ကအင်္ကျီစကိုဆွဲပြီး ထိုးဖို့ပြင်လိုက်တယ်။ သူနဲ့အတူပါလာသူက အဲဒီလူကို အတင်းလိုက်ဆွဲပြီး.....

"အေးကြူ.....မင်း မလုပ်နဲ့နော်၊ ဒါမျိုးက အေးအေးဆေးဆေး ဖြေရှင်းမှရမယ်၊ ဟဲ့.....ခရေ၊ နင့်လင်ကို ခေါ်သွားတော့၊ ရှုန်းရင်းဆန်ခတ်ဖြစ်ရင် အကုန်လုံးအချုပ်ထဲရောက်ကုန်လိမ့်မယ်"

ခရေဟာ ကျုပ်လက်မောင်းကိုဖြုတ်ပြီး ဟိုကောင့်လက်မောင်းကိုကိုင်ပြီး ချော့ခေါ်သွားတယ်။ ကျုပ်လန့်သွားတာပေါ့။ ဘာတွေဖြစ်ကုန်ကြပြီလဲဗျာ။ ကျုပ်နဲ့ ကျန်တဲ့အမျိုးသားတစ်ယောက်က ဒေါသတကြီးနဲ့ပါသွားတဲ့ ခရေ့ယောကျ်ားနဲ့ ခရေ့ကိုကြည့်ပြီး ကျန်ခဲ့ကြတယ်။

"ဦးလေး၊ စိတ်တော့မကောင်းပါဘူးဗျာ၊ ဦးလေးနဲ့ဖြစ်နေတဲ့ ခရေက အေးကြူရဲ့မယားဗျ"

"ဗျာ.....ခရေက အပျိုဆို"

"မိန်းကလေးပဲ ဒီလိုပဲပြော

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ဗျာ၊ ဦးလေးက မသိဘူးလား''

ဘာတွေဖြစ်ကုန်ကြပြီလဲဗျာ။ ကျုပ် ဘာမှနားမလည်တော့ဘူး။

''ဒီလို ဦးလေးရေ၊ ခရေက ဦးလေးနဲ့ ခြေပုန်းခုတ်နေတာကို အေးကြူက သတင်းကြားပြီး နောက်ယောင်ခံလိုက်နေတာ၊ ဟောဒီမှာ ကြည့်လေ၊ ဦးလေးနဲ့ခရေတို့ သွားလာနေကြပုံတွေ''

ကျုပ်မျက်လုံးတွေ ပြူးကုန်ပြီဗျာ။ ကျုပ်တို့နောက်ကို အရိပ်လိုလိုက်ပါနေတာ ကျုပ်တို့က မသိခဲ့ဘူး။

''အဲဒါ အေးကြူဖုန်းနဲ့ရိုက်ထားတဲ့ ပုံတွေပဲ၊ ဒီပုံတွေပြပြီး ဦးလေးကို မယားခိုးမှုနဲ့ အမှုဖွင့်ဖို့ စီစဉ်ထားတယ်၊ အဲဒါဆိုရင်တော့ ဦးလေး ထောင်ကျပြီ''

''ဗျာ...ကျုပ်....ကျုပ် ထောင်ကျမယ်''

''ဒါပေါ့ ဦးလေးရဲ့ သူများမယားကို ခိုးယူပေါင်းသင်းနေတာ အပြစ်ရှိတာပေါ့၊ ဦးလေးက မပေါင်းသင်းပါဘူးလို့ ငြင်းဆန်ပေမယ့် ဥပဒေက ခွင့်မလွှတ်ဘူး၊ အရေးယူမှာပဲ''

သွားပြီဗျာ။ ကျုပ်.....ကျုပ် ဘာဆက်လုပ်ရမလဲ၊ ဒီအကြောင်းသာ မအေးယဉ်သိရင် ရှက်ပြီးသေသွားမှာ အမှန်ပဲဗျာ။

''ဒီတော့ ဦးလေးလည်းမနစ်နာအောင်၊ အေးကြူလည်း ကျေနပ်အောင် သူတို့ကို လျော်ကြေးပေးလိုက်တော့ဗျာ''

''လျော်ကြေး ကျုပ်ကဘယ်လောက်ပေးရမှာလဲ''

''သိန်း ၁၅၀ ဆိုရင် အဆင်ပြေမယ်''

''ဟာ.....အဲဒီလောက်ငွေ ကျုပ်မှာမရှိဘူး''

''ဒီမှာ ဦးလေး၊ ခင်ဗျားဘယ်မှာနေသလဲဆိုတာ ကျွန်တော်တို့ အကုန်လုံး စုံစမ်းပြီးပြီ၊ ခင်ဗျားမှာ ပစ္စည်းရှိရင် ငွေရှိရမှာပေါ့ဗျာ''

ကျုပ် မှားပြီဗျာ။ ကျုပ်ကိုယ်တိုင်မှားမှန်းသိသွားတဲ့တစ်နေ့ ကျုပ်ရဲ့ဘဝဟာ အဖတ်ဆယ်မရတော့ပါဘူး။ သူတို့တောင်းတဲ့ငွေကို မပေးနိုင်ရင် ကျုပ်ကို ဥပဒေနဲ့ ဖမ်းဆီးကြမ်။ တစ်ရက်ကနေ နှစ်ရက်ဖြစ်ပြီး တစ်ရပ်ကွက်လုံးသိကုန်ရင် ကျုပ်.. ကျုပ်လေ ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရတော့မှာလဲဗျာ။ ဒီကိစ္စက မအေးယဉ်မသိလို့ မဖြစ်တော့ဘူး။ ကျုပ်ကိုကယ်တင်မှာ မအေးယဉ်ပဲရှိတော့တာပါ။

''ဦးလေး စဉ်းစားပေါ့ဗျာ၊ ထောင်ထဲသွားမလား၊ လျော်ကြေးပေးမလားဆိုတာပေါ့၊ တစ်ပတ်အချိန်ပေးမယ်ဗျာ၊ တစ်ပတ်ပြည့်လို့မှ အကြောင်းမထူးရင်တော့ ကျွန်တော့်သူငယ်ချင်းက ရဲစခန်းမှာအမှုသွားဖွင့်မှာနော်၊ စဉ်းစားပြီးရင်တော့ ရော့.....ဒီဖုန်းနံပါတ်ကိုသာ ဆက်သွယ်လိုက်တော့''

အဲဒီစကားနဲ့ ကျုပ်အနားကနေ ထွက်သွားတော့တယ်။ ငေါင်စင်းစင်းနဲ့ ကျန်ခဲ့ပြီး ရှေ့ဆက်လျှောက်ရမယ့် ခြေလှမ်းတွေမှာ အားအင်တွေ ဆုတ်ယုတ်ကုန်ရပြီလေ၊ ကျုပ် သိပ်ကို မိုက်မဲတယ်ဗျာ။ ဒေါင်းယောင်ဆောင်တဲ့ ကျီးမကို အခုတော့ ကျုပ်တွေ့ရပြီပေါ့။ ဒါဟာ တကယ်ဖြစ်ပျက်ခဲ့တာမဟုတ်ဘဲ လုပ်ကြံဖန်တီးခဲ့တဲ့ ဖြစ်ရပ်ဆိုတာ ကျုပ်သဘောပေါက်သွားရပါပြီ၊ ဒါကြောင့်လည်း ခရေဆိုတဲ့ မိန်းမဆိုးက ကျုပ်ဆီစပြီး ဆက်သွယ်ခဲ့တာပဲမဟုတ်လားဗျာ။

ကျုပ်ရဲ့ရေတိမ်နစ်ခဲ့တဲ့ဇာတ်လမ်းကို ကျုပ်သိခဲ့ရတော့ မအေးယဉ်သိအောင် ဘယ်လိုဖွင့်ပြောရမလဲဆိုတာ ကျုပ်စဉ်းစားရပြီလေ။ သူတို့တောင်းတဲ့ သိန်းတစ်ရာ့ငါးဆယ်ကို ကျုပ်က ဘယ်ကနေ ရှာဖွေပေးရတော့မှာလဲဗျာ။

+++

နောက်ဆုံးတော့ မအေးယဉ်ကို ပြောပြလိုက်ရတော့တယ်။ မအေးယဉ်ဟာ ကြားကြားချင်းရှိုက်ငိုတော့တာပဲဗျာ၊ ကျုပ်ကိုလည်း စိမ်းစိမ်းကားကားဖြစ်သွားတယ်။ အချစ်ကြီးလို့ အမျက်ကြီးတာ မအေးယဉ်လို မိန်းကလေးမျိုးပဲဖြစ်ပါလိမ့်မယ်။ ကျုပ်အပေါ် သတ်ပစ်ချင်လောက်အောင် စိတ်နာသွားမယ်ဆိုတာလည်း ကျုပ် သိလိုက်ပါပြီဗျာ။

ကျုပ်က မအေးယဉ်ကို ဘယ်လိုချော့ချော့ မအေးယဉ်ဘက်က ကျုပ်အပေါ် သွေးအေးနေသလိုပါ ပဲ။ သူလည်း သူ့ဘဝရှေ့ရေး အတွက်

www.burmeseclassic.com

www.burmeseclassic.com





စဉ်းစားတွေ့မှာပေါ့။ ကျုပ်လိုကောင်ကို စွန့်ခွာဖို့ ဝန်လေးမှာ မဟုတ်တော့ပါဘူး။ အရင်လို 'အစ်ကို'ဆိုတဲ့ အခေါ်အဝေါ်တွေနဲ့ ကျုပ်ကို မကြင်နာချင်တော့ဘူးဗျာ။ ဒါဟာ ကိုယ်ပြုခဲ့တဲ့ကံကြောင့် ကိုယ်ပြန်ခံစားရတာဆိုရင် ကျုပ် မအေးယဉ်အပေါ် ဘယ်တရားပါ့မလဲဗျာ။

နောက်တော့ မအေးယဉ်ဟာ ကျုပ်ဘဝလေးထဲကနေ တိတ်တိတ်လေး ပြေးထွက်သွားတော့တယ်။ ကျုပ်ကို နှုတ်မဆက်၊ အသိမပေးဘဲနဲ့ ပစ္စည်းဥစ္စာတွေထားခဲ့ပြီး ကျုပ်ကို ထာဝရ စွန့်ခွာထွက်သွားပြီလေ။ ဒါဟာ မက်မောခြင်းမရှိတဲ့သဘောပါပဲ။ ပြီးတော့ ကျုပ်နဲ့ပတ်သက်ပြီး ဘာမှမရှိစေချင်တဲ့သဘောနဲ့ ကျုပ်ကို မုန်းတီးသွားတာပါ။

"အေးယဉ်.....အစ်ကို့ကို ခွင့်လွှတ်ပေးပါတော့ကွာ၊ အစ်ကို့မှာ ဝဋ်ကြွေးရှိလို့ ခံရတာပါ အေးယဉ်ရယ်၊ ဒီဝဋ်ကြွေးကို နောင်ဘဝထိ မပါချင်ပါဘူးကွာ"

နောက်ဆုံးမှာ ကျုပ်က အိမ်ကိုရောင်းချပြီး ပေးဆပ်လိုက်ရတယ်။ သည်တော့ ကျုပ်ရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းတွေကိုယူပြီး ကျုပ်က လမ်းဘေးမှာနေ၊ လမ်းဘေးမှာအိပ်ခဲ့ရပြီး လမ်းဘေးမှာ စားသောက်ခဲ့ရတယ်။ သုံးနှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ ကျုပ်မှာရှိတဲ့ငွေတွေ ကုန်သွားရတယ်၊ ဒီတော့ ပင်စင်ငွေလေးနဲ့ပဲ ကျုပ်က အသက်ဆက်နေရတာပေါ့။ ကျုပ်သေရင်တောင် ကျုပ်ဇနီးမအေးယဉ်ကို အမွေဆက်ခံပေးခဲ့ဖို့ မအေးယဉ်က ကျုပ်အနားမှာ မရှိရှာတော့ဘူး။

"ဘယ်ဆီကိုရောက်နေသလဲ အေးယဉ်ရယ်၊ အစ်ကို မင်းကို တမ်းတနေဆဲပါကွယ်"

ကျုပ်က ပြဿနာတွေ ရှင်းပြီးတဲ့နောက် မအေးယဉ်ရှိနိုင်တဲ့နေရာမျိုးကိုသွားပြီး ရှာဖွေခဲ့ပါသေးတယ်။ မအေးယဉ်ရဲ့အမျိုးတွေနဲ့ ဇာတိမြေအထိ ကျုပ်ရောက်သွားတယ်။ အဲဒီမှာလည်း ရှိမနေတဲ့အတွက် ကျုပ်က ခရီးကြုံလို့ ဝင်တဲ့သဘောမျိုးနဲ့ ပြန်လှည့်လာခဲ့ရတယ်။ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့စကားက ကျုပ်အတွက် မှားနေပါလား။ တကယ်တော့ မအေးယဉ်က ကျုပ်ဘဝထဲက ပျောက်သွားတာမဟုတ်ဘူး၊ ကျုပ်မတွေ့နိုင်အောင် ရှောင်ပုန်းနေတာပဲဖြစ်မှာပါ။

"အေးယဉ်..အေးယဉ်၊ ပြန်လာခဲ့ပါလား အေးယဉ်ရယ်၊ အစ်ကို့ဘဝထဲကို ပြန်လာပါတော့ မိန်းမရာ"

ကျုပ်လေ မိန်းမကို တမ်းတပြီး ဒီတစ်သက် ပြန်ဆုံနိုင်အောင် ဆုတောင်းမိတယ်။ သစ္စာမရှိသူအတွက် သစ္စာရှိသူက ရှောင်ပြေးသွားတာ ကျုပ် ဝမ်းအနည်းဆုံးပဲဗျာ။ ဒီတစ်သက် မအေးယဉ်မျက်နှာလေးကို ပြန်တွေ့ရရင်ပဲ ကျုပ်သေပျော်ပါပြီ။ မအေးယဉ်လက်ပေါ်မှာ ကျုပ်သေချင်တယ်။ သေခွင့်ရပါစေလို့လည်း ကျုပ်ဆုတောင်းနေတယ်။

အခု ကျုပ် မိုးတွေမိလို့ ကျုပ်ရင်ထဲမှာ ချမ်းစိမ့်နေပြီဗျာ။ ချမ်းတာမှ အသည်းထဲခိုက်ခိုက်တုန်နေမိတယ်။ အဲဒီအချိန်မှာ ကျုပ်သတိရသူက အမေနဲ့ မအေးယဉ်ပဲ။

"အမေ..အမေ၊ ကျွန်တော့်ကို ဆေးတိုက်ပါဦး၊ အမေ.....သားကို လာကြည့်ပါဦးဗျာ"

ကျုပ် ကယောင်ကတမ်းဖြစ်နေတော့တယ်။ ကိုယ်တွေပူလာပြီး ကျုပ် အဖျားကြီးလာတယ်၊ ငယ်စဉ်က တမ်းတသူက အမေ၊ ကြီးလာတော့ တမ်းတသူက မိန်းမ။ အမေတစ်ယောက်လိုပဲ မအေးယဉ်က ကျုပ်ကို ကြင်ကြင်နာနာ ပြုစုရှာတယ်။

"အေးယဉ်....အေးယဉ်၊ အစ်ကိုဖျားနေတယ်လေ၊ အစ်ကို့နားကို

www.burmeseclassic.com

www.burmeseclassic.com



လာပါဦးကွာ၊ အေးယဉ်....."

"ဟာ.....ပော့လူကြီး၊ ခင်ဗျား ဘာတွေယောင်နေတာလဲ"

ဓမ္မာရုံစောင့်က ကျုပ်ခြင်ထောင်ကိုမ,ပြီး ကျုပ်ကိုလှုပ်နှိုးတယ်။ နောက်တော့ ကျုပ်ဖျားနေမှန်း သိသွားတယ်။

''ဟင်.....ခင်ဗျားကိုယ်တွေ တအားပူနေတာပါလား၊ နေဦး၊ ဆေးသွားယူမယ်ဗျာ''

ခဏနေတော့ ကျုပ်ကိုဆေးတိုက်တယ်။ ကျုပ်က သတိရတစ်ချက်၊ မရတစ်ချက်ပါပဲ။ မျက်ဖြူလန်သွားလိုက်၊ အသိဝင်လာလိုက်နဲ့ပေါ့။ ကျုပ်သာ ခုချိန်မှာ တစ်ခုခုဖြစ်သွားရင် ကျုပ်ရဲ့ပင်စင်လေးကို ကျုပ်မိန်းမလက်ထဲ ထည့်သွားနိုင်မှာမဟုတ်တော့ဘူး။ ဒါပေမဲ့ ကျုပ်တို့နှစ်ယောက်ရဲ့ လက်ထပ်စာချုပ်လေးက ကျုပ်လွယ်အိတ်ထဲမှာရှိနေတော့ တွေ့ကြမှာပါ။ ဒီအစွဲတွေနဲ့ ကျုပ်သေရင် အပါယ်ကျမှာ သေချာတယ်လေ။ အားလုံးကိုစွန့်ခွာပြီး ကျုပ်ဘဝအတွက် သေတတ်အောင် ကျင့်ကြံရတော့မယ်။

''ဒူ.....ဝေ.....ဝေ''

ဓမ္မာရုံစောင့်ကြီးက ကြေးစည်တီးပြီး ကျုပ်ကို တရားသံပေးဝေလိုက်တယ်။ ပြီးတော့ ကျုပ်နားကိုကပ်ပြီး ဘုရားစာတွေ ရွတ်ဆိုပေးတယ်။ သူ့ကိုကျုပ် ကျေးဇူးသိပ်တင်တယ်ဗျာ။ ကျုပ်တစ်သက်မှာ တစ်ခါမှ မခံစားရဘူးတဲ့ အတွေ့အကြုံတစ်ခုကို ကျုပ်ရင်ဆိုင်နိုင်ဖို့ ဓမ္မာရုံစောင့်ကြီးက ကျုပ်ကို နိဗ္ဗာန်မရောက်တဲ့တိုင် ကျုပ်ကို အပါယ်မကျအောင် တရားအသိတွေနဲ့ ကူညီခဲ့တယ်။

"ခင်ဗျား ဘုရားကို အာရုံပြုနော်၊ ဘာမှလျှောက်မတွေးနဲ့၊ ကျန်တာတွေ ခင်ဗျားမပူနဲ့၊ ခင်ဗျားဖြစ်စေချင်သလို ဖြစ်လာစေရမယ်၊ အခု ခင်ဗျား အာရုံထားရမှာက ဘုရားကို မြင်အောင်ကြည့်၊ ခင်ဗျားလှူခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို ပြန်မြင်နေ၊ ဟုတ်ပြီလား''

သူပြောနေတာတွေ ကျုပ်အကုန်ကြားပါတယ်။ သူပြောတဲ့အတိုင်း ကျုပ်လိုက်လုပ်နေပါတယ်။ ကျုပ်.....ကျုပ် ကျေနပ်ပါတယ်ဗျာ။ ကျုပ်နှလုံးသားထဲမှာ ဘုရားတည်ရင်း ကျုပ်ဝိညာဉ်က လွင့်ထွက်သွားတော့တယ်။ အားလုံးကို နှုတ်ဆက်ရင်း ကျုပ်ဟာ အားလုံးနဲ့ဝေးရာကို လွင့်ပါထွက်ခွာသွားရပြီဗျာ။

လေးစားစွာဖြင့်
နွေအလွန်

➢အဝမ်းအသီး၊ အချုပ်အနှောင်၊ ထောင်တန်းကျခံနေရသော မိမိခင်ပွန်းကို တစ်နည်းနည်းနဲ့ အမြန်ဆုံးလွတ်မြောက်လာစေချင်ပါသလား။ ➢အမှုအခင်းကြုံတွေ့ရင်ဆိုင်နေရသဲ မိမိခင်ပွန်းကို အပြစ်မရှိက အမြန်ဆုံးအမှုပြီးပြတ်အနိုင်ရရှိစေရန်နှင့် အပြစ်ရှိပါကလည်း အနိမ့်ဆုံးပြစ်ဒဏ်မျှသာကျခံစေ၍ အမှုအမြန်ဆုံးပြီးပြတ်သွားစေချင်သလား။ ➢အရှုပ်အရှဲ၊ အတိုင်အတော၊ အစစ်အဆေးခံရသော မိမိခင်ပွန်းကို ထိုအကျပ်အတည်းမှ အမြန်ဆုံးကျော်လွှားလွန်မြောက်စေချင်သလား။

(ဂမ္ဘီရပညာယတြာအစီအရင်ဖြင့် ကူညီမှုလိုအပ်လျှင်လာခဲ့ပါ)

ဆရာကြီးစွမ်းအောင်မြင့်
(ဥဒဒေါ)

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

ဝိုးမြင့်

ကျော့ဟွံရဲ့
အလှဆေးရေမြှုပ်
နှင့်
အသက်




www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ထွန်းအောင်သည် ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှပြန် လာသည်။ မော်တော်ဆိုင်ကယ်ကို အသော့နှင်လာသည်။ ကျောက်ဖြူ ပင်လယ်ကမ်းခြေသည် ပန်းချီကား တစ်ချပ်ကဲ့သို့ လှပသည်။

ကျောက်ဖြူမြို့ကို နောက်မှာ ချန်ထားခဲ့ပြီး ရဲအုပ် ထွန်းအောင် သည် ရန်ကုန်ကားလမ်းအတိုင်း လာခဲ့သည်။ ဇင်ချောင်းရွာရောက် ရှိသည်။ ခဏနားသည်၊ ကော်ဖီနှင့် မုန့်စားသည်။

ဇင်ချောင်းတွင် ရန်ကုန်ကား များကို ဒေသထွက်ကုန်ငါးခြောက် များ ရောင်းချနေသည်ကို တွေ့ရ သည်။ မကြာမီ ရဲအုပ် ထွန်းအောင် ခရီးဆက်သည်။ ဇင်ချောင်းရဲစခန်း မှူး ဒုရဲအုပ် စံထွန်းလှနှင့် စခန်း ရှေ့တွင်တွေ့၍ အရိုအသေပေးရာ ရဲအုပ် ထွန်းအောင်က ပြန်လည် နှုတ်ဆက်ခဲ့သည်။

ယခု ရဲအုပ် ထွန်းအောင်သွား သည့်လမ်းသည် ရန်ကုန်လမ်းမှခွဲ ထွက်သည့် ကင်းချောင်းရွာသို့ ရောက်ရှိသောလမ်းဖြစ်သည်။ ဇင် ချောင်း၊ ကင်းချောင်းလမ်းသည် ကျောက်ချောလမ်းဖြစ်သည်။

ကင်းချောင်းဆိပ်ရောက်ရာ ကမ်းတစ်ဖက်သို့ ကူးတို့ကူးရသည်။ ဆိုင်ကယ်ကို လှေပေါ်တင်ကူးရ သည်။ ကင်းချောင်းသည် ပင်လယ် ဝသို့ စီးဆင်းသောချောင်းဖြစ်သည်။

ဖျား ခေါ် ဒီရေတက်သည်။ ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့ နယ်ကိုလည်း ကင်းချောင်းဖြင့်ပိုင်း ခြားထားသည်။ ရဲအုပ် ထွန်းအောင် သည် ၃ မိုင်မျှ မြေသားလမ်း အတိုင်း ဆိုင်ကယ်မောင်းပြီးမှ လေး တောင်ရဲစခန်းသို့ ရောက်ရှိခဲ့သည်။

"စခန်းမှူး ရယက(ယခင် အခေါ်)ဦးရွှေသန်း စောင့်နေပါ တယ်၊ မကြာသေးပါဘူး၊ အခုတင် စခန်းမှူးရှေ့က ရောက်လာတာပါ"

ဂိတ်စာရေး ရဲတပ်ကြပ်ကြီး သာလုက ဆီး၍သတင်းပို့ခဲ့သည်။ အသက် (၆၅)နှစ်အရွယ် ရွာလူကြီး က မတ်တတ်ရပ်၍ အရိုအသေပေး ခဲ့သည်။

"ထိုင်ပါ ဦးရွှေသန်း၊ ဘာများ ထူးပါသလဲခင်ဗျ"

"မိန်းမအလောင်းတွေ့လို့ပါ၊ ရမ်းဗြဲ–လေးတောင် ကားလမ်းဘေး မှာပါ၊ စည်ကြီးတောင်နဲ့နီးပါတယ်"

ရဲအုပ် ထွန်းအောင်သည် ဂိတ် စာရေးကြီးအား သေမှုသေခင်းဖွင့် စေပြီး ဒုရဲအုပ် မျိုးအောင်၊ ရဲတပ် သား အောင်မြင်၊ ရဲတပ်သား နေ မျိုးကျော်စွာတို့နှင့်အတူ ဦးရွှေသန်း နှင့် လိုက်သွားသည်။

အခင်းဖြစ်နေရာသို့ရောက်ရှိခဲ့ သည်။ လမ်းဘေးတွင် လယ်တဲ လေးတစ်လုံး တွေ့ရသည်။ လယ်တဲ လေးတောင်ဘက် လယ်ကွင်းထဲ တွင် အမျိုးသမီးအလောင်းကိုတွေ့ မြင်ရသည်။

အမျိုးသမီးမှာ အစိမ်းရောင် ကိုယ်ကျပ်အင်္ကျီလက်ပြတ်ကိုဝတ် ထားသည်။ ထဘီမရှိကြောင်း တွေ့ ရသည်။ နားတွင် စိန်ခြယ်နားကပ် တစ်ရန် ဝတ်ဆင်ထားသည်ကိုတွေ့ ရပါသည်။ အသက် ၃၀ ကျော်ခန့် ရှိနိုင်သည်။ အသားဖြူသည်၊ ကိုယ် လုံးကိုယ်ပေါက်ရှိပြီး ချောမောလှပ သူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ သည်။

ရဲအုပ် ထွန်းအောင်အဖွဲ့သည် အခင်းဖြစ်နေရာကို အသေးစိတ်စစ် ဆေးခဲ့သည်။ လယ်တဲလေးမှ လယ် ကွင်းထဲသို့ အမျိုးသမီးအလောင်းကို ဒရွတ်တိုက်ဆွဲသွားသောအရာများ တွေ့ရပါသည်။

ကားလမ်းဘေးတွင် သွေးစ များ တွေ့ရသည်။ တဲရှေ့တွင် အနီ ကွက်များတွေ့ရရာ သေသေချာချာ ကြည့်သောအခါ သွေးကွက်များသာ မက ကွမ်းတံတွေးကွက်များဖြစ်နေ သည်ကို တွေ့ရသည်။

တစ်ဖန် သွေးစများပေနေ သော ကျောက်ခဲကြီးတစ်လုံးကိုတွေ့ ရသည်။ အချင်း(၁)ပေ၊ ထု(၄) လက်မရှိသည်။ သလင်းပါးမှော် ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြာဖြစ်သည်ဟု ရှာလူကြီးက ပြောပြသည်။ တစ်ဖန် ကွမ်းယာထုပ်တစ်ထုပ်တွေ့သည်။ မစားရသေးသော ကွမ်းတစ်ယာကျန်ရှိသည်ကိုတွေ့ရသည်။

ရဲအုပ် ထွန်းအောင်သည် အခင်းဖြစ်နေရာ မြေပုံကြမ်းရေးဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ တွေ့ရှိသော သက်သေခံ ပစ္စည်း ကျောက်ခဲကြီး၊ ကွမ်းယာထုပ်တို့ကို ရှာဖွေပုံစံဖြင့် ရေးမှတ်သိမ်းဆည်းခဲ့သည်။

"ဦးရွှေသန်း၊ ဒီအမျိုးသမီး ဘယ်ရွာကလဲ၊ ကြည့်ပါဦး"

ရဲအုပ် ထွန်းအောင်က ရှာလူကြီးအား မေးမြန်းခဲ့သည်။ ရှာလူကြီးက လေးတောင်နယ်မြေအတွင်း မမြင်ဘူးကြောင်းပြောပြသည်။ ရဲအုပ် ထွန်းအောင်အဖွဲ့သည် အမည်မသိအမျိုးသမီးအလောင်းအား လိုအပ်သော လက်ချောင်းများအားလုံး လက်ဗွေနှိပ်ယူကြသည်။

အမျိုးသမီးအလောင်းအား လေးတောင်တိုက်နယ်ဆေးရုံသို့ပို့ ရန် ရှာလူကြီး၊ ရွာသားများနှင့် ညှိနှိုင်းဆောင်ရွက်ရလေသည်။ ရဲစခန်းပြန်ရောက်သည့်အခါ သေမှုသေခင်း အမှတ်စဉ် ၂/၂၀၀၄ ဖြင့် ဖွင့်ထားရာမှ (ပ)၇/၂၀၀၄၊ ပြစ်မှုပုဒ်မ ၃၀၂ သို့ ပြောင်းလဲဖွင့်လှစ်ပါသည်။

အမှုကြီးအမှတ်စဉ် ၁/၂၀၀၄ ကို ရမ်းဗြဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ R.T စက်ဖြင့်လည်းကောင်း၊ ချောစာဖြင့်လည်းကောင်း ပေးပို့စေသည်။

အမည်မသိ အမျိုးသမီး အလောင်း မိမိရဲစခန်းပိုင်နယ်မြေအတွင်း တွေ့ရှိရခြင်းကြောင့် အမှုပေါ်ပေါက်အောင် စုံစမ်းဖော်ထုတ်ရန်တာဝန်ကား စခန်းမှူး ရဲအုပ် ထွန်းအောင်အပေါ်သို့ ကျရောက်နေတော့သည်။ မိန်းမတစ်ယောက် အသတ်ခံရသောသတင်းကား ချက်ချင်းပျံ့နှံ့ခဲ့လေသည်။

+++

ရဲအုပ် ထွန်းအောင်သည် ပတ်ဝန်းကျင်ကျေးရွာများသို့ စုံစမ်းခဲ့သည်။ ဒုရဲအုပ် မျိုးအောင်နှင့် တပ်ဖွဲ့ဝင်များအားလည်း လှည့်ကင်းထွက်၍ စုံစမ်းစေသည်။

ဒုရဲအုပ် မျိုးအောင်နှင့်အဖွဲ့သည် စည်ကြီးတောင်ပတ်ဝန်းကျင်၊ ကျောက်နဂါးကျေးရွာများသို့ ရောက်ရှိစုံစမ်းခဲ့သည်။

သေဆုံးသူအမျိုးသမီး မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်အရပ်မှလာသည်၊ မည်သူနှင့်ပတ်သက်သည်၊ မည်သည့်အတွက် သေရသည်၊ တရားခံမှာ မိမိဒေသကလား၊ အခြားနယ်မြေမှ လာရောက်ကျူးလွန်ခြင်းလား အဘက်ဘက်မှသိရှိအောင် စုံစမ်းစစ်ဆေး ဖော်ထုတ်ရပေမည်။

ရဲအုပ် ထွန်းအောင်နှင့် ဒုရဲ အုပ် မျိုးအောင်တို့ ရဲစခန်းရုံးပေါ် တွင် အမှုအတွက် ခေါင်းချင်းဆိုင် လျက်ရှိသည်။

"သေသူအမျိုးသမီးက ထဘီမပါဘူး၊ အဲဒီထဘီ ဘာရောင်လဲဆိုတာ ဗိုလ်လေးမျိုးအောင် သိသလား"

ရဲအုပ် ထွန်းအောင်က တပည့်ဖြစ်သူအား အပျင်းပြေ ပဟေဠိ မေးကြည့်နေသည်။ ဒုရဲအုပ် မျိုးအောင်ကလည်း ကောက်ခါငင်ခါဖြေလိုက်သည်။

"အစိမ်းရောင်၊ ဒါမှမဟုတ် အစိမ်းရောင်ပါတဲ့အဆင်"

"ဘာဖြစ်လို့လဲ"

"ဝတ်ထားတဲ့ အင်္ကျီလက်တို အစိမ်းရောင်ဖြစ်လို့ ဝမ်းဆက်ဝတ်တဲ့ မိန်းကလေးတွေ အစိမ်းရောင်ပါတဲ့ ထဘီပဲဝတ်မှာပါ စခန်းမှူး"

"အေး...ဟုတ်လောက်တယ်"

ရဲအုပ်ထွန်းအောင်သည် အမျိုးသမီး၏ ကိုယ်ပုံသဏ္ဌာန်ဖော်ပြ၍ လက်ဗွေများနှင့်အတူ စီအိုင်ဒီ၊ ပြည်နယ်ရုံးများသို့ သေဆုံးသူ မည်သူမည်ဝါအမှန်ဖြစ်ကြောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပေးပို့ရန်ဆောင်ရွက်ခဲ့သည်။

"စာရေးကြီး ကိုယ်ပုံသဏ္ဌာန် ကို ပြန်စစ်ပါဦး၊ ဘာလိုနေသေးလဲ"

ဂါတ်စာရေးကြီး တပ်ကြပ်ကြီး သာလှက ပြန်လည်စစ်ဆေးသည်။

"ဆံပင်အနက်ရောင်၊ ဆံပင်အရှည်၊ နဖူးကျဉ်း၊ မျက်ခုံးမွှေးသေးသွယ်၊ မျက်လုံးအရောင် အနက်၊ နှာတံပေါ်၊ သွားသေး၊ ညီညာ၊ ပါးစပ်ပေါက် သာမန်၊ နှုတ်ခမ်းပါး၊ နီဖျော့ဖျော့ရောင်၊ နားရွက်သေး၊ မျက်နှာသွယ်၊ အသားဖြူ၊ အရပ်ရှည်၊ ၅ ပေ ၄ လက်မခန့်၊ ကိုယ်

www.burmeseclassic.com



လုံးဖွံ့ဖြိုး၊ ထင်ရှားသောအမှတ်အသား မေးဖျားတွင် မှဲ့သေးနှစ်လုံးကပ်လျက်ရှိ၊ ကိုယ်ကျပ်အင်္ကျီလက်တိုအစိမ်းရောင်ဝတ်ထား၊ အနက်ရောင် ဘရာစီယာဝတ်ထား၊ ဦးခေါင်းတွင်ဆံညှပ်အသေးနှစ်ချောင်းတွေ့၊ စိန်ခြယ်နားကပ်တစ်ရန်ဝတ်ထား''

ရဲတပ်ကြပ်ကြီးသာလှသည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၇)ခုသို့ အကြောင်းကြားစာပေးပို့ရန် ဆက်လက်ဆောင်ရွက်ခဲ့သည်။

''ဂါတ်စာရေးကြီး၊ အခင်းဖြစ်နေရာက သိမ်းလာတဲ့ ကွမ်းယာထုပ်လေး ပြစမ်းပါဦး''

ရဲအုပ် ထွန်းအောင်က ကွမ်းယာထုပ်ကို ဖြေကြည့်လိုက်သည်။ အရောင်မည်းနေသော ကွမ်းယာတစ်ယာကို စစ်ဆေးနေသည်။ အခင်းဖြစ်နေရာတွင် သိမ်းဆည်းစဉ်က ကွမ်းယာအစိမ်းရောင်ဖြစ်ပြီး လတ်ဆတ်သေးကြောင်း သတိရသည်။

ကွမ်းရွက်ကို အညှာဘက်က ဝိုက်၍လိပ်ဖြတ်ထားသည်ကိုတွေ့ရသည်။ အဖျားဘက်ကလည်း ဝိုက်လိပ်ဖြတ်ထားသည်ကို တွေ့ရသည်။

ရဲအုပ် ထွန်းအောင် မျက်လုံးများ ဝင်းတောက်သွားသည်။ ဒုရဲအုပ် မျိုးအောင်နှင့် ရဲတပ်ကြပ်ကြီး သာလှတို့ ရဲအုပ် ထွန်းအောင်အား လှမ်းကြည့်နေကြသည်။

''ကွမ်းရွက်ကို ဒီလို အညှာရော၊ အဖျားပါ လိပ်ပြီးကွမ်းယာတာ ရမ်းဗြဲ ကျောက်ဖြူမှာ ဒီတစ်နေရာပဲရှိတယ်၊ ဖင်ချောင်းမှာပဲ၊ သိလား၊ ပြစ်မှုကျူးလွန်တဲ့သူ အဲဒီနေ့ကဝယ်စားလာတာဖြစ်ရမယ်၊ သူကျန်ခဲ့တဲ့ ကွမ်းယာက သူ့လမ်းကြောင်းကို ပြောပြပြီ၊ ဗိုလ်လေးမျိုးအောင် ဖင်ချောင်းကို သွားကြရအောင်''

ဆိုင်ကယ်တစ်ယောက်တစ်စင်းစီဖြင့် လေးတောင်ရဲစခန်းထဲမှထွက်လာကြသည်။ မိနစ် နှစ်ဆယ်ခန့်အကြာတွင် ကင်းချောင်းသို့ရောက်၍ ကူးတို့ဖြင့်ကူးကြသည်။ ကူးတို့ပို့ပေးသူ ဦးလုံးဖြူအား မေးကြည့်ခဲ့သည်။

''ဧပြီလ ၂၃ ရက်နေ့က ကင်းချောင်းဘက်က နဂါးရွာကမ်းဘက်ကို ကူးတို့ကူးတဲ့သူတွေ ဦးလေးပြန်စဉ်းစားကြည့်ပါဦး၊ ထူးခြားတာ အမျိုးသမီးတစ်ယောက်ပါတယ်၊ အင်္ကျီလက်တို အစိမ်းရောင်ဝတ်ထားတယ်၊ ဘယ်သူနဲ့ကူးလဲ၊ နှစ်ယောက်တည်းကူးတာမျိုးလား''

ထူးခြားချက်ပြောလိုက်သဖြင့် ကူးတို့ဆရာ ဦးလုံးဖြူ ချက်ချင်းသတိရသွားပါသည်။

''အပေါ်အစိမ်း၊အောက်အစိမ်းဝတ်ထားတဲ့ အလှအပကောင်မချေ (ကောင်မလေး)ပါတဲ့နေ့ကယောကျ်ားလေးတွေပါလာတယ်၊ မိန်းမခိုးလာတာဖြစ်ဖို့(ဖြစ်နိုင်တယ်)၊ ဘယ်သူနဲ့လဲဆိုတာ မှန်းမရဘူး၊ ကောင်မချေက လှေပေါ်မှာ နောက်ဆုံးကထိုင်တယ်၊ ဘယ်သူနဲ့မှ စကားပြောတာမတွေ့ဘူး၊ ကျောက်ဖြူလိုင်းကားဆိုက်ပြီး ဗွေခေါ်ဦးအခေါက်ပဲ''

''ယောကျ်ားလေးတွေ မှတ်မိသေးလား''

''ဖလပ်ပြင်ကလည်းပါတယ်၊ လေးတောင်ကလည်းပါတယ်၊ သိုင်းထောင့်ကလည်းပါတယ်၊ တချို့ကလေးတွေကို ကောင်းကောင်းမပြောတတ်ဘူး''

+ + +

ရဲအုပ် ထွန်းအောင်သည် သဲလွန်စသတင်းစကားများ ကြားလိုက်ရသည်။ မိမိစခန်းနယ်မြေသို့ ပြန်လှည့်၍ တရားခံစုံစမ်းရန် စဉ်းစားမိသော်လည်း လာသည့်လက်စနှင့် ဖင်ချောင်းသို့ ဆက်လက်သွားရောက်ခဲ့သည်။

ဖင်ချောင်းရဲစခန်းမှူး ဒုရဲအုပ် စံထွန်းလှကို ဝင်ခေါ်၍ ကားဂိတ်ကွမ်းယာဆိုင်သို့သွားခဲ့သည်။ ကွမ်းယာရောင်းသူအား မေးမြန်းရာ အစိမ်းရောင်ဝမ်းဆက်နှင့် အမျိုးသမီးကို သတိထားမိကြောင်း၊ အတူပါလာသူ အမျိုးသားတစ်ဦးက ကွမ်းယာ ကျပ် ၂၀၀ ဖိုး ဝယ်သွားကြောင်း၊ ထိုလူကို မသိကြောင်း၊ မြင်လျှင် မှတ်မိကြောင်း၊ ကင်းချောင်းကားဖြင့်ပါသွားကြောင်းပြောပြပါသည်။

အမျိုးသမီးနှင့်ပတ်သက်၍ ကွမ်းယာရောင်းသူအား ဆက်လက်မေးမြန်းရာ ဖြူဖြူ ထွားထွား မင်းသမီးပုံစံဖြစ်ကြောင်း၊ ရခိုင်မြောက်ပိုင်းသူဖြစ်နိုင်ကြောင်း ပြောပြပါသည်။ ရဲအုပ် ထွန်းအောင်သည် ကွမ်းယာဆိုင်နှင့် တွဲရောင်းသော

www.burmeseclassic.com

www.burmeseclassic.com



မုန့်များမှ ကိတ်မုန့်တစ်လုံးဝယ်ခဲ့သည်။

ဖင်ချောင်းမှ ပြန်လည်ထွက်လာခဲ့သည်။ ကူးတို့ကူးသောအခါ ဦးလုံးဖြူအား ကိတ်မုန့်လက်ဆောင်ပေးလိုက်သည်။ လေးတောင်ရဲစခန်းသို့ ပြန်လာပြီး တရားခံကို သတင်းရရှိခဲ့သည့် ရွာများ၌ စုံစမ်းရန်ဆောင်ရွက်ပါတော့သည်။

ဇလပ်ပြင်၊ လေးတောင်၊ သိုင်းထောင့်ရွာများသို့ အဖွဲ့များခွဲ၍ စေလွှတ်ပါသည်။ အခင်းဖြစ်သည့် ၂၃-၄-၂၀၀၄ ရက်နေ့က ခရီးသွားသူများကို စုံစမ်းရန် ရဲအုပ် ထွန်းအောင် မှာကြားလိုက်သည်။

ရဲအုပ် ထွန်းအောင်သည် ရဲတပ်သား နေမျိုးကျော်စွာနှင့် ကျောက်တွေရွာ၊ ဘောလယ်ရွာ၊ စပါးတုံ့ရွာ၊ ကျောက်နဂါးရွာများသို့ သွားရောက်ခဲ့သည်။ ရဲအုပ် ထွန်းအောင်သည် သန်မာတောင့်တင်းသွက်လက်သော အရာရှိတစ်ဦးဖြစ်သည်။ ရွာစဉ်တစ်လျှောက် အပင်ပန်းခံ သွားလာလှုပ်ရှားနိုင်သူဖြစ်သည်။

မိမိရဲစခန်းပိုင် ကျေးရွာများမှ နယ်သူနယ်သားများ၏ ချစ်ခင်လေးစားမှုကို ခံရသူဖြစ်သည်။ စခန်းမှူးလာသည်ဆိုပြီး လိုအပ်သောကိစ္စများ လုပ်ဆောင်ပေးကြလေသည်။ ကျေးရွာအုပ်စုအတွင်းမှ သတင်းပေးအကူအညီပေးသည့်အတွက် အခင်းဖြစ်နေ့က ခရီးသွားသူမှာ သိုင်းထောင့်ရွာမှ မောင်ကျော်သာဖြစ်ကြောင်း သိရှိရသည်။



ရဲအုပ် ထွန်းအောင်နှင့် ရဲတပ်သား နေမျိုးကျော်စွာတို့သည် သိုင်းထောင့်ရွာထဲသို့ သွားရိုးသွားစဉ်အတိုင်း သွားရောက်ခဲ့သည်။ တရားခံ ပိုင်းပတ်ပိတ်ဆို့သည့်ပုံစံဖြင့်သွားခြင်းမပြုချေ။ ရွာသားတစ်ယောက်ကိုခေါ်၍ မောင်ကျော်သာနေအိမ်သို့ သွားရောက်ရာ ၎င်းအား အဆင်သင့်တွေ့ရသည်။

မောင်ကျော်သာမှာ အသက်(၂၀)ကျော် ရည်မွန်သူတစ်ဦးဖြစ်ကြောင်း တွေ့ရသည်။ လေးတောင်ရဲစခန်းသို့အသာတကြည် ခေါ်ယူရရှိခဲ့သည်။ စခန်းမှူးရုံးခန်းအတွင်း တရားခံအား စစ်ဆေးသည်။

မောင်ကျော်သာသည် ရမ်းဗြဲလေးတောင်နယ်သားမဟုတ်ပါ။ ရခိုင်သား(ခေါ်)မြောက်ပိုင်းသားဖြစ်သည်။ သိုင်းထောင့်ရွာတွင် အိမ်ထောင်ကျ၍ လယ်ယာလုပ်ကိုင်စားသောက်သည်။ ရရာအလုပ်လည်း လုပ်တတ်သည်။

" သူ ထဘီမရှိလို့ ဘယ်မှသွားလို့မရဘူး၊ မင်းနဲ့တွေ့ဖို့ ရဲစခန်းအဝမှာ ရောက်နေတယ်၊ မောင်ကျော်သာ မင်းသတ်ခဲ့တဲ့ အမျိုးသမီး လုံးကြီးပေါက်လုကို ခေါ်လိုက်ရမလား "

မောင်ကျော်သာသည် ပြစ်မှုအတွက် လုံးဝမသိကြောင်း ထွက်ဆိုလျက်ရှိသည်။ ရဲအုပ် ထွန်းအောင်က မောင်ကျော်သာအား ကွမ်းတံတွေးထွေးရန် ခွက်တစ်ခွက်ပေးထားသည်။ ကွမ်းစားခွင့်ပြုထားသည်။ မောင်ကျော်သာအိတ်ထဲတွင် ကွမ်းယာထုပ် တွေ့နေရသည်။

ရဲအုပ် ထွန်းအောင်က မောင်ကျော်သာထံမှ ကွမ်းတစ်ယာတောင်းယူ၍ စားပွဲပေါ်တင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကျော်သာက ကွမ်းကို နိုင်တီတူး၊ နွယ်ချို၊ ဖာလာတစ်ခြမ်းနဲ့ စားတာမဟုတ်လား"

"စခန်းမှူးက ကျွန်တော့်ကွမ်းယာမကြည့်ဘဲ သိနေပါလား"

ရဲအုပ် ထွန်းအောင်က စားပွဲပေါ်တင်ထားသော ကွမ်းယာကိုဖွင့်ကြည့်ရာ ပြောသည့်အတိုင်း ကွမ်းယာတွင် နိုင်တီတူး၊ နွယ်ချို၊ ဖာလာတစ်ခြမ်းကို တွေ့ရသည်။

"ငါရမ်းပြောတာမဟုတ်ပါဘူး၊ မင်းပြစ်မှုကျူးလွန်ခဲ့တဲ့ လယ်တဲလေးထဲကတွေ့တဲ့ ကွမ်းယာကို ငါဖွင့်ကြည့်ပြီးပြီ၊ မင်းဝယ်ခဲ့တဲ့ ဖင်ချောင်းက ကွမ်းယာဆိုင်ကို ရောက်ပြီးပြီ"

တရားခံမှာ မျက်နှာတစ်ချက်ပျက်သွားပြီး ချက်ချင်းကန္တြေဆည်လိုက်သည်ကို ရဲအုပ် ထွန်းအောင် မြင်လိုက်သည်။ တရားခံက ပြန်လည်ချေပသည်။

"လူတိုင်းကွမ်းယာစားကြတာပဲ စခန်းမှူး"

တရားခံသည် မျက်မြင်သက်သေမရှိသည့်ကိစ္စဖြစ်၍ ဘူးခံရန် ပြင်ဆင်ထားသည်။ အားလုံးငြင်းကွယ်တော့မည့် သဘောဖြစ်နေသည်။ ရဲအုပ် ထွန်းအောင်နှင့် တရားခံ ထိပ်တိုက်တွေ့၍ နှလုံးရည်ချင်း တိုက်ခိုက်ရတော့မည်ဖြစ်သည်။

"မင်းတို့နှစ်ယောက် ကျောက်ဖြူကအတူလာကြတာ၊ သက်သေတွေ တစ်ပုံကြီး၊ ဖင်ချောင်းမှာ မင်းတို့ စားကြသောက်ကြတာ မြင်တဲ့သူမရှိဘူးလား၊ ကင်းချောင်းကားနဲ့ ပါလာတာ၊ ကူးတို့ကူးလာတာ၊ မင်းတို့နှစ်ယောက်တည်းလား၊ မင်းအမျိုးသမီးခေါ်သွားတာ မြင်တဲ့၊ သိတဲ့သူ မရှိဘူးလို့ မင်းပြောချင်တာလား"

တရားခံ နှုတ်ဆိတ်နေသည်။ ငေးငိုင်နေသည်။ သူနှင့်မဆိုင်ဆိုသည့် မျက်နှာအနေအထားကမူ တင်းခံနေသေးသည်။ ရဲအုပ် ထွန်းအောင်သည် အိမ်ပြန်မနားဘဲ တရားခံအား ညဉ့်နက်အောင်စစ်နေခဲ့သည်။

+++

လေးတောင်ရဲစခန်းအတွင်း ညသည် မှောင်မိုက်လျက်ရှိသည်။ အချုပ်ကင်းမှ ကင်းစောင့်ရဲဘော်၏ ဖိနပ်သံကိုသာ ကြားနေရသည်။ ငှက်အော်သံ၊ ရွာထဲမှ ခွေးဟောင်သံကို ရံဖန်ရံခါကြားရသည်။ စခန်းမှူးရုံးခန်းတွင် မီးလင်းလျက်ရှိသည်။

တရားခံသည် စောစောပိုင်းကကဲ့သို့ တင်းမာသောစိတ် မရှိတော့ချေ။ ရဲအုပ် ထွန်းအောင်၏ စစ်မေးသံများ တိတ်ဆိတ်သောညတွင် ပို၍ကျယ်လောင်လာသည်ဟု ထင်ရသည်။

"မင်းက သေတဲ့အမျိုးသမီးကို ထဘီချွတ်တာ ငါသိတယ်၊ မင်းဆက်ငြင်းဦး၊ မင်းမပြောရင် ငါကပဲပြောမယ်၊ အမျိုးသမီးကို မင်းက ကျောက်ခဲတုံးကြီးနဲ့ထုတယ်၊ ခေါင်းကိုထုတယ်၊ အဲဒီကျောက်ခဲတုံးကြီး မင်းကိုပြမယ်"

ရဲအုပ် ထွန်းအောင်သည် ကင်းမှူးအားခေါ်၍ သက်သေခံသိမ်းထားသော ကျောက်ခဲကို ဂါတ်စာရေးကြီးနှိုးပြီး ယူခဲ့ရန်ပြောသည်။ ကင်းမှူးက တရားခံ၏ ဘယ်ဘက်ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲပစ်ချလိုက်သည်။ တရားခံ လန့်သွားသည်။

"မင်း ကျောက်ခဲနဲ့သေအောင်ထုပြီး အမျိုးသမီးအလောင်းကို လယ်တဲတောင်ဘက် (၁၀)ပေလောက်အထိ လယ်ကွင်းထဲကိုဆွဲချထားခဲ့တယ်၊ မင်း ဘာပြောမလဲ၊ ဆွဲတာတောင် အမျိုးသမီးခြေထောက်နှစ်ချောင်းက ကိုင်ဆွဲတယ်၊ မင်း ဘာပြောချင်သေးလဲ"

ရဲအုပ် ထွန်းအောင်သည် အခင်းဖြစ်အရပ် စစ်ဆေးစဉ်က အမျိုးသမီးအလောင်း၏ ဦးခေါင်းဒဏ်ရာများအပေါ် မူတည်၍လည်းကောင်း၊ လယ်တဲဘက်သို့ အမျိုးသမီးအလောင်း ခေါင်းပြုနေသည့် အနေအထားကိုကြည့်ခဲ့၍လည်းကောင်း ပြောဆိုခြင်းဖြစ်သည်။

တရားခံကမူ အမှန်အတိုင်း စခန်းမှူးပြောနေသည်ကို ချောက်ချားစွာ ကြားနေရပြီး ချွေးသီးချွေးပေါက်များ ကျလာသည်ကို ရဲအုပ် ထွန်းအောင် မြင်တွေ့သိရှိခဲ့သည်။

"မင်း အမျိုးသမီးထဘီကို ဘာရည်ရွယ်ချက်နဲ့ ချွတ်တယ်ဆိုတာကို ငါမသိချင်ဘူး၊ ငါသိချင်တာ အဲဒီထဘီအစိမ်းရယ်၊ အမျိုးသမီးမှာပါလာတဲ့ ပစ္စည်းတွေရယ် မင်းဘယ်မှာဝှက်ထားသလဲ၊ ပြောပြီး အဲဒီအမျိုးသမီး သူ့ထံကို လာပြန်

www.burmeseclassic.com

www.burmeseclassic.com



တောင်းနေတယ်၊ အမျိုးသမီးတွေရဲ့ အရက်ပဲလေ၊ မင်း သူ့ကိုသနားပါ၊ သူ ထဘီမရှိလို့ ဘယ်မှသွားလို့မရ ဘူး၊ မင်းနဲ့တွေ့ဖို့ ရဲစခန်းအဝမှာ ရောက်နေတယ်၊ မောင်ကျော်သာ မင်းသတ်ခဲ့တဲ့ အမျိုးသမီး လုံးကြီး ပေါက်လုကို ခေါ်လိုက်ရမလား"

ရဲအုပ်ထွန်းအောင်၏ စစ်ကြော ရေးကွန်ယက်ဖျူဟာမှ တရားခံရုန်း မထွက်နိုင်တော့ပေ။ မျက်မြင်မရှိ သဖြင့် လုံးဝဘူးခံခြင်းကိစ္စ ကျဆုံး သွားပါတော့သည်။ ချောင်ပိတ်မိ လိုက်၏။

"စခန်းမှူးကြီး အဲဒီအစ်မကို မခေါ်လိုက်ပါနဲ့ သူ့ပစ္စည်းတွေဝှက် ထားတဲ့နေရာ ကျွန်တော်လိုက်ပြပါ့ မယ်၊ တစ်ခုမကျန် ပြန်ပေးပါ့မယ်"

ရဲအုပ်ထွန်းအောင်သည် သက် ပြင်းအားရပါးရချလိုက်သည်။ တရား ခံအား အချုပ်ခန်းအတွင်း သွင်းခိုင်း လိုက်သည်။ တရားခံ ထမင်းစားလို က ကျွေးလိုက်ရန် ကင်းအဖွဲ့အား ညွှန်ကြားလိုက်သည်။ မိမိနေအိမ်သို့ ပြန်အိပ်လိုက်သည်။ သရက်ချိုဘုန်း ကြီးကျောင်းမှ တုံးခေါက်သံကြားရ သည်။

နောက်တစ်နေ့ နံနက်လင်း သောအခါ ရဲအုပ် ထွန်းအောင်သည် ဒုရဲအုပ် မျိုးအောင်နှင့် နယ်ထိန်း အဖွဲ့ခေါ်၍ တရားခံလိုက်ပြသော သက်သေခံပစ္စည်းများ လိုက်လံသိမ်း ဆည်းသည်။

အခင်းဖြစ်နေရာနှင့် ကိုက်(၃၀) အကွာ လယ်ကွင်းစပါးရိုးပြတ်ထဲမှ မိန်းမစီးဖိနပ်တစ်ရန်၊ အစိမ်းရောင် အပွင့်များပါသော ရှန်ထဘီအနက် တစ်ထည်၊ နက်ပြာအကွက်စိပ်-- ပုဆိုးတစ်ထည်တို့အား ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

တစ်ဖန် တရားခံနေအိမ်ခြံဝင်း အတွင်း သစ်ခေါင်းထဲမှ သေဆုံးသူ အမျိုးသမီး၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ မြေခွန်ပြေစာတို့အား တရားခံမှ ပြသပေးအပ်သဖြင့် တရားဝင် သိမ်းဆည်းခဲ့သည်။

"မောင်ကျော်သာ၊ မင်းမျက် နှာကြည့်ရတာ တာဝန်ကျေပြီဆိုတဲ့ ပုံစံအမူအရာလုပ်နေတယ်၊ ကိုယ့်လူ အရေးကြီးတဲ့ပစ္စည်းတွေ ကျန်သေး တယ်၊ အခုမှတော့ မထူးတော့ပါ ဘူးကွာ၊ မင်းစကားနဲ့မင်းပဲ၊ တစ်ခု မကျန်ပေါ့၊ ဟုတ်လား"

"ပေသာ(ပိုက်ဆံ)တွေ သုံးပစ် လိုက်ပြီ စခန်းမှူး"

ကျန်သောပစ္စည်းများအပ်နှံရန် တောင်ပေါ်သို့ တရားခံက ခေါ်သွား သည်။ ခရုတွင်းတွင် ဝှက်ထားသော အမျိုးသမီးအဝတ်အစား (၇)စုံ၊ ကက်ဆက်၊ တိတ်ခွေများ၊ သုံးဆင့် စတီးလ်ချိုင့်၊ သတ္တုကြိုးပြားတပ် လက်ပွဲ့တို့အား တရားခံက ယူ၍ ပေးအပ်ခဲ့သည်။

"ငွေဘယ်လောက်ရလို့ဘယ် လောက်သုံးလိုက်ပြီလဲ"

"ပေသာ(ပိုက်ဆံ)ကို ရေတွက် မကြည့်မိပါဘူး၊ များတော့များတယ်၊ သိန်းဂဏန်းလောက်ရှိမယ်"

သက်သေခံပစ္စည်း သိမ်းဆည်း ပြီးသည်နှင့် တရားခံအား ပထမ ရမန်ယူရန် ရမ်းဗြဲမြို့နယ်တရားရုံး သို့ ဆက်လက်ပို့ဆောင်ရလေသည်။ နွေရာသီဖြစ်သဖြင့် လေးတောင်မှ ရမ်းဗြဲသို့ ထော်လာဂျီဖြင့် အလွယ် တကူ သွားရောက်နိုင်သည်။

သိမ်းဆည်းခဲ့သော နိုင်ငံသား စိစစ်ရေးကတ်ပြားကိုကြည့်၍ သေ ဆုံးသူအမျိုးသမီးသည် မစံပယ် (ခေါ်)ကျော့ငွေ၊ ၃၂ နှစ်၊ ပေါက် တောမြို့နယ်၊ --ရွာမှဖြစ်သည်ကို တွေ့ရှိရသည်။ ရဲအုပ် ထွန်းအောင် သည် ပေါက်တောမြို့နယ်ရဲတပ်ဖွဲ့ နှင့် ဆက်သွယ်အတည်ပြုချက်ရယူ ခဲ့သည်။ ရဲအုပ် ထွန်းအောင်သည် ချောမောလှပသူ မိန်းကလေးတစ် ဦး သေဆုံးသည်မှာ မည်သည့် အကြောင်းကြောင့်ဖြစ်သည်ကို အသေးစိတ်စစ်ဆေးခဲ့သည်။ တရား ခံက အောက်ပါအတိုင်း ဖြေဆိုချက် ပေးခဲ့သည်-

+ + +

ကျောက်ဖြူအဝေးပြေးကား ဝင်းကို ကျွန်တော် စောစောရောက် လာတယ်။ ကင်းချောင်းကားက စောစောထွက်တတ်လို့ပါ။ ကား မထွက်မီ မုန့်တီဆိုင်မှာ အချိန်ဖြုန်း နေမိတယ်။ ကားထွက်တော့ ကား ဝင်းထိပ်နားမှာ ဆိုက်ကားပေါ်က အမျိုးသမီးတစ်ယောက် လှမ်းတား တာ မြင်လိုက်ရတယ်။

ကားရပ်ပေးပါတယ်။ ခြင်း တောင်းတစ်လုံးကိုင်ပြီး ကားပေါ် တက်လိုက်လာပါတယ်။ အလှအပ ဆရာ။ အင်္ကျီလက်တိုအစိမ်းရောင်

www.burmeseclassic.com



ဝမ်းဆက်ဝတ်ထားတာ ကြည့်လို့ အရမ်းကောင်းတယ်။ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ကိုယ်လုံးလှလှ၊ မင်းသမီးလား အောက်မေ့ရတယ်။

အသက် (၃၀)ကျော်လောက်ရှိမယ်။ အဲဒီအစ်မက အလယ်ခုံမှာ ထိုင်တယ်။ ကျွန်တော့်ဘေးခုံနဲ့ မျက်နှာချင်းဆိုင်ပေါ့။ ကျွန်တော် အဲဒီအစ်မသိပ်လှလို့ ရဲရဲမကြည့်မိဘူး။ ခိုးကြည့်တာတော့ အကြိမ်ကြိမ်ပဲ။ ကျွန်တော် ခိုးကြည့်တာ အဲဒီအစ်မ သိပုံရတယ်။ ကျွန်တော့်ကို လှောင်ပြုံးယဲ့ယဲ့လေး ပြုံးလိုက်ပုံရတယ်။

"ပရွက်ရှိန်ကိုသိလား။ ဘယ်လိုသွားရတယ်ဆိုတာ သိလား"

အဲဒီအစ်မကစပြီး ကျွန်တော့်ကို စကားပြောလာတယ်။ ကျွန်တော် ပျော်သွားတယ်။ ကျွန်တော် ဘယ်လိုမိတ်ဆက်စကားပြောရမလဲ လို့ စဉ်းစားနေတုန်း အဲဒီအစ်မက စခေါ်ခဲ့တာ။



"ရမ်းဗြဲ ပရွက်ရှိန်ကို သိပါတယ်၊ ဖင်ချောင်းကနေ ရမ်းဗြဲကားနဲ့ လိုက်ရမယ်၊ အစ်မ မရောက်ဖူးရာလား"

ကျွန်တော် ရှင်းပြလိုက်တယ်။ အဲဒီအစ်မဆီက သင်းသင်းလေးမွှေးနေတာကိုလည်း ကျွန်တော် သတိထားလိုက်မိတယ်။ ရေမွှေး အကောင်းစားနေမှာပေါ့။

"မ ပေါက်တောကနေ ဘယ်မှမရောက်ဖူးဘူး၊ ညက အောင်တံခွန်သင်္ဘောနဲ့ ပါလာတာ၊ ဟိုပရွက်ရှိန်မှာ အရီးတစ်ယောက်ကို ကန်တော့ဖို့လားဖို့ရာပါ"

စကားပြောလိုက်တော့ ပိုလှလာတယ်အောက်မေ့ရတယ်။ အဲဒီအစ်မ အသံသာတယ်၊ စကားပြောပုံလေးကလည်း ချစ်စရာကောင်းတယ်။ တကယ်ပါပဲ။ ကားပေါ်မှာ ပြတ်တိပြတ်တောင်း စကားပြောလိုက်လာကြတယ်။ အဲဒီအစ်မက ပြောတာများပါတယ်၊ ကျွန်တော်က နားထောင်တဲ့သူ၊ ထောက်ခံတဲ့သူ။

ဖင်ချောင်းမှာ ကားနားပါတယ်။ ထမင်းစားဖို့ ကျွန်တော်က အဲဒီအစ်မကို ပြောပြပါတယ်။ အဲဒီအစ်မက ကျွန်တော့်ကို သူနဲ့အတူ လိုက်စားဖို့ အဖော်ခေါ်တယ်။ ကျွန်တော်စားတဲ့အတွက်ပါ ပေးသာ(ပိုက်ဆံ)ရှင်းပေးပါတယ်။ ရမ်းဗြဲလား (သွား)မယ့်ကား ဒီဖင်ချောင်းမှာလမ်းခွဲတယ်၊ အဲဒီအစ်မကို ကားပြောင်းပေးရဖို့၊ ထမင်းစားပြီး ကွမ်းယာဆိုင်မှာမေးကြည့်တော့ ရမ်းဗြဲကား ကျောက်ဖြူက ဒီနေ့မလာနိုင်

အဲဒီအစ်မကို

တွေ့ကတည်းက

စွဲမက်နေခဲ့တာပါ။

ဆိတ်ကွယ်ရာမှာ

ကျွန်တော့်ရဲ့

လက်ရဲဇက်ရဲလုပ်မှုကို

အဲဒီအစ်မ

ရှန်းမထွက်နိုင်ရှာပါဘူး။

အဲဒီအစ်မရဲ့

မက်မောတပ်မက်စေတဲ့

အလှခန္ဓာက

...

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိရတယ်။

“ရမ်းဗြဲကားမရှိရင် မ ကင်းချောင်းသွားတဲ့ ဒီကားနဲ့လိုက်ခဲ့ဖို့၊ မောင် မကို ပရွက်ရှိန်လားရာ အကူအညီပေးရဖို့ မောင် ရဖို့လား။ ကူညီဖို့လား”

ကျွန်တော့်ကို မောင်လို့ခေါ်တယ်။ သူ့ထက်ငယ်လို့ မောင်ခေါ်တာ ကျွန်တော် ကြည်နူးမိတာ အမှန်။ ကျွန်တော့်ကွမ်းယာဖိုးကို အဲဒီအစ်မကပဲ ပေးလိုက်တယ်။ ထမင်းဖိုးရှင်းတုန်းကရော၊ ကွမ်းယာဖိုးရှင်းရာမှာရော အဲဒီအစ်မ ပေးသာ(ပိုက်ဆံ)အိတ်ထဲမှာ ပေသာတွေ အထပ်လိုက်တွေ့ရပါတယ်။ အဲဒီအစ်မ တော်တော်ထောတာပဲ။

“ကင်းချောင်းလေးတောင်ဘက်ကဆို ပရွက်ရှိန် နည်းနည်းဝေးတယ် အစ်မ၊ ဒါပေမဲ့ အစ်မ အခက်အခဲရှိတာ ကူညီပေးရဖို့၊ ကျွန်တော် ရောက်အောင်လိုက်ပို့ပါ့မယ်”

“ငါ့မောင်ကိုအားကိုးပါတယ်”

အဲဒီအစ်မ ကျွန်တော်နဲ့နီးကပ်စွာ လာရပ်ပါတယ်။ အဲဒီအစ်မရဲ့ ကိုယ်ရှိန်နွေးနွေးက ကျွန်တော့်သွေးသားတွေကို ဖြတ်သန်းသွားသလို ခံစားလိုက်ရပါတယ်။ ကင်းချောင်းကားထွက်လာပါတယ်။ ကျွန်တော်တို့နှစ်ယောက် လိုက်လာခဲ့တယ်။ ကွမ်းယာဆိုင်က အစ်မကလည်း အထူးအဆန်းလို လိုက်ကြည့်ကျန်ခဲ့ပါတယ်။

ဇင်ချောင်းက ကင်းချောင်းဂိတ်ဆုံးကို ကားသိပ်မကောင်းလိုက်ရဘူး။ ခဏလေးနဲ့ရောက်တယ်။ ကားပေါ်ကဆင်းပြီး အဲဒီအစ်မကို သမ္ဗန်ဆိပ်မှာ ခဏအစောင့်ခိုင်းထားတယ်။ ကင်းချောင်းရွာထဲလား(သွား)ပြီး အရက်တစ်ပိုင်း အမြန်သောက်ခဲ့တယ်။ ကျွန်တော် ရဲဆေးတင်ခဲ့တယ်။ အဲဒီအစ်မကို ချစ်ရေးဆိုရဲဖို့ အရေးကြီးတယ်မဟုတ်လား။

ကျွန်တော် ဆိပ်ကမ်းကပြန်လာတော့ ကူးတို့သမ္ဗန်ပေါ် အဲဒီအစ်မ ရောက်နေပြီ။ ကျွန်တော်တက်ပြီးတော့ သမ္ဗန်ထွက်တယ်။ ဇလပ်ပြင်၊ လေးတောင်ကလူတွေပါတယ်။ ကျွန်တော်နဲ့ မရင်းနှီးပါဘူး။

တစ်ဖက်ကမ်းရောက်ရင်ပဲ တစ်လမ်းတည်းလား(သွား)ကြတယ်။ သူတို့က ယောကျ်ားခြေလှမ်းဆိုတော့ ရှေ့ရောက်သွားရော။ အဲဒီအစ်မနဲ့ နှစ်ယောက်တည်းခရီးက ဖြည်းဖြည်းပဲ။ ကင်းချောင်းတစ်ဖက်ကမ်းက လေးတောင်လား(သွား)တဲ့လမ်း။ မိုးရာသီလိုမဟုတ်ဘူး။ နွေရာသီဆိုတော့ လား(သွား)ရတာ သာယာပါတယ်။ အဲဒီအစ်မနဲ့အတူ လား(သွား)ရတယ်ဆိုတော့ ပိုပြီးကြည်နူးမိတယ်။

ကားလမ်းအတိုင်းလား(သွား)ကြတယ်။ စည်ကြီးတောင်ကိုလှမ်းမြင်ရတယ်။ လေးတောင်နယ်မြေရဲ့ ရှုမျှော်ခင်းကို စည်ကြီးတောင်က ဖြည့်စွက်ထားတယ်လို့ ကြားဖူးခဲ့တယ်။

ဟုတ်လောက်ပါတယ်။ နွေရာသီတောင် မြင်မြင်သမျှတွေဟာ စိမ်းဖန့်နေတယ်။ အဲဒီအစ်မက ဒီဘက်က သာယာတယ်လို့ပြောတယ်။ လမ်းဘေးမှာ လယ်တဲလေးတစ်လုံးတွေ့ရတယ်။ ကျွန်တော်တို့ ဝင်နားကြတယ်။ ပတ်ဝန်းကျင်မှာ ဘယ်သူ့မှမတွေ့ရဘူး။ ရှင်းလို့။

ခရီးနားနေရင်း ကျွန်တော် အဲဒီအစ်မကို ချစ်ရေးဆိုပါတယ်။ ကျွန်တော် စကားတွေ များများပြောပြီး ခဲ့ပြီမို့ အာသွက်နေပါတယ်။ ရဲဆေးတင်ခဲ့တာဟာ လမ်းလျှောက်တာများလို့ ပြေသွားတယ်။ ဒါပေမဲ့ အစစအရာရာ ရဲတင်းနေပါပြီ။

အဲဒီအစ်မက ငြင်းပါတယ်။ အခုမှသိတဲ့သူကို မဖြစ်နိုင်ဘူး၊ မချစ်နိုင်ဘူးလို့ ပြောနေပါတယ်။ ကျွန်တော်က အဲဒီအစ်မကို တွေ့ကတည်းက စွဲမက်နေခဲ့တာပါ။ ဆိတ်ကွယ်ရာမှာ ကျွန်တော့်ရဲ့ လက်ရဲဇက်ရဲလုပ်မှုကို အဲဒီအစ်မ ရုန်းမထွက်နိုင်ရှာပါဘူး။ အဲဒီအစ်မရဲ့ မက်မောတပ်မက်စေတဲ့ အလှခန္ဓာကို ကျွန်တော် ရအောင်ယူနိုင်ခဲ့ပါတယ်။

ပရွက်ရှိန်ကိုရောက်အောင်ပို့ပေးဖို့ အဲဒီအစ်မက ပြောပါတယ်။ အဲဒါ အမှန်အတိုင်းစဉ်းစားရင် မလွယ်ပါဘူး။ ဒီနေ့ မရောက်နိုင်ဘူး။ ကျွန်တော့်သိုင်းထောင့်အိမ်မှာ တစ်ညအိပ်ပြီးလား(သွား)မှ ဖြစ်နိုင်တယ်။ အိမ်မှာ အဲဒီအစ်မကို ညသိပ်ရင်လည်း မိသားစု အထင်အမြင်လွဲဖို့။

ကျွန်တော် ကြံရာမရဖြစ်နေမိပါတယ်။ အဲဒီအစ်မပါလာတဲ့ ပေ

www.burmeseclassic.com

www.burmeseclassic.com



သာ(ပိုက်ဆံ)တွေကိုလည်း ကျွန်တော် လောဘတက်သွားမိတယ်။ ကျွန်တော် လုပ်မိလုပ်ရာ လုပ်လိုက်တယ်။ အဲဒီအစ်မ ထဘီပြန်ဝတ်မလို့ ပြင်နေတုန်း တဲရှေ့မှာရှိတဲ့ ကျောက်ခဲတုံးနဲ့ ခေါင်းကို အားနဲ့ထုလိုက်မိတယ်။

ဘယ်သူမှမမြင်တာကြောင့် အဲဒီအစ်မ မလှုပ်တော့တဲ့အခါ ရိုးပြတ်ထဲ ဆွဲချထားခဲ့တယ်။ စိန်နားကပ် ချွတ်ယူချင်ပေမယ့် ရောင်းစားတဲ့အခါ အမှုပေါ်မှာစိုးလို့ ထားခဲ့တာဖြစ်ပါတယ်။ အခြားပစ္စည်းတွေအားလုံးကိုလည်း မတွေ့အောင်ဝှက်ထားလိုက်ပါတယ်။

ကွမ်းယာထုပ်ကျကျန်ခဲ့တာကို လမ်းမှာပဲ ကွမ်းစားမလို့ နှိုက်ကြည့်တော့ သိခဲ့ပါတယ်။ လူတိုင်းကွမ်းယာစားတာပဲလေ။ သဲလွန်စဖြစ်နိုင်တယ်ဆိုတာ မတွေးမိပါဘူး။

ကျွန်တော်ဟာ ဒီလောက်မိုက်ရိုင်းတဲ့ကောင်ဆိုတာ အခုမှသိပါတယ်။ ရိုးသားဖြူစင်တဲ့ ရခိုင်သူ အမျိုးသမီးသေရတာ ကျွန်တော် နောင်တရမိပါတယ်။ သူ့နာမည် စံပယ်ကျော့ငွေစံတဲ့။ အဲဒီအစ်မ ကျွန်တော့်လို သူယုတ်မာနဲ့ အယုံလွယ်ပြီး လိုက်လာတာကိုက အဲဒီအစ်မရဲ့အမှားပါပဲ။

ကျွန်တော့်ကို သေဒဏ်သာ ပေးလိုက်ပါဗျာ။

+ + +

တရားခံ မောင်ကျော်သာက ၎င်း၏ဆန္ဒအလျောက် ဖြောင့်ချက်ပေးလိုသည်ဟုပြော၍ ရဲအုပ် ထွန်းအောင်က ၎င်းအား ရမ်းဗြဲမြို့နယ် တရားရုံးသို့ တင်ပို့ပေးရသည်။ မြို့နယ်တရားသူကြီးက တရားခံအား စစ်ဆေးကြည့်ရာ လွတ်လပ်သော မိမိဆန္ဒအလျောက်ဖြစ်သဖြင့် ဖြောင့်ချက်ပေးခွင့်ပြုခဲ့သည်။

ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်တို့မှာ ကျောက်ဖြူခရိုင်တွင် ပါဝင်သည်။ သို့ဖြစ်၍ တရားခံ မောင်ကျော်သာအား တရားစွဲတင်သောအခါ ကျောက်ဖြူမြို့ပေါ်ရှိ ကျောက်ဖြူခရိုင်တရားရုံးသို့ တင်ပို့ပေးခဲ့သည်။

ရဲအုပ် ထွန်းအောင်သည် ခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ လေးတောင်တိုက်နယ် ကျေးရွာအုပ်စုအသီးသီးမှ ရွာသူရွာသားများကို သရက်ချို ဘုန်းကြီးကျောင်းဝင်းအတွင်း အစည်းအဝေးဆင့်ခေါ်ခဲ့သည်။

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ ရောက်ရှိလာသည်။ မှုခင်းကျဆင်းရေးဟောပြောပွဲကို ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရမ်းဗြဲမြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဟောပြောကြသည်။ လူသတ်မှုကဲ့သို့သော ပြစ်မှုများကို အလွယ်တကူ ကျူးလွန်နေကြခြင်းမှ ကာကွယ်နိုင်ရန် ပညာပေးဟောပြောခြင်းဖြစ်သည်။

ကျေးရွာအလိုက် တရားဥပဒေစိုးမိုးမှု လုံခြုံစိတ်ချ အေးချမ်းသာယာစွာနေရမည်ကို လူတိုင်းသဘောပေါက်အောင် အပြန်အလှန် ပြောကြားဆွေးနွေးကြသည်။

ရမ်းဗြဲ၊ လေးတောင်တိုက်နယ် အတွင်းဖြစ်ပွားသော မောင်ကျော်သာအမှုအား တရားစွဲပြီးနောက် ကိုးလခန့်အကြာတွင် ခရိုင်တရားရုံးမှ စီရင်ချက်ချခဲ့သည်။

"(အဘ)ဦး---၏သား တရားခံ မောင်ကျော်သာအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂) အရ အပြစ်ရှိသည်ဖြစ်၍ တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်"

မစံပယ်(ခေါ်)ကျော့ငွေစံ၏ အလှကွန်ချာတွင် ငြိတွယ်၍ ရုန်းမထွက်နိုင်အောင်ရှိခဲ့ရာမှ တရားခံ မောင်ကျော်သာသည် ပြင်မရသော အမှားကို ကျူးလွန်ခဲ့ပေသည်။

စခန်းမှူး ရဲအုပ် ထွန်းအောင်သည် ရခိုင်သူ အလှပိုင်ရှင်တစ်ဦး ရုတ်တရက်သေဆုံးသွားရခြင်းအပေါ် သူ၏ရင်ထဲ၌ မြမြလေး ငြိတွယ်နေခဲ့သည်။ ဝေဒနာပျောက်၍မရခဲ့ပေ။

ရဲအုပ် ထွန်းအောင်သည် ၂၀၀၆ ခုနှစ်၊ နှစ်ကုန်ပိုင်း၌ ရခိုင်ပြည်နယ်တွင် အနေကြာပြီဖြစ်သဖြင့် ဇာတိမြေ နေပြည်တော် လယ်ဝေးသို့ အမြဲတမ်းပြောင်းရွှေ့သွားခဲ့သည်။

ရဲအုပ်ထွန်းအောင်၏ရင်ထဲတွင် ငြိတွယ်နေသည့် ဝေဒနာကိုလည်း သယ်ဆောင်သွားပါတော့၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့်ပါဦး သူငယ်ချင်းရယ်၊ အိတ်ကြီးကွဲနေပြီလေ"

"ဟယ်.....ဘယ်လိုဖြစ်တာတုန်းကွာ၊ အိတ်က အသစ်ကြီးပဲဟာ"

ကျွန်မသူငယ်ချင်းက မျက်နှာလေး ရှုံ့မဲ့မဲ့ဖြင့် သူ့အိတ်အသစ်လေးအားနှမြောစွာဖြင့် ကြည့်နေ၏။

"ဘာဖြစ်ရမလဲကွာ၊ မနေ့ကလိုင်းကားပေါ်မှာ အိတ်ခွဲခံခဲ့ရတာလေ"

"ဟင်.....ရှင် ဘာပါသွားသေးလဲ"

"တို့က ငွေအပိုမှမယူတတ်တာ မင်းလည်းအသိ၊ ဖုန်းပဲရှိတာပေါ့၊ ဒါပေမဲ့ အိတ်က နှစ်ထပ်ဖြစ်နေလို့ ပါမသွားတာပေါ့ကွာ"

"အမယ်လေး.....တော်ပါသေးရဲ့၊ ရှင်က ဖြစ်လိုက်ရင် အသည်းအသန်ပဲနော်"

"စိတ်ညစ်ပါတယ်၊ ယောကျ်ားဝယ်ပေးထားတာမှ ဖြစ်ရတယ်လို့ကွာ"

သူငယ်ချင်းက သူ့အိတ်ကို စိတ်မကောင်းဖြစ်နေပြီး ခါးပိုက်နှိုက်အား ဒေါသဖြစ်နေပုံရသည်။

"တို့ရှေ့မှာ အိတ်ခွဲနေလို့ကတော့ ပတ်ဝန်းကျင်ကြားအောင် အော်မှာပဲ၊ မစာမနာကွာ၊ သူတစ်ပါးငွေကို အချောင်နှိုက်ယူချင်စိတ်က သိပ်ကိုအောက်တန်းကျတာပဲ"

"အေး.....မင်းသိရင်လည်း သွားမအော်နဲ့နော်၊ မင်းကို တစ်ခုခုပြန်လုပ်သွားလိမ့်မယ်"

"အမယ်.....လုပ်ရဲလုပ်ကြည့်ပေါ့၊ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ"

ကျွန်မက မကြောက်တတ်သူပါ။ ကိုယ့်ရှေ့မတရားလုပ်လာလျှင်တော့ လက် ပိုက်ကြည့်နေမည့်သူမဟုတ်ပေ။ ဒုစရိုက် သမားတိုင်းကို ရွံမုန်းမိ၏။

+++



# သတိရှိကြပါ

အိမ့်(ရူပဗေဒ)

သည်နေ့ ဗိုလ်တထောင်ဘုရားသို့ ကျွန်မ ရောက်သွား၏။ နန်းဦးဘုရားရှိရာ တန်ဆောင်းတွင် တရားထိုင်၊ ပုတီးစိပ်နေသည်။ နာရီဝက်ခန့်ကြာမည်ထင်၏။ ကျွန်မ မျက်စိဖွင့်ကြည့်ချိန်တွင် ကျွန်မနှင့် မလှမ်းမကမ်းရှိ အမျိုးသမီးသုံးဦးက မျက်လုံးမှိတ်ပြီး တရားထိုင်၊ အာနာပါနရှုနေပုံရ၏။ ကျွန်မ မလာခင်ကတည်းက ထိုင်နေပုံပါ။ သို့သော်လည်း သူ့ဘေးတွင် ရှပ်အင်္ကျီဖြူနှင့် အမျိုးသားတစ်ဦးကရောက်နေ၏။ သူတို့နှင့်အတူပါလာသူဟု ထင်မှတ်မိသည်။ ထိုသူသည် ကျွန်မက နောက်တွင် အကဲခတ်နေသည်ကို မသိပေ။ အစွန်အမျိုးသမီးဘေးတွင်ရှိသော ဖိနပ်ထုပ်ဘေးသို့ ဆင်စွယ်ရောင် လက်ကိုင်အိတ်ကို ပစ်ချလိုက်ရာ အိတ်မှာ ကျွမ်းထိုးမှောက်ခုံဖြစ်သွားပြီး ဇစ်လည်းပွင့်နေ၏။ ဤသည်ကိုလည်း ထိုအမျိုးသမီးက မသိခဲ့ပေ။

"ဟင်...ဒီလူက အိတ်ကိုပစ်ချပြီး ထွက်သွားပါလား၊ ဘာလုပ်တာပါလိမ့်၊ ဟို အမျိုးသမီးတွေကလည်း မသိကြပါလား၊ ကြည့်ရတာ အိတ်ထဲက ပစ္စည်းတွေနှိုက်ယူပြီး ထွက်သွားတာပဲ၊ ဒါဆိုရင် ဒီလူဟာ.....ဟယ်.....ခါးပိုက်နှိုက်ပေါ့"

ကျွန်မက သေချာစေရန် စောင့်ကြည့်တွေးနေစဉ် ထိုသူသည် အဝေးသို့ ရောက်သွားပြီဖြစ်၏။ နောက်သို့ လှည့်မကြည့်တော့ပေ။

"တောက်.....ငါ့မျက်စိရှေ့မှာ တွေ့နေရတဲ့ ဒုစရိုက်သမားကိုမှ လွတ်သွားရတယ်လို့ကွာ၊ တော်တော်အတင့်ရဲတဲ့သူပဲ၊ ဟိုအမျိုးသမီးတွေကလည်း မျက်စိမှိတ်တရားထိုင်နေတာများ ကိုယ့်ပစ္စည်းကို ကိုယ့်ရှေ့မှာထားပြီး ထိုင်ကြပါတော့လား၊ ပစ်စလက်ခတ် ထားကြတယ်ဟာ၊ ဟိုက စိမ်ပြေနပြေကို ထိုင်ယူနေတာကွာ"

ကျွန်မမှာ ပြုသူထက် ခံရသူများကိုသာ အပြစ်တင်လိုက်ချင်တော့၏။ သူတို့လို ကိုယ့်ပစ္စည်းအပေါ် ဂရုမစိုက်ဘဲ အမှတ်တမဲ့ ထားတတ်ကြလို့လည်း ဒုစရိုက်သမားများက ပို၍အတင့်ရဲလာကြပြီလားမသိပေ။

သို့သော်လည်း ကျွန်မမျက်စိရှေ့တွင်ပင် ဘုရားဖူးလာသူနှင့်ရော၍ ပြောင်ပြောင်တင်းတင်း လုပ်သွားသည့် ဒုစရိုက်သမားကိုတော့ ကျွန်မ ခံပြင်းမိသည်က အမှန်ပါ။ ပြီးတော့ ပစ္စည်းပိုင်ရှင် အမျိုးသမီးကိုလည်း ဒေါသဖြစ်မိပြန်၏။

ပြီးတော့ နောက်ဆက်တွဲ ဘာဖြစ်ဦးမည်ဆိုသည်ကို ကျွန်မက စောင့်ကြည့်နေသော်လည်း မပြီးသေးသည့် တရားထိုင်ခြင်းကြောင့် ကျွန်မလည်း စိတ်တိုပြီး ပြန်လာခဲ့ရတော့သည်။

အိမ့် (ရူပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# စုစုအေးအောင်

TMR. 011758(1215)

## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com

www.burmeseclassic.com





အရွယ်ရောက်ပြီး ကြီးပြင်းလာကြသူတိုင်း ငယ်စဉ်က မိဘဘိုးဘွားတွေ၊ လူကြီးသူမတွေ တစ်ဆင့်စကား တစ်ဆင့်ပြောကြားလာခဲ့ကြတဲ့ ပုံပြင်အမျိုးမျိုး ကြားခဲ့ကြရမယ်။ ကိုယ်တွေ့လိုလို၊ ဖြစ်ရပ်မှန်လိုလို၊ ဂမ္ဘီရလိုလို ထူးဆန်းတဲ့ အဖြစ်အပျက်တွေ ဇာတ်လမ်းတွေ အမျိုးမျိုး ကြားဖူးခဲ့ကြမှာပါ။ ကျွန်တော် ငယ်ငယ်တုန်းက ကျွန်တော့်အဖေ ပြောပြခဲ့ဖူးတဲ့ ဇာတ်လမ်းတွေ၊ အဖြစ်အပျက်တွေ အများကြီးကြားခဲ့ဖူးပါတယ်။ အဖေ ပြောပြခဲ့တဲ့ ဇာတ်လမ်းတွေထဲမှာ မှတ်မှတ်ရရ အာဟာရ သိဒ္ဓိမြောက်တဲ့ ဂမုန်းဆိုတာကို မမေ့နိုင်အောင်ပါပဲ။


# သက်ရှိရုပ်ကြွင်း

ဦးဝင်းမြင့် (သရုပ်ဆောင်)



www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက တောလည်သွားကြတဲ့သူတွေဟာ တောထဲမှာ ကိုယ့်ထမင်းကိုယ်ချက်စားကြရတာကိုး။ လူတစ်ယောက်က သူ့ထမင်းချက်ပြီး ထမင်းအိုးနှပ်တဲ့အခါမှာ မီးဖိုနားမှာတွေ့တဲ့ ငှက်ပျောရွက်ပင်ပေါက်ဆန်ဆန် အပင်ကနေ အရွက်ကိုခူးပြီး ထမင်းအိုးအဝမှာ အုပ်လိုက်တယ်။ အရွက်ပေါ်ကမှ ထမင်းအိုးအဖုံးကိုဖိပြီး ဖုံးလိုက်တယ်။ အဲဒီလို ထမင်းနှပ်ထားပြီး တောထဲမှာ သူလုပ်ရမယ့် အလုပ်တွေ လျှောက်လုပ်တာပေါ့။ ဗိုက်ဆာတော့ ထမင်း စားမယ်ဆိုပြီး ထမင်းအိုးဖုံးဖွင့်၊ အရွက်တွေအုပ်ထား တာလည်းလှန်လိုက်ရော လားလား.....ထမင်းတွေက အဖြူရောင်မဟုတ်တော့ဘဲ အမည်းရောင်တွေ ဖြစ်နေ တယ်တဲ့။ ဒါပေမဲ့ အနံ့က တအားမွှေးတာပဲတဲ့။ မြည်း ကြည့်တော့လည်း အရသာ အင်မတန်ကောင်းတယ်တဲ့။ အဲဒီတော့ ဆာဆာနဲ့ ထမင်းတစ်အိုးလုံးပြောင်သွားအောင် စားပစ်လိုက်တယ်တဲ့။

ထူးခြားတာက နောက်ရက်တွေမှာ အဲဒီလူဟာ ဘယ်တော့မှ ဗိုက်မဆာတော့ဘူးတဲ့။ လူကြီးမိဘတွေက စိတ်ပူပြီး တောထဲမှာ ဘာဖြစ်ခဲ့လဲမေးတာပေါ့။ သူက လည်း ဖြစ်ကြောင်းကုန်စင် ပြောပြတဲ့အခါ အဲဒီရွာကို အလည်ရောက်နေတဲ့ ဗိန္ဒောဆရာတစ်ယောက်က အဲဒီလူကို အနံ့ခေါ်တိုက်ပြီး အန်ဖတ်တွေကို ယူသွားရောတဲ့။ နောက်မှ သူတို့သိလိုက်တာက အာဟာရသိဒ္ဓိ မြောက်တဲ့ ဂမုန်းကြောင့်ဆိုတာ သိရတယ်တဲ့။ ဒါနဲ့ အဲ ဒီဂမုန်းကို လိုက်ရှာတော့လည်း မတွေ့ရတော့ဘူးတဲ့။ ဆေးဆရာလည်းမတွေ့ရတော့ဘူးတဲ့။ ဒီလောက် ကုန်ဈေးနှုန်းတွေ ကြီးမြင့်နေတဲ့အချိန်မှာ ဒီလိုဂမုန်းမျိုးတွေ့ လိုက်ရလို့ကတော့ ဘာပြောကောင်းပါ့မလဲနော်။

ပရိသတ်ကြီးနဲ့ ဒီလမိတ်ဆက်ပေးမှာလည်း ဒီ အဖြစ်အပျက်မျိုးလေးခပ်ဆန်ဆန်ပါပဲ။ မဖြစ်နိုင်ဘူးလို့ ပြောလို့မရတဲ့ အဖြစ်တွေထဲမှာ ဒီလိုအဖြစ်မျိုးတွေ ရှိနေကြတယ်ဆိုတာ စာဖတ်သူတို့ သိကြမှာပါ။ မိတ်ဆက်တင်ပြတာလေးကိုတော့ ဖတ်ကြည့်လိုက်ကြပါ။ စိတ်ဝင်စားလွန်းလို့ အခွေမြန်မြန်ထွက်ပါစေလို့တောင် ဆုတောင်းကြမှာ။

+++



www.burmeseclassic.com

www.burmeseclassic.com





အသက်နှစ်ဆယ်ဝန်းကျင်အရွယ် ကောင်လေး ယောက်နဲ့ ကောင်မလေးတစ်ယောက် လက်ချိ လမ်းလျှောက်လာကြရင်း ပန်းခြံလေးတစ်ခုထဲကို လာကြတယ်။ ချစ်သူစုံတွဲဆိုပေမယ့် သူတို့မျက်နှာ တွေမှာ ကြည်နူးရိပ်သွင်ဆိုတာ မတွေ့ရဘူး။ သော ရိပ်လေးတွေပဲ တွေ့နေရတယ်။ ဘာလို့လဲဆိုတော ကောင်မလေးမှာ သွေးကင်ဆာရှိနေပြီဆိုတဲ့ ဆေးစစ် ချက်အဖြေ ထွက်လာခဲ့လို့ပါပဲ။ သေချာနေတဲ့ ကံကြမ္မာ ဆိုးကြီးကြောင့် ကောင်မလေးအနေနဲ့ သူ့ချစ်သူကောင် လေးဆီက အားပေးစကားကလွဲရင် ဘယ်စကားကိုမှ ကြားလိုစိတ်မရှိဘူးတဲ့။ ကောင်မလေးက တောင်းဆို တစ်ခုပြုတယ်။ သူမသေခင်အချိန်အထိ အခုလို တွေ့ ကြရတဲ့အခါတိုင်း ပုံပြင်တစ်ပုဒ်တစ်ပုဒ် ပြောပြရမယ် တဲ့။ ကောင်လေးက ပြောပြဖို့ သဘောတူတယ်။ အဲဒီ တော့ အဲဒီနေ့ကစပြီး ပုံပြင်တစ်ပုဒ် စပြောရတော့မှာ ပေါ့။

အင်္ဂလိပ်အုပ်စိုးစဉ်တုန်းက အရေးပိုင်မင်း မစ္စတာ သောမတ်စ်ဘကောင်းနဲ့ ဇနီး ဒေါ်မိမိကြီးတို့မှာ မေသူ ဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်။ အစိုးရဝန်ထမ်း ဆိုတော့ နေရာအတည်တကျ မရှိဘူး။ တာဝန်ကျရာ နေရာ ပြောင်းရွှေ့ရတာပေါ့။ အရေးပိုင်မင်းဆိုတော့ လည်း မင်းစိုးရာဇာတွေ ဖြစ်တဲ့အတွက် လူတိုင်းနဲ့ပေါင်း သင်းဆက်ဆံလို့မရတဲ့ သီးခြားအလွှာတစ်ခု ဖြစ်နေတာ ပေါ့။ နေရာဒေသတစ်ခုမှာ အချိန်ကာလ ကြာရှည် အောင် အတည်တကျနေလို့မဖြစ်နိုင်တဲ့အတွက် သမီး မေသူကို ပတ်ဝန်းကျင်နဲ့ သံယောဇဉ်သိပ်မဖြစ်မိစေဖို့ သူစိမ်းများနဲ့ ကင်းကင်းနေဖို့၊ ခြံဝင်းအတွင်းမှာပဲ ကိုယ့် အဆင့်နဲ့ညီအောင်နေဖို့ မစ္စတာ သောမတ်စ်ဘကောင်း က အမိန့်ထုတ်တယ်။ မေသူက နေရာတစ်ခုတည်းမှာ အခြေတကျနေလိုကြောင်း၊ ပုံစံခွက်ထဲမှာ အသားကျ နေပေမယ့် စိတ်ညစ်ရကြောင်း အထိန်းတော်ကြီး ဒေါ် အိုဇာကို ရင်ဖွင့်တယ်။

ရာဇဝတ်အုပ် ပီတာဆိုတာရှိတယ်။ သူက မေသူ ကို သဘောကျနေတာ။ ဖခင်ရဲ့ ချုပ်ချယ်မှု၊ စည်းကမ်း တင်းကျပ်မှုတွေကြောင့် စိတ်ညစ်နေတာကိုသိတဲ့ ပီတာ က မေသူ့ကို အပြင်ထွက်လည်ပတ်နိုင်အောင် ကူညီ မယ်ဆိုတော့ သူထွက်လည်ချင်ပေမယ့် ဖခင်ကြောင့် သာ ပီတာကို မကောင်းတတ်လို့ ဆက်ဆံနေရတာ၊ သဘောတွေ့တာမဟုတ်ဘူးဆိုတော့ ငြင်းလိုက်တယ်။

တစ်နေ့မှာ မစ္စတာ သောမတ်စ်က ဇနီးသည် ဒေါ် မိမိကြီးကို အစိုးရဘက်က ဧည့်သည်တွေ မကြာခင် ရောက်လာကြမှာမို့ လိုလေသေးမရှိအောင် စီစဉ်နေရာ ချထားပေးဖို့ သူလှည့်ကြည့်စရာမလိုအောင် ပီတာက တာဝန်ယူ စီစဉ်ပေးနေကြောင်း၊ သမက်အဖြစ် ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



ရန် စဉ်းစားထားကြောင်း။ ညေ့သည်အရာရှိကြီးများရှေ့မှာ စေ့စပ်ပွဲလေးပါ လုပ်လိုက်ရင်ကောင်းမယ်လို့ မိဘတွေ ပြောဆိုတိုင်ပင်နေကြတာကို မေသူက အမှတ်မထင် ကြားလိုက်ရတယ်။

မေသူ စိတ်ညစ်သွားတယ်။ အထိန်းတော်ကြီး ဒေါ်အိုဇာကို မလိမ့်တစ်ပတ်ပြောပြီး တောအုပ်လေးထဲကို စိတ်ပြေလက်ပျောက် လိုက်ပို့ပေးဖို့ ပူဆာတော့ ဒေါ်အိုဇာလည်း လူကြီးတွေ ခွင့်ပြုတယ်ထင်ပြီး လိုက်ပို့တာပေါ့။ တောအုပ်ထဲလည်းရောက်ရော မေသူ ပျော်မြူးပြီး လွတ်လပ်ပေါ့ပါးစွာနဲ့ တောအုပ်ထဲ ပြေးဆော့ကစားတော့တာပေါ့။ ဒီလိုနဲ့ ဆော့နေလိုက်တာ မျက်စိလည်ပြီး ဒေါ်အိုဇာနဲ့ လူကွဲသွားတော့တာပေါ့။ တောနက်ထဲ တဖြည်းဖြည်းရောက်သွားတဲ့အခါ လူရိပ်တစ်ခုတွေ့ရ



တယ်။ မေသူနဲ့ရွယ်တူ ကောင်လေးတစ်ယောက်ဖြစ်နေတယ်။ အဲဒီကောင်လေးက ရေအိုင်တစ်ခုနားမှာထိုင်ပြီး မျက်နှာသစ်နေတယ်။ မေသူ့ကိုတွေ့တော့ လန့်ပြီးထွက်ပြေးတယ်။ မေသူကလည်း တစ်ယောက်တည်းဆိုတော့ အားကိုးရလိုရငြား ကောင်လေးနောက်ကို ပြေးလိုက်တယ်။ မေသူ ခြေခေါက်ပြီး လဲကျသွားတယ်။ လမ်းမလျှောက်နိုင်တော့ဘူး။ ဒါကို ကောင်လေးကတွေ့တော့ ကူတွဲပြီး တောထဲက သူ့အိမ်ကို ခေါ်သွားတယ်။

သူ့အိမ်ရောက်တော့ သူ့အဖေ၊ အမေ၊ သူ့ညီတို့နဲ့ မိတ်ဆက်ပေးတယ်။ သူ့အဖေက မေသူရောက်လာတာကို နှစ်မြို့ပုံမပေါ်ဘူး။ မေသူ့ရဲ့ခြေထောက်ကဒဏ်ရာက ချက်ချင်းမပျောက်နိုင်ဘူး။ သူတို့မိသားစုကိုစိတ်ဝင်စားသွားတယ်။ ဒါကြောင့် သူက အိမ်မှာ ပထွေးနဲ့နေရတာပါ၊ သူ့အိမ်မှာမရှိရင် အိပ်ကကျေနပ်မှာဆိုပြီး ညာပြောလိုက်တယ်။ ခြေထောက်ဒဏ်ရာ ပျောက်ကင်းတဲ့အထိ ဒီမှာနေပြီး ကုသခွင့်ပြုဖို့ ခွင့်တောင်းတယ်။ အဘိုးကြီးက မကျေနပ်ပေမယ့် ခွင့်ပြုလိုက်ပါတယ်။

နောက်နေ့ မေသူ အိပ်ရာကနိုးလာချိန်မှာ အိမ်ထဲမှာ တစ်ယောက်မှမရှိကြဘူး။ အိမ်ပြင်ထွက်ကြည့်တော့ [illegible] တက်ညီလက်ညီ အလုပ်လုပ်နေကြတယ်။ သူ့ကိုခေါ်လာတဲ့ ကောင်လေးကို မတွေ့ဘူး။ မေးကြည့်တော့ ရေခပ်သွားတယ်တဲ့။ အိမ်ရှေ့မှာ ရေအိုင်ကြီးရှိလျက်နဲ့ တခြားမှာ ရေသွားခပ်တယ်ဆိုလို့ မေသူအံ့သြနေတာ။ ဒါနဲ့ ကောင်လေးရေခပ်သွားတယ်ဆိုတဲ့ စမ်းချောင်းလေးကို လိုက်သွားရင်း ကောင်လေးနဲ့ တောထဲ

www.burmeseclassic.com



လျှောက်ကြည့်ဖြစ်တယ်။ လွတ်လပ်ပျော်ရွှင်မှုဆိုတာ တစ်ခါမှ မခံစားဘူးတဲ့ မေသူ အပျော်ကြီးပျော်နေမိတယ်။ ကောင်လေးနာမည်က ကျော်စွာတဲ့။ အသက်ကိုမေးကြည့်တော့ လန့်သွားတယ်။ ၁၀၆ နှစ်တဲ့။ ၁၆ နှစ်မဟုတ်ဘူးနော်။ ၁၀၆ နှစ်။ ကျော်စွာရဲ့အဖေနဲ့အမေတို့ရဲ့အသက်ကို စဉ်းစားသာကြည့်တော့။ မေသူ တအား စိတ်ဝင်စားသွားပြီး အတင်းမေးတော့ ကောင်လေးက ပြောပြတယ်။

ရှေးမြန်မာဘုရင်လက်ထက်က ကျော်စွာတို့မိသားစုလေးယောက် ထွက်ပြေးလာကြရင်း တောအုပ်တစ်ခုထဲရောက်တော့ ရေငတ်လွန်းတဲ့အတွက် ရေအိုင်တစ် အိုင်ကရေကို အငမ်းမရသောက်လိုက်ကြတယ်။ ရေအိုင်က ရေကိုသောက်ပြီးကတည်းက သူတို့လေးယောက်စလုံး ဘာရောဂါမှ မဖြစ်ကြတော့ဘူးတဲ့။ တစ်နေ့ ဖခင်ကြီး တောထဲသွားရာက သေလောက်တဲ့ဒဏ်ရာတွေရပြီး ပြန်ရောက်လာတယ်။ ဒါပေမဲ့ ရက်အနည်းငယ်အတွင်းမှာ ပြန်ကောင်းသွားတယ်တဲ့။ ဒါဟာ နှစ်ကာလကြာရှည်စွာသောက်သုံးခဲ့တဲ့ ရေအိုင်လေးကရေကြောင့်ဆိုတာ သိလာရတယ်တဲ့။

+ + +

မေသူပျောက်နေတဲ့အတွက် မစ္စတာသောမတ်စ်နဲ့ တစ်အိမ်လုံး ပွက်လောရိုက်နေကြတာပေါ့။ အရင်နေခဲ့တဲ့မြို့တွေကို လူလွှတ်ပြီး စုံစမ်းပေမယ့်လည်း မတွေ့ဘူး။ အခုရောက်နေတဲ့ တစ်မြို့လုံးလည်း နှံ့နေပြီ။ နောက်ဆုံး အထိန်းတော်ကြီး ဒေါ်အိုဇာကို



အတင်း အစ်အောက်မေးတော့မှ မေသူဟာ တောထဲမှာပျောက်ဆုံးနေခဲ့တယ်ဆိုတာသိတော့ တပည့်တွေကိုတောနှင်းပြီး မတွေ့တွေ့အောင်ရှာဖို့ မစ္စတာသောမတ်စ်က အမိန့်ပေးလိုက်တယ်။

ကျော်စွာက မေသူ့ကို ပြောပြတယ်။ သူတို့မိသားစုဟာ အချိန်ကာလဆိုတဲ့ စည်းရဲ့အပြင်ဘက်မှာရောက်နေကြတာဖြစ်ကြောင်း။ အခြားသူတွေ အိုမင်းရင့်ရော်ပြီး သေဆုံးသွားကြပေမယ့် သူတို့တွေက နဂိုအတိုင်းနုပျိုနေကြတာကို တွေးကြည့်ရင် ကြည်နူးစရာလို့ထင်ရပေမယ့် တဒုက္ခပါပဲ။ တကယ်တမ်းမှာ သဘာဝနဲ့ဆန့်ကျင်နေတဲ့အတွက် သဘာဝထဲမှာရှိနေကြတဲ့လူတွေနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါကျတော့ သူတို့မိသားစုဟာ ကျိန်စာအသင့်ခံထားကြရသလို ပတ်ဝန်းကျင်လူသားတွေနဲ့ ဘယ်လိုမှ လိုက်လျောညီထွေမဖြစ်တော့ဘူး။ ဒါကြောင့် လူတွေနဲ့ဝေးရာကို ထွက်ပြေးတိမ်းရှောင်နေရတာဖြစ်တဲ့အကြောင်း ပြောပြပါတယ်။

အချိန်ကြာ၊ အနေနီးလာတော့ အသက်အရွယ်တွေကို လစ်လျူရှုပြီး အချစ်ဆိုတာကို ကျော်စွာနဲ့ မေသူတို့ကြားမှာ မွေးဖွားလာခဲ့တော့တယ်။ တစ်နေ့မှာ ကျော်စွာတို့မိသားစု မနက်အိပ်ရာကနိုးလာကြတော့ မေသူ့ကို ရှာမတွေ့တော့ဘူး။ အဘိုးကြီး သံသယဖြစ်သွားပြီး သူတို့ရဲ့ လျှို့ဝှက်ချက်ကို ကျော်စွာက ပြောပြလိုက်ပြီလားလို့ မေးတော့ ကျော်စွာက ဝန်ခံတယ်။ ကျော်စွာ သဘောပေါက်သွားတယ်။ ချက်ချင်း ရေအိုင်လေးဆီကိုလိုက်သွားတော့ မေသူ ရေအိုင်က ရေ

www.burmeseclassic.com

www.burmeseclassic.com



ကိုသောက်ဖို့ ကြံစည် နေတာကိုတွေ့တော့ ကျော်စွာက အတင်းတားလိုက်တဲ့ အတွက် မသောက်ဖြစ်လိုက်ဘူး။ အိမ်ပြန်ရောက်တော့ အဘိုးကြီးကပြောတယ်။ မေသူအနေနဲ့ လူသားဆန်စွာ ရှင်သန်အိုမင်းခြင်းကိုပဲ ခံယူသင့်ကြောင်း၊ မေသူ့ရဲ့ဘဝ မှာ သူတို့ထက်ပိုပြီး မျှော်လင့်စရာတွေ၊ အနာဂတ်ပျော် ရွှင်မှုတွေ ရှိနေသေးကြောင်း၊ သူတို့ဘဝဟာ ရှင်လျက် နဲ့ သေနေကြတဲ့ "သက်ရှိရုပ်ကြွင်း"တွေ ဖြစ်ကြတဲ့ အတွက် သူတို့ဘဝထဲကို ဝင်မလာသင့်ကြောင်း မေသူ နားလည်အောင် ရှင်းပြပြီး အိမ်ကိုပြန်သင့်ပြီဖြစ်ကြောင်း တိုက်တွန်းတော့တာပေါ့။

မစ္စတာသောမတ်စ်နဲ့အဖွဲ့ လည်း တောနင်းရှာတဲ့အတွက် ကျော်စွာတို့မိသားစုနဲ့အတူရှိနေ တဲ့ မေသူ့ကို တွေ့တော့တာပေါ့။ လူတွေနဲ့ကင်းကွာပြီး တောထဲမှာ သီးခြားလာနေတာဟာ ဝရမ်းပြေး တွေပဲဖြစ်ရမယ်ဆိုပြီး ကျော်စွာတို့ မိသားစုကို ဖမ်းဆီးဖို့ မစ္စတာ သောမတ်စ်က အမိန့်ပေးတယ်။ အဘိုးကြီး၊ အဘွားကြီးက ကျော်စွာ



တို့ညီအစ်ကိုကို လွတ်အောင်ပြေးခိုင်းလိုက်ပြီး သူတို့က အဖမ်းခံလိုက်တယ်။ သေနတ်နဲ့ပစ်လည်း မသေနိုင်တဲ့ ကျော်စွာတို့ညီအစ်ကိုက လွတ်သွားတယ်။ ပြီးတော့မှ အဖမ်းခံရတဲ့ အဖေနဲ့အမေကို လာပြန်ကယ်တယ်။ ကျော် စွာနဲ့ မေသူတို့ရဲ့ အချစ်ဇာတ်လမ်းက ဘယ်လိုအဆုံး သတ်မှာလဲ။ ဘယ်တော့မှ မသေနိုင်တဲ့ ကျော်စွာတို့မိ သားစုဘဝထဲကိုဝင်ဖို့က တစ်နည်းပဲရှိတယ်။ သူကိုယ် တိုင် အစွမ်းထက်ရေအိုင်ကရေကို သောက်လိုက်ဖို့ပဲ။ မေသူ ရေအိုင်ကရေကို သောက်ဖြစ်လား၊ မသောက်ဖြစ် ဘူးလားဆိုတာ ပရိသတ်ကြီး မသိချင်ဘူးလား။ 'သက် ရှိရုပ်ကြွင်း' ဇာတ်လမ်းလေး ဖြန့်ချိပြီဆိုရင် ကြည့်လိုက် ကြပါ။

ဒီဇာတ်လမ်းလေးကို ဒါရိုက်တာ ညိုမြင်းလွင်က ခံစားဖန်တီးထား တာပါ။ နေတိုး၊ ဖွေးဖွေး၊ စိုးမိုးကြည်၊ ဦးလူမှန်း၊ ဝင်းမင်းသန်းနဲ့ ကျွန်တော် ဦးစင်းမြိုင်တို့ ပါဝင်သရုပ်ဆောင် ထားပါတယ်။ ရွှေစင်ဦးဗီဒီယိုက ထုတ်လုပ်ဖြန့်ချိမှာဖြစ်ပါတယ်။

ဦးဝင်းမြိုင် (သရုပ်ဆောင်)



www.burmeseclassic.com

www.burmeseclassic.com

# ခရသင်း၊ သမင်ဖြူ

ခရသင်း သမင်ဖြူ အနာကြီးရောဂါ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ သီးမှုညောင်ညာကျ၊
ဂနိုရိယား၊ ဆစ်ပလစ်၊ ရှန်ကမ္ဗျက်၊ ရေယုန်၊ ဝိဖြူ-ဝိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၈၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅

# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊
ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော
အရေပြားရောဂါများကို ကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
ခရသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်
- တိုက်(၁)၊အခန်း(၁၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁၊
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၁၂၃၈၊

www.burmeseclassic.com

www.burmeseclassic.com





# မောင်သာမှု

(ဝီးကုန်း)

## မကြွေခဲ့သော ပုရစ်ဖူး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့အုတ်ခုံပေါ်မှ မောင်မောင်၏ သီချင်းသံ၊ ဂီတာသံတို့ကြောင့် မမကေသီသည် ဖတ်လက်စ ကျောင်းစာကို ရပ်ဆိုင်းလိုက်သည်။ သည်ည မမကေသီတို့အိမ်ရှေ့အုတ်ခုံမှာ ဂီတာတီးပြီး သီချင်းဆိုပါရစေဟု ဖုန်းနဲ့ကြိုတင်အကြောင်းကြားသောကြောင့် မမကေသီ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မောင်မောင်၏ ဂီတဖျော်ဖြေမှုအား အရေးတယူ နားသောတဆင်ပါကြောင်း သိသာနိုင်ရန် သူမကိုယ်တိုင် ဝရန်တာသို့ထွက်၍ နားဆင်ခဲ့၏။ ထိုညအဖို့ မောင်မောင့်အနေဖြင့် သူမြတ်နိုးသော မမကေသီ၏ အားပေးမှုအပေါ် အလေးထားသောအားဖြင့် ဂီတာတီး၍ သီချင်းဆိုရသည်မှာ အာခံတွင်းတွေ့လှသည်။

မောင်မောင်၏သီဆိုမှုသီချင်းငါးပုဒ်ခန့်အပြီးဝယ် မောင်မောင်၏ ခါးကြားမှ ဟန်းဖုန်းသည် အလန်းမြည်လာ၏။ သူ၏ဟန်းဖုန်းအားကြည့်လိုက်ရာ မမကေသီထံမှဖုန်းဖြစ်သည်ကြောင့် ပြုံးသွားရသည်။

"မောင်မောင်ဆိုတဲ့သီချင်းတွေ သိပ်နားထောင်လို့ကောင်းတာပဲ၊ မောင်မောင်က အဆိုကောင်းပဲကွဲ့၊ မမကေသီတောင် မသိဘူး၊ သိပ်တော်တာပဲ"

"နဂိုကတော့ဒီလောက်မဟုတ်ပါဘူး၊ မမကေသီ နားထောင်ဖို့ဆိုလာမှ သိပ်ဆိုလို့ကောင်းသွားတယ်"

မောင်မောင်၏ပြောစကားကြောင့် မမကေသီက အသံလွင်လွင်ဖြင့် ရယ်လိုက်သည်။

"တော်တော်ပြောတတ်တဲ့ မောင်မောင်၊ ကဲ.....ဒီညတော့ သီချင်းဆိုတာ ကျေနပ်ပါတော့ကွယ်၊ မမကေသီလည်း စာမေးပွဲတွေတစ်ခုပြီးတစ်ခု ဖြေနေရလို့ မအားဘူးဖြစ်နေတယ်၊ နောက်များမှ ထပ်ဆိုပြနော်၊ မောင်မောင်လည်း ဒီနှစ်ဆယ်တန်းစာမေးပွဲ ဖြေနိုင်တယ်ကြားလို့ မမကေသီ ဝမ်းသာတယ်နော်"

"မမကေသီရဲ့ပြောစကားကို ဒီညအဖို့ နားထောင်လိုက်မယ်၊ မောင်မောင့်စိတ်ကူးက ဒီညမှာ မမကေသီကို သီချင်းဆိုပြရုံတင်မကဘူး၊ လသာသာမှာ မမနဲ့ အကြာကြီးစကားပြောမလို့ စဉ်းစားထားတာ"

မောင်မောင်၏ ချွဲသောနွဲ့သော စကားကြောင့် မမကေသီက.....

"မောင်မောင်နဲ့ မမကေသီကြားမှာ တွေ့ရမယ့်အချိန်တွေ၊ စကားပြောရမယ့်အချိန်တွေအများကြီးပါကွယ်၊ အခုလည်း မောင်မောင့်အလိုကျ သီချင်းတွေ နားထောင်ပြီးပြီပဲ၊ နောက်နေ့တွေမှာလည်း တွေ့လို့ရတာပဲ၊ မမတို့အိမ်ကို လာလည်လို့လည်းရတာပဲ၊ ကဲ.....တော်ဦးမယ်ကွာ၊ မမ စာတွေကျက်ရဦးမယ်၊ မောင်မောင်လည်း အိမ်ပြန်တော့"

မမကေသီ ဖုန်းချသွားသည့်အတွက် မောင်မောင်သည် အလိုမကျသည့်မျက်နှာပေးဖြင့် ဖုန်းကိုပိတ်လိုက်၏။ ယင်းနောက် သူသည် အေးမြသော ညကလေးတွင် ညမွှေးပန်းရနံ့ကို ရှူရှိုက်ရင်း အေးဆေးစွာ ဂီတာထမ်း၍ အိမ်ပြန်ခဲ့တော့သည်။

+++

မမကေသီတို့အိမ်နှင့် မောင်မောင်တို့အိမ်သည် မျက်စောင်းထိုးဖြစ်၍ သိပ်မဝေးပါ။ သူတို့၏မိဘများမှာ ခင်မင်ရင်းနှီးသူများဖြစ်ခြင်းကြောင့် မောင်မောင်နှင့် မမကေသီသည်လည်း သံယောဇဉ်အမျှင်တန်းခဲ့ပါ၏။

မောင်မောင်၏မိဘများမှာ အစိုးရဝန်ကြီးဌာနတစ်ခုမှ ညွှန်ကြားရေးမှူး ဦးလူကျော်နှင့် တက္ကသိုလ်ကထိက ဒေါ်ခင်သန်းမြင့်တို့ဖြစ်ကြ၏။ မောင်မောင်သည် တစ်ဦးတည်းသောသားဖြစ်၍ မိဘများကအလို

www.burmeseclassic.com

www.burmeseclassic.com





လိုက်ထားသဖြင့် ဆိုးချင်နွဲ့ချင်သည်။ အစိုးရအရာထမ်းများဖြစ်ခြင်းကြောင့် သားဖြစ်သူနှင့်အချိန်ပြည့်ရှိမနေ၊ မောင်မောင်နှင့် အနီးကပ်နေရသူမှာ အဒေါ်ဖြစ်သူ ဒေါ်ခင်တင့်ဖြစ်သည်။ ငယ်စဉ်ကလေးဘဝကပင် မောင်မောင့်အား သူမထိန်းကျောင်းနေရသည်မှာ ယခုတိုင်ဖြစ်၏။

မမကေသီကား မောင်မောင့်ထက်အသက်နှစ်နှစ်ကြီး၍ တတိယနှစ်တွင်တက်နေသော ဆေးကျောင်းသူလေးလည်းဖြစ်ပါသည်။ မမကေသီ၏မိဘများမှာ ရိုးသားအေးဆေးသော ကျောင်းဆရာ၊ ဆရာမများသာဖြစ်သည်။ မမကေသီ၏ဖခင်မှာ အလယ်တန်းကျောင်းအုပ်ဆရာကြီးဦးဦးမောင်ဖြစ်၍ မိခင်မှာ မူလတန်းပြဆရာမ ဒေါ်မြင့်ဆန်းဖြစ်သည်။ စာတော်သော သမီးဖြစ်သူအား ဆေးတက္ကသိုလ်တက်နိုင်ရန် အတော်ကြိုးစားရုန်းကန်ခဲ့ရသော မိဘကောင်းများဖြစ်သည်။

မောင်မောင်သည် ဉာဏ်ကောင်းသူဖြစ်သော်လည်း ဝီရိယအားထုတ်မှုနည်းလှသည်။ အပေါင်းအသင်းသူငယ်ချင်းများနှင့် တရုန်းရုန်းနေလေ့ရှိခြင်းကြောင့် လပတ်စာမေးပွဲများတွင် အမှတ်နည်းခဲ့ပါ၏။ သို့သော် ခင်မင်ဖွယ် မမကေသီ၏ စည်းရုံးပြောဆို တိုက်တွန်းမှုတို့ကြောင့် စာမှန်မှန်ကျက်ခဲ့ပြီး ဆယ်တန်းစာမေးပွဲ ဖြေဆိုခဲ့ခြင်းဖြစ်ပါ၏။

မောင်မောင်တစ်ယောက် စာမေးပွဲဖြေဆိုနိုင်ခြင်းအပေါ် မမကေသီအား မောင်မောင်၏မိဘများက အထူးကျေးဇူးတင်မဆုံး ဖြစ်ခဲ့ကြ၏။ မောင်မောင်၏မိဘများသည် ကေသီတို့အိမ်သို့ အိမ်တိုင်ရာရောက်လာရောက်၍.....

"သားမောင်မောင့်အတွက် ကျေးဇူးတင်လိုက်တာ သမီးရယ်၊ သမီးရော ဆေးကျောင်းတက်တာ အဆင်ပြေရဲ့လား။ အခက်အခဲရှိရင် အန်ကယ့်ကိုရော အန်တီ့ကိုပါပြော၊ အားမနာနဲ့၊ အန်ကယ်တို့ အကုန်ဆောင်ရွက်ပေးမယ်"

ထိုသို့ပင် ပြောကြားခဲ့ပါ၏။ မမကေသီသည် မည်သည့်အရာမျှမလိုအပ်သဖြင့် ယဉ်ကျေးစွာ ငြင်းပယ်ခဲ့သည်ပင်။ မည်သို့ဆိုစေ မိမိစကားကို နားထောင်သော မောင်မောင်၏ ကြိုးစားမှုအတွက် မမကေသီ ပီတိဖြစ်မဆုံးဖြစ်၍နေတော့၏။ မောင်မောင်တစ်ယောက် ဘွဲ့ဒေးပယောဂကင်းကင်းနဲ့ ပညာရေးအောင်မြင်ထူးချွန်စေကြောင်း မမကေသီ ဆုတောင်းလျက်ရှိသည်။ သို့သော်.....

တစ်နေ့တွင် မောင်မောင်၏ သူငယ်ချင်းဖြစ်သူဝဏ္ဏတစ်ယောက် မိဘများရှိရာ စင်ကာပူသို့ လိုက်သွားတော့မည်ဖြစ်ခြင်းကြောင့် မောင်မောင်တို့သူငယ်ချင်းတစ်စုအား ဝဏ္ဏကဒကာခံ၍ စားသောက်ဆိုင်တစ်ခုတွင် အဖျော်ယမကာတို့ဖြင့် တစ်နေကုန် ညွှန့်ခံ၏။ မောင်မောင်တို့လူစုမှာ ချပေးလာသော ဘီယာမှန်သမျှကို အလုံနှံသောက်ကြ

www.burmeseclassic.com



သည်။ ဘီယာနှင့်ပတ်သက်၍ မောင်မောင်တို့သူငယ်ချင်းတစ်စုမှာ အနုများမဟုတ်ကြ။ နုသော၊ ယဉ်သော ဘီယာကို အကြောင်းပြု၍ စိတ်ကြွဆေးများ သုံးစွဲဖြစ်ကြ၏။

သူတို့သည် လူငယ်များပီပီ လေးလံထိုင်းမှိုင်းမှုကို အလိုမရှိကြ။ ပျော်ရွှင်လိုသည်၊ တက်ကြွလိုသည်၊ အော်ချင်ဟစ်ချင်သည်။ သည့်နောက် ခိုက်ရန်ဖြစ်လိုကြသည်။ သို့ဖြင့် မောင်မောင်တို့လူစု အဲမ်ဖက်တမင်းနိ (Amphetamine) စိတ်ကြွဆေးများကို အဆက်အသွယ်ဖြင့် ဝယ်ယူ၍ သုံးစွဲခဲ့ကြသည်။ သို့ဖြင့် ထိုဆေးပြားများ၏စနက်ကြောင့် စမိ၊ နောက်မိ၊ ပြောင်မိရာမှ တခြားသောလူငယ်အဖွဲ့နှင့် စားသောက်ဆိုင်ထဲ၌ ခိုက်ရန်ဒေါသဖြစ်ခဲ့ကြသည်။ ထိုသို့ရန်ဖြစ်ခြင်းကြောင့် မောင်မောင်တို့သူငယ်ချင်းတစ်စု ရုံးရောက်၊ ဂါတ်ရောက် ဖြစ်ကြရတော့သည်။ ခိုက်ရန်ဖြစ်စဉ်ကပင် ဓားအားကိုယ်ယောင်ဖျောက်စေခဲ့ခြင်းကြောင့် ရန်ဖြစ်မှုတွင် ဝတ္ထုမပါဝင်ခဲ့ပေ။ ယင်းနောက် ဝတ္ထု၏ နှုတ်ဆက်ညသည်ကား အပျော်လေးများဖြင့် အဆုံးသတ်ရမည့်အစား ရဲအချုပ်ခန်း၌ အဆုံးသတ်ခဲ့ရသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ရဲစခန်း၏အကြောင်းကြားချက်အရ မောင်မောင်၏မိဘများဖြစ်သော ဦးလူကျော်နှင့် ဒေါ်ခင်သန်းမြင့်တို့သိရှိသွားရသည်။ ဖခင်ဖြစ်သူ ဦးလူကျော်သည် ကျောင်းနေစဉ်မှ ယခုထိတိုင် မူးယစ်ဆေးဝါးဆိုသည်ကိုပင် ဘာမှန်းမသိအောင် ကင်းရှင်းခဲ့၏။ သူ့ဘဝတောက်လျှောက် ဂုဏ်သိက္ခာဖြင့် ကြီးရင့်လာသည်ဟု ဆိုရမည်။ သို့သော် သူ၏သားမောင်မောင်ကား သူကဲ့သို့မဟုတ်။ လူငယ်ပီပီ ရှုပ်ချင်၏၊ နောက်ချင်၏၊ ပျော်ချင်ပါးချင်၏။ မူးချင်ရူးချင်၏။ အထူးအဆန်းကလေးများကို စူးစမ်းချင်၏။ ထို့ကြောင့်ပင် အပေါင်းအသင်းများနှင့် တွေ့ဆုံစားသောက်ပျော်ပါးရင်းမှ တစ်ဆင့်တက်၍ ရန်ဖြစ်ကြခြင်းဖြစ်၏။

သို့သော် မောင်မောင်၏မိဘများမှာ မောင်မောင် စိတ်ကြွဆေးသုံးစွဲသည်ကို မရိပ်မိကြသေးပေ။ ယခုတော့ဖြင့် ရုံးရောက်၊ စခန်းရောက်ဖြစ်နေသော သားအတွက် အရှက်ရသည်ဟု ပြောဆိုကြိမ်းမောင်းလျက် ဇနီးဖြစ်သူအား ရဲစခန်းသို့စေလွှတ်သည်။

"ဟေ့.....မြင့်၊ မင်းပဲသွားတော့ကွာ၊ ဒီကောင့်ကိုတွေ့ရင် ငါ့စိတ်တွေ နိုင်မှာမဟုတ်ဘူး၊ တွေ့ရင် သတ်မိလိမ့်မယ်"

ခင်ပွန်းအကြောင်းကိုသိသော ဒေါ်ခင်သန်းမြင့်မှာ ကတိကဟုသော ဂုဏ်အရှိန်ပါဝါကို ဘေးချိတ်လျက် သားဖြစ်သူ အာမခံရရှိရေး ကြိုးစားရ၏။ သို့ဖြင့်.....

ညတွင်းချင်းဆိုသလို ဒေါ်ခင်သန်းမြင့်၏ Toyota Crown ကားလေးသည် ကေသီတို့၏နေအိမ်သို့ ရောက်ရှိလာ၏။ ကေသီတို့မိသားစုသည်လည်း အံ့အားသင့်စွာဖြင့်ကြိုဆိုကြပါ၏။ ကျောင်းဆရာကြီး ဦးဦး

ဘီယာလည်း
အရက်ပဲလေ၊
တခြားအရက်တွေနဲ့စာရင်
အယ်လ်ကိုဟော
ပါဝင်မှု
အနည်းအများပဲ
ကွာတာ၊
ဘာဖြစ်ဖြစ်
ဘီယာထဲမှာလည်း
အရက်ပါတဲ့အတွက်
မူးယစ်စေတဲ့အရာပဲ
...

www.burmeseclassic.com

www.burmeseclassic.com



မောင်က ဒေါ်ခင်သန်းမြင့်အား ပျူငှာစွာ ကြိုဆိုခဲ့ပြီး.....

"ကြွပါ ဆရာမကြီး၊ ညကြီးမင်းကြီး ဘာကိစ္စများရှိလို့ပါလိမ့်"

ဒေါ်ခင်သန်းမြင့်သည် ဦးဦးမောင်၏အမေးအား ချက်ချင်းမဖြေနိုင်ပေ။ သူမသည် သားဖြစ်သူ မောင်မောင်နှင့်ပတ်သက်၍ စိုးရိမ်စိတ်နှင့်အတူ ဦးဦးမောင်တို့မိသားစုအား အကူအညီတောင်းခံရန် အားနာသည့်ဟန်ပန်များ ပေါ်လွင်နေပါ၏။ မတတ်သာသည့်အဆုံး ဦးဦးမောင်တို့မိသားစုအား သားဖြစ်သူနှင့်ပတ်သက်၍ အကူအညီပေးပါရန် ပြောပြ၍ အကူအညီတောင်းရတော့၏။ မောင်မောင့်ကိစ္စ ကြားရသော ဦးဦးမောင်တို့မိသားစုမှာ မောင်မောင့်အတွက် စိုးရိမ်ထိတ်လန့်သွားကြရပါ၏။ ဦးဦးမောင်က.....

"ဘာမှအားမနာပါနဲ့ ဆရာမကြီး၊ တခြားသူတွေမှမဟုတ်တာ၊ ကျွန်တော်လိုက်ခဲ့ပါ့မယ်၊ လူငယ်အချင်းချင်း အခန့်မသင့်လို့ ခိုက်ရန်ဖြစ်ကြတာပဲလေ၊ ထိခိုက်ဒဏ်ရာမရရင် ပြီးတာပဲ၊ ကျွန်တော် တစ်ခါတည်းလိုက်ခဲ့ပါ့မယ်"

ဒေါ်ခင်သန်းမြင့်သည် အားနာစွာဖြင့်.....

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ မောင်မောင်က အိမ်မှာပဲ ဆိုးတာနဲ့တာပါ၊ ဒီလိုဖြစ်ရတာ သူ့အပေါင်းအသင်းတွေကြောင့်လို့ မပြောလိုပေမယ့် သူငယ်ချင်းအပေါင်းအသင်းနဲ့ပတ်သက်ပြီး ချင့်ချိန် ဆင်ခြင်သင့်တာပေါ့၊ မောင်မောင်က သူငယ်ချင်းတွေကို တော်တော်ခင်တတ်ပါတယ်၊ အခုအချိန်မှာ ကျွန်မရော၊ သူ့အဖေပါ အလုပ်မအားကြဘူးလေ၊ သူ့ကိုလည်း အချိန်ပြည့် မကြည့်နိုင်ဘူး၊ ဒါကလည်း ကျွန်မတို့ချို့ယွင်းချက်ပါပဲ၊ အခုလို ပြဿနာဖြစ်တော့ သူ့အဖေက ဂုဏ်သိက္ခာအပျက်မခံနိုင်ဘူးဆိုပြီး မလိုက်ဘူး၊ ကျွန်မကိုလည်း ခေါင်းလွှဲတယ်၊ ဒါကြောင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ဆရာတို့မိသားစုကို အကူအညီတောင်းရတာပါ"

သို့ဖြင့် လူငယ်ချင်း ခိုက်ရန်ဖြစ်ခြင်းနှင့်ပတ်သက်၍ မိဘများတစ်ဖက်နှင့်တစ်ဖက် ရဲစခန်း၌ပင် ပြေလည်မှုရရှိစေရန် ညှိနှိုင်းကြပေ၏။ ရဲစခန်းမှ လူငယ်များအား သက်ဆိုင်ရာမိဘများထံ ခံဝန်ဖြင့် ပြန်လည်လွှဲအပ်ပေးခဲ့ကြ၏။ မောင်မောင်သည် သူ၏အမှားကြောင့် ဖခင်ဖြစ်သူနှင့် ရင်မဆိုင်ရဲ၊ ဦးဦးမောင်ကပင် သူတို့အိမ်၌ မောင်မောင့်အား အိပ်စေ၏။ ဒေါ်ခင်သန်းမြင့်သည်လည်း ခင်ပွန်းဖြစ်သူအား ဖျောင်းဖျရန် သူမ၏အိမ်သို့ပြန်သွား၏။ မောင်မောင်အိပ်ရန်အတွက် ကေသီကိုယ်တိုင် အိပ်ရာပြင်ပေးပါ၏။

ညစာမစားရသေးသော သူ့အား ကေသီ၏မိခင်မှ ထမင်းပြင်၍ကျွေးပါ၏။ သို့သော် မောင်မောင်မစားပါ။ အော့အန်၍သာနေပေ၏။ ကေသီက မောင်မောင့်အားကြည့်၍.....

"မောင်မောင်၊ မင်း မမကေသီရဲ့စကားကို နားထောင်ပါကွယ်၊ နောက်ကို မင်း အရက်မသောက်ပါနဲ့တော့၊ အရက်မူးတဲ့အခါ ပုံမှန်လူစိတ်တွေပျောက်ပြီး တစ်ဦးနဲ့တစ်ဦး ခိုက်ရန်ဖြစ်တတ်တယ်ကွဲ့၊ နောက်ကိုမသောက်ပါနဲ့၊ မမကေသီတောင်းပန်ပါတယ်ကွယ်"

မောင်မောင်က ရင်ဘတ်ကို လက်ဖြင့်ဖိ၍.....

"မမကေသီကလည်း မမကေသီ ကျွန်တော့်ကို တောင်းပန်ရအောင် ကျွန်တော် ဘာများလုပ်မိလို့လဲ၊ မောင်မောင် အရက်မသောက်ပါဘူးဗျာ၊ သူငယ်ချင်းတွေနဲ့ဆုံလို့ ဘီယာသောက်ကြတာပါ"

"ဟဲ့.....ဘီယာလည်း အရက်ပဲလေ၊ တခြားအရက်တွေနဲ့စာရင် အယ်လ်ကိုဟောပါဝင်မှု အနည်းအများပဲကွာတာ၊ ဘာဖြစ်ဖြစ် ဘီယာထဲမှာလည်း အရက်ပါတဲ့အတွက် မူးယစ်စေတဲ့အရာပဲ၊ မူးယစ်ရမ်းကားစေတဲ့ အရက်သေစာကို နောက်မသောက်ပါနဲ့တော့ကွယ်"

မမကေသီအား မောင်မောင် မည်သို့မျှ ပြန်မပြောပါလေတော့။ မမကေသီသည် ထူးခြားစွာ ငြိမ်သက်နေသော မောင်မောင်၏အခြေအနေကို အကဲခတ်ပြီး.....


"ဟယ်.....မောင်မောင့်လက်တွေ အေးစက်နေပါလား"

တထိတ်တလန့် ပြောလိုက်သည်တွင် မောင်မောင်သည် သူမအား မော့ကြည့်လျက် "မောင်

www.burmeseclassic.com



မောင် ဘာမှမ ဖြစ်ပါဘူး''ဟု ကေသီ စိတ် အေးစေရန်ပြော လိုက်၏။ အမှန်ဆို ရချေသော် ညပိုင်း က သောက်ထားသော စိတ်ကြွဆေးပြယ်လာ သည်ကြောင့် ယင်းထနေ ခြင်းသာဖြစ်ပေသည်။



+++

နောက်တစ်နေ့ မောင်မောင်သည် အိပ်ရာမှ မထချင်လောက်အောင် နုံးချည့်နေ၏။ ရင်တုန်နေ၏။ ခြေလက်တုန်ယင်လျက် ဦးခေါင်းသည်လည်း တဆစ်ဆစ်ဖြင့် ကိုက်ခဲနေ၏။ ထိုဒဏ်များကို မောင်မောင် တာရှည်မခံစားနိုင်ပါ။မတတ်နိုင်။ သူငယ်ချင်းဖြစ်သူ ကျော်ကျော်လွင်ကို အကူအညီတောင်းရမည်ဟု စဉ်းစားနေခိုက် မောင်မောင်အိပ်နေသည့် အိပ်ရာနားသို့ ကေသီနှင့်အတူ မောင်မောင်၏မိခင် ဒေါ်ခင်သန်းမြင့် ရောက်လာ၏။

''ကဲ....သား၊ အိပ်ရာထ၊ ပြီးတော့ မေမေနဲ့အတူ အိမ်ပြန်လိုက်ခဲ့တော့၊ သားရဲ့ဖေဖေကို မေမေ ပြောပြီးသွားပါပြီ၊ သားအဖေက နောက် ဒီလိုကိစ္စတွေ မကြားချင်ဘူးတဲ့၊ ပြောထားလျက်နဲ့ဖြစ်လာရင် သားအဖြစ်ကစွန့်လွှတ်မယ်တဲ့''

မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေသော မောင်မောင်အား ကေသီက ကြည့်ပြီး.....

''မောင်မောင် မင်းနေကောင်းရဲ့လား၊ မင်းကိုကြည့်ရတာ တစ်မျိုးပဲ''

ကေသီ၏ စိုးရိမ်သံပါသော စကားကြောင့် မိခင်ဖြစ်သူ ဒေါ်ခင်သန်းမြင့်က သားဖြစ်သူ၏ နဖူးကို စမ်းပြီး စိုးရိမ်မှုဒီဂရီ မြင့်တက်ခဲ့ရသည်။ မောင်မောင်မှာ ဆေးပြယ်သည့်အရှိန်ကြောင့် ပြောမပြနိုင်အောင် ခံစားနေရသည်ကို မျိုသိပ်လျက်.....

''မေမေရယ် သားဘာမှမဖြစ်ပါဘူး၊ ဆရာဝန်လုပ်မယ့် မမကေသီကလည်း သိပ်ကိုစိုးရိမ်လွန်းပါတယ်၊ ကဲ.....အခုပဲ အိမ်ကိုသားလိုက်ခဲ့ပါ့မယ်''

ဒယီးဒယိုင်ဖြစ်ထလျက် မိခင် ဒေါ်ခင်သန်းမြင့်နှင့်အတူ မောင်မောင်သည် သူ့အိမ်သို့ပြန်လိုက်သွားခဲ့၏။ မောင်မောင်နှင့်ပတ်သက်၍ မည်သည့်အရာဟု တိုက်ရိုက်စွပ်စွဲပြောဆိုနိုင်ရန် ခက်လှသည်။ သို့သော် တစ်စုံတစ်ရာအား ကေသီ တစ်ယောက် သံသယရှိနေပြီဖြစ်သည်။ ထို့ကြောင့်ပင် သူမ၏စိတ်ထဲ၌.....

''ဘုရား ဘုရား၊ မောင်မောင် မူးယစ်ဆေးဝါးတွေ သုံးနေတာလား မသိဘူး၊ တကယ်လို့များ သုံးနေခဲ့ရင် သူ ဒုက္ခရောက်တော့မယ်၊ ဘုရားသိကြားမလို့ မဟုတ်ပါစေနဲ့''

တကယ်တမ်းတော့ ကေသီ၏ ဆုတောင်း မပြည့်ခဲ့ပါ။ မောင်မောင် တစ်ယောက် သူ့အိမ်ရောက်သည်နှင့် သူငယ်ချင်းဖြစ်သူ ကျော်ကျော်လွင်အား အရေးတကြီး ဆေးလိုအပ်နေကြောင်း ဖုန်းဖြင့်မှာကြားထားပြီးဖြစ်သည်။ အဒေါ်ဖြစ်သူ ဒေါ်ခင်တင့်က လိုလေသေးမရှိ နံနက်စာ ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ်၊ သီးမွှေးငှက်ပျောသီး၊ ကြက်ဥများကျွေးသော်လည်း မောင်မောင် မစားပါချေ။ သူ့အတွက် အဓိကလိုအပ်နေသည်ကား လိမ္မော်ရောင် ဆေးပြားများသာဖြစ်၏။ နာရီဝက်ခန့်အကြာတွင် သူ့ထံသို့ ကျော်ကျော်လွင်ရောက်ရှိလာ၏။

''မောင်မောင် ငါတို့အမြဲယူနေတဲ့ ဖောက်သည်က မူးယစ်အထူးအဖွဲ့နဲ့တွေ့သွားလို့ အဖမ်းခံလိုက်ရပြီကွာ၊ ဒါကြောင့် ဆေးမရခဲ့ဘူး မောင်မောင်၊ ဒဗလျူပိုင်နဲ့ ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်ပြီး အခြားအဆက်အသွယ်တွေလည်းမရှိတော့ ဘယ်လိုမှစုံစမ်းလို့မရဖြစ်နေတယ်''

ကျော်ကျော်လွင်၏စကားကြောင့် မောင်မောင့်မျက်နှာ အကြီးအကျယ်ပျက်နေရ၏။

''ဒါဆို ငါဘယ်လိုလုပ်ရမလဲဟင်၊ ငါ့အခြေအနေက ငါသောက်ခဲ့တဲ့ ဆေးတွေရဲ့ ဆယ်ဆလောက်သောက်မှ ရမယ်ထင်တယ်၊ ငါမခံစားနိုင်ဘူးကွာ၊ ငါ့ကို ဖြစ်တဲ့နည်းနဲ့ ဆေးရှာပေးပါကွာ''

ကျော်ကျော်လွင်သည် ဘေးဘီကြည့်ပြီး မောင်မောင့်အနား တိုးကပ်လျက်.....

''စိတ်ကြွဆေးမရလို့ တခြားဆေးသုံးကြည့်ဖို့ ငါ အဖြူမှုန့်ရှာလာတယ်ကွ၊ အဲဒါကို ရှူရင်လည်းရှူ၊ မရှူရင်လည်း မီးရေနဲ့ရောပြီးတော့ အကြောထဲထည့်ကြည့်ပါလား၊ ငါလည်း ဆေးမရလို့ အဖြူမှုန့်နဲ့စမ်းကြည့်တာ၊ မဆိုးဘူးကွ၊ နေလို့ထိုင်လို့ကောင်းတယ်''

ကျော်ကျော်လွင်သည် ဟိုစပ်စပ်၊ သည်စပ်စပ်ဖြင့် ခပ်ရှုပ်ရှုပ်လူစားမျိုးဖြစ်သည်။ လိုအပ်သည့်အရာရှိပါက မကောင်းတာရော၊ ကောင်းသည့်အရာပါ ရှိတတ်သည်။

မည်သို့ပင်ဆိုစေ ကေသီ၏ စမ်းသပ်စစ်ဆေး လေ့လာစုံစမ်းမှုများကြောင့် မောင်မောင်မူးယစ်ဆေးသုံးနေသည်ကို သိရှိခဲ့ရသည်။ သူမ၏မိဘများမှတစ်ဆင့် မိခင် ဒေါ်ခင်သန်းမြင့် သိရှိသွားရ၏။ သားဖြစ်သူ ဆေးစွဲသည်ကို သိရှိသွားသောဦးလူကျော်သည် သားဖြစ်သူမောင်မောင့်အပေါ် သတ်ပစ်ချင်လောက်အောင် စိတ်ကုန်ခန်းသွားရ၏။ မျှော်လင့်ချက်များလည်း ကုန်ဆုံးသွားသလို ဖြစ်ခဲ့ရ၏။ ဒေါ်ခင်သန်းမြင့်မှာ အဖေနှင့်ကြားတွင် စေ့စပ်ဖျန်ဖြေရေး လုပ်နေရသည်နှင့် အမောသာအဖတ်တင်နေရသည်။ ထို့နောက် မိခင်ဒေါ်ခင်သန်းမြင့်မှာ ကေသီနှင့် တိုးတိုးတိတ်တိတ် တိုင်ပင်ရ၏။

သို့ဖြင့် မူးယစ်ဆေးစွဲကာစ မောင်မောင်အား ထိန်းသိမ်းလျက် ဆေးသုံးစွဲမှု တားဆီးနိုင်ရန် ကေသီ့အပေါ် တာဝန်ပုံကျလာရ၏။ ကေသီသည်လည်း မိမိသံယောဇဉ်တွယ်နေရသော ကောင်ငယ်လေးအား မူးယစ်သားကောင်မဖြစ်စေလို၊ ရေအဆုံးမီးအဆုံး ကူညီမည်ဟု ဆုံးဖြတ်ခဲ့သည်။

ယခင်ယခင်အခါက မမကေသီသည် အစဉ်ပထမဖြစ်နေခဲ့သော်လည်း ယခုအခါတွင်မူ စိတ်ကြွဆေးသည် ပထမ၊ မူးယစ်ဆေးသည် ပထမ ဖြစ်၍နေတော့သည်။ တစ်နေ့တခြား စိတ်ကြွဆေးသမားအဆင့်မှ ဘိန်းဖြူသုံးစွဲလာခြင်းကြောင့် ဖြူဖပ်ဖြူလျော်ဖြင့် အားမရှိသကဲ့သို့ ဖြစ်လာခဲ့၏။

ထိုအချိန်တွင် နိုင်ငံတော်၌ တရားမဝင် မူးယစ်ဆေးဝါးမှန်သမျှ ဥပဒေပြင်ပမှုဖြစ်ခြင်းကြောင့် မူးယစ်အထူးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆင်ရေးအသွင် အရေးယူဖမ်းဆီးမှုများ ဆောင်ရွက်လာကြ၏။ ထို့ကြောင့် မောင်မောင်တစ်ယောက် မူးယစ်ဆေးဝါး ပုံမှန်မသုံးစွဲနိုင်တော့၊ နေ့စဉ်ဆိုသလို ကျော်ကျော်လွင်အလာကို ဝရန်တာမှထွက်၍ စောင့်မျှော်နေခဲ့သော်လည်း ကျော်ကျော်လွင်ကား ရောက်မလာပါတော့၊ မောင်မောင် မသိသေးသည့် အချက်တစ်ခုမှာ ကျော်ကျော်လွင်သည် မောင်မောင့်ထံသို့အလာ လမ်းတွင် မူးယစ်အထူးအဖွဲ့နှင့်တွေ့၍ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် အဖမ်းခံနေ

**မူးယစ်ဆေးဆိုတာက ဘယ်လိုအကြောင်းမျိုးနဲ့ပဲသုံးသုံး၊ မှီဝဲမှီဝဲ စွဲစေတဲ့ဆေးဆိုရင် စွဲမှာကတော့ အသေအချာပဲ ညီလေး၊ ဆေးစွဲပြီဆိုတာနဲ့ ...**

www.burmeseclassic.com

www.burmeseclassic.com



ရပြီဆိုသောအချက်ပင်ဖြစ်သည်။

ထိုရက်အတွင်း မမကေသီတို့ခြံဝင်းထဲသို့ ဟွန်ဒါဖစ်အနက်ရောင်ကားလေးတစ်စီး နေ့စဉ်ဝင်ထွက်သွားလာလျက် ရှိသည်ကို မောင်မောင်သတိပြုမိသည်။ တစ်ခါတစ်ရံ ထိုကားအနက်ပေါ်မှ လူရည်သန့်တစ်ဦး ဆင်းလာ၍ မမကေသီနှင့် ရယ်ကာပြုံးကာဖြင့် စကားပြောကြသည်ကိုလည်း တွေ့နေရသည်။ မောင်မောင်သည် မမကေသီကသူ့အား သစ်စိမ်းချိုး ချိုးခဲ့ပြီလားဟု ကြေကွဲစွာခံစားခဲ့ရ၏။ တစ်နေ့တွင် မောင်မောင်သည် စိတ်ကြွဆေးရှာဖွေရန်စိတ်ကူးဖြင့် အိမ်မှအထွက် မမကေသီတို့အိမ်ပိုင်းထဲသို့ ဟွန်ဒါဖစ်ကားနက်လေး ဝင်သွားသည်ကို တွေ့လိုက်ရ၏။

+++

မောင်မောင်သည် ဆေးလိုအပ်ချက်ကြောင့် အခံရခက်နေချိန်တွင် ချစ်သော မမကေသီထံ လာရောက်သည့် လူစိမ်းနှင့်ပတ်သက်၍ အစာမကြေဖြစ်ရသည်ကြောင့် မမကေသီတို့ခြံထဲသို့ ကမူးရှူးထိုးဝင်လာခဲ့၏။ မမကေသီနှင့် ထိုလူရည်သန့်တို့ အိမ်ထဲမှအတူတူထွက်လာစဉ် အိမ်နှင့် မလှမ်းမကမ်းတွင် ရပ်နေသော မောင်မောင့်အား ကေသီမှ လှမ်းမြင်လိုက်သည်။ မောင်မောင့်အား မြင်လိုက်သည်နှင့် ကေသီနွယ်သည် မောင်မောင်ရှိရာသို့ အပြေးကလေးရောက်ရှိလာပြီး.....



"အတော်ပဲ မောင်မောင်ရယ်၊ မမကေသီတို့ မောင်မောင့်ဆီ လာတော့မလို့၊ မမကေသီလေ မောင်မောင်လာတာ ဝမ်းသာလိုက်တာကွယ်"

ကေသီနွယ်အား အထင်အမြင်လွဲနေသော မောင်မောင်က ခပ်ဆတ်ဆတ်လေသံဖြင့်.....

"ဘာလဲ မမကေသီ၊ ကျွန်တော့်ရဲ့ လူမမာရုပ်ကို ကြည့်ချင်လို့လာတာလား၊ ဒါမှမဟုတ် မကြာခင် လက်ထပ်တော့မယ့် အသစ်စက်စက်စုံတွဲအနေနဲ့ ကြွားချင်လို့လာတာလားဗျာ"

မမျှော်လင့်သော မောင်မောင်၏စကားများကြောင့် မမကေသီမှာ မျက်နှာရဲသွားရပြီး မျက်ရည်များဝိုင်းသွားရသည်။ မမကေသီက

"မဟုတ်မဟတ်တွေကို ပြောရက်လိုက်တာ မောင်မောင်ရယ်၊ နောက်ပြီး မင်း မမကေသီကိုအထင်သေးတယ်၊ မောင်မောင်ဘာဖြစ်နေတယ်ဆိုတာ မမကေသီ သိတယ်ကွ၊ မောင်မောင် ဒုက္ခမရောက်ရအောင်လို့ မင်းရဲ့မိဘတွေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်နေတာပါကွာ"

"ကျွန်တော့်အတွက် ဘာတွေဆောင်ရွက်စရာ ရှိသေးလို့လဲဗျာ၊ ကျွန်တော့်ဘဝက အစွန်းဆုံးရောက်နေတဲ့ဘဝ၊ သေမထူး၊ နေမထူးတဲ့ဘဝပါ၊ ကျွန်တော်ဘာဖြစ်ဖြစ် မမကေသီဘဝ လှပတယ်ဆိုရင် ကျွန်တော် ကျေနပ်နေမှာပါ"

မောင်မောင်၏ မာန်လျှော့သံကြောင့် မမကေသီမှာ ရှိုက်လိုက်ပြီး.....

"မင်း ဘာမှအတွန့်တက်မနေနဲ့ မောင်မောင်"

ထိုစဉ် လူရည်သန့်သည် သူတို့အနားသို့ ရောက်ရှိလာ၏။ ကေ

www.burmeseclassic.com



သီသည် မျက်ရည်များ လျှံမကျစေရန် မျက်တောင်ကို လျင်မြန်စွာခတ်လိုက်သည်။

"ဩော်....ဆရာ၊ သူက ကေသီပြောပြောနေတဲ့ မောင်မောင်ပါ"

ဟု မိတ်ဆက်ပေးလိုက်၏။ ထို့နောက် မောင်မောင့်ဘက်လှည့်၍ မျက်နှာထားတည်တည်ဖြင့်.....

"မောင်မောင်၊ ဆရာက စိတ်ကျန်းမာရေးဆေးရုံကြီးက အထူးကုသမားတော်ကြီးဒေါက်တာခင်ကျော်တဲ့၊ မင်း ဆရာနဲ့ ဆွေးနွေးရလိမ့်မယ် မောင်မောင်၊ အခုအချိန်ကတော့ ဒီပန်းခြံထဲမှာ အရိပ်လည်းရ၊ အေးလည်းအေးတယ် ဆရာ၊ ဆရာတို့အတွက် ကျွန်မ တစ်ခုခုစီစဉ်လိုက်ပါဦးမယ်"

ပြောပြောဆိုဆို ကေသီတစ်ယောက် အိမ်ဘက်သို့ထွက်သွားလေ၏။ ဒေါက်တာခင်ကျော်သည် ငိုင်၍နေသော မောင်မောင်၏ပခုံးအားဖက်လျက်.....

"အင်း.....ညီလေးနဲ့ ပတ်သက်လာရင် ကေသီ ပျာယာခတ်နေတာပဲ၊ မင်းကို တော်တော်ကြင်နာပါတယ်၊ ညီလေး ကံကောင်းပါတယ်ကွာ၊ အစ်ကို့ရဲ့ညီမနဲ့ ကေသီက ဆေးတက္ကသိုလ်မှာ တစ်တန်းတည်းကွ၊ ဒါကြောင့် ညီလေးအခက်အခဲနဲ့ပတ်သက်ပြီး အစ်ကို့ညီမကတစ်ဆင့် ကေသီက အကူအညီတောင်းခဲ့တာ၊ ဒါတောင် အစ်ကိုကလည်း အလုပ်မအားတော့ ချက်ချင်းမဆောင်ရွက်နိုင်ဘူးလေ"

မောင်မောင်သည် တဖြည်းဖြည်း သဘောပေါက်လာပြီး.....

"ကျွန်တော့်မှာ အခက်အခဲရှိတယ်ဆိုတာ အစ်ကိုနဲ့ မမကေသီ ဘယ်လိုသိကြတာလဲ"

ဒေါက်တာခင်ကျော်က.....

"အစ်ကိုက တိုက်ရိုက်မသိပါဘူး၊ ညီလေးကို ဂရုစိုက်တဲ့သူက ညီလေးအခြေအနေကို သိတာပေါ့ကွာ၊ အဲဒီသူကတော့ ညီလေးရဲ့ မမကေသီပဲပေါ့ကွာ"

ဖြူဖပ်ဖြူလျော်ဖြစ်နေသောသူ ၏မျက်နှာလေးသည် ရဲသယောင် ဖြစ်သွားရ၏။

"တစ်ခါတလေ လူငယ်ဆိုတာမျိုးက တီထွင်ကြံဆ ဆန်းသစ်မှုတွေနဲ့ မှားတတ်ကြပါတယ်၊ အစ်ကိုတို့ ငယ်ငယ်တုန်းကလည်း ညီလေးတို့လိုပါပဲ၊ ဒါပေမဲ့ ကိုယ့်ရဲ့ခန္ဓာနဲ့ စိတ်အခြေအနေတွေ ပျက်စီးစေမယ့် ဘယ်လိုကိစ္စကိုမဆို ဆင်ခြင်ပြီး ရှောင်ရှားသင့်တာပေါ့၊ ငါ့ညီက အခုဆို မူးယစ်ဆေးနဲ့ပတ်သက်ပြီး ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ပြီးပြီပဲ၊ ကောင်းသလား၊ ဆိုးသလားဆိုတာ ညီလေးသိနိုင်လောက်ပါပြီ၊ ကိုယ့်ဘဝတစ်ခုလုံး ပျက်စီးစေတဲ့အပြင် ဥပဒေနဲ့လည်း ငြိစွန်းနေတယ်လေ"

ဒေါက်တာခင်ကျော်ပြောသမျှ မောင်မောင်သည် ငြိမ်၍နားထောင်နေပါ၏။

"ညီလေးအနေနဲ့ ဆေးကိုပဲ စမ်းသုံးတာ၊ ဆေးမစွဲသေးဘူးဆိုတာ အစ်ကိုသုံးသပ်လို့ရပါပြီ၊ မူးယစ်ဆေးဆိုတာက ဘယ်လိုအကြောင်းမျိုးနဲ့ပဲသုံးသုံး၊ မှီဝဲမှီဝဲ စွဲစေတဲ့ဆေးဆိုရင် စွဲမှာကတော့ အသေအချာပဲ ညီလေး၊ ဆေးစွဲပြီဆိုတာနဲ့ ဆေးသုံးစွဲမှုပမာဏက တဖြည်းဖြည်းတိုးပြီး သုံးလာကြတာ အမှန်ပဲ၊ တကယ်တော့ ဆေးစွဲတယ်ဆိုတာ သုံးစွဲသူရဲ့ စိတ်ဓာတ်ရော၊ ခန္ဓာကိုယ်ပါ နှစ်ခုစလုံး ဆေးပေါ်မှာပဲ မှီခိုတွယ်တာမှုအခြေအနေဟာ ဆေးစွဲခြင်းလို့ အဓိပ္ပာယ်ရတယ် ညီလေးရ၊ အဲဒီတော့ ညီလေးအနေနဲ့ လုံးလုံးလျားလျား ဆေးစွဲခြင်းနယ်ပယ်ထဲ မရောက်ခင် ဆေးကိုဖြတ်နိုင်အောင် ကြိုးစားခြင်းဟာ အကောင်းဆုံးပဲ ညီလေး"

"----"

"အခုခေတ် ညီလေးတို့လိုလူငယ်တွေကတော့ အဲမ်ဖက် တမင်းန် (Amphetamine) စိတ်ကြွဆေးပြားတွေပဲ အသုံးများကြတာပဲ၊ အဲဒီဆေးတွေကို ကျန်းမာရေးအတွက် နိုင်ငံခြားဆေးကုမ္ပဏီတွေက ထုတ်လုပ်တာမှန်ပေမယ့် နောက်ပိုင်း မသမာသူတွေက ဘိန်းနဲ့ဆက်နွယ်ပြီး ဒီဆေးကို ထုတ်လာကြတယ်၊ နောက်ပိုင်း လူငယ်ထုအတွင်း စမ်းသပ်သုံးစွဲရင်း ဒီဆေးမှမသုံးရရင် မနေနိုင်တဲ့အထိ အခြေအနေဆိုးဝါးလာခဲ့ကြတယ်၊ နောက်ပြီး ဆေးစွဲသူတွေအားလုံး ဆေးအဖြစ် အသုံးပြုသူတွေထက် အဆနှစ်ဆယ်ခန့်လောက် ပိုသုံးကြတာကို တွေ့လာရတယ်၊ တခက် စိတ်ကြွတယ်ဆိုပေမယ့် ရေရှည်ကျတော့ လူတွေကို ထုံထိုင်းစေတယ်၊ ရောဂါဖြစ်စေတယ်၊ နိုင်ငံရဲ့ လူ့စွမ်းအားအရင်း

www.burmeseclassic.com



အမြစ်တွေဖြစ်တဲ့ လူငယ်တွေရဲ့ အသက်ဆုံးရှုံးစေရတယ်၊ ဒါပေမဲ့ ညီလေးရယ် ဘာမှတော့ အားငယ် စရာမလိုပါဘူး။ ဆေးကို စိတ်ကစွဲ တာမို့လို့ ဆေးဖြတ်လို့ရပါတယ်၊ ဖြတ်သူရဲ့စိတ်သာ အဓိကပါကွာ၊ ညီ လေးဆိုရင် အင်အားမရှိသလို နုံး ချည့်နေတာတွေကို အနားယူပြီး အားဆေးတွေထိုးကုမယ်ဆိုရင် ဆေးပြတ်သွားမှာ ကျိန်းသေပဲ ညီ လေး''

ဒေါက်တာခင်ကျော်၏ ပြော စကားများကို နားထောင်နေသော မောင်မောင်သည် နွမ်းနယ်စွာ သက် ပြင်းရှည်ချလိုက်ပြီး.....

''ကျွန်တော် မှားသွားတယ် အစ်ကို၊ အပေါင်းအသင်းတွေကြား မှာ လူပေါ်လူဇော်လုပ်ချင်လို့ ကျော် ကြားလိုတဲ့ စိတ်ဆန္ဒတွေကြောင့် အားကျမခံ သုံးစွဲမိတာပါ၊ အခုဆို အစ်ကိုပြောပြလို့ နားလည်လာပြီး ဆင်ခြင်လိုက်တဲ့အခါမှာ ကျွန်တော် မှားနေတာ တွေ့ရပါတယ်၊ တကယ့် ကျွန်တော့်စိတ်ရင်းက အစ်ကိုတို့လို ပညာရှင်ဖြစ်ဖို့ အားသန်တဲ့ဝါသနာ အရင်းခံရှိပါတယ်၊ ကျွန်တော့်စိတ် ကျွန်တော် ချုပ်တည်းနိုင်အောင်လို့ ကြိုးစားပါ့မယ်၊ အစ်ကိုပြောသလို ဆေးမစွဲသေးခင် ဆေးကိုဖြတ်လိုက် တာ ကျွန်တော့်အတွက် ကောင်း မယ်ဆိုတာ ကျွန်တော်လက်ခံပါပြီ၊ ကျွန်တော့်ရဲ့ ဘဝရည်မှန်းချက်တွေ အရ အနာဂတ်မှာ အလုပ်လုပ်ရမှာ တွေ အများကြီးပါပဲ၊ တကယ်တမ်း ကျတော့ မူးယစ်ဆေးဝါးရဲ့သား ကောင်အဖြစ် ကျွန်တော့်ဘဝတစ်ခု လုံး အပျက်စီးမခံနိုင်ပါဘူး အစ်ကို ရယ်''



ဒေါက်တာခင်ကျော်သည် မူး ယစ်ဆေးဝါး၊ စိတ်ကြွဆေးများနှင့် ပတ်သက်၍ မောင်မောင်တစ် ယောက် သဘောထားတင်းမာလိမ့် မည်ဟု ထင်ထားခဲ့လေသမျှ တက် တက်စင် လွဲခဲ့ရပြီဖြစ်သည်။

ထိုစဉ် ကေသီသည် မောင် မောင်တို့ထိုင်နေသော နေရာသို့ ကော်ဖီနှင့် ကိတ်မုန့်များလာရောက် ချပေးခဲ့သည်။ ဒေါက်တာခင်ကျော် က.....


''ကေသီရေ စိတ်အေးတော့၊ မနက်ဖြန် ဆရာ့ဆီကို မောင်မောင် လာပြီး ဆေးဖြတ်လိမ့်မယ်၊ ကေသီ လည်း အားရင် မောင်မောင်နဲ့အတူ လိုက်ခဲ့လေ''

ကေသီသည် မည်သို့မျှ ပြန် မပြောပါ။ ဆိတ်ဆိတ်နေခြင်းသည် သဘောတူ၍လားမပြောတတ်။ မောင်မောင်၏ မှေးမှိန်သော မျက် ဝန်းများသည် ဝင်းလက်လာပြီး မမကေသီအား လှမ်းကြည့်လိုက် သကဲ့သို့ မမကေသီ၏ အကြင်နာ ရိပ်လွှမ်းသောအကြည့်ရှုးရှုးတို့သည် လည်း မောင်မောင်၏ ဝါဝင်းသော မျက်နှာလေးဆီသို့ တစိမ့်စိမ့်...။ ။

မောင်သာမန် (ဇီကုန်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ယခုခေတ် ဆောက်လုပ်ရေး လုပ်ငန်းအချို့တို့တွင် လုပ်ငန်း အကွက်အလိုက် လုပ်ကွက်နေရာ ပိုင်းခြား၍ ကန်ထရိုက်တာ (သို့ မဟုတ်)လုပ်ငန်းရှင်ထံမှတစ်ဆင့် လုပ်ငန်းခွဲဖြန့်ယူကာ စာချုပ်နှင့်လုပ် ဆောင်ကြရပြီး လုပ်ငန်းခွဲဦးဆောင် သူကမှ အလုပ်သမားများသို့ ငွေပေး ချေရသောထုံးစံရှိနေခဲ့သည်။ လုပ် ငန်း၏ အစိတ်အပိုင်းတစ်ခုကို တာ ဝန်ယူ လုပ်ဆောင်ပေးရသူအား ခေါ် ဝေါ်လေ့ရှိသည်က ဆပ်ကန်ထရိုက် ဟူ၍ဖြစ်သည်။

အေးနိုင်က ရွှေပြည်သာ(--) ရပ်ကွက်၏ ပန်းရန်၊ လက်သမား အုပ်စုငယ်တစ်ခု၏ အဖွဲ့ခေါင်း ဆောင် (ဆပ်ကန်ထရိုက်)တစ်ဦးဖြစ် သည်။ ချစ်ထူးကလည်း ထိုရပ်ကွက် မှာနေသူ အခြားအလုပ်သမားအဖွဲ့ ၏ခေါင်းဆောင် (ဆပ်ကန်ထရိုက်) ပင်ဖြစ်ပါသည်။

ယခင်က ပန်းရန်ဆရာ၊ လက် သမားဆရာအဆင့် ဖြစ်ခဲ့ကြပြီး ခေတ်စနစ်အရ အခေါ်အဝေါ်ပြောင်း ရာထူးတက်ခဲ့သည့်သဘောဖြစ်ရ သည်ဟု မှတ်ချက်ပြုချင်ပါသည်။ အေးနိုင်ရော၊ ချစ်ထူးပါ အိမ်လုံးချင်း သို့မဟုတ် တည်ဆောက်မှုကိုယ် ထည်အကြမ်း၊ အုတ်ဖောင်ဒေးရှင်း၊ ကွန်ကရစ်ကြမ်းခင်း၊ ခြံစည်းရိုး မျိုး စုံဆောင်ရွက်နိုင်သူများဖြစ်ကြသည်။

ပန်းရန်ပညာ၊ လက်သမား ပညာတို့ တတ်ကျွမ်းသော ဆောက် လုပ်ရေးအလုပ်များက ချမ်းသာ သော လူ့အဖွဲ့အစည်း၏ လိုအပ် ချက်အပေါ် မူတည်၍ လုပ်ငန်းကြီး ကျယ်မှုရှိခဲ့လျှင် သူတို့အလုပ်သမား အစုအဖွဲ့ ပိုပိုလျှံလျှံ သုံးစွဲခွင့်ရလာ ကြသည်။ နေရာက အဆင့်မြင့်ခြင်း၊ ဒီဇိုင်းဆန်းသစ် တီထွင်နိုင်ခြင်းတို့ အပေါ် မူတည်၍ ရပ်ကွက်ထဲက ဆပ်ကန်ထရိုက်များက သူဌေးပုံစံ ဖမ်း၍ ရှိုးထုတ်လာတတ်ကြသည်။

အလုပ်သမားအစုအဖွဲ့၏ခေါင်း ဆောင်ဖြစ်လာသောအခါ သူတို့က ကြီးကြပ်ပေးရုံမျှနှင့် အလုပ်ပင်ဝင် မလုပ်တော့ဘဲ စီမံပေးမှု၏ လုပ် အားခသဘောမျိုး ဖြတ်စားလာ တတ်ကြပေသည်။

တစ်နေ့ကုန် အဖွဲ့သားများနှင့် လုပ်ကိုင်ရမည့်အလုပ်ကို နမူနာပြ လုပ်ဆောင်ခဲ့ကာ ဘီလီယက်ခုံ၊ ဖဲ ဝိုင်း၊ အရက်ဆိုင်၊ ကာရာအိုကေ ဆိုင်များ၌ သင့်ရာသင့်ရာသွား၍ အချိန်ဖြုန်းတတ်လာခဲ့ပါ၏။

အေးနိုင်က ဘီလီယက်ခုံများ ၌ နေ့တိုင်းနီးနီးအရောက်သွား၍ ကစားတတ်လာသည်။ ချစ်ထူးကမူ သူနှစ်သက်သော အရက်ဆိုင်မှာ အပေါင်းအသင်းများကို ခေါ်ယူပြုစု ရင်း အချိန်ဖြုန်းသည်။ လုပ်ငန်း သိမ်းခါနီးမှ ခဏသွားရောက်ကြည့် ခဲ့ကာ အဆင်ပြေသလို ငွေရှင်းပေး မှုပြုခဲ့သည်။

သည်လိုနှင့် မိုးတွင်းကာလ တစ်ခုဆီသို့ ရောက်ခဲ့ပါသည်။

ဆောင်းရာသီ၊ နွေရာသီများ ကဲ့သို့ အလုပ်လက်ခံရမှုက နည်း ပါးလာသည်။ သည်တော့ အေးနိုင် လည်း ဘီလီယက်ခုံနားမကပ်နိုင်၊ ချစ်ထူးလည်း အရက်ဆိုင်တွင် အကြွေးစာရင်းများလာခဲ့ရသည်။ ခေါင်းဆောင်အဆင့်တူချင်းဖြစ် သည်မို့ ချစ်ထူးနှင့်အေးနိုင်က လုပ် ငန်းတူလေ့ထုံးစံမရှိပါ။

သို့သော် ချစ်ထူးနှင့် အမြဲ တမ်း အရက်အတူသောက်သည့်

www.burmeseclassic.com

www.burmeseclassic.com

သိန်းတင်က အေးနိုင်၏ယောက်ဖ ဖြစ်သည်။ အေးနိုင်၏ဇနီးသည်က သိန်းတင်၏အစ်မတော်စပ်နေသည်။

တစ်ရက် သိန်းတင်နှင့်ချစ်ထူး အရက်ထိုင်သောက်နေကြရင်း.....

"ကိုချစ်ထူး ကျွန်တော်တို့ သန်လျင်ဘက်မှာ အလုပ်သွားလုပ်ကြရမယ်တဲ့ဗျ။ အဲဒါ လိုက်မလုပ်ချင်ဘူးလား"

"မင်းက ဘယ်တုန်းကများ ကောင်းကောင်းအလုပ်လုပ်ဖူးလို့လဲ၊ ငါ့ဆီက အရက်ကပ်သောက်နေတဲ့ ကောင်ကများကွာ"

"တကယ်လုပ်မှာဗျ ကိုချစ်ထူးရေ့ ကျွန်တော့်ယောက်ဖ အေးနိုင်က ကန်ထရိုက်ရထားတာ၊ ကျွန်တော့်အစ်ကို ကိုစိုးရော၊ ကျွန်တော်ရော အလုပ်လိုက်လုပ်မယ်လို့ပြောထားတယ်၊ ခင်ဗျားတို့ညီအစ်ကိုလည်း လိုက်ရင်ခေါ်ပါလားလို့ပြောထားလို့"

သိန်းတင်က ထိုသို့ပြောလာခဲ့ရာ ချစ်ထူး ခပ်တွေတွေလေး စဉ်းစားခန်းဝင်လိုက်မိသည်။ သူတို့ညီအစ်ကို အလုပ်လက်မဲ့ဖြစ်နေခဲ့သည်က တစ်လခန့်ရှိနေခဲ့ပြီဖြစ်သည်။ အမေကလည်း အလုပ်မလုပ်တဲ့ အရက်သောက်တတ်သောသားကို တကျိကျိ မြည်တွန်နေခဲ့သည်မို့ စိတ်ပျက်ဖွယ်ရာ ခံစားနေရပါ၏။ ခေါင်းဆောင်ဘဝတူချင်း တွဲရမည်ဆိုသော်လည်း နည်းနည်းတော့အောင့်သက်သက်နိုင်လှသည်။

"ဘယ်လိုလဲ ကိုချစ်ထူး။ ခင်ဗျား လိုက်လုပ်မလား။ ကျွန်တော့်ယောက်ဖကို ဘယ်လိုပြန်ပြောလိုက်ရမလဲ"

သိန်းတင်က အဆွယ်ကောင်းသည်ဟု ဆိုရပါမည်။

ချစ်ထူးက လိုက်မည်ဟု အကြောင်းပြန်ခဲ့ရာ ကျွမ်းကျင်ဆရာတစ်ယောက် အဖော်ရခဲ့၍ အေးနိုင်က ကျေကျေနပ်နပ်ပင် လက်ခံခေါ်ယူသွားခဲ့လိုက်သည်။

သည်လိုနှင့် အလုပ်လက်မဲ့ဖြစ်နေခဲ့သော ချစ်ထူးတို့ညီအစ်ကိုက ဝမ်းရေးအတွက်၊ အရက်ဆိုင်အကြွေးအတွက် လုပ်ငန်းခွင်သို့ လိုက်ပါဖြစ်ခဲ့တော့သည်။ ညီငယ် အောင်ဘုကလည်း လက်သမားပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင်ပင် တတ်မြောက်နေခဲ့ပြီဖြစ်ရာ အေးနိုင်လုပ်ငန်းအတွက် အင်အားဖြစ်စေမည်က သေချာပါသည်။

+++

ဆပ်ကန်ထရိုက် အေးနိုင်၏ အဖွဲ့တွင် သူ့ယောက်ဖ ကိုစိုး၊ သိန်းတင်တို့အပြင် နောက်ထပ် ခြောက်ယောက် လိုက်ပါခဲ့သည်။ ချစ်ထူးက သူ့ညီအောင်ဘုအပြင် သူတို့နှင့်တွဲဖက်လုပ်ကိုင်နေကျနှစ်ဦးပါရှိသည်။

လက်ခံထားသည့်အလုပ်က လူနေမည့် နှစ်ထပ်တိုက်ခန်း အိမ်ရာကိုယ်ထည်အကြမ်းဖြစ်သည်။ ဖောင်ဒေးရှင်းမြေကြီးတူးပေးကြရမည်ဖြစ်ပြီး ၉ လက်မအုတ်ရိုး ပန်းရန်ပိုင်းစီကြရမည်ဖြစ်သည်။ ပြီးမှ သံကျင်တွယ်တိုင်ကို ပုံစံတကျ ကွန်ကရစ်လောင်းချပြီးမှ ၅ လက်မပတ်လည် သစ်သားတိုင်နှင့် ၉ လက်မပတ်လည် အခန်းဖွဲ့များ တည်ဆောက်ကြရမည်ဖြစ်သည်။ သူတို့တည်ဆောက်ပေးရမည်က ငါးခန်းတွဲ နှစ်ထပ်တိုက်ခန်းအိမ်ရာ အကြမ်းထည်ဖြစ်ပြီး လုပ်ငန်းတစ်ခုချင်းစီအလိုက် လုပ်ဆောင်ပြီးသမျှကို ငွေရှင်းသည့်စနစ်ဖြစ်သည်။

ဦးစွာ အေးနိုင်က ချစ်ထူးကိုခေါ်လိုက်ပြီး အသေးစိတ်အချက်အလက်များကို ပုံနှင့်တကွ ရှင်းလင်းပြသည်။ လုပ်ကွက်ကို (၈)ပိုင်း

**အပူရပ်ကို ဟန်လုပ်၍ ချစ်ထူး ရှင်းလင်းနေရသည်။ အရက်သမား သူငယ်ချင်း သိန်းတင်ကို ယုံစားမိပြီး လိုက်ပါလာခဲ့မိရင်းကမှ...**

www.burmeseclassic.com

www.burmeseclassic.com



ခွဲထားပြီး လုပ်ကွက်တစ်ခုစီတွင် ရှစ်သိန်းကျော်၊ ငါးသိန်း၊ ခုနစ်သိန်း သုံးသောင်း အဆင့်ဆင့်လုပ်ခရမည့် အကြောင်းကို အကြမ်းဖျင်းရှင်းလင်းပေးပါ၏။

ချစ်ထူးက လုပ်ငန်းကို မည်သို့ပုံဖော်ဆောင်ရွက်ရမည်လဲဟု ဦးစွာစဉ်းစားသည်။ ပြီးနောက် အေးနိုင်တပည့်များကိုရော၊ သူ့ညီနှင့် အဖွဲ့အားလုံးကိုပါ လူစုခွဲလိုက်ပြီး လုပ်ဆောင်ရမည့် အကန့်လိုက်ကို တာဝန်ခွဲဝေပေးလိုက်သည်။ ကိုယ်တိုင်လည်း အသေးစိတ် လိုက်လံကြည့်ရှု ကိုယ်တိုင်ကူညီ ဆောင်ရွက်ခဲ့ပါ၏။

အေးနိုင်အနေဖြင့် ချစ်ထူးကဲ့သို့ အမာခံခေါင်းဆောင်တစ်ယောက်ရခဲ့၍ လွတ်ပြီး လေထဲလွင့်နေသလားဟု ထင်စရာရှိသည်။ အဝတ်အစားအသစ်များကိုသာ ထည်လဲဝတ်၍ လုပ်ငန်းရှင်နှင့် စကားပြောရန် အကြောင်းပြခြင်း၊ ပစ္စည်းဝယ်ယူရန် ကိစ္စရှိခြင်းတို့နှင့် အကြောင်းပြပြီး အလုပ်အပြင်ဘက်မှာသာ အနေများသည်။

ရံဖန်ရံခါမှသာ လုပ်ငန်းလာကြည့်လေ့ရှိပြီး လုပ်ငန်းပြီးစီးသမျှကို လုပ်ငန်းရှင်ထံမှ ငွေထုတ်ယူသည်။ သည်လိုနှင့် ပတ်ချာလည့် ဖောင်ဒေးရှင်းအားလုံးပြီးစီးခဲ့ကာ ကျင်တွယ်တိုင်တက်ပြီးသည်အထိ လုပ်ငန်းများပြီးပြတ်ခဲ့သည်။ အလုပ်လုပ်ရက်က သုံးရက်ရှိခဲ့ပြီဖြစ်သည်။

"ဟေ့ကောင် အေးနိုင်၊ ငါတို့ ညီအစ်ကိုရဲ့ နေ့တွက်ခတွေ ရှင်းပေးဦးလေကွာ"

"ဟာ.....ချစ်ထူးရေ ငါ့ကန်ထရိုက်က အကုန်မပေးသေးဘူးကွ၊ ရော့..မင်းတို့လေးယောက် ၁၅၀၀၀ အရင်ယူထား။ ကျန်တာ ငါနောက်မှ ရှင်းပေးမယ်နော်"

ပြောရင်းဆိုရင်း အလုပ်များနေသယောင်နှင့် ရှောင်ထွက်သွားသည်။



သည်လိုနှင့် သစ်သားတိုင်များကို ပတ်ချာလည့်တပ်ဆင်ခဲ့ကြပြီး တလိုင်း၊ ယက်မ၊ ထုပ်လျှောက်ဒိုင်းများတို့ကို ဆက်လက်တပ်ဆင်ခဲ့ကြသည်။ ရေချိန်ညှိခြင်း၊ ကျားကန်ပေးခြင်း၊ မူလီစုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကာ တစ်နေ့တာ ကုန်ဆုံးခဲ့ပြန်သည်။

ညနေဘက် အလုပ်သိမ်းခါနီးတွင် အေးနိုင်ကို တစ်ခေါက်ပြန်တွေ့ခွင့်ရသည်မို့ ချစ်ထူးက.....

"ဟေ့ကောင် အေးနိုင်ရေ ငါတို့လေးယောက် လုပ်အားခတွေ ရှင်းပေးတော့ကွာ"

"ဟာကွာ.....ငါ ငွေမရသေးဘူးကွ"

"ဟိုတစ်နေ့ကပဲ လုပ်ကွက်တစ်ခု ပြီးသွားပြီလေကွာ၊ ငါတောင် မင်းပိုင်ရှင်နဲ့တွေ့လို့ မေးကြည့်တော့ မင်းငွေထုတ်သွားပြီတဲ့"

"ငါ့ကို အကုန်မရှင်းပေးသေးဘူးကွ၊ မင်းမသိပါဘူးကွာ၊ နောက်ထပ်လုပ်ကွက်အပြီးကျရင် တစ်ခါတည်းအကုန်ပေးမယ်၊ ဟုတ်ပြီလား"

"လုပ်ဦးကွ၊ အိမ်မှာ ငါ့အမေ

www.burmeseclassic.com

www.burmeseclassic.com

က တကျိုကျိုလုပ်နေပြီ၊ ငါ့ညီလည်း သူ့မိန်းမနဲ့ ကလေးဆီ ငွေပို့ပေးဦးမှ ရမှာပေါ့"

"အေးပါကွာ၊ ပြီးတော့ရမှာပေါ့၊ မင်း ငါပြောထားတဲ့အတိုင်း မနက်ဖြန် သွပ်တင်လိုက်တော့နော်"

"အလုပ်ကတော့ ငါတို့ကလုပ်ပြီးသားပဲ ဟော့ကောင်ရေ မနက်ဖြန်ကျရင်သာ ငါတို့ညီအစ်ကိုအတွက် ငွေထပ်ဖြည့်ဦး ဒါပဲ"

ပြောမယ့်သာ ပြောလိုက်ရသော်လည်း အေးနိုင်ကို သိပ်တော့ မယုံချင်ပေ။ ချစ်ထူး၊ အောင်ဘုနှင့် ကျန်နှစ်ယောက်တို့လေးဦးက လုပ်ငန်းခွင်နှင့်အနီးစပ်ဆုံး ထမင်းဆိုင်တွင် ထမင်းစရိတ်အကြွေး ရ၀၀၀ ကျော် တင်ကျန်နေသည်။ အေးနိုင်ကိုယ်တိုင်ခေါ်လာသော အခြားအလုပ်သမား လေးဦးလည်း လုပ်အားခများ မရသေးဟု သိရှိခဲ့ရပေရာ ချစ်ထူး သက်ပြင်းမောတစ်ခုကို ချလိုက်မိပါသည်။ အေးနိုင်နှင့်အတူ ပါလာကြသော အလုပ်သမားအုပ်စု၏ ထမင်းစရိတ်များကိုတော့ သူကိုယ်တိုင် လာရောက်ရှင်းလင်းပေးချေနေခဲ့၍ ထမင်းဖိုးကြွေးကျန်မရှိဟု သိရသည်။

ညနေ အလုပ်သိမ်း၍ ထမင်းဆိုင်တွင် ထမင်းဖိုးအကြွေးထပ်ခင့်ခဲ့ရသည်။ စားသောက်ပြီးစီး၍ အိမ်ဆောင်သို့အပြန်လမ်းတွင် အောင်ဘုက

"ဟော့ ကိုကြီးချစ်ထူး၊ အေးနိုင်လုပ်ပုံက ဟုတ်ကောဟုတ်သေးရဲ့လား၊ အိမ်မှာ မိန်းမနဲ့သမီး ဘယ်လိုစားနေမလဲဆိုတာ မတွေးတတ်တော့ဘူး၊ အမေနဲ့ဖုန်းပြောတုန်းက သူ့ရှိတာလေးနဲ့ ချက်ပြုတ်ကျွေးနေရတယ်တဲ့၊ ကျွန်တော် အိမ်ကို တစ်ခေါက်လောက်ပြန်ချင်တယ် ကိုကြီးရာ"

"ခဏလောက်သည်းခံပါဦး ညီလေးရာ၊ နောက်နှစ်ရက်ဆို လုပ်ကွက်တစ်ခု ထပ်ပြီးပါပြီ၊ အဲဒီကျမှ မင်း တစ်ရက်လောက်ပြန်ပေါ့၊ အမေနဲ့ မင်းမိန်းမကိုလည်း ငွေထည့်ပေးလို့ရမှာပါ"

"ကိုကြီး မပေါ့နဲ့နော်၊ သူ့ယောက်ဖ သိန်းတင်ကိုလည်း ကြည့်ထိန်းဦး၊ အလုပ်က ဘာမှမလုပ်ရသေးဘူး၊ မူးနေတာကအရင်ပဲ"

"အေးပါ အောင်ဘုရာ၊ ငါ ကြည့်ပြောထားပါ့မယ်"

အပူရုပ်ကို ဟန်လုပ်၍ ချစ်ထူး ရှင်းလင်းနေရသည်။ အရက်သမားသူငယ်ချင်း သိန်းတင်ကို ယုံစားမိပြီး လိုက်ပါလာခဲ့မိရင်းကမှ အိမ်ထောင်ရှိသူ ညီငယ်အောင်ဘုကိုပါ သူဒုက္ခပေးနေမိသကဲ့သို့ ဖြစ်ရချေပြီ။

+++

လုပ်ငန်းလုပ်ဆောင်သည့်ရက် (၁၁)ရက်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

(၁၀)ရက်မပြည့်ခင်နေ့က လုပ်ကွက်နှစ်ခု ပြီးမြောက်ခဲ့သည်။ နောက်လုပ်ကွက်အကွက်ကိုလည်း အစပျိုး၍ ဆက်လက်လုပ်ဆောင်နေခဲ့ကြပြီဖြစ်သည်။ သည်လိုနှင့် နံနက်စာကို ထမင်းဆိုင်တွင် စားသောက်နေကြစဉ်.....

"ကိုချစ်ထူး ရှင်တို့ညီအစ်ကိုတွေ ထမင်းဖိုး ၁၁၀၀၀ ကျော်နေပြီနော်"

"ညနေကျ ကျွန်တော်ရှင်းပေးမယ်နော်၊ ဒီနေ့နေ့လယ် အေးနိုင် ငွေထုတ်မယ်လို့ပြောတယ်၊ ဆက်ဆက်လာပေးပါ့မယ်"

"ဟုတ်ကဲ့ပါရှင်၊ ကိုချစ်ထူး အကြွေးတင်နေတာကို ကျွန်မက စာရင်းအရ ပြောပြရတာပါ၊ အလုပ်တကယ်လုပ်တဲ့ ကိုချစ်ထူးကို ယုံကြည်လို့လည်း အကြွေးရောင်းတာပဲပေါ့၊ မဟုတ်ဘူးလား"

အမှန်ဆိုလျှင် ယခင်က တစ်ခါမျှ မသိမကျွမ်းခဲ့ဖူးပါဘဲ ယုံကြည်စွာ အကြွေးရောင်းပေးသော ထမင်းဆိုင်ပိုင်ရှင်ကို မိသားစုသဖွယ်ဖြစ်ခဲ့ရပါသည်။ အလုပ်အကိုင်ကို တက်တက်ကြွကြွ လုပ်ဆောင်ပေးနေသော ယုံကြည်စေသည့်စွမ်းအားများ ပိုင်ဆိုင်ထားသည်ဖြစ်၍လည်း အကြွေးရောင်းပေးနေသည်ဟု သူထင်မြင်မိသည်။

သည်လိုနှင့် နေ့လယ်ဘက်နာရီဝက်ကျော်ကျော်ခန့် ရေနွေးကြမ်းသောက် အနားယူခဲ့ပြီး အလုပ်ဆက်လုပ်ဖြစ်ခဲ့ကြသည်။ မှတ်မှတ်ရရ အလုပ်လုပ်နေရင်းမှ အေးနိုင်၏အလုပ်သမားအဖွဲ့တချို့ အိမ်ပြန်သွားကြသည်ကို တွေ့ရပါသည်။ ချစ်ထူးနှင့် တွဲလျက်လုပ်နေသော သိန်းတင်၊ အောင်ဘုနှင့် အခြားလေးဦးသာ ကျန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော့်မှာ
ငွေကျွန်လည်း
မရှိတော့ဘူး။
မကျွန်ရင်
အမှုမှုချင်လည်း
ကိုးယုပါတော့တဲ့
တိုင်ချင်သပ
ဆိုရင်လည်း
ကြိုက်တဲ့နေရာမှာ
တိုင်ပါချေတဲ့
ကျွန်တော်ကတော့
ဒေဝါလီ
ခံလိုက်ပြီတဲ့လေ
...

ညနေ [illegible] လာရှင်း [illegible] ပြောခဲ့သော်လည်း ညနေ ၅ နာရီခွဲအထိရောက်ရှိမလာခဲ့ပေ။ ညစာထမင်းသွားစားရမည်ကိုပင် ချစ်ထူးအတွက် ကျေးပြီးခွဲရမည့်အရေးလောက် ခက်ခဲပင်ပန်းနေခဲ့လေသည်။ အရက်မူးသမား သိန်းတင်က အိပ်ဆောင်ထဲက လက်ကျန်အရက်ပုလင်းကို တစ်ကျိုက်တည်း မော့သောက်ချလိုက်သည်။ ထမင်းဆိုင်သွားဖို့ကိုပင် မစောင့်နိုင်တော့ဘဲ အာဖြည့်လိုက်ခြင်းဖြစ်နိုင်သည်။

ထိုစဉ်မှာပင် အောင်ဘု အိပ်ဆောင်သို့ရောက်လာသည်။

"ကိုကြီးရေ.....ခဏလာဦးဗျ ပြောစရာရှိတယ်"

အမောဆို့အောင်ပင် ပြေးလာရသော အောင်ဘုကြောင့် ချစ်ထူး ခေါင်းထောင်ကြည့်လိုက်သည်။

"ဘာလဲကွ အောင်ဘုရ"

"အစ်ကို အပြင်ထွက်ခဲ့ဦး။ စကားပြောဖို့ သတင်းထူးပါလာတယ်"

အောင်ဘုက လက်ကုတ်ခေါ်ထုတ်လိုက်ရာ ချစ်ထူး အောင်ဘုနှင့်အတူ တဲအပြင်ဘက် ခပ်ဝေးဝေးသို့ ထွက်လာခဲ့လိုက်သည်။

"ဒီလိုဗျ အစ်ကိုကြီးရေ အေးနိုင်က အခု ကျွန်တော်တို့လုပ်နေတဲ့အလုပ်ကို ဆက်မလုပ်တော့ဘူးတဲ့"

"မင်းကို ဘယ်သူကပြောလို့လဲ"

"ကျွန်တော် ခုနက အမေ့ဆီကို ဖုန်းဆက်မေးကြည့်လိုက်တာဗျ။ အမေ့ကို အရင်ခေါ်ထားပေးပါဆိုပြီး လမ်းထိပ်ကအိမ်ကို အရင်ဆက်လိုက်တာလေ၊ ပြီးမှ နောက်တစ်ခေါက်ထပ်ခေါ်ပြီး သတင်းမေးကြည့်တော့ အေးနိုင်က ရပ်ကွက်ထဲက အိမ်ကို အပြီးပြန်သွားပြီတဲ့၊ သူ့ယောက်ဖ ငရိုးက မနေ့က ပစ္စည်းတွေကိုတင်ပြီး ရွှေ့သယ်သွားတာတွေ့လို့ ကျွန်တော် အိမ်ကိုဆက်သွယ်မိတာပါ။ အခု အေးနိုင်က သူ့အိမ်မှာပဲ စက်ဘီးအသစ်တွေဘာတွေတောင် ဝယ်စီးနေပြီတဲ့၊ ဟန်းဖုန်းလည်း ဝယ်ကိုင်ထားတယ်လို့ ပြောတယ်"

"ဟာ....ဒါဆို အခုကျန်ခဲ့တဲ့ သူ့ယောက်ဖသိန်းတင်ကျတော့ရော"

www.burmeseclassic.com



"ဒီကောင့်ကိုတော့ ကျွန်တော်တို့ကို အယောင်ပြယုံကြည်အောင် ထားခဲ့တာနေမှာပေါ့ဗျာ"

"ဒီလိုဆို ငါတို့ ထမင်းဆိုင်အကြွေးကို ဘယ်လိုရှင်းကြမလဲ"

"ထမင်းဆိုင်ကို စိတ်ပူမနေနဲ့၊ နောက်နေ့စားဖို့တောင် ဘယ်လိုရှာကြရမယ်မသိဘူး။ အခုကျန်ခဲ့တဲ့ငါးယောက်မှာ နှစ်ယောက်ကို ကျွန်တော် အိမ်ပြန်ခိုင်းလိုက်ပြီ၊ အစ်ကိုနဲ့ကျွန်တော်က ဒီစွပ်ကျယ်အဝတ်အစားနဲ့ပဲ ဒီဝင်းထဲက ထွက်ကြမယ်၊ ပလာယာ၊ ခွနဲ့ တူပါတဲ့ အထုပ်တစ်ထုပ်စာကို ကျွန်တော် ကျောပိုးအိတ်ထဲ ထည့်ထားပြီးပြီ၊ ကျန်တဲ့ တိုလီမိုလီပစ္စည်းတွေ အကုန်ထားခဲ့တော့ အစ်ကို၊ အရုဏ်နေစောင်းမှာ ကျွန်တော်တို့ ထွက်ပြေးကြမယ်ဗျာ"



[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်သည်နှင့် ထမ်းထားသော ကျောပိုးအိတ်များကိုပစ်ချလိုက်သည်။ ကားကလည်း ထွက်ခွာတော့မည်ဖြစ်၍ စပယ်ယာက ကားခလာတောင်းရာ ချစ်ထူးက ကားခထုတ်ရှင်းပေးလိုက်ပြီး ထိုင်ခုံမှာ အားရပါးရ အနားယူလိုက်ပါသည်။

"ညီလေးအောင်ဘုရ မင်း ဖုန်းထဲမှာ အမေ့ကို ပြောမပြဘူးလား။ ငါတို့ညီအစ်ကိုရဲ့ လုပ်အားခတွေ အေးနိုင်ရှင်းမပေးသေးဘူးဆိုတာကို"

"မပြောဘဲနေပါ့မလား ကိုကြီးရာ၊ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ မရှိပေမယ့် အေးနိုင်ဆီက ငွေရအောင် အမေတောင်းထားပေးပါလို့ ကျွန်တော်ပြောထားတော့ တစ်ရက် အမေနဲ့အေးနိုင် လမ်းမှာဆုံကြတယ်တဲ့"

"အေး.....တွေ့တော့ ငါတို့အမေက ဘာပြောသလဲ"

"အမေက သူ့စက်ဘီးကယ်ရီယာကို အတင်းဆွဲပြီး ရပ်ခိုင်းထားတာပေါ့ဗျ"

"အဲဒါနဲ့....."

"အေးနိုင်က ဒေါ်ကြီးဘာပြောမလို့လဲလို့မေးတယ်တဲ့၊ အမေကလည်း ဟဲ့ နင် ငါ့သားတွေရဲ့လုပ်ခမရှင်းပေးဘူးဆို၊ ဟိုမှာ အကြွေးတင်နေပြီ၊ ဘာလုပ်တာလဲလို့ပြောပြီး အေးနိုင်အင်္ကျီကို ဆောင့်ဆွဲပြီး မေးတယ်တဲ့ဗျာ၊ အဲဒါ အေးနိုင်က ဘယ်လိုပြန်ပြောမယ်လို့ အစ်ကိုထင်သလဲ"

"ဘယ်လိုပြန်ပြောလို့လဲကွ"

"မပေးနိုင်ဘူး ဒေါ်ကြီး။ ကျွန်တော့်မှာ ငွေကျန်လည်းမရှိတော့ဘူး။ မကျေနပ်ရင် အသားလှီးယူချင်လည်း လှီးယူပါတော့တဲ့၊ အဒေါ်တိုင်ချင်သပဆိုရင်လည်း ကြိုက်တဲ့နေရာမှာတိုင်ပါချေတဲ့၊ ကျွန်တော်ကတော့ ဒေဝါလီခံလိုက်ပြီတဲ့လေ"

ကိုမိုး (ရွှေပြည်သာ)

---


**အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်**

**နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ ဆရာကြီးဆရာလှ အကြောပြုပြင်ရာဌာနမှ-**
**ဆရာကြီး၏သား ဆရာဦးရဲဝင်း**
**ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။**
**ခါးနာ၊ ခါးကိုက်၊ ဒူးနာ၊ အကြောသေ၊ အကြောတက်၊ ထုံနာ ကျင်နာ၊**
**ခြေသေလက်သေ၊ လေငန်းရောဂါ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများတို့အချိန်တိုတိုဖြင့်**
**ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။**

ဆေးခန်းလိပ်စာ
၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဘေဘသိကားဒိ၏ဖွယ်သာဂိမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၅ ၇၃၁၁၀၂၅၁

ဆေးခန်းဖွင့်ချိန်။ ။နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်၊)
အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး
၏ဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



# ကျွန်းဝင်ခဲ့မြေခေါက်

ဝိုင်းပြုန်

## လူငယ်တစ်ယောက်အကြောင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးမြို့တော် မဟာရန်ကုန်ရဲ့ သီအိုရီအတိုင်းပါပဲ။ ညနေခင်းများဆို လောကညွှေ့သည် ဘဝစီးချင်းထိုးခရီးသည်များ အလုပ်ပြန်ချိန်၊ အိမ်ပြန်ချိန်မို့ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့မှာ ကားတွေရှုပ်ယှက်ခတ်နေကြ၏။ ဦးတင်မောင်ညွန့်မှာ ပုရွက်ဆိတ်တန်းလို သွားလာနေကြသော ကားတန်းများထဲမှ လိုင်းကားတစ်စီးပေါ်တွင် လိုက်ပါလာ၏။ တောင်ဥက္ကလာပ၊ သံသုမာလမ်း၊ မိုးစွေမှတ်တိုင်အရောက်တွင် ဆင်းလိုက်သည်။ ရှေ့သို့နည်းနည်းလျှောက်ပြီး (၁၄)ရပ်ကွက်ထဲက ဟသ်ာလမ်းသို့ ဝင်လိုက်၏။

ဦးတင်မောင်ညွန့်မှာ နေ့လယ်နေ့ခင်းဆို ဌာနဆိုင်ရာ လုပ်ငန်းခွင်ထဲတွင် တုပ်နှောင်အကျဉ်းချထားခြင်းခံနေရသလိုမျိုး တာဝန်ထမ်းဆောင်နေရသဖြင့် ဟိုဟိုသည်သည် သွားလာနေ၍မရ။ ယနေ့ညနေခင်းလေးတွင်တော့ သတိတရစိတ်တွေစေ့ဆော်သဖြင့် ငယ်တပည့် ဦးဖင်းတစ်ပါးဆီသို့ လာခဲ့ခြင်းဖြစ်သည်။ ငယ်တပည့်မှာ ဒေါက်တာဘွဲ့ရပြီး ကျောင်းပိုင် တိုက်အုပ်ဆရာတော်ပင် ဖြစ်နေခဲ့ပေပြီ။

ဗမာပြည်ကွန်မြူနစ်ပါတီ ခေါ် ဗကပတို့ မြို့ပြနဲ့အလှမ်းဝေးသည့် နယ်မြေအချို့တွင် ကြီးစိုးချိန်ကာလကဖြစ်သည်။ သူတို့ပါတီထဲတွင် တရုတ်နိုင်ငံက ချမှတ်လိုက်သော (၆၄)လမ်းစဉ်ကို ပီကင်းပြန်တို့မှတစ်ဆင့် သင်တန်းပို့ချပြီး အကောင်အထည်ဖော်နေချိန်ဖြစ်သည်။ သူတို့၏မူက စစ်အပြုတ်တိုက်ရေး၊ အာဏာသိမ်းရေးနဲ့ နန်းသိမ်းပွဲခံယူရေးပင်ဖြစ်သည်။ ကျေးလက်ဒေသများတွင် ဖွင့်လှစ်ထားသော စာသင်ကျောင်းများကို ရန်သူကျောင်းဆိုပြီး ပိတ်သည်၊ အချို့ကို မီးရှို့ပစ်သည်။

၁၉၆၈ ခုနှစ်တွင် မြေပုံမြို့နယ်၊ ငပသုန်ရွာကလေး၌ စာသင်စာပြလုပ်နေသော ဆရာဦးတင်မောင်ညွန့်မှာ စတုတ္ထတန်းကျောင်းသား (၁၂)ယောက်ကို တာဝန်ယူပြီး ကျိုးလန့်စာစား စာသင်နေရချိန်ဖြစ်သည်။ ယင်းအချိန်က စတုတ္ထတန်းစာမေးပွဲမှာ အစိုးရစစ်ဖြစ်သည်။ ဦးတင်မောင်ညွန့်မှာ ကိုယ့်တပည့်လေးများ အောင်နိုင်ရေးအတွက် သင်ကြားပေးနေရသည်မှာ ဆူးကြားထဲတွင် သီးရသော ဘူးသီးလို ဘေးကျပ်နံကျပ်ရှိလှသည်။ အဆိုပါ စာသင်နှစ်တွင် ကျောင်းသား (၉) ယောက် စာမေးပွဲအောင်ခဲ့ကြသည်။ ကျောင်းကိုလည်း ဗကပတို့ ပိတ်လိုက်ကြသည်။ ဆရာဦးတင်မောင်ညွန့်လည်း တစ်နယ်တစ်ကျေးသို့ ထွက်ခွာခဲ့ရသည်။

+ + +

၂၀၀၅ ခုနှစ်တွင် ဆရာကြီးဦးတင်မောင်ညွန့်မှာ အငြိမ်း(တောင်)မြို့

www.burmeseclassic.com

www.burmeseclassic.com



နယ်မှ ပုသိမ်ပညာရေးကောလိပ်တွင် လစယ သင်တန်းတက်ရသည်။ ဤအချိန်တွင် ဦးတင်မောင်ညွန့်မှာ စာရေးဆရာအဖြစ် အတော်အသင့် လူသိများနေပြီဖြစ်သည်။

တစ်နေ့တွင်တော့ ညနေခင်းလေး၏ သာယာမှုကို ပွေ့ဖက်ကျီစယ်ရင်း တည်းခိုဆောင်လေးမှ ကျောင်းကြီးဘက်သို့ လမ်းလျှောက်လာ၏။

"ဆရာကြီး.....ဆရာကြီး"

နောက်ကခေါ်သံကြား၍ ဦးတင်မောင်ညွန့် လှည့်ကြည့်လိုက်၏။ အရပ်အမောင်းကောင်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်ပြည့်ပြည့်ဖြိုးဖြိုးနဲ့ အချိုးအဆစ် ပြေပြစ်လှသည့် အမျိုးသမီးတစ်ဦး ပြုံးပြုံးပြုံးပြုံးနဲ့ နောက်ကလိုက်လာတာ တွေ့လိုက်ရသည်။ ဦးတင်မောင်ညွန့် စူးစမ်းအကြည့်ဖြင့် လှမ်းကြည့်လိုက်၏။

"ကျွန်မက တောင်ဥက္ကလာပကပဲ ဆရာကြီး၊ အလယ်တန်းပြဆရာမပါ၊ ဒေါ်ရီရီမြင့်လို့ခေါ်ပါတယ်"

"ဪ.....ဟုတ်ကဲ့"

ဆရာကြီး ဦးတင်မောင်ညွန့် အသိအမှတ်ပြု ခေါင်းညိတ်လိုက်သည်။

"ဆရာကြီးကို ရခိုင်အမျိုးသားစာရေးဆရာလို့ သိရပါတယ်"

"ဟုတ်ကဲ့"

"ကျွန်မအမျိုးသားကလည်း ရခိုင်အမျိုးသားပါပဲ၊ ဗဟိုတရားရုံးရှေ့နေ ဦးခင်မောင်စိုးပဲ"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူမရှိတော့ဘူး"

ဆရာမမှာ ပြောနေရင်း မျက်နှာလေး တစ်ချက်ညှိုးသွားသည်။

"ဟုတ်တယ် ဆရာကြီး၊ ကားအက်ဆီးဒင့်ဖြစ်တာပါ"

"စိတ်မကောင်းစရာပျာ"

"ကျွန်မက ရခိုင်ဆို သံယောဇဉ်ဖြစ်နေတယ်၊ ဆရာကြီးကိုလည်း ရခိုင်အမျိုးသားလို့သိရလို့ လာမိတ်ဆက်တာပါ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ အခုလို အလေးအနက်ထားပြီး အသိအမှတ်ပြုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"နောက်ပြီး တောင်ဥက္ကလာပမှာ ကျွန်မတို့ကိုးကွယ်တဲ့ ဘုန်းကြီးလည်း ရခိုင်ပဲ၊ ဦးဇင်းက ဒေါက်တာဘွဲ့တောင်ရနေပြီ"

"ဟုတ်လား၊ ဘယ်ကများလဲ မသိဘူး"

"မြေပုံမြို့နယ်၊ ပေသုန်ရွာကလို့ မိန့်ပါတယ်"

"ဘယ်လို.....ဘယ်လို ပေသုန်ရွာကဟုတ်လား"

"ဟုတ်ပါတယ်၊ ပေသုန်ရွာကပဲတဲ့၊ သူတို့ရွာက ဘင်္ဂလားပင်လယ်ကမ်းနံဘေးကလို့ မိန့်ပါတယ်"

"ငယ်နာမည် ဘယ်လိုများခေါ်ပါသလဲ"

"လူနာမည်တော့ ကျွန်မလည်း မသိဘူး၊ ဘုန်းကြီးဘွဲ့အမည်ပဲသိပါတယ်၊ ဒေါက်တာအာဒိစ္စတဲ့"

"ကျွန်တော် အရမ်းစိတ်ဝင်စားသွားပြီ၊ ကျွန်တော် အဲဒီရွာမှာ ကျောင်းဆရာလုပ်ခဲ့တာလေ"

"ဟုတ်လား"

"ဒီကသင်တန်းပြီးရင် သွားကြည့်လိုက်ဦးမယ်ဗျာ"

ဆရာကြီး ဦးတင်မောင်ညွန့် မှာ ဆရာတော် သီတင်းသုံးသည့် ကျောင်းတည်ရာကို အသေအချာ မှတ်ယူလိုက်၏။ ရန်ကုန်သို့ရောက် လျှင်ရောက်ချင်း သွားလိုက်သည်။ ဤတွင် ဒေါက်တာအာဒိစ္စမည်သော ပုဂ္ဂိုလ်မှာ ငယ်မည် အေးထွန်းအောင် ဖြစ်နေသည်။ ၁၉၆၈ ခုနှစ်က ဆရာဦးတင်မောင်ညွန့် သင်ကြားပေးခဲ့ပြီး အစိုးရစစ် စတုတ္ထတန်းစာမေးပွဲ အောင်မြင်ခဲ့သူဖြစ်သည်။ ဆရာကြီး၏ ငယ်တပည့်ပင်။

ဆရာကြီးကလည်း အသက် (၅၀)ကျော်အရွယ်၊ တပည့်ကလည်း ရဟန်းဝတ်ဖြင့် ဒေါက်တာဘွဲ့ရသည့်အထိ ဖြစ်နေပြီဆိုတော့ ငယ်ရုပ်တွေပျောက်လို့ တစ်ဦးနဲ့တစ်ဦး တော်တော်ကြည့်ယူရသည်။ ရယ်လိုက်ကြမှ ငယ်ရုပ်တွေပေါ်လာကြသည်။ ယခင်က ဆရာတပည့်ဆိုတာ ယခု ဆရာဒကာ ပြောင်းပြန်ဖြစ်နေကြလေပြီ၊ သို့သော် ဒေါက်တာ အာဒိစ္စကတော့ ဦးတင်မောင်ညွန့်ကို ဆရာကြီးဟုပဲ လေးလေးစားစားခေါ်သည်။

ဆရာကြီးဦးတင်မောင်ညွန့်မှာ ငယ်တပည့်နဲ့တွေ့စေသည့် အကြောင်းတရားတစ်ခုကို ဖော်ပြလိုက်သော အလယ်တန်းပြဆရာမ ဒေါ်ရီရီမြင့်ကို အထူးကျေးဇူးတင်နေမိပေသည်။ ဆရာတပည့်နှစ်ဦး ကွဲ

www.burmeseclassic.com





အဆိုးဆုံးက
သူတို့ဘာသာစကားကို
နားမလည်တာပဲ၊
နားမလည်လို့
အလုပ်အကိုင်လွဲရင်
လုံးဝခွင့်မလွှတ်ဘူး၊
တိရစ္ဆာန်တွေ
ရိုက်သလိုရိုက်တာ
လစာတောင်းတာလည်း
မရဘူး၊
စာချုပ်သက်တမ်းစေ့မှ
တစ်ခါတည်းပေးမှာတဲ့
...

ကွာသွားခဲ့ကြသည်မှာ နှစ်ပေါင်း ၄၀ နီးနီးရှိနေခဲ့ကြပြီလေ။

(ဒေါ်ရီရီမြင့်မှာ ယခု အားကစားဝန်ကြီးဌာန ဒုဝန်ကြီး ဦးဇော်ဝင်း၏ ညီမဖြစ်သည်။)

+++

ဦးတင်မောင်ညွန့်သည် ဟသ်ာလမ်းအတိုင်းလျှောက်လာပြီး အောင်မြေဗိမာန်စာသင်တိုက်၏ ပရဝဏ်အတွင်းသို့ လှမ်းဝင်လိုက်၏။

ကျောင်းကြီးမှာ (၅)ထပ်အဆောက်အအုံကြီးမို့ ခမ်းနားထည်ဝါလှသည်။

ကျောင်းကြီး၏ပတ်ဝန်းကျင်ကို ဦးတင်မောင်ညွန့် တစ်ချက်လှမ်းကြည့်လိုက်သည်။ ကျောင်းဘေးနားထိုင်ခုံတစ်ခုပေါ်တွင် လူပျိုအရွယ်ကောင်လေးတစ်ယောက် ဆေးလိပ်ကို ရဲခနဲနေအောင် ရှိုက်ပြီး အားရပါးရ သောက်နေ၏။ ဦးတင်မောင်ညွန့်မှာ ကျောင်းဆရာပီပီ လူငယ်လူရွယ်တို့ မသင့်တော်သည့်အပြုအမူကို ပြုမူနေကြသည်ကိုတွေ့လျှင် ဆုံးမချင်စိတ်က ချက်ချင်းရောက်သွား၏။ ဦးတင်မောင်ညွန့် လူငယ်အနားသို့ တိုးကပ်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"သားက ဧည့်သည်ထင်တယ်၊ အရင်က ဒီမှာမတွေ့မိပါဘူး"

"ဟုတ်ကဲ့၊ ရခိုင်ကပါ"

"ရခိုင် ဘယ်ဇာတိလဲ သားရယ်"

"မြေပုံမြို့နယ်၊ ငပေသုန်ရွာကပါ၊ ဒီကဆရာတော်နဲ့ တစ်ရွာတည်းသားတွေပဲ၊ ဒီမှာလာတည်းနေတာပါ"

"ဟင်....အဲဒီလိုဆို ဆရာကြီးနဲ့ တစ်ရွာတည်းသားပေါ့၊ သား အဖေက ဘယ်သူလဲ"

"ဦးသိန်းအောင်"

"ဒါဆို သားက ဆရာကြီးတူပေါ့"

ကောင်လေးမှာ အံ့အားသင့်စွာ ဆရာကြီးဦးတင်မောင်ညွှန့်ကို စိုက်ကြည့်နေသည်။

"သားက ဆရာကြီးဆီ ဘာလို့ မလာတာလဲ"

"အဖေကမှာလိုက်တယ်၊ ဆရာကြီးဆီ မသွားပါနဲ့တဲ့၊ သူသိရင် သားကို သွားခွင့်ပေးမှာမဟုတ်ဘူးတဲ့"

"ဘယ်လို.....ဘယ်လို"

"ဒီလိုပါ ဆရာကြီး၊ သားက ထိုင်းကို အလုပ်သွားလုပ်မလို့ လာတာပါ"

"ဟာ.....သား ထိုင်းသွားလို့ မဖြစ်ဘူးလေ၊ ထိုင်းသွားရင် သားတို့လိုလူငယ်တွေ အထိန်းအကွပ်မရှိဘဲ ဖြစ်ချင်ရာဖြစ်သွားကြတာ၊ ခုတောင် သား ဆေးလိပ်တွေ အရမ်းသောက်နေတာ တွေ့လိုက်တယ်"

ဆရာကြီးဦးတင်မောင်ညွှန့်၏ စကားကြောင့် လူငယ်ကောင်လေးမှာ ဆေးလိပ်ကို မြေသို့ချပြီး ဖိနပ်ဖြင့် နင်းချေပစ်လိုက်သည်။

"သားနာမည် ဘယ်လိုခေါ်လဲ"

"ဇော်မင်းနိုင်ပါ"

"အေး.....ဟုတ်ပြီ၊ သား ထိုင်းမသွားနဲ့လေ၊ ကိုယ့်ဆီမှာပဲ လုပ်ကိုင်စားပေါ့၊ အဆင်မပြေဘူးလား"

"ဟုတ်ပါတယ်၊ ဟိုမှာလည်း အရင်လို ငါးဖမ်းလို့ မရတော့ဘူးဗျ၊ ငါးဖမ်းသင်္ဘောကြီးတွေ အဲဒီမှာ မြစ်အနှံ့ ပင်လယ်အနှံ့ ပိုက်ကြီးတွေနဲ့ ဆွဲနေကြတာလေ"

"ဩော်....."

"ဟုတ်ပါတယ်၊ ဒီလိုသင်္ဘောကြီးတွေ ဝင်လာတဲ့အချိန်ကစလို့ သားတို့လို တက်လှေ၊ ရွက်လှေကလေးတွေနဲ့ လုပ်စားနေကြတဲ့ ဒေသခံလူတွေ လုပ်စားလို့မရတော့ဘူး၊ ငါးတွေလည်းရှားကုန်ပြီ"

ဇော်မင်းနိုင်၏ပြောစကားမှာ ဟုတ်သလိုလိုဖြစ်နေ၍ ဆရာကြီးဦးတင်မောင်ညွှန့် ရင်မောစွာဖြင့် သက်ပြင်းပူတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

"သားက ၄ တန်းအောင် အဆင့်လောက်ပဲ ရှိတာဆိုတော့ ရန်ကုန်မှာကော ဘာအလုပ်ရမှာလဲ၊ ဆောက်လုပ်ရေးတွေမှာ အုတ်သယ်၊ သဲသယ်အဆင့်လောက်ပဲ အလုပ်ရမှာတဲ့၊ အဲဒါလည်း တစ်နေ့ နှစ်ထောင်ပဲတဲ့"

သည်တစ်ချီတွင်လည်း ဦးတင်မောင်ညွှန့် လေပူတစ်ဆုပ်ကို မှုတ်ထုတ်လိုက်ပြန်သည်။

"ထိုင်းမှာလည်း သားတို့ရွာသားတွေ ၄၀ လောက် ရောက်သွားပြီဗျ၊ မိန်းကလေးတွေတောင်ပါတယ်"

"ဘယ်လိုသွားကြတာလဲ"

"မြဝတီဘက်ကလည်းသွားကြတယ်၊ ကော့သောင်းဘက်ကလည်း သွားကြတယ်"

"ရင်ထဲမကောင်းဘူးကွာ၊ အဲဒီရောက်ရင်လည်း ဆေးလိပ်တို့၊ အရက်တို့ မသောက်နဲ့ပေါ့ကွာ၊ အပျော်အပါးတွေ မလိုက်စားနဲ့၊ ထိုင်းမှာက ဒါမျိုးတွေလွယ်တယ်၊ ကဲ.....ဘုန်းကြီးဆီ သွားလိုက်ဦးမယ်၊ ဘုန်းကြီးက ဆရာကြီးတပည့်ဖြစ်ခဲ့ဖူးတာလေ၊ ဒီမှာပြန်တွေ့ကြတာ မကြာသေးဘူး၊ အားတဲ့အချိန်လေးတွေမှာ ဒီလိုပဲ ဘုန်းကြီးဆီ လာနေတာလေ"

ဆရာကြီးဦးတင်မောင်ညွှန့်မှာ သူ့တူလေးကို အကျိုးအကြောင်း ရှင်းပြပြီး ကျောင်းကြီးပေါ်သို့တက်သွားသည်။ ကောင်လေးကတော့ ဆရာကြီး၏ကျောပြင်ကိုကြည့်ပြီး ဝေဝေဝါးဝါး ကျန်ခဲ့၏။

+ + +

သည်နှစ် ရန်ကုန်ဆောင်းက ခါတိုင်းနှစ်တွေနဲ့မတူဘဲ အအေးပိုသည်။ မနက်ပိုင်းဆို နှင်းတွေဖုံးပြီး အေးစက်နေသည်။ ဆရာကြီး ဦး

www.burmeseclassic.com



တင်မောင်ညွန့်မှာ မနက် ၄ နာရီဆို အိပ်ရာကထပြီး ကိုယ်လက်သန့်စင်ကာ စာရေးလေ့ရှိသည်။ မနက်လင်းသည်နှင့် တစ်နာရီနီးနီးလောက် ကိုရီယာလွတ် ကိုယ်လက်လှုပ်ရှား ကစားသည်။ ရေချိုးနိုင်သည့်နေ့ဆို ရေချိုးသည်။ ဆောင်းတွင်းဆိုတော့ ရေနွေးလေးဖြင့် ကိုယ်လက်သုတ်သင်ပြီးနေသည်ကများသည်။ ကော်ဖီတစ်ခွက်နဲ့ ကြက်ဥအကာကျက်တစ်လုံး စားသောက်ခြင်းဖြင့် မနက်ပိုင်းအတွက် အာဟာရဖြည့်တင်းသည်။

"ဘိုးဘိုးကြီး.....ဘိုးဘိုးကြီး"

အိမ်ရှေ့ခန်းက မြေးလေးခေါ်သံကြား၍ လှမ်းကြည့်လိုက်သည်။

"ဘာလဲဟ"

**တွေးမိရင် ရင်ထဲမချိဘူး၊ အစားအသောက်က ဆင်းရဲ၊ အလုပ်အကိုင်က ပင်ပန်း၊ သူတို့ခိုင်းတဲ့အတိုင်း မဖြစ်ရင် လက်သီးထိုး၊ ကန်ကျောက်၊ ရိုက်နက်နဲ့ တကယ့် ငရဲခန်းပါပဲဗျာ ...**



"အိမ်ရှေ့မှာ လူတစ်ယောက်ရောက်နေတယ်"

ဆရာကြီးဦးတင်မောင်ညွန့် လှမ်းကြည့်လိုက်သည်။ ကောင်လေးတစ်ယောက် တံခါးဖွင့်ပေးဖို့ လက်ပြနေသည်။ ဦးတင်မောင်ညွန့် ခြံတံခါးဝထိ ဆင်းသွားလိုက်သည်။

"ဆရာကြီး သားကိုမမှတ်မိတော့ဘူးလား"

"မင်း ဘယ်သူလဲ"

"ဟိုအရင် ၁၀ နှစ်လောက်က ဆရာကြီးနဲ့ ဦးအာဒိစ္စကျောင်းမှာ တွေ့ခဲ့တဲ့ ဖော်မင်းနိုင်လေ၊ ဆရာကြီးတူပါ"

"ဟင်.....ဒါဆို မင်း ဇော်ညီရဲ့သား ထိုင်းသွားတဲ့အကောင်ပေါ့"

ကောင်လေးမှာ အဝတ်အစား ကညစ်ညစ်၊ လူပုံကလည်း အရမ်းပိန်နေတော့ ဖြုန်းခနဲ မမှတ်မိခြင်းဖြစ်သည်။

"အဟွတ်.....ဟွတ်...ဟွတ်"

"ဟင်.....ချောင်းတွေလည်း ဆိုးနေတယ်၊ လာ...လာ...လာ၊ အထဲဝင်"

ဖော်မင်းနိုင်မှာ ခြေထောက်ထော့နင်းထော့နင်းနဲ့ ဆရာကြီး၏နောက်က လိုက်ပါလာ၏။

"သားခြေထောက်က ဘာဖြစ်တာလဲ"

"ဟုတ်ကဲ့ ခြေထောက်ကျိုးခဲ့ပါတယ်"

"ဩော်..ဒုက္ခပဲကွာ၊ ခုဘယ်မှာတည်းတာလဲ"

"တည်းတာကတော့ ဒီနားက ၆ ပိုင်း ဇေတဝန်လရာမစာသင်တိုက်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ..ဟုတ်ပြီ၊ ဒီအိမ်နဲ့ဆို သံသုမာလမ်းပဲခြားတာ၊ နီးနီးလေး၊ အဲဒါလည်း ကိုယ့်ရွာသားဘုန်းကြီးပဲ၊ ထမင်းတော့ ဒီမှာလာစားပေါ့၊ ဆယ်မိနစ်လောက်လျှောက်လိုက်ရင် ရောက်ပါတယ်"

"သား ရွာပြန်ချင်တယ်၊ အဖေနဲ့အမေကိုလည်း အရမ်းတွေ့ချင်တယ်"

"ရတယ်လေ၊ ရန်ကုန်–ကျောက်ဖြူကားက နေ့စဉ်ရှိတာပဲ"

"သားမှာ ကားလက်မှတ်ဝယ်ဖို့ မှတ်ပုံတင်မရှိတော့ဘူး"

"သား လက်မှတ်ဝယ်ဖို့ကတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကထောက်ခံစာနဲ့ ရနိုင်ပါတယ်"

"လုပ်ပေးပါ ဆရာကြီးရယ်၊ သား အရမ်းရွာပြန်ချင်နေပြီ"

"သား ဒီလိုချောင်းတွေဆိုးနေလို့ ရွာပြန်ရင် ဘယ်ဖြစ်မလဲ၊ ဆေးခန်းပြရမှာ"

"သားမှာ ပိုက်ဆံက လမ်းစရိတ်လောက်ပဲကျန်ပါတော့တယ်ဆရာကြီးရယ်၊ အဟွတ်..အဟွတ်..အဟွတ်"

ဇော်မင်းနိုင်မှာ ပြောနေရင်းချောင်းတွေတဟွတ်ဟွတ်ဆိုးနေ၏။

"သားကိုကြည့်ရတာ ရင်ထဲမကောင်းလိုက်တာကွာ၊ ဆရာကြီးဆေးခန်းပြပေးမယ်နော်"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်"

ဦးတင်မောင်ညွန့်မှာ သွေးကစကားပြောခဲ့ပြီမို့ အရေးကြီးတော့သွေးနီးခဲ့လေပြီ။

✦✦✦

ဦးတင်မောင်ညွန့်သည် ဇော်မင်းနိုင်ကိုခေါ်ပြီး လမ်းမတော်မြို့နယ်၊ (၁၅)လမ်းထိပ်က တော်ဝင်ဆေးခန်းသို့ သွားလိုက်သည်။ ဦးတင်မောင်ညွန့်အနေဖြင့် သူ့တူလေးချောင်းဆိုးနေသည်မှာ အဆုတ်နဲ့ပတ်သက်နေသည်ဟု ယူဆ၏။ သို့ကြောင့် အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာသမားတော်ကြီး ဦးတင်မောင်ချို့နဲ့ပြသရန်ဖြစ်သည်။ ဆရာဝန်က လူနာကို စမ်းသပ်၏၊ ဓာတ်မှန်ရိုက်၏၊ ရောဂါရှာဖွေ၏။

"သူ ချောင်းဆိုးတာက အဆုတ်နဲ့ပတ်သက်တာမဟုတ်ဘူး၊ နှလုံးနဲ့ပတ်သက်နေတာ၊ နှလုံးကကြီးပြီး အဆုတ်ကို ပြဿနာပေးနေတာပဲ"

ဆရာဝန်က ချက်ချင်းစာရေးပြီးပေးလိုက်၏။ အာရှတော်ဝင်ဆေးခန်းရှိ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဦးမျိုးဝင်းဆီသို့ လွှဲပေးလိုက်ခြင်းဖြစ်သည်။ နှလုံးရောဂါအထူးကုဆရာဝန်ကြီးက လိုအပ်သည်များကိုစစ်ဆေး၏။ သုံးရက်မြောက်နေ့တွင် ဆေးစစ်ချက်အဖြေများ အစုံရ၏။

"ဇော်မင်းနိုင် ပြန်လို့မရသေးဘူး၊ စောင့်ကြည့်ရဦးမယ်၊ အခုသောက်ဆေးတွေပေးလိုက်မယ်"

"ဟုတ်ကဲ့"

လူနာမှာ ဆေးသောက်ပြီးနောက်ပိုင်းတွင် သက်သာသလိုရှိလာ၏။ ချောင်းဆိုးလည်းလျော့လာသည်။

"သား ထိုင်းမှာ ဘယ်လိုအခြေအနေမျိုးတွေ ဖြစ်ခဲ့တာလဲ"

"ဟုတ်ကဲ့၊ သား အဲဒီကိုရောက်တော့ ကြုံရာပေါ့ဗျာ၊ အုတ်သယ်၊ ကျောက်သယ်လုပ်တယ်၊ သစ်စက်မှာလည်း သစ်ပြောင်းသစ်ရွှေ့လုပ်ပါတယ်"

ဦးတင်မောင်ညွန့်က တူ၏စကားကို နားထောင်နေ၏။

"အဲဒီမှာ သုံးနှစ်လောက်လုပ်ပြီးတဲ့အခါ ၁၁ သိန်းတိတိ အဖေအမေတို့ဆီ ပို့ပေးနိုင်ခဲ့ပါတယ်"

"မဆိုးဘူးပေါ့ကွာ"

"ဟုတ်ကဲ့၊ အဲဒီလိုလုပ်နေ

သံယောဇဉ်သားကောင်
မိဘတွေ ရှေ့ရင်မီးတောက်ရပါပြီ။
သားသမီးကြောင့် ဖြစ်ရတဲ့ မီး၊ အပူဆုံး မီး။
မီး...မီး...မီး

www.burmeseclassic.com

www.burmeseclassic.com



တုန်း မော်လမြိုင်ဘက်က တစ်ယောက်က ငါးဖမ်းသင်္ဘောပေါ် လိုက်မလား၊ လစာတွေ အများကြီး ရမယ်၊ တစ်လကို လေးသိန်း လောက်ငွေကို အိမ်ကိုပုံမှန်ပို့ပေးနိုင်မယ်လို့ ပြောပါတယ်၊ သားလည်း အရမ်းသဘောကျပြီး လိုက်မယ်လို့ ပြောလိုက်တယ်၊ ချက်ချင်းပဲဗျာ၊ အဲဒီလိုဆိုရင် လာလိုက်ခဲ့ဆိုပြီး ငါးဖမ်းသင်္ဘောပေါ် သူတင်ပေးလိုက်တာပဲ''

''အဲဒါ သားကို ရောင်းစားလိုက်တာလေ၊ လူကုန်ကူးတယ်လို့ ခေါ်တာပေါ့''

''အဲဒါနဲ့ ပင်လယ်ပြင်ထဲလိုက်သွားတာလေ၊ ဒုက္ခရောက်လိုက်တာဗျာ၊ ခုထိ တွေးမိရင် ရင်ထဲမချိဘူး၊ အစားအသောက်ကဆင်းရဲ၊ အလုပ်အကိုင်ကပင်ပန်း၊ သူတို့နိုင်းတဲ့အတိုင်းမဖြစ်ရင် လက်သီးထိုး၊ ကန်ကျောက်၊ ရိုက်နှက်နဲ့ တကယ့်ငရဲခန်းပါပဲဗျာ''

ပြောရင်းပင် ဇော်မင်းနိုင်မှာ မျက်ရည်များစီးကျလာ၏။

''ကိုယ့်ရွာမှာ ပိုက်ထွက်ရင် အလွန်ဆုံးကြာလှ တစ်ပတ်ပါပဲ၊ အဲဒီမှာ ပင်လယ်ထဲ ပတ်ချာလှည့်ပြီး ငါးဖမ်းနေတာ၊ ငါးတွေများလာရင် ကုမ္ပဏီက စက်လှေနဲ့လာသယ်တယ်၊ လှိုင်းလုံးကြီးတွေကြားထဲမှာ ပိုက်တစ်ခုခုဖြစ်ရင်လည်း သားတို့ကိုပဲဆင်းခိုင်းတယ်၊ ကြောက်လို့မဆင်းရဲဘူးဖြင်းလည်း မရဘူး၊ ကန်ချတယ်၊တွန်းချတယ်''

''ဟာ.....ဒုက္ခပါလားကွာ''

''အဆိုးဆုံးက သူတို့ဘာသာစကားကို နားမလည်တာပဲ၊ နားမလည်လို့ အလုပ်အကိုင်လွဲရင် လုံးဝခွင့်မလွှတ်ဘူး၊ တီရှွာန်တွေ ရိုက်သလိုရိုက်တာ လစာတောင်းတာလည်း မရဘူး၊ စာချုပ်သက်တမ်းစေ့မှ တစ်ခါတည်းပေးမှာတဲ့''

''သူတို့ သက်သက်အနိုင်ကျင့်တာပေါ့''

''ရေခဲတွေ တူးပေးရတာကလည်း မလွယ်ဘူး၊ သတိမေ့ပြီး အေးခဲသွားတော့မလိုဖြစ်မှ ထွက်ရတာ''

''မလွယ်ပါလားကွာ''

''ဟုတ်တယ်ဗျ၊ စိတ်ညစ်ဖန်များလာတဲ့အခါ စားလည်းမရ၊ အိပ်လည်းမပျော် ဖြစ်လာတာလေ၊ ဖြစ်သလိုကျွေးတာလည်း မစားနိုင်၊ အိပ်ချိန်ကလေး ခဏတာလေးမှာ မအိပ်နိုင်ဆိုတော့ သွားပြီပေါ့ဗျာ''

''ငါ့တူအဖြစ်ကြားရတာ စိတ်မကောင်းလိုက်တာကွာ''

''၆ လတစ်ကြိမ်လောက်တော့ ကမ်းကိုဝင်တယ်၊ ဒါပေမဲ့ သားတို့ထွက်လာခဲ့တဲ့နိုင်ငံမဟုတ်ဘူး၊ အင်ဒိုနီးရှားကမြို့ပဲ၊ သားတို့အတွက် ဘယ်လိုမှ မသွားတတ်၊ မလာတတ်တဲ့ နေရာတွေပါ''

''ဩော်.....''

''အဲဒီလိုနဲ့ သုံးနှစ်ကြာတဲ့အချိန်မှာ ထိုင်းနိုင်ငံကို သင်္ဘောပြန်ဝင်တယ်''

''အင်း.....''

''ကမ်းလည်းရောက်ရော သား တစ်ခါတည်းလစ်တော့တာ''

''သူတို့ လိုက်မရှာကြဘူးလား''

''ဘယ်ရှာကြမှာလဲဗျာ၊ သားလုပ်အားခလစာတွေ သူတို့လက်ထဲမှာလေ''

''ဟုတ်ပါ့''

''ထိုင်းမှာပဲ ကြုံရာကျပန်းလုပ်ရင်း တစ်နေ့မှာတော့ အုတ်သယ်ပြီး အဆောက်အအုံပေါ်အတက်မှာ ပြုတ်ကျလို့ ခြေထောက်ကျိုးခဲ့ရတဲ့အဖြစ်ပါပဲ ဆရာကြီးရာ၊ ဆေးကုပြီးတော့လည်း စိတ်ညစ်ပြီးရင်းညစ်၊ နောက်တော့ အရက်တွေသောက်ရင်းနဲ့ ဒီဘဝရောက်တဲ့အထိပါပဲ ဆရာကြီးရယ်''

ဇော်မင်းနိုင်မှာ ပြောရင်း မျက်ရည်တွေစီးဆင်းနေ၏။

''ခု ဒီမှာ ဆေးဝါးကုသပြီးလို့ ပြန်သွားရင် ကိုယ့်ဆီမှာပဲ ဖြစ်သလိုလုပ်စားပေါ့ကွာ၊ ကိုယ့်ပြည်၊ ကိုယ့်မြေဆိုတာ အခွေးထွေးဆုံးပါပဲ''

ခံစားချက်ပြည့် နှလုံးသားတွေမှာတော့ သောကရပ်ဝန်းက ပိုမိုကျယ်ဝန်းနေပေ၏။

+++

''ဆရာကြီး.....ဆရာကြီး''

မနက်ဝေလီဝေလင်းအချိန်ပါပဲ၊ အိမ်ရှေ့က ခေါ်သံကြား၍ ဆရာကြီးဦးတင်မောင်ညွန့် စာရေးနေရင်းက နားစွင့်လိုက်သည်။

''ကျွန်တော် ဇဋိလရာမကျောင်းသင်တိုက်က ကျောင်းသား မောင်မောင်ပါ''

www.burmeseclassic.com

www.burmeseclassic.com





"အေး.....မောင်မောင်၊ ဘာကိစ္စလဲ ပြော"

"ဇော်မင်းနိုင် ညတုန်းက ဖျားတယ်၊ ဝမ်းတွေလည်း မနားတမ်းသွားနေလို့ ခု သယ်နီကျွန်း စံပြဆေးရုံကြီးမှာ တင်ထားရတယ်"

"ဟုတ်လား"

ဆရာကြီးဦးတင်မောင်ညွန့်လည်း ဆေးရုံကိုလိုက်သွားလိုက်သည်။ မြင်ရချက်က မသက်သာလှ။ ဇော်မင်းနိုင်မှာ လူနာခုတင်နဲ့ အိမ်သာ အပြောင်းပြောင်း အပြန်ပြန်သွားနေရ၏။

ဆေးရုံတွင် တစ်ပတ်တိတိကြာလာချိန်တွင်တော့ လူနာက ရင်ထဲတွင် အနည်းငယ်ပေါ့လာသည်ဟုပြော၏။ ရေချိုးရန် ခွင့်တောင်း၏။ ဆေးရုံက ရေချိုးခွင့်ပေးလိုက်သည်။ အိမ်သာကပြန်လာလျှင် ခုတင်ပေါ်တွင် မအိပ်တော့ဘဲ ခုတင်အောက်သံမဏိလင်းကြမ်းပေါ်တွင် လှဲအိပ်သည်။ နောက်ဆိုလျှင် အိမ်သာဝင်ပြီး ပြန်အထွက်မှာ အိမ်သာအိုးထဲကရေကို ချိုးလာသည်။

ဦးတင်မောင်ညွန့်မှာ တူလေး၏အဖြစ်ကိုကြည့်ပြီး သို့နင့်စွာ ခံစားနေရ၏။ နောက်ဆုံးမှာတော့ ဘယ်လိုမှပြန်လည်ထူထောင်လာစရာ မမြင်တော့သဖြင့် သူ့အဖေနဲ့အမေဆီသို့ ဖုန်းဆက်မှာလိုက်၏။ ဆေးရုံတက်ပြီး (၁၃)ရက်မြောက်နေ့တွင် ဇော်မင်းနိုင်အဖေနဲ့အမေ ရောက်လာကြ၏။

အရိုးပေါ် အရေတင်ပြီး မျက်တွင်းဟောက်ပက်နဲ့ဖြစ်နေသော သားငယ်၏အဖြစ်ကိုကြည့်ပြီး မိဘနှစ်ပါးတို့ မျက်ဝန်းအိမ်မှ မျက်ရည်များ တလိမ့်လိမ့် စီးဆင်းသွားကြသည်။ သားလူနာက ကြေကွဲမျက်ဝန်းဖြင့် အဖေနဲ့အမေကို စိုက်ကြည့်နေ၏။ နောက် လက်ကလေးကို လေးလေးပင်ပင် ကမ်းပေးလိုက်သည်။ အဖေနဲ့အမေတို့ သားကိုလှမ်းဖက်လိုက်ကြသည်။ မိဘမျက်ရည်များ သားလေးခန္ဓာကိုယ်ပေါ်သို့ တစက်စက်ကြွေသက်နေကြ၏။

ဆရာကြီး ဦးတင်မောင်ညွန့်သည် သူ့တူလေးကို တစ်ချက်သတိထားကြည့်လိုက်မိချိန်တွင်တော့ ဇော်မင်းနိုင်၏ ခေါင်းကလေးမှာ ဘယ်ခြမ်းသို့ လည်ခင်းသွားခဲ့လေပြီ။

"အဖေအမေကို လုပ်ကျွေးချင်လို့ ပိုက်ဆံများများရတဲ့နေရာ သွားပါရစေဆိုပြီး ခွင့်တောင်းသွားခဲ့တာလေ"

"ဗျို့သားကြီး ဆုံးပြီ အီး.....ဟီး.....ဟီး"

သံယောဇဉ်သားကောင် မိဘတွေ ရှေ့ရင်မီးတောက်ရပါပြီ။ သားသမီးကြောင့် ဖြစ်ရတဲ့ မီး အပူဆုံးမီး။ မီး.....မီး.....မီး။ ။

ထုတ်နှုတ်ချက်။ ။ မေ့သွားစိတ်ထားနိုင်ကြပါစေ

ကျွန်းဆင့်မြေစောက်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

"တင်သန်းအကြောင်းကိုကြားပြီးပြီလား"

"တင်သန်း ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီကောင် ဥပဒေနဲ့မကင်းတဲ့ အလုပ်တွေကို လုပ်နေတယ်"

တစ်နေ့ ရန်ကုန်မြို့ထဲတွင် သူငယ်ချင်း ဝင်းအောင်နှင့်တွေ့ရာမှ ၎င်းပြောပြ၍ တင်သန်းအကြောင်းကို သိခဲ့ရသည်။ ဝင်းအောင်၊ တင်သန်းနှင့် စာရေးသူတို့မှာ ငယ်သူငယ်ချင်းများဖြစ်ကြသည်။ ဝင်းအောင် ရိုးသားသလောက် တင်သန်းကတော့ ရိုးသားမှုကို မှတ်ကျောက်တင်ခံနိုင်သူမဟုတ်။ ငယ်စဉ်ကပင် ငွေရလျှင် ဘာမဆိုလုပ်မည့်လူမျိုး။ တင်သန်းသည် ငွေရမည်ဆိုလျှင် အဘနဖူးကို သိုက်တူးရုံသာမက ဘွားအေငယ်ထိပ်ကိုပင် မိုင်းခွဲပြီး ရွှေကြောရှာမည့်လူဖြစ်သည်။

ထို့ကြောင့် ရုံးအားရက်တစ်ရက်တွင် စာရေးသူသည် တင်သန်းနေထိုင်ရာ ရန်ကုန်မြို့ထဲရှိ တိုက်ခန်းသို့ ရောက်သွားခဲ့သည်။ တင်သန်းကား စာရေးသူကိုပင် ဧည့်မခံအား။ တရားမဝင် ထီဘောက်ချာများ၊ လယ်ဂျာများ၊ အတိတ်ပေးချိုင်းစာရွက်များ၊ ဘောလုံးပွဲစဉ်ဇယားများဖြင့် အလုပ်ရှုပ်နေသဖြင့် ၎င်းသည် လောင်းကစားဒိုင်လုပ်နေကြောင်း သိလိုက်ရသည်။

"သူငယ်ချင်း မင်း ဒီအလုပ်တွေကို ဘာကြောင့်လုပ်ချင်ရတာလဲ"

တင်သန်းက စာရေးသူကိုတစ်ချက်ကြည့်လိုက်ပြီး.....

"မင်းနဲ့ဘာဆိုင်လို့လဲ၊ ငါ့စီးပွားရေးကို ငါလုပ်တာ"

"မင်းလုပ်တဲ့အလုပ်က ဥပဒေနဲ့မကင်းလို့ ပြောနေတာကွ"

"မင်းက ဥပဒေအရာရှိပီပီ နေရာတကာ ဥပဒေဆိုတဲ့ပေတံနဲ့ တိုင်းနေတာလား"

"မဟုတ်ဘူး သူငယ်ချင်း။ ဒီအလုပ်ကြောင့် မင်း တစ်နေ့ ဒုက္ခရောက်နိုင်တယ်"

တင်သန်းက မကျေနပ်စွာဖြင့်..

"ငါလည်း ပိုင်လို့ ဒီအလုပ်ကို လုပ်နေတာ၊ မင်းလမ်းကို မင်းသွားစမ်းပါကွာ"

စာရေးသူလည်း တင်သန်းကို စကားဆက်မပြောတော့ဘဲ ၎င်းထံမှ လှည့်ပြန်လာခဲ့သည်။ ပြန်ခါနီးတွင် တင်သန်းက စာရေးသူကို စကားတစ်ခွန်းပြောလိုက်သေးသည်။ ထိုစကားမှာ.....

"ဒီမှာသူငယ်ချင်း၊ ဖျံဆိုတာ ဘယ်တော့မှ ရေမနစ်သလို မျောက်ဆိုတာလည်း ဘယ်တော့မှ သစ်ပင်ပေါ်က လိမ့်မကျဘူး"

+++

"ဆရာ ကျောက်တော်မြို့ကို ပြောင်းရမယ်တဲ့၊ အော်ဒါထွက်လာပြီ"

အကြီးတန်းစာရေးဖြစ်သူ ဒေါ်ခင်လေးညွန့်က ပြောပြောဆိုဆို ပြောင်းရွှေ့မိန့်စာရွက်ကို လာပြသဖြင့် စာရေးသူသည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့သို့ ဥပဒေအရာရှိတာဝန်ဖြင့် ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း သိလိုက်ရ၏။

စာရေးသူ၏ ဥပဒေအရာရှိသက်တမ်းတစ်လျှောက်တွင် တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့လာခဲ့ရာ မြစ်၊ ချောင်းတို့နှင့် အကျိုးပေးသည်ဟုပင် ပြောရမည်လားမသိ။ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်မှဆင်းပြီး ပထမဆုံး ပြောင်းရသည့်မြို့မှာ ဧရာဝတီမြစ်ကမ်းဘေးရှိ ဓနုဖြူမြို့၊ နောက်ပြောင်းရသည့်မြို့မှာ ကချင်ပြည်နယ်၊ တနိုင်းမြို့။ တနိုင်းမြို့ကား တနိုင်းခချောင်းဘေးရှိ မြို့ဖြစ်သည်။ ထိုမှတစ်ဖန် ပြောင်းရွှေ့ရသည်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်။ မြောက်ဥက္ကလာပမြို့နယ်သည် ငမိုးရိပ်ချောင်းဘေးရှိ မြို့နယ်တစ်ခု။

www.burmeseclassic.com





မြောက်ဥက္ကလာပမြို့နယ်မှ ကိုကိုးကျွန်းမြို့နယ်သို့ ပြောင်းရွှေ့ရသည်။ ကိုကိုးကျွန်းမြို့နယ်သည် ဘင်္ဂလားပင်လယ်ထဲရှိ ကျွန်းမြို့တစ်မြို့ဖြစ်သည်မဟုတ်ပါလား။ ကိုကိုးကျွန်းမြို့မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်သို့ ပြောင်းရွှေ့ရသည်။ ဆိပ်ကမ်းမြို့နယ်သည်လည်း ရန်ကုန်မြစ်ဘေးရှိ မြို့နယ်တစ်ခုပင်။ ယခုလည်း ရခိုင်ပြည်နယ်၊ ကစ္ဆပနဒီ ခေါ် ကုလားတန်မြစ်ဘေးရှိ ကျောက်တော်မြို့သို့ ပြောင်းရွှေ့ရပြန်ဦးမည်။ ယခင်က ကျောက်တော်မြို့သို့ သွားလိုလျှင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေယာဉ်ပျံဖြင့်သွားရပြီး စစ်တွေမြို့မှ ကျောက်တော်မြို့သို့ သင်္ဘောဖြင့် တစ်နေကုန်သွားရသည်။ ယခုကား ထိုသို့မဟုတ်တော့။ ရန်ကုန်–စစ်တွေကားလမ်း ဖောက်လုပ်ပြီးဖြစ်သဖြင့် မြေကြောရှုံ့နိုင်ခဲ့ပြီ။ ရန်ကုန်မြို့မှ ကျောက်တော်မြို့သို့ မော်တော်ကားဖြင့်သွားလျှင် တစ်ညအိပ်ခရီးသာဖြစ်သည်။

+++

ကျောက်တော်မြို့သို့ ရောက်သည့်အခါ စာရေးသူနှင့် အလုပ်တာဝန်လွှဲပြောင်းမည့် မြို့နယ်ဥပဒေအရာရှိ ဦးသိန်းရွှေ၊ အကြီးတန်းစာရေး ဦးသိန်းမောင်နှင့် မြို့နယ်ဥပဒေရုံးဝန်ထမ်းများက နွေးထွေးစွာကြိုဆိုနေကြသည်။ ကျောက်တော်မြို့သည်ကား ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့တစ်မြို့ဖြစ်ပြီး ချင်းပြည်နယ်၊ပလက်ဝမြို့နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည့် မြို့တစ်မြို့ဖြစ်သည်။ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကိန်းဝပ်စံပယ်ရာ မြို့တစ်မြို့ဖြစ်ခြင်း၊ စက်မှုဝန်ကြီးဌာန၊ သကြားစက်တည်ရှိခြင်း၊ တပ်မတော်အမှတ် (၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်တည်ရှိရာ မြို့ဖြစ်ခြင်းတို့ကြောင့် စည်ကားသောမြို့ဖြစ်၏။

ရုံးပိတ်ရက်တွင် စာရေးကြီး ဦးသိန်းမောင်က.....

"ဆရာ ကျောက်တော်မြို့ကို ရောက်လာတဲ့ ဝန်ထမ်းတွေဟာ မဟာမုနိရုပ်ရှင်တော်မြတ်ကို အရင်ဦးတိုက်ဖူးမြော်ရတယ်၊ ဒီနေ့ ရုံးပိတ်ရက်ဆိုတော့ ဆရာ့ကို မဟာမုနိဘုရားကြီးကို အရင်လိုက်ပို့မယ်၊ ပြီးမှ သေလာဂီရိမောရပဗ္ဗတ ကျောက်တော်တောင်ကို တက်ကြတာပေါ့"

"ကောင်းသားပဲ ကိုသိန်းမောင်ရာ၊ ကျွန်တော်လည်း ပျင်းနေတာနဲ့ အတော်ပဲ"

ထို့နောက် စာရေးသူနှင့် ဦးသိန်းမောင်တို့သည် ကျောက်တော်မြို့မှ ခင်မင်သူများဖြစ်ကြသည့် မြို့နယ်အလုပ်သမားအရာရှိ ဦးလှထွန်း၊ ကျောင်းဆရာ ဦးအောင်ကျော်သိန်း၊ သမဝါယမဦးစီးမှူး ဦးဘမောင်၊ တောအုပ် ဦးမောင်အေးစိန်၊ ကုန်သည် ဦးမောင်သန်း၊ ကားဂိတ်မှူး ဦးအောင်လှထွန်း၊ တရားလွှတ်တော်ရှေ့နေ ဦးရွှေစောအောင်တို့နှင့်အတူ မဟာမုနိရုပ်ရှင်တော်မြတ်ကို သွားရောက်ဖူးမြော်ကြသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကား ဗုဒ္ဓဝင်သမိုင်းဝင် ဘုရားတစ်ဆူပင်။ ရခိုင်ဘုရင်စန္ဒသူရိယမင်းလက်ထက်၊ မဟာသက္ကရာဇ် (၁၂၃)ခု၊ တပို့တွဲလပြည့်နေ့တွင် မြတ်စွာဘုရားသည် တပည့်သံဃာအပေါင်း အပါး(၅၀၀)နှင့်အတူ ရခိုင်ပြည်နယ်၊ ဓညဝတီမြို့တော်သို့ ကောင်းကင်ခရီးမှ ကြွချီလာခဲ့ကြောင်း။ မြတ်စွာဘုရား ပြန်လည်ကြွချီကာနီးတွင် ကိုးကွယ်ရာအဖြစ် ကိုယ်စားတော်ထားခဲ့ရန် စန္ဒသူရိယမင်းက လျှောက်ထားတောင်းပန်သဖြင့် သီရိဂုတ္တတောင်ကုန်းပေါ်

www.burmeseclassic.com

တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကို
သွန်းလုပ်ခဲ့ကြောင်း ရာဇဝင်မှတ်
တမ်းများအရ သိရှိရသည်။ မဟာ
မုနိရုပ်ရှင်တော်မြတ်ကား လွန်စွာ
သပ္ပာယ်လှပြီး မျက်နှာတော်မှာ
သည်း ပြုံးယောင်သန်းနေသဖြင့် ဖူး
မျှော်မဝနိုင်။ ပွင့်လင်းရာသီဖြစ်
သဖြင့် အနယ်နယ်အရပ်ရပ်မှ
ဘုရားဖူးများဖြင့် စည်ကားလျက်ရှိ
သည်။

အချိန်တွင် ကျောက်တော်မြို့
တစ်ဖက်ကမ်းရှိ တောင်ကြီးရှိတော
ပတ္တမြားကျောက်တောင်သို့လာကြ
ရောက်ကာ ဘုရားဖူးကြသည်။
အဆိုပါတောင်သည်လည်း မြတ်စွာ
ဘုရား တောင်ကောင်းမြို့ ကြွလာ
စဉ် ခြေရာချထားသော တောင်တစ်ခု
ဟု ဆိုသောတောင်တွင် ကျောက်များကို
[illegible] ကျောက်များ
အလွန်ပေါသည်။

စာရေးကြီး ဦးသိန်းမောင်က...

"ဆရာ ဦးဘုဝ်ရွှေ ဒိုက်ဆဲ
အိတ်ဆဲတွေ သပေါ်ထားနေ့ ဒီတောင်
က ကျောက်တွေက တော်တော်
ကမြင်းကြောထတယ်"

ဦးသိန်းမောင်ပြောသည်မှာ
အမှန်ပင်။ ဘုရားဖူးများ တောင်
ချထားသော ခေါက်ထီး ဒိုက်ဆဲ
အိတ် [illegible] တို့ကို
ကျောက်များက [illegible]
[illegible]
[illegible] စာရေးသူက ပုပ္ပားတောင်
မှ ကျောက်များသည် ထိုသို့ကမြင်း
ကြောကြောင်း ပြောပြရာ ဦးသိန်း
မောင်က....



"ပုပ္ပားတောင်မျောက် ကမြင်းကြောထတာက ကျောက်တော်တောင်မျောက်ကို မီမယ်မထင်ဘူး"

စာရေးသူက.....

"မထင်နဲ့ ကိုသိန်းမောင်၊ ပုပ္ပားတောင်မျောက်ဟာ ကျောက်တော်တောင်ထက်တော့ မညံ့ပါဘူး နော်"

မှန်ပါသည်။ တံခွန်စိုက်မျောက်ကမြင်းကြောထပြိုင်ပွဲကြီးသာ ကျင်းပမည်ဆိုပါက ပုပ္ပားတောင်မျောက်သည် ကျောက်တော်တောင်မျောက်ကို အပြတ်အသတ်တော့ နိုင်လိမ့်မည်မဟုတ်။ အချိန်ပိုပြိုင်မှသာ နိုင်မည်ထင်ပါသည်။

စာရေးသူတို့သည် ကျောက်တော်တောင်ပေါ်မှ ဆင်းလာကြပြီး မောမောနှင့် တောင်ခြေရှိဆိုင်တွင် လက်ဖက်ရည်သောက်နေကြစဉ် မနီးမဝေး၌ လူငယ်တစ်စုသည် ငှက်ပျောသီးထဲတွင် တစ်စုံတစ်ခုကို ထည့်ပြီး မျောက်ကိုကျွေးနေသည်ကို တွေ့သဖြင့် သွားကြည့်မိသည်။ လူငယ်တစ်ဦးက ငှက်ပျောသီးထဲတွင် ဘာမီတွန်ဆေးပြားကိုထည့်ပြီး ပစ်ကျွေးလိုက်၊ မျောက်ထီးကြီးတစ်ကောင်က ကောက်စားလိုက်လုပ်နေသဖြင့်မေးကြည့်ရာ ထိုလူငယ်က...

"ဦးရယ် ဒီမျောက် တော်တော်ဆိုးတာ၊ တစ်နေ့က ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေး ဘုရားဖူးပြီး တောင်ခြေမှာ ထိုင်စကားပြောနေကြတုန်း ဘေးမှာချထားတဲ့ ခေါက်ထီးကို ဒီကောင်ကြီး ဆွဲယူပြီး ထွက်ပြေးသွားတာ၊ ထီးလည်း ပြန်မရတော့ဘူး၊ ဒါကြောင့် ဒီကောင်ကြီးကို ပညာပေးနေတာ"

ငှက်ပျောသီး လေးငါးလုံးခန့်စားပြီးနောက် ခဏအကြာတွင် မျောက်ထီးကြီးမှာ တဖြည်းဖြည်းနှင့် လှုပ်ရှားမှု နှေးကွေးလာသည်။ ထိုအခါကျမှ လူငယ်များသည် မျောက်ထီးကြီးကို ခဲဖြင့်ပေါက်ပြီး ခြောက်လှန့်ကြရာ မျောက်ထီးကြီးမှာထွက်ပြေးပြီး သစ်ပင်ပေါ်တက်ပြေးလိုက်၊ လိမ့်ကျလိုက်၊ ပြန်တက်လိုက်၊ ပြန်

www.burmeseclassic.com

www.burmeseclassic.com



လိမ့်ကျလိုက်နှင့် မုန့်လုံးစက္ကူကပ်နေလေတော့သည်။

"မှတ်ပြီလား မျောက်စုတ်ရဲ့"

လူငယ်များက မျောက်ထီးကြီးကိုကြည့်ပြီး သဘောကျ၍မဆုံးတော့။ ခဏအကြာတွင် ထိုမျောက်လည်း သစ်ပင်ပေါ်သို့တက်ရန် မကြိုးစားတော့ဘဲ ဒယိမ်းဒယိုင်နှင့် ချုံပုတ်တစ်ခုအောက်သို့ဝင်ရောက်သွားလေတော့သည်။ ကိုရွှေမျောက်ကား ဘာမိတွန်ဆေးပြား၏ အာနိသင်ကြောင့် ချုံပုတ်အောက်တွင် အိပ်ပျော်ကာ တစ်ဖက်လျှင် မျောက်မော်ဒယ်လ်မ ငါးရာစီဖြင့် စိတ်ကူးယဉ် ဖိမ်ကျနေလောက်ပေပြီ။

ထိုစဉ် ဦးသိန်းမောင်ရောက်လာပြီး.....

"ဆရာရေ ပြန်ကြရအောင်၊ ကျွန်တော်တို့အဖွဲ့က ဆရာ့ကို ကြို ဆိုတဲ့အနေနဲ့ ပြုစုချင်လို့တဲ့၊ စားသောက်ဆိုင်ကို သွားကြမယ်"

စာရေးသူတို့အဖွဲ့ ကျောက်တော်မြို့အဝင် ဘူတာရုံဘေးရှိ လပြည့်ဝန်းစားသောက်ဆိုင်သို့ရောက်လာသည့်အခါ ဆိုင်ရှင်ဦးလပြည့်က ဆီးကြိုရင်း စာရေးသူကို ရန်ကုန်က လာသူမှန်း ရိပ်မိသဖြင့်.....

"ဆရာတို့ ဘာသုံးဆောင်ကြမလဲ၊ ဒေသထွက် ရခိုင်အစားအစာတွေ အစုံရတယ်"

ထိုစားသောက်ဆိုင်တွင် ဒေသထွက် ရခိုင်အစားအစာများ၊ အမြည်းများ စုံလင်လှသည်။ ကြက်သောက်ဆမ်း၊ ပုစွန်တုပ်၊ ငကြာန်း၊ ခရုသုပ်၊ တောင်ခရု၊ ရေကြက်၊ ပြည်ကြီးငါးနှင့် ငါးဟင်းမျိုးစုံတို့ကား မြင်သည်နှင့်ပင် စားချင်စရာ။ စာရေးသူက ငါးဟင်းအိုးကို ဖွင့်ကြည့်ရာ တစ်ခါမျှ မမြင်ဖူးသော ငါးဟင်းဖြစ်သဖြင့်မေးကြည့်ရာ ဆိုင်ရှင်က..

"ဒါ ဘိချပ်တရာငါးလေ ဆရာ"

"ဘိချပ်တရာဆိုတဲ့ငါးက ရန်ကုန်မှာမရှိဘူး၊ ဒီဒေသထွက်ငါးလေ"

ဟု သမဝါယမဦးစီးမှူး ဦးဘမောင်က ဝင်ပြောသကဲ့သို့ တောအုပ် ဦးမောင်အေးစိန်က.....

"ဆရာရေ ဘိချပ်တရာငါးဆိုတာ တစ်ချက်မှ အငြိမ်မနေဘူး၊ ရေထဲမှာ ဟိုဘက်ကိုကူးလိုက်၊ ဒီဘက်ကိုကူးလိုက်နဲ့ ဖျပ်ဖျပ်လူးနေတာပဲ"

ဟု ဝင်ရောက်ရှင်းပြသည်။

တရားလွှတ်တော်ရှေ့နေ ဦးရွှေစောအောင်က

"ဒါကြောင့် ငြိမ်ငြိမ်မနေဘဲ ဟိုရောက်လိုက်၊ ဒီရောက်လိုက်နဲ့ ဆတ်စလူးထနေတဲ့ ကောင်မလေးတွေကို လူကြီးတွေက ဘိချပ်တရာမလို့ ခေါ်ကြတာပေါ့"

ကုန်သည် ဦးမောင်သန်းက...

"ထမင်းမစားခင် သွေးပူလေ့ကျင့်ခန်း လုပ်ကြရအောင်"

ဟုပြောရာ ၎င်း၏စကားကို ကန့်ကွက်မည့်သူမရှိ။

ထိုစဉ် စားပွဲပေါ်တွင် တင်ထားသော ကြေးမုံသတင်းစာကိုတွေ့ရသဖြင့် စာရေးသူကယူ၍ဖတ်ကြည့်ရာ လောင်းကစားဖမ်းဆီးသော သတင်းဓာတ်ပုံနှင့်တကွ တွေ့ရသည်။ ဆက်လက်ဖတ်ရှုရာ နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ နာမည်ကြီး လောင်းကစားဒိုင် တင်သန်းအား တရားမဝင် ထီစာရွက်စာတမ်းများ၊ ဘောလုံးပွဲလောင်းကစား စာရွက်စာတမ်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသဖြင့် သိမ်းဆည်းပြီး ဥပဒေနှင့်အညီ အရေးယူသည့်သတင်းဖြစ်နေသဖြင့် စာရေးသူ စိတ်မကောင်းဖြစ်မိသည်။ ထို့ပြင် စာရေးသူအား တင်သန်း ပြောခဲ့သော.....

"ဖျံဆိုတာ ဘယ်တော့မှရေမနစ်သလို မျောက်ဆိုတာလည်း ဘယ်တော့မှ သစ်ပင်ပေါ်က လိမ့်မကျဘူး"

ဆိုသည့်စကားကို ပြန်လည်ကြားယောင်နေဆဲ။ ဖျံကရေနစ်မနစ်ကိုတော့ မသိပါ။ မျောက်သစ်ပင်ပေါ်က လိမ့်ကျသည်ကိုတော့ စာရေးသူ မြင်ခဲ့ဖူးပြီ။ ထို့ကြောင့်.....

"သူငယ်ချင်း တင်သန်းရယ် ခုတော့ မင်းလည်း သစ်ပင်ပေါ်က လိမ့်ကျတဲ့မျောက် ဖြစ်ပြီပေါ့"

ဟုသာ စိတ်မကောင်းစွာဖြင့် ရေရွတ်မိပါတော့သည်။

မောင်မောင်ခိုင် (စစ်တွေ)

www.burmeseclassic.com

www.burmeseclassic.com





# ထက်ထက် ဟာသများ



လောဘတက်ဦး



**ပန်းသည်။** ။ ဦးလေး ပန်းယူပါဦးလား။

စံပယ်ပန်းသည်လေးကိုကြည့်ပြီး သနားသွား၏။ စံပယ်ကုံးလေးများကိုင်ပြီး လမ်းတကာလျှောက်ရောင်းနေသဖြင့် စာနာမိ၏။

**အမျိုးသားကြီး။** ။ အေး.....ငါးရာဖိုးပေး။

**ပန်းသည်။** ။ တစ်ထောင်ဖိုးယူပါလား ဦးလေး၊ ပိုပေးပါ့မယ်နော်။

ဘုရားပန်းကပ်ပြီး ပိုတာ မိန်းမပန်ဖို့ဟု တွေးမိရင်း ခေါင်းညိတ်လိုက်၏။ သို့ပေမယ့် ပန်းသည်မှာ လောဘတက်လာပြန်သည်။ အမျိုးသားကြီးကို သဘောကောင်းမှန်းသိသွား၍.....

**ပန်းသည်။** ။ မထူးပါဘူးဦးလေးရာ၊ ဒီပန်းအကုန်လုံး ထောင့်ငါးရာပဲပေးပါတော့၊ ပြန်ချင်လို့ လျှော့ပေးလိုက်တာနော်၊ မမြတ်တော့ဘူး။


အမျိုးသားကြီးလည်း စိတ်တိုသွားပြီး.....

**အမျိုးသားကြီး။** ။ နင်တို့က သနားလေ ကမ်းတက်လေပဲ၊မဝယ်တော့ဘူးဟေ့၊ မမြတ်ရင်လည်း မြတ်အောင် လျှောက်ရောင်းတော့။

www.burmeseclassic.com

www.burmeseclassic.com





# ယုံဦးလေ

**သူငယ်ချင်း။** ။ မင်း Handset အသစ် ဝယ်လိုက်ပြီဆို။ ဘယ်မှာလဲ၊ ပြပါဦး။

**အမျိုးသား။** ။ ကြည့်ကွာ၊ ၁ သိန်း ၈ သောင်း ပေးရတယ်၊ အခု MP-3 သွားသွင်း မလို့ကွ။

**သူငယ်ချင်း။** ။ ဒါဆို ကိုယ့်အသိဆိုင်ရှိတယ်၊ သီချင်း သွားသွင်းပေးမယ်လေ။

အမျိုးသားလည်း ယုံကြည်စိတ်ချစွာဖြင့်ပေးလိုက်၏။

**သူငယ်ချင်း။** ။ ညနေလာပေးမယ်နော်၊ မင်းစောင့်နေ။

သို့သော် ညနေလည်းရောက်မလာ၊ နောက်တစ်နေ့လည်း မလာ၊ လိုက်သွားသော်လည်း ရှောင်နေမှ လိမ်ညာယူသွားမှန်း သိရတော့သည်။

**အမျိုးသား။** ။ သွားပါပြီဗျာ၊ မုန့်ဖိုးလေးစုပြီးဝယ်ထားတဲ့ Handset လေး။



www.burmeseclassic.com

www.burmeseclassic.com


# သိသွားပြီ



ဆေးခန်းသို့ ပုံမှန်ရောက်လာတတ်သော လင်မယားအနက် အမျိုးသမီးက မကြာခဏ နေထိုင်မကောင်း ဖြစ်နေတတ်၏။

**ဆရာဝန်။** ။ ဆေးစစ်တော့လည်း အကုန်လုံးကောင်းနေတာ၊ Normal ပဲ၊ ဘယ်လိုဖြစ်ပါလိမ့်။

အမျိုးသမီးက ကျန်းမာရေးကောင်းသူဖြစ်၍ စိတ်ဝေဒနာတစ်ခုခုဖြစ်နေပုံရသည်ဟု ထင်မိ၏။ သည်တော့ ဆရာဝန်က အမျိုးသားအား တိုးတိတ်စွာမေးလိုက်၏။

**ဆရာဝန်။** ။ ခင်ဗျားဇနီးက စိတ်ခံစားမှုတစ်ခုခု ရှိနေပုံရတယ်ဗျာ။

**အမျိုးသား။** ။ ဒေါက်တာရေ....ကျွန်တော့်ဇနီးက ကျွန်တော်ခရီးထွက်တိုင်း နေထိုင်မကောင်းဖြစ်တော့တာပဲဗျ၊ ဒေါက်တာ မသိပေမယ့် ကျွန်တော် သိတယ်နော်။

**ဆရာဝန်။** ။ မပြောနဲ့တော့၊ သိသွားပြီ။

သည်တော့မှဆရာဝန်လည်း လူနာ၏ရောဂါအခြေအနေကို သိသွားရတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ငါးမရ ရေချိုးပြန်သူ

အမျိုးသားကြီးတစ်ယောက်သည် ဘုရားပွဲမှစွန့်သော ငှက်ပျောသီးများကို မရှိဆင်းရဲသူများအား ပေးဝေတတ်၏။ သည်တော့ သူ့အားတွေ့သည်နှင့်.....

**ပန်းသည်။** ။ ဦးလေး ငှက်ပျောပွဲမစွန့်သေးဘူးလား။

**အမျိုးသားကြီး။** ။ အေးကွယ်၊ မှည့်နေပြီကွ။

**ပန်းသည်။** ။ ဒါဆို အိမ်လိုက်ယူမယ်လေ။

အမျိုးသားကြီးလည်း အိမ်သို့ခေါ်လာပြီး သဒ္ဓါတရားထက်သန်စွာဖြင့် အကုန်ပေးဝေလိုက်၏။ နောက်တစ်ပတ်အကြာတွင် အိမ်ရှေ့မှ တံခါးခေါက်သံကြားရ၍ ဖွင့်ကြည့်လိုက်ရာ ပန်းသည်ဖြစ်နေသည်။

**ပန်းသည်။** ။ ဦးလေး ငှက်ပျောပွဲစွန့်ပြီလား။

အမျိုးသားကြီး၏ရင်ထဲတွင် သဒ္ဓါစိတ် ပျက်သွားမိ၏။ ငှက်ပျောပွဲက စိမ်းနေသည့်အပြင် တစ်ဆင့်စကားအရ ထိုပန်းသည်က ရပ်ကွက်ထဲတွင် ပြန်ရောင်းစားခဲ့သည်ဟု ပြောကြသည်။ သည်တော့ စိတ်မကောင်းဖြစ်မိ၏။

**အမျိုးသားကြီး။** ။ မစွန့်သေးပါဘူးကွာ၊ ဒီတစ်ခါစွန့်ရင် ရှေ့တိုက်မှာ ဆောက်နေတဲ့ အလုပ်သမားတွေကို လှူရမှာကွ။

ပန်းသည်လည်း သဘောပေါက်သွားပြီး.....

**ပန်းသည်။** ။ ဒါဆိုလည်း ဖွန်နဲ့စံပယ်ပန်း တစ်ထောင်ဖိုးယူလာတယ်။

**အမျိုးသားကြီး။** ။ ရော့...တစ်ထောင်၊ နောင်ကိုဘယ်တော့မှ ပန်းလာမပို့နဲ့တော့။



ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



လေသော၊ စီးကျနေလေသော နီနီရဲရဲများကို ဆေးကြောသုတ်သင်ရသေးသည်။

ထိုည ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ ည ၁၁ နာရီခန့်၌ မစက်ကြည်တစ်ယောက် ရေမိုးချိုး၊ သနပ်ခါးလိမ်းတော့သည်။

+++

မစက်ကြည်က အသက် (၄၀) နှစ်။

အပျိုကြီးဖြစ်သည်။

အရပ်အမောင်းက ၅ ပေ ၇ လက်မကျော်၊ ကိုယ်အလေးချိန်က ပေါင် ၂၀၀ မက၊ ကိုယ်ခန္ဓာအချိုးကျလှ၏။ အသားအရေက ဖြူဖြူဖွေးဖွေး။

ငယ်နာမည် မနှင်းဖွေး။

မစက်ကြည် ခေါ် မနှင်းဖွေးသည် လူတစ်ယောက်ကိုကြည့်လျှင် မျက်တောင်မခတ် စိုက်ကြည့်တတ်၏။ စူးစူးဝါးဝါးကြည့်တတ်လေ့ရှိသဖြင့် အရပ်ထဲက မစက်ကြည်အား စုန်းမတဲ့။ မျက်ထောက်ကနီ၍ စုန်းမဟု ယိုးစွပ်သည်မှာမဆန်း။

"ညည်းမဟုတ်လား၊ ငါ့ကို စုန်းမလို့ အရပ်ထဲလိုက်ပြောနေတာ၊ ငါက စုန်းမဆိုရင် ညည်းလိုကောင်မကို စုန်းအတတ်နဲ့ ပြုစားလိုက်မှာ အဲ.....စုန်းအတတ် မတတ်တော့ ဟောဒီလို ဓားနဲ့ထိုးမှာပဲ"

မစက်ကြည်က သူ့ကို စုန်းမလို့စွပ်စွဲပြီး အရပ်ထဲ သွားပုပ်လေလွှင့် လျှောက်ပြောနေ၍ အကြော်

"ဟင်း...၁၁ ယောက်မြောက်ပေါ့ကွာ"

မဲ့ပြုံးပြုံးရင်း တစ်ကိုယ်ရေ ပြောလိုက်သည်။

မစက်ကြည်က ထုံးစံအတိုင်း အသင့်ထားရှိသည့် ဂုန်နီအိတ်ကြီးထဲသို့ အရပ် ၅ ပေ ၄ လက်မခန့်ရှိ ဂျပန်စစ်ဗိုလ်အလောင်းကို လေဘာတီမမြရင်၏ ရွှေပြည်စိုးသီချင်းလေးကို ခပ်အေးအေး၊ ခပ်လေးလေးသီဆိုရင်း ဖြည်းလေးစွာသွတ်သွင်းနေသည်။

မစက်ကြည်၏ မျက်နှာဖြူဖြူဝိုင်းဝိုင်းလေးသည် ဝင်းပနေသည်။ သူမ၏ အပျော်ဆုံးနေ့လေ။

ဂုန်နီအိတ်ကြီးထဲသို့ ထည့်ထားပြီးသည့် ဂျပန်စစ်ဗိုလ်၏ အလောင်းကောင်အား မစက်ကြည်က သူ့ကိုယ်ပိုင် လေးခန်းတွဲတောအိမ်ကြီး၏အောက်ထပ်သို့ လွယ်လင့်တကူ သယ်မ,ယူသွား၏။ အိမ်ကြီး၏အောက်ထပ် လက်ယာဘက်ထောင့်စွန်းတွင် အနက် ၅ ပေ၊ အကျယ် ၅ ပေ တူးထားပြီးဖြစ်သော တွင်းထဲသို့ ပစ်ချလိုက်တော့၏။ ပြီးနောက် ရွှေပြည်စိုးသီချင်းကို ခပ်လေးလေးဆိုရင်း မြေဖို့ချလိုက်သည်။ ထိုကဲ့သို့ သပ်သပ်ရပ်ရပ် လုပ်ကိုင်အပြီး ဝါးကြမ်းခုတင်ကြီး ကို မြေပုံပေါ်သို့ နေသားတကျရွှေ့ထားသည်။

ဂျပန်ဗိုလ်၏အလောင်းကောင်အား သပ်ရပ်ပိရိစွာဖျောက်ဖျက်ပြီးသည့်နောက် အိမ်ကြီး၏အပေါ်ထပ် ထမင်းကျွေးသည့်နေရာ၌ ပေကျံနေ

တစ္ဆေခြောက်သည်ဟု လူပြောများနေသော အိမ်မည်းကြီးအတွင်းမှာ ဖြားယောင်းသွေးဆောင်မှုများ၊ ရာဂရမ္မက်၏သားကောင်များ၊ သွေးစိမ်းသွေးကွက်များ၊ အလောင်းကောင်များနှင့်အတူ ယောက်ျားများပင် မစွမ်းဆောင်နိုင်သောလုပ်ရပ်ကို တစ်ကိုယ်တော်လုပ်ခဲ့သည့် ရွှေဘိုသူတစ်ဦး၏ စူးရဲသော မျိုးချစ်စိတ်ဓာတ်ကို မီးမောင်းထိုးပြထားသော ဖြစ်ရပ်.....

ဂျပန်ဗိုလ် ကာဝါမူရာသည် အဆိပ်ခတ်ထားသည့် ကြက်သားဟင်းနှင့်ထမင်းကို မြိန်ရေရှက်ရေ စားရင်း ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ဟင်းခွက်ပေါ်သို့ သူ့မျက်နှာအပ်သွားသည်နှင့်တစ်ပြိုင်နက် မစက်ကြည်က အရန်သင့်ထားသည့် ဖျာအောက်မှ ဆယ်လက်မရှိ ဓားမြှောင်ကြီးနှင့် ဂျပန်ဗိုလ်၏နံဘေးဆီသို့ အားသွန်ခွန်စိုက် ထိုးသွင်းလိုက်ချေသည်။ အီ...အီ အွန့်...အွန့်နှင့် မြည်ညည်းရင်း အသက်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သည် မငွေယုံအား မွေးထိုးခဲ့သည်။ တော်ပါသေးရဲ့၊ သေကွင်းကိုမထိလို့။

ဂျပန်ခေတ်ပေမို့ ရွှေဘိုမြို့ရှိ ဂျပန်စစ်ရုံးက မစက်ကြည်အား ဖမ်း၏။ ချုပ်ထား၏။ အလွန်တင့်တယ်လှပ ကြော့ရှင်းပြေပြစ်သော အပျိုကြီး မစက်ကြည်အား အချုပ်ခန်းသို့ရောက်သည့်နေ့၏ညမှာပင် ဂျပန်စစ်ဗိုလ် ကာဝါမူရိုက အလိုမတူဘဲ အဓမ္မပြုကျင့်လေတော့သည်။ နှစ်ပေါင်း (၄၀)နီးပါး အပျိုရည်ကိုထိန်းထားနိုင်ခဲ့သော မစက်ကြည်မှာ ထိုညက ကျဆုံးခန်းကို ရောက်ရလေသည်။ (၁၁)ညအချုပ်ခံရရာဝယ် အကြိမ်ပေါင်းမြောက်မြားစွာ ငရဲခန်းသို့ မြန်းခဲ့ရရှာလေသည်။

မစက်ကြည်အား ဂျပန်ကင်ပေတိုင် စစ်ခုံရုံးက ဘေးထိုးမှုနှင့် ဖမ်းချုပ်ထား၍ ခြောက်ရက်မြောက်နေ့၌ တို့ဗမာအစည်းအရုံးအ... အသက် (၆၀)နှစ်ရှိ သခင်... ရောက်လာသည်။ မစက်... ချုပ်ထားသော အချုပ်... လျက်ရှိ အချုပ်ခန်းတွင်... စစ်ဗိုလ် ကာဝါမူရိုက... နှင့်ခေါင့်ကန်၍ သွ...

ခူးရား ခူးရားနှင့် စိ... ဆိုးဖြစ်နေသည်။

"အဖေ"

"သမီး"

"အဖေ....ဘယ်လိုဖြစ်တာလဲဟင်"

"တိုင်းပြည်အတွက်ပါ သမီး၊ တိုင်းပြည်အတွက်ပါ၊ သမီး အဖေမှာခဲ့မယ်၊ အဖေ့ကို ကနေ့ညမှာ နှိပ်စက်ကြမယ်၊ အားရရင် သူတို့သတ်ပစ်မယ်၊ ဒါ ဂျပုတွေရဲ့လုပ်ကွက်ပဲ၊ တိုင်းပြည်အတွက် အဖေသေရဲပါတယ်၊ ဆားကျင်းကုန်းရပ်က တောက်ထွန်းကို သမီးရဲ့လက်ကောက်တစ်ရန် ပေးလိုက်ပါ၊ တောက်ထွန်း တော်လှန်ရေးလုပ်ဖို့ ငွေလိုမယ်"

"အဖေ့ကို သမီးကယ်မယ်"

"မကယ်နဲ့ သမီး၊ သမီးပါ ဒုက္ခရောက်လိမ့်မယ်၊ အဖေ့ရဲ့သမီးလို့လည်း မပြောလိုက်နဲ့"

မစက်ကြည်သည် အံကိုတင်းနေအောင်ကြိတ်ထားသည်။ နှုတ်ခမ်းပြတ်မတတ်။ ဒါပေမဲ့ သူမငို။

ညဉ့်သန်းခေါင်ကျော်အချိန်။

သခင်ဘမောင်အား လက်သည်းခွံကို ပလာယာနှင့် နုတ်နေကြသဖြင့် သခင်ဘမောင်ထံမှ စူးစူးဝါးဝါး အော်ဟစ်သံလွှမ်းနေသည်။

မစက်ကြည်အား ဂျပန်စစ်သား ငါးဦးက တစ်လှည့်စီ ဝိုင်းဝန်းအဓမ္မပြုကျင့်နေကြသဖြင့် မစက်ကြည်၏ စူးစူးဝါးဝါး အော်ဟစ်သံသည်လည်း ထွက်ပေါ်လာနေသည်။

သူတို့သားအဖ၏ အော်ဟစ်သံနှစ်သွယ်သည် တိတ်ဆိတ်နေလေသောကာလ ညဉ့်သန်းခေါင်ယံကို ဖြိုခွင်းလိုက်တော့သည်။

သည့်သားအဖ၏ အဖြစ်ဆိုးကို ဘယ်သူမှမကယ်နိုင်။ နောက်တစ်ရက်နံနက်ဝယ် သခင်ဘမောင်သေပြီဟူသော သတင်းဆိုးသည် ရွှေဘိုမြို့ပေါ်ဝယ် လေနှင့်အတူ ပျံ့နှံ့သွားသည်။ သခင်မြရီ၊ သခင်စံမြ၊ သခင်ထွန်းဝေတို့ခမျာ တောက်တခေါက်ခေါက်နှင့်ခံပြင်းနေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖက်ဆစ်ဂျပန်.....ဖက်ဆစ်ဂျပန်.....ဖက်ဆစ်ဂျပန်....ဖက်ဆစ်ဂျပန်။

သခင်စံမြ၊ သခင်ထွန်းဖေ၊ သခင်မြရီတို့၏ အသည်းတွင်းဝယ် လှိုင်းပုတ်နေပေသည်။ သူတို့ရဲ ရဲဘော်တစ်ယောက် ကျဆုံးခဲ့ပြီကိုး။

မစက်ကြည်အား (၁၁)ရက် ချုပ်ထားပြီးနောက် အချုပ်မှလွှတ်၏။

မစက်ကြည်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ သူ့ဆုံးဖြတ်ချက်က သံမဏိဆုံးဖြတ်ချက်ပါ။

အချုပ်မှလွတ်မြောက်လာခဲ့ပြီးနောက် တစ်လမျှ သူဘာမှမလုပ်။ ဆွေမျိုးဉာတိတွေကို အပြတ်ပြောထားသည်။

"ကျုပ်အိမ်ကို ဘယ်သူမှမလာရဘူး။ ကျုပ်နဲ့ဆွေမျိုးတော်တယ်လို့ မပြောရဘူး။ ကျုပ် ဘာလုပ်လုပ် မသိသလိုနေကြ၊ အဲ.....ကျုပ်အကြောင်း ကောင်းတာလည်း မပြောရဘူး။ ဆိုးတာလည်းမပြောရဘူး။ ပြောတဲ့သူကို ကျုပ်သတ်ပစ်မှာ"

အဖေမရှိ၊ အမေမရှိ၊ မောင်နှမသားချင်းများမရှိ။ တစ်ကောင်ကြွက်မကြီး မစက်ကြည်သည် ပြောသလိုလုပ်တတ်သဖြင့် ရပ်ကွက်လူထုက စိုးရွံ့ကြသည်။

သူနေတာက ရွှေဘိုမြို့၏ပြင်ပ သရက်ခြံရပ်၌ဖြစ်သည်။ မစက်ကြည်တစ်ဦးတည်းနေသည့် ပျဉ်ထောင်အိမ်ကြီးက ကြီးမှကြီး။ ၅ ပင် ၄ ခန်း နှစ်ထပ်။ သူမခြံဝင်းက ပေ ၈၀ ပတ်လည်ရှိသည်။ ခြံစည်းရိုးပတ်လည်တွင် သရက်ပင်များချည်း ကွက်စိပ်စိုက်ထားသည်။ သရက်သီးပေါ်ချိန်ဝယ် သရက်သီးများကို လှည်းနှင့်တင်၍ ဈေးသို့သွားရောက်ရောင်းရ၏။ များမှများ။

မစက်ကြည်၏ ထီးတည်းအိမ်ကြီးသည် တစ္ဆေခြောက်သည်ဟု ရပ်ကွက်ထဲ၌ ကျော်စောနေခဲ့သည်။ သူ့အိမ်ကြီး၏အပေါ်ထပ်ကို မစက်ကြည်က အကြောင်းရှိမှဖွင့်၏။ ဘယ်သူမှ အိမ်ပေါ်ထပ်တွင်မအိပ်ပါ။ မစက်ကြည်လည်း အောက်ထပ်၌အိပ်သည်။ အောက်ထပ်မှာတော့ မီးသွေးအိတ်ပေါင်း မြောက်မြားစွာ အစီအရီထပ်၍ထား၏။ မစက်ကြည်မှာ မီးသွေးလည်းရောင်းသူကိုး။

ထိုထိုသော မီးသွေးအိတ်မြောက်မြားစွာ၏အောက်တွင် မြေပုံ (၁၀)ပုံသည် အိမ်၏တောင်နှင့်မြောက်တန်းစီလျက် အစီအရီရှိ၏။ မြေကြီးများဖုံးဖိထားသော မြေပုံ ၁၀ ပုံ၏အပေါ်တွင် မီးသွေးအိတ်ကြီးများကို စနစ်တကျထားရှိပေသည်။

ထိုမြေပုံ ၁၀ ပုံသည်ကား မစက်ကြည်ကိုယ်တိုင် တစ်ယောက်တည်းသတ်ပစ်ခဲ့သောဂျပန်စစ်သားအလောင်းများတည်း။

ရွှေဘိုမြို့ပေါ်တွင် တပ်စွဲထားသော ဂျပန်တပ်ရင်း (–)မှ ဂျပန်စစ်ဗိုလ်စစ်သားအချို့ နေ့စဉ်လိုလို ပျောက်ချင်းမလှ ပျောက်ပျောက်သွားခဲ့၏။ ထိုသည်ကို ဂျပန်စစ်တပ်မှ အရာရှိကြီးများက သိသွား၍ ထောက်လှမ်းကြသည်။ တစ်ရက်တွင် မစက်ကြည်၏ဖခင် သခင် ဘမောင်၏တပည့် ကိုတောက်ထွန်းကို ဂျပန်ကင်ပေတိုင်ကဖမ်းလိုက်သည်။ ရှင်းပစ်လိုက်၏။ ကိုတောက်ထွန်း ခေါင်းဆောင်သော ဉာဏ်အဖွဲ့က ဂျပန်စစ်သား ၆ ယောက်အား ဥယျာဉ်တော်ရွာအနီး မဟာနန္ဒာကန်တော်ကြီးနံဘေးတွင် ထန်းရည်တိုက်၍ သတ်ပစ်လိုက်မှု။

တစ်တီတူးအဖွဲ့နှင့် အိုးဝေအဖွဲ့က သတ်ပစ်ခဲ့မှုကို ဘယ်သူမှ မသိကြ။

ထိုကဲ့သို့ပင် မစက်ကြည်ကလည်း တစ်ကိုယ်တော် တစ်ဦးတည်း ဒိုင်ခံ၍ ဂျပန် (၁၁)ယောက်ကို သူမ၏ကိုယ်ခန္ဓာနှင့် ပထမရင်းပေးလိုက်ပြီးသည့်နောက် အိမ်မည်းကြီးအပေါ်ထပ်တွင် အဆိပ်ခတ်ထားသော ထမင်းကိုကျွေး၏။ အဆိပ်တက်ပြီး မူးဝေမေ့လဲသွားသည်နှင့်တစ်ပြိုင်နက် မစက်ကြည်၏ ဓားမြှောင်စာမိတော့သည်။ ဂျပန်တစ်ယောက်တည်း သူမထံသို့ လာရောက်ပျော်ပါးမှ အပိုင်သတ်ပစ်ခြင်းဖြစ်သည်။ နှစ်ယောက်လာလျှင် သူမလုပ်။ မစက်ကြည် အလိုရှိနေသူကတော့ ဂျပန်စစ်ဗိုလ် ကာဝါမူကျီပါ။

"ငါ့အဖေနဲ့ ငါ့လူမျိုးတွေကို သတ်ပစ်ခဲ့တဲ့ ကာဝါမူကျီကို ကမ္ဘာမကျော်ဘူးဟေ့"

+++

www.burmeseclassic.com

www.burmeseclassic.com





မစက်ကြည်၏ ကြိမ်းဝါးသံ။

ကာဝါမူကျီက သူမထံ မလာခဲ့။

၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) ရက်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဂျပန်တော်လှန်ရေးကြီးစပြီ။ တစ်တိုင်းပြည်လုံး ဂျပန်တပ်မတော်ကို ရရာလက်နက်စွဲကိုင်၍ တော်လှန်ကြချေပြီ။ ဂျပန်ဖက်ဆစ်အစိုးရအား တော်လှန်နေသော ဥဩအဖွဲ့မှ ခေါင်းဆောင် ကိုနု၊ တစ်တီတူးအဖွဲ့ခေါင်းဆောင် ကိုကျော်ညွန့်အဖွဲ့၊ အိုးဝေအဖွဲ့ခေါင်းဆောင် ကိုကံဆယ်တို့ကလည်း တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ ရက်ရက်စက်စက် သတ်ပစ်နေကြသလို သခင်စံမြ၊ သခင်ထွန်းဖေ၊ သခင်မြရီနှင့် သခင်ဖေခင်တို့အဖွဲ့ကလည်း မြေပေါ်သို့တက်ရောက်ကြပြီး တော်လှန်နေကြပြီဖြစ်သည်။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်၊ ဂျပန်တော်လှန်ရေးစ၍ တစ်ပတ်အကြာကာလ။

မစက်ကြည်သည် ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်ကာ စက်ဘီးကို ကောက်၍စီးပြီး ထွက်ခွာသွားခဲ့သည်။

ရွှေဘိုမြို့၊ မုံအာတွင်းရပ်ကွက်ရှိ ဂျပန်ကင်ပေတိုင်စစ်ရုံးသို့ရောက်လျှင်ရောက်ချင်း စီးလာခဲ့သောစက်ဘီးကို ဝင်းထရံ၌ ထောင်ထားခဲ့ပြီး စစ်ရုံးအပေါ်ထပ်ဆီသို့ ဖျတ်လတ်စွာ တက်သွားသည်။

အပေါ်ထပ်တွင် ဂျပန်စစ်ဗိုလ်များ အစည်းအဝေးလုပ်နေစဉ်.....

"ဟေ့.....ကာဝါမူကျီ၊ ကာဝါမူကျီ"

မစက်ကြည်၏ ခေါ်သံနက်ကြီးသည် တစ်ခန်းလုံး ဟိန်းဟည်းသွားသည်။ ဂျပန်စစ်ဗိုလ်ကြီး ကာဝါမူကျီသည် ဘာရယ်မသိ၊ ထိုင်ရာမှ ရုတ်တရက်ထလိုက်သည်။

"နင်.....သေပေတော့"

ပြောပြောဆိုဆို ထဘီကြားမှ (၁၀)လက်မခန့်ရှိ ဓားမြှောင်ကြီးကို လှစ်ခနဲထုတ်ကာ ကာဝါမူကျီရှိရာသို့ တစ်ဟုန်ထိုး ပြေး၍လုံးလိုက်တော့သည်။ အား.....အား ဟူသော ကာဝါမူကျီထံမှ စူးစူးဝါးဝါး အော်ဟစ်လိုက်သံနှင့်အတူ.....

"ဒိုင်း.....ဒိုင်း.....ဒိုင်း"

ဟူသော သေနတ်သံသုံးချက်ဆင့်၍ဆင့်ကာ ထွက်ပေါ်လာသည်။

ဂျပန်စစ်ဗိုလ်ကြီး ကာဝါမူကျီ၏ နံဘေးသို့ မစက်ကြည်၏ ဓားမြှောင်က အဆုံးအထိ ဝင်သွားပြီဖြစ်သလို မစက်ကြည်၏နောက်ကျောပြင်ဝယ် အပေါက်သုံးပေါက် ဖောက်ထွင်းသွားသည်။

သွေး.....ရဲမှရဲ။

ဗမာ့သွေးမို့ ပို၍ရဲသည်။

မစက်ကြည်သည် ဂျပန်စစ်ဗိုလ် ကာဝါမူကျီ၏ပါးကို သူ့ပါးစပ်ဖြင့် တစ်အားကုန် ကိုက်ဆွဲထား၏။

သခင်ဘမောင်၏သမီး အာဇာနည် မစက်ကြည်တစ်ယောက်ဂျပန်တော်လှန်ရေးသမိုင်းတွင် မှတ်တိုင်စိုက်ခြင်းမခံရရှာသော်လည်း ယနေ့ထက်တိုင် စကားစပ်မိကြလေတိုင်း မစက်ကြည်အကြောင်း ပြောဆိုချီးကျူးနေကြဆဲ။

တစ်ကိုယ်တော် တော်လှန်ရေးသမား ရွှေဘိုသူ မစက်ကြည်တစ်ယောက် ကောင်းရာသုဂတိလားပါစေဟု.....။ ။

ရွှေဘိုတာယထီးခင်အောင်

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း

## ဝိတ်ချပြီး အလှမယ်ဖြစ်လာသည့် ကျောင်းသူလေး



အမေရိကန်ပြည်ထောင်စု၊ တက္ကဆပ်ပြည်နယ်တွင် အသက် ၂၃ နှစ်အရွယ် ကယ်ခရစ်ဖ်ကိုသည် တစ်နှစ်ခွဲအတွင်း ပေါင် ၁၀၀ ခန့် ဝိတ်ချနိုင်ခဲ့သည်။

သူမ၏အတန်းဖော်သူငယ်ချင်းများက ''ဝတုတ်မ''ဟု ခေါ်ဝေါ်နောက်ပြောင်မှုကြောင့် သူမသည် ဝိတ်ချရန်ဆုံးဖြတ်ကာ အချိုရည် မသောက်တော့ဘဲ ရေကိုသာ သောက်သုံးခဲ့သည်။ ဆီကြော်မုန့်နှင့် ချိစ်တို့ကိုလည်း မစားတော့ပေ။ သူမသည် ခွဲစိတ်မှုကို မပြုလုပ်ဘဲ အစားအသောက်ဆင်ခြင်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချခဲ့သည်။

သူမသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိလာကာ အလှမယ်ပြိုင်ပွဲဝင်ရန် စာရင်းသွင်းခဲ့သည်။ သူမအား Miss South Texas မှ ဒိုင်လူကြီးများကလည်း အံ့အားသင့်ကာ သဘောကျသွားခဲ့သည်။ Miss South Texas ပြိုင်ပွဲသည် ဇူလိုင်လတွင် စတင်မည်ဖြစ်သည်။

Ref: USA News

22-6-2014

www.burmeseclassic.com

www.burmeseclassic.com



# မိုးရေခံလျှင် ထောင်ကျနိုင်သည့်နိုင်ငံ

အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အချို့တွင် မိုးရေခံခွင့်ကို ခွင့်ပြုမထားဘဲ မိုးရေခံလျှင် တရားစွဲ၊ အရေးယူခံရမည်ဖြစ်သည်။

Utah,Colorado နှင့် Ohio ပြည်နယ်အပြင် အခြားပြည်နယ်နှစ်ခုတွင်လည်း မိုးရေခံခွင့်ကို ပိတ်ပင်ထားသည်။ Colorado ပြည်နယ်တွင် ၂၀၁၂ ခုနှစ်နောက်ပိုင်း၌ မိုးရေခံခွင့်ကို ပြန်လည်ခွင့်ပြုထားသော်လည်း ပမာဏအနည်းအများပေါ်မူတည်၍ အခွန်ဆောင်ရမည်ဖြစ်သည်။ အခွန်မဆောင်ပါက အရေးယူခံရသည်။ အကြောင်းရင်းမှာ ပြည်နယ်အတွင်းရှိ ရေသန့်လုပ်ငန်းများကို ထိခိုက်သည်ဟုဆိုပြီး ထိုမိုးရေများကို ပြည်သူများမပိုင်ကြောင်း ဥပဒေ၌ ဆိုထားသည်။



တက္ကဆက်ပြည်နယ်တွင် မိုးရေလိုချင်လျှင် ဝယ်ယူရသည်။ တချို့မှာ မိုးရေခံခွင့် လိုင်စင်ရထားသူများသာ မိုးရေခံခွင့်ရှိသည်။ (Rain Harvesting) မိုးရေခံခြင်းကို အမေရိကန်ပြည်ထောင်စုတွင် ယနေ့တိုင် ပိတ်ပင်ထားဆဲဖြစ်သည်။

Ref: USA News

6-7-2014

---

# မိဘသဘောမတူသူနှင့် လက်ထပ်ခဲ့သည့်မိန်းကလေးကို ဖခင်က သေနတ်ဖြင့်ပစ်သတ်မှု

ပါကစ္စတန်နိုင်ငံတွင် အသက်(၁၈)နှစ်အရွယ် မိန်းကလေးတစ်ဦးက မိသားစုသဘောမတူသူနှင့် လက်ထပ်ခဲ့သည့်အတွက် ဖခင်ဖြစ်သူက သေနတ်ဖြင့်ပစ်သတ်ကာ မြောင်းထဲသို့ ပစ်ချခဲ့သော်လည်း မိန်းကလေးမှာ အသက်မသေဘဲ ပြန်လည်နိုးထလာခဲ့သည်။

မိန်းကလေးသည် အနီးအနားမြို့မှ ယောကျ်ားလေးတစ်ဦးနှင့် ချစ်ကြိုက်ကာ နိုးရာလိုက်ပြေးခဲ့သည်။ ဖခင်ဖြစ်သူက သမီးဖြစ်သူအား မရိုက်နှက်ပါဟု ကတိပေးကာ အိမ်သို့ပြန်ခေါ်သွားခဲ့သည်။

အိမ်ပြန်ရောက်ချိန်တွင် မိသားစုဝင်များက မိန်းကလေးကို ရိုက်နှက်ခဲ့ကြပြီး နောက်နေ့တွင် ဖခင်ဖြစ်သူက လူပြတ်သောနေရာတွင် သေနတ်ဖြင့်ပစ်သတ်စဉ် ဦးလေးများက နံဘေးမှရပ်ကြည့်နေခဲ့ကြသည်။ ထို့နောက် ဖျင်အိတ်ထဲထည့်ကာ မြောင်းထဲသို့ ပစ်ချခဲ့သည်။ သို့ရာတွင် သူမသည် အသက်မသေဘဲ သတိပြန်လည်လာပြီး မြောင်းထဲမှ ထွက်ခဲ့ကြောင်း ရဲအရာရှိက ပြောကြားခဲ့သည်။

ယခုအခါ သူမ၏ဖခင်ဖြစ်သူနှင့် ပြစ်မှုကျူးလွန်ခဲ့ကြသော ဆွေမျိုးများကို ရဲများက နေရာအနှံ့ ရှာဖွေလျက်ရှိသည်။

Ref: World Crime News

7-7-201-

www.burmeseclassic.com

www.burmeseclassic.com



# ဂျိမ်းစ်ဘွန်းဆန်ဆန် စာခိုးချသည့် ကျောင်းသားများ



တရုတ်နိုင်ငံတွင် အမျိုးသား ကောလိပ်ဝင်ခွင့်စာမေးပွဲဖြေရန် ကျောင်းသားများသည် စာခိုးချရန် အတွက် အဆင့်မြင့်ကိရိယာများစွာ ကို တီထွင်ခဲ့ကြသည်။ ထိုကိရိယာ များထဲမှ ကင်မရာပါသော မျက်မှန် တစ်လက်ကို Liaoning ပြည်နယ်၊ Shenyang မြို့ရှိ စာမေးပွဲခန်းတစ်ခု တွင် ရှာဖွေတွေ့ရှိခဲ့သည်။

စာခိုးချသူသည် ကြွေပြားစေ့ သေးသေးလေးတစ်ခုကို အသုံးပြု ကာ ထိုကိရိယာကို ထိန်းချုပ်မည် ဖြစ်သည်။ မေးခွန်းကို ဖြူမည်းဓာတ် ပုံရိုက်၍ အပြင်သို့ပို့ပေးပြီး အပြင် မှ အဖြေကို ပြန်ပို့ပေးမည်ဖြစ်သည်။ မည်သို့ပြန်ပို့မည်ကို ဖော်ပြမထား ပေ။ Sichuan ပြည်နယ်တွင်လည်း ကျောင်းသားအယောက် ၄၀ သည် အဆင့်မြင့် ဘောလ်ပင်များကိုအသုံး ပြုခဲ့ကြသည်။ ဘောလ်ပင်မှ မေး ခွန်းပေးပို့မည်ဖြစ်ပြီး အလွန်သေး ငယ်သော နားကြပ်ဖူးလေးမှတစ် ဆင့် အဖြေကို ပြန်လည်လက်ခံ သွားမည်ဖြစ်သည်။

စာမေးပွဲကျင်းပရာနေရာတွင်ရဲ များအစောင့်ထားပြီး ဆူညံသံထွက် ပါက ထွက်သည့်သူအား ဒဏ်တပ် သွားမည်ဖြစ်သည်။

Ref: China News

www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင်ရှိ ခွေးနှစ်ကောင် ထူးဆန်းစွာမွေးဖွားမှု

စပိန်နိုင်ငံတွင် ခွေးစိမ်းလေးနှစ်ကောင်မွေးဖွားမှုကြောင့် အသက် (၂၇)နှစ်အရွယ် ပိုင်ရှင်ဖြစ်သူ Aido Vallelado သည် အလွန်ပင် အံ့ဩသွားခဲ့ရသည်။ သူမသည် ခွေးများညစ်ပေနေသည်ဟုဆိုကာ သန့်ရှင်းရေးပြုလုပ်ခဲ့သော်လည်း ခွေးများမှာ အရောင်မပြောင်းခဲ့ပေ။




သူမနှင့် ဖခင်ဖြစ်သူတို့သည် အမဲလိုက်ခွေးများကို မွေးထားကြပြီး ဖခင်ဖြစ်သူက ခွေးများကို ဟော့ခ် (HulK) လူစိမ်းကြီးရုပ်ရှင်ကားထဲမှ နာမည်ကို မှည့်ခေါ်ခဲ့သည်။ တိရစ္ဆာန် ဆရာဝန်က အဖြေရှာရန်အတွက် ရောဂါဗေဒနှင့် ဘက်တီးရီးယားပိုး မွားဆိုင်ရာ စစ်ဆေးမှုများကို ပြုလုပ်လျက်ရှိသည်။

၂၀၁၂ ခုနှစ်ကလည်းအင်္ဂလန်နိုင်ငံတွင် Labrador အမျိုးအစား ခွေးစိမ်းတစ်ကောင် မွေးဖွားခဲ့ကြောင်း သိရသည်။

Ref: Amazing Animals

# ခြင်္သေ့၊ ကျား၊ ဝက်ဝံတို့နှင့် ရေကူးနိုင်သည့်နေရာ



အမေရိကန်ပြည်ထောင်စု၊ ကာရိုလိုင်းနားပြည်နယ်တောင်ပိုင်းတွင် ရှိသော အပန်းဖြေစခန်းတစ်ခုတွင် လာရောက်သည့် ဧည့်သည်များသည် တစ်နှစ်သားအရွယ်ရှိသည့် ခြင်္သေ့၊ ကျား၊ ဝက်ဝံတို့နှင့် ရေ

www.burmeseclassic.com

www.burmeseclassic.com



အတူကူးနိုင်ပြီး ခေတ်ပုံလည်း တွဲရိုက်နိုင်အောင် ပြုလုပ်ထားသည်။

ထိုတိရစ္ဆာန်သုံးကောင်အပြင် အခြားတိရစ္ဆာန်များပါထားသွားရန် စီစဉ်လျက်ရှိပြီး ထိုတိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ပေးသော ဒေါက်တာအန်တလီက ခြင်္သေ့၊ ကျား၊ ဝက်ဝံတို့နှင့် ဆော့ကစားခြင်းကြောင့် အတွေ့အကြုံသစ်ကို ရရှိသည့်အပြင် ကျန်းမာရေးကိုလည်းအထောက်အကူဖြစ်စေသည်ဟု ပြောကြားခဲ့သည်။

Ref: World interesting News

---

## အဖေရဲ့ မဆင်မခြင်ပြုမှုကြောင့် အသက်(၂)နှစ်နှင့် ဘီယာကို စွဲစွဲလမ်းလမ်းဖြစ်နေသူ ကလေးငယ်ရဲ့ဖြစ်ရပ်



တရုတ်နိုင်ငံတွင် အသက်(၂)နှစ်အရွယ် ချန်းချန်းဆိုသူကလေး:ယ်သည် နို့အစား ဘီယာနှင့်ဝိုင်များကို စွဲနေသည်ဟု လူသိများ:သျက်ရှိသည်။

ကလေးငယ်၏ အရက်တစ်လင်းသောက်နေပုံများ ထွက်လာပြီးနောက် အာဏာပိုင်များက ချန်းချန်း၏မိဘများကို စတင်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဆယ်လသားအရွယ်တွင် ဖခင်ဖြစ်သူက တူကိုဝိုင်ထဲနှစ်ပြီး ကလေးကို မြည်းစမ်းခိုင်းခဲ့သည်။ ချန်းချန်းသည် ဘီယာတစ်ဘူးကို အမှုအရာမပျက် သောက်နိုင်သည်ဟု မိဘများက ထွက်ဆိုခဲ့သည်။

ဘီယာမတိုက်လျှင် စိတ်ဆိုးတတ်ကြောင်း၊ တစ်ခါတစ်ရံ ဆိုးသွမ်းလျှင် ဝိုင်နည်းနည်းတိုက်ခဲ့ကြောင်း၊ ချန်းချန်း၏မျက်လုံးသည် အမြဲပင် ဘီယာပုလင်းများထံရောက်နေတတ်ကြောင်း မိဘများကထွက်ဆိုခဲ့သည်။

မကြာခင်အချိန်တွင် ကလေး၏အနာဂတ်ကို အစည်းအဝေးတစ်ခုလုပ်၍ဆုံးဖြတ်ပေးမည်ဖြစ်ပြီး ချန်းချန်းအား မိသားစုနှင့်ထားရန်မသင့်လျှင် ကလေးစောင့်ရှောက်ရေးဌာနသို့ ပို့ထားမည်ဖြစ်သည်ဟု သိရသည်။

Ref: China News

5-7-2014

ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## ဘတ်စ်ကားစီးပြီး ရုံးတက်တဲ့ရဲမှူး ကားပေါ်မှာ ခါးပိုက်နှိုက်ခံရမှု

၁၆-၇-၂၀၁၄ ရက်နေ့ နံနက် (၉)နာရီခွဲအချိန်က ကလေးသူငယ်စောင့်ရှောက်ရေးတပ်ဖွဲ့စုမှူး (ရန်ကုန်) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲမှူး အမ်ခေါင်ဒင်သည် ဆူးလေကားမှတ်တိုင်မှ ပြည်ထဲရေးရုံးဟောင်းရှိရာသို့ အမှတ် (၂၃၅)ခရီးသည်တင် ဘီအမ်ယာဉ်ကို စီးနင်းလိုက်ပါလာခဲ့ရာ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဈေးကွေ့မှတ်တိုင်သို့ ရောက်သောအခါ ၎င်းကိုင်ဆောင်သည့် နီညိုရောင်အိတ်ကို မသင်္ကာဖြစ်မိ၍ ဖွင့်ကြည့်မိခဲ့သည်ဆို၏။

ထိုသို့ဖွင့်ကြည့်သောအခါ ရဲဝန်ထမ်းကတ်ပြားနှင့်အတူ ငွေကျပ် (၅၀၀၀၀)နှင့် ယူနီဖောင်းချုပ်ရန် အပ်နှံထားသော "စွမ်း"အပ်ချုပ်ဆိုင်ဘောက်ချာတို့မှာ နှိုက်ယူခြင်းခံလိုက်ရကြောင်း သိလိုက်ရသည်။

ရဲမှူး အမ်ခေါင်ဒင်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဗဟန်းမြို့မရဲစခန်း (ပ)၃၁၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၉(နှိုက်)ဖြင့် အရေးယူကာ အမှုစစ် ဒုရဲအုပ် ကျော်မောင်မောင်ဝင်းက စုံစမ်းဖော်ထုတ်နေကြောင်း သိရသည်။

## ဇနီးမောင်နံ နှစ်ခြိုက်စွာအိပ်မောကျနေစဉ် (၆)လွှာအိမ်ခန်းထဲဝင်ရောက်ပြီး ပစ္စည်းများခိုးယူခဲ့မှုကို နံနက်အိပ်ရာနိုးမှ သိခဲ့ရမှု

၁၅-၇-၂၀၁၄ ရက်နေ့ ည (၁၂)နာရီအချိန်က ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ တိုက်တစ်တိုက်၏ (၆)လွှာတွင် နေထိုင်သော အသက် (၄၃နှစ်)အရွယ်ရှိ ကုန်သည်အမျိုးသားတစ်ဦးသည် ဇနီးဖြစ်သူနှင့်အတူ အိပ်ရာဝင်ခဲ့ပြီး နံနက် (၆)နာရီတွင် အိပ်ပျော်နေရာမှ နိုးခဲ့သည်ဆို၏။

အိပ်ရာမှနိုးလာချိန်တွင် အိမ်ရှေ့ခန်း ဝရန်တာတံခါး ပွင့်နေသည်ကို တွေ့ရ၍ စစ်ဆေးရာ ဧည့်ခန်းရှိ ကွန်ပျူတာစားပွဲပေါ်တွင် တင်ထားသော ကာလတန်ဖိုးကျပ် (၁၅၀၀၀၀)တန် စတီးလ်ရောင် ယောက်ျားပတ်နာရီတစ်လုံး၊ ပိုက်ဆံအိတ်အညိုရောင်အတွင်း ထည့်ထားသော ငွေကျပ် (၅၀၀၀)၊ ကျပ် (၁၀၀၀၀)တန် အိုင်ဖုန်း 45 အား သွင်းကြိုးတစ်ချောင်း၊ ဧည့်ခန်းဗီရိုအတွင်းထည့်ထားသော လက်ပတ်ကြိုးပြတ်နေသည့် တန်ဖိုးကျပ် (၂၅၀၀၀၀)တန် စတီးလ်ရောင် ယောက်ျားပတ်နာရီတစ်လုံး၊ စုစုပေါင်း တန်ဖိုးကျပ် (၅၆၅၀၀၀)မှာ ခိုးယူခံရကြောင်း သိလိုက်ရ၏။

စုပေါင်းလူနေတိုက်ခန်းအထပ်မြင့် (၆)လွှာ၏ ဝရန်တာမှတစ်ဆင့် ဝင်ရောက်ခိုးယူသူကို ဖော်ထုတ်အရေးယူပေးပါရန် အိမ်ရှင်အမျိုးသားက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဒဂုံမြို့မရဲစခန်းက (ပ)၁၅၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အရေးယူ၍ အမှုစစ် ရဲအုပ် သိန်းထိုက်က စုံစမ်းဖော်ထုတ်နေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်မကျန်းမာသူ မိန်းမပျိုကို မုန့်ဖိုး ၂၀၀၀ ပေးခေါ်ဆောင်၍ အဓမ္မပြုကျင့်ရန် ကြံစည်ခဲ့သူ

၁၃–၇–၂၀၁၄ ရက်နေ့ နံနက် (၉)နာရီအချိန်က ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၇၁) ရပ်ကွက်နေ ဒေါ်––– (၄၄ နှစ်)သည် နေအိမ်၌ရှိနေစဉ် မျက်နှာချင်းဆိုင်နေအိမ်၌နေထိုင်သည့် ညီမဖြစ်သူ ရောက်ရှိလာပြီး ဒေါ်–––၏သမီးဖြစ်သော အသက်(၁၄)နှစ်ရှိ စိတ်မကျန်းမာသူ မိန်းမပျိုကို တစ်ရပ်ကွက်တည်းနေ ကားဆေးသုတ်အလုပ်သမား ကျော်ကျော်အောင် (၃၈ နှစ်)က လွန်ခဲ့သော (၁၀)ရက်ခန့်၊ မွန်းလွဲ (၂) နာရီတွင် မုန့်ဖိုးကျပ် (၂၀၀၀)ပေး၍ ၎င်း၏နေအိမ်ရှိရာသို့ခေါ်ဆောင်သွားကြောင်း၊ ၎င်း၏နေအိမ်သို့ ရောက်သောအခါ အိမ်ရှေ့ခန်းတွင် သားမယားအဖြစ်ပြုကျင့်ရန် လုပ်ဆောင်ခဲ့ကြောင်း၊ ထိုစဉ် ကျော်ကျော်အောင်၏မိခင် နေအိမ်သို့ ပြန်ရောက်လာခိုက် တွေ့မြင်သွား၍ ဆူပူကြိမ်းမောင်းသဖြင့် စိတ်မကျန်းမာသူ မိန်းကလေးကို ပြန်လွှတ်ခဲ့ကြောင်း၊ ထိုဖြစ်စဉ်ကို ကျော်ကျော်အောင်၏မိခင်က အသိဖြစ်သူအမျိုးသမီးထံ ပြောပြခဲ့၍ တစ်ဆင့်စကားတစ်ဆင့်နားဖြင့်ကြားသိခဲ့ရကြောင်း ပြောပြခဲ့သည်။

မိခင်ဖြစ်သူ ဒေါ်–––က သမီးဖြစ်သူအား ချော့မော့မေးမြန်းသောအခါ ဟုတ်မှန်ကြောင်း ပြောပြခဲ့သဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်ကြားခဲ့သည်။

ရဲစခန်းက (ပ) ၆၃၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၆/၅၁၁ ဖြင့် အရေးယူကာ အမှုစစ် ဒုရဲအုပ် စိုးသူရဇော်က ဖမ်းဆီးစစ်ဆေး အမှုတည်ဆောက်နေကြောင်း သိရသည်။

## ဒီလိုရာဇဝတ်သားများကို အပြင်းထန်ဆုံး အပြစ်ပေးသင့်ဟုဆို

၁၆–၇–၂၀၁၄ ရက်နေ့နံနက် (၆)နာရီအချိန်က တိုက်ကြီးမြို့နယ်၊ ရင်းတိုက်ကွင်းကျေးရွာအုပ်စု၊ –––ရွာနေ မ–––(၃၇ နှစ်)သည် ခင်ပွန်းဖြစ်သူနှင့်အတူ ရွာအရှေ့ဘက်ရှိ လယ်ထဲသို့ ပျိုးနုတ်၊ ကောက်စိုက်ရန် ထွက်သွားခဲ့ကြသည်ဆို၏။

ထိုသို့ လယ်ယာလုပ်ငန်းရှိရာသို့ သွားရောက်၍ အသက် (၄ နှစ်)ရှိသမီးဖြစ်သူကို နေအိမ်တွင် မ–––၏မိခင်ဖြစ်သူနှင့်အတူထားခဲ့သည်။

ညနေ (၅)နာရီအချိန် လယ်ယာလုပ်ငန်းသိမ်း၍ နေအိမ်သို့ပြန်ရောက်လာသောအခါ သမီးဖြစ်သူမှာ အပြင်တွင် ဆော့ကစားရာမှ ပြန်ရောက်လာပြီး ၎င်းအား တစ်ရွာတည်းနေ ကိုနိုင်(ခ)ကိုကိုနိုင် (၃၁ နှစ်)က မိန်းမအင်္ဂါထဲသို့ ဓမ္မတာမဟုတ်သောနည်းဖြင့် လက်ကို အသုံးပြုခဲ့၍ နာကျင်နေကြောင်း ပြောပြတိုင်ကြားခဲ့သည်။

မိခင်ဖြစ်သူ မ––နှင့်အဘွားဖြစ်သူတို့က စစ်ဆေးသောအခါ အနည်းငယ် ရောင်ရမ်းနေသည်ကို တွေ့လိုက်ရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို အသိပေးပြီး တိုက်ကြီးမြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ရဲစခန်းက (ပ)၂၅၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၅၄/၃၂၃ ဖြင့် အရေးယူ၍ အမှုစစ် ဒုရဲအုပ် ကျော်ဇင်ဦးက ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

ဒေသခံရွာသူရွာသားများက နှမသားချင်း မစာနာဘဲ ကလေးငယ်များအပေါ် ရာဂစိတ်ဖြေရန် ပြစ်မှုကျူးလွန်ခဲ့သူကို ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်ပေးခြင်းဖြင့် မိန်းကလေးများ၏ဘဝကို အကာအကွယ်ပေးသင့်ကြောင်း ပြောပြခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိခင်ဖြစ်သူက သမီးကိုမျက်ကွယ်ပြုမိစဉ် သမီးဖြစ်သူ ရေနစ်သေဆုံးခဲ့ရတဲ့ဖြစ်ရပ်

၁၅-၇-၂၀၁၄ ရက်နေ့ ည (၇)နာရီအချိန်၊ သန်လျင်မြို့နယ်၊ (၆) လမ်းသွား လမ်းမကြီးအတိုင်း (၆) လမ်းသွားလမ်းဆုံမှ ကုလားဝဲတံတားဘက်သို့ မောင်းနှင်လာသော (ယာဉ်မောင်းစုံစမ်းဆဲ)မောင်းနှင်လာသည့် နံပါတ်မမှတ်မိသော ဆိုင်ကယ် ကယ်ရီအား ငှားရမ်းစီးနင်းလိုက်ပါလာသော မသန်းသန်းဦး (၄၆ နှစ်)၊ ရတနာပုံ (၈)လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်နေသူမှာ သနပ်ပင်ကျေးရွာအနီးသို့ အရောက်၌ ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုကြောင့် ပြုတ်ကျဒဏ်ရာရရှိခဲ့သည်။

မသန်းသန်းဦးမှာ ယာနားထင်ပေါက်ပြဲဒဏ်ရာ၊ ယာပါးပွန်းပဲ့ဒဏ်ရာ၊ အပေါ်နှုတ်ခမ်း ပွန်းပဲ့ဒဏ်ရာ၊ နှာခေါင်းမှ သွေးထွက်ဒဏ်ရာများ ရရှိခဲ့သည်။

ခရီးသည် ဒဏ်ရာရရှိသည်ကို ကူညီခြင်းမရှိဘဲ ယာဉ်မောင်းက ဆိုင်ကယ်ကို ကောက်ယူ၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ အနီးရှိ ဒေသခံများက သန်လျင်ဆေးရုံသို့ ပို့ဆောင်အပ်နှံပေးခဲ့ကြသည်။

မသန်းသန်းဦး၏ဒဏ်ရာမှာ ပြင်းထန်၍ ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ် ကုသစဉ် သေဆုံးသွားခဲ့သည်။

ယာဉ်မှုစစ် ရဲအုပ် မင်းနောင် (သန်လျင်)က တရားလိုပြုလုပ်တိုင်ကြားသဖြင့် သန်လျင်မြို့မရဲစခန်းက (ပ) ၈၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အရေးယူ၍ တရားလို/အမှုစစ်ကစစ်ဆေးနေကြောင်းသိရသည်။

## ယာဉ်ရဲ့ ဘက်ထရီခေါင်းချောင်းနေလျှင် ရှော့ခ်ဖြစ်ပြီး မီးလောင်တတ်ကြောင်း သင်ခန်းစာတစ်ခု

မော်တော်ယာဉ်တွင် တပ်ဆင်ထားသော ဘက်ထရီကြိုးခေါင်းချောင်နေသည့်အတွက် ယာဉ်မောင်းက စက်နှိုးစဉ် ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်တတ်သည့် သင်ခန်းစာယူဖွယ် ဖြစ်ရပ်တစ်ခု သာကေတမြို့နယ်အတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၆-၇-၂၀၁၄ ရက်နေ့ နံနက် ၅ နာရီ ၃၀ မိနစ်အချိန်က သာကေတမြို့နယ်၊ (၁၀/မြောက်)ရပ်ကွက်၊ ရေဝဏ်လမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၀၀၅) တွင် သဘာဝဓာတ်ငွေ့ လာရောက်ဖြည့်သည့် အမှတ် (၁၀၅)ယာဉ်လိုင်း (အနီ)မှ ဒိုင်နာခရီးသည်တင်ယာဉ်သည် ဂက်စ်ဖြည့်ပြီး ဆိုင်မှထွက်ခွာရန် ယာဉ်မောင်းက စက်နှိုးစဉ် ဘက်ထရီခေါင်း ချောင်နေသည့်အတွက် ထိုနေရာမှ ရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ သာကေတမြို့နယ်၊ မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး ရောက်ရှိလာပြီး ငြိမ်းသတ်ပေးခဲ့၍ သုံးမိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် (၂၀၀၀၀)ခန့်ရှိကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ သာကေတနယ်မြေရဲစခန်း တာဝန်မှူး ဒုရဲအုပ် အောင်သူမြတ်နှင့်အဖွဲ့ ရောက်ရှိစစ်ဆေးပြီး ဒုရဲအုပ် အောင်သူမြတ်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် သာကေတနယ်မြေရဲစခန်းက (ပ) ၃၉၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အရေးယူပြီး အမှုစစ်/တရားလိုက စစ်ဆေးနေကြောင်း သိရသည်။

ကျော်

www.burmeseclassic.com

www.burmeseclassic.com



# ၁၂ လဂ္ဂါသီ ဗေဒင်ဟောစာတမ်း



## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ကံကြမ္မာတိုးတက်ပြီး ကံပိုင်းအထူးကောင်း၍ ကြီးပွားလာနိုင်သော အခြေအနေရှိသည်။ စပါး၊ ငါး၊ ရေထွက်ပစ္စည်း၊ လှေ၊ သမ္ဗန်၊ စက်လှေ၊ မော်တော်ဘုတ်၊ ရုပ်ပြေးတို့ တည်ထောင်ထားပြီး စီးပွားလုပ်ပါက အကျိုးများမည်။ ကျန်းမာရေးဂရုစိုက်ပါ။ လူမှုရေးကံမကောင်းပါ။

**ကံကောင်းအရောင်။** အပြာထဲတွင် အနီကွက်စိပ်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** ဒီတစ်နှစ်လည်း လူပျိုကြီး/အပျိုကြီးကံဇာတာပါသည်။

**ကျန်းမာရေး။** နှလုံးသွေးကြောကျဉ်းရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (က) ၆-၃၊ (ခ) ၆-၅၊ (ဂ) ၆-၉။

**ယတြာ။** ဘုန်းတော်ကြီးကျောင်းတွင် ဝါဆိုသင်္ကန်း (၃)စုံကပ်လှူပေးပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ခရီးသွားရခြင်း၊ ရာထူး၊ နေရာ၊ ဌာန ရွှေ့ပြောင်းရခြင်းကြုံမည်။ အကြီးအကဲဖြစ်ပါက အထူး သတိထားပါ။ ငွေစာရင်းအင်း၊ အရေးကြီးသော ဌာနဆိုင်ရာ စာရွက်စာတမ်း ပျောက်ဆုံးတတ်သည်။ ပုတီးစိပ်၊ မေတ္တာပို့၊ ပရိတ်ရွတ်ပါ။

**ကံကောင်းအရောင်။** လိမ္မော်ရောင်၊ နုံ့သာရောင်၊ အရိုပ်ပန်း ဝတ်ဆင်ပါ။

**အချစ်ရေး။** တစ်သက်လုံးမမှန်းတမ်း ချစ်ခင်သွားနိုင်သော အချစ်စစ်နှင့်တွေ့မည်။

**ကျန်းမာရေး။** မျက်စိအားနည်းခြင်း၊ ခွဲစိတ်ရခြင်း ကြုံတတ်သည်။

**ထီထိုးရန်။** (ဃ) ၅-၉၊ (င) ၅-၇၊ (စ) ၅-၂။

**ယတြာ။** သီလရှင်ဆရာလေးများကို ဝတ်စုံ မိမိတတ်နိုင်သလောက်လှူပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း တီထွင်ကြံဆ နည်းလမ်းရှာသလို မိမိဦးနှောက်ကိုသုံး၍ ဉာဏ်ပညာဖြင့် တီထွင်ထားသော စက်မှုလက်မှုဆိုင်ရာ၊ နိုင်ငံခြားကုမ္ပဏီတို့နှင့် ဆက်သွယ်ထားသော စာချုပ်၊ ငွေကြေးလုပ်ငန်းတို့မှ သိန်းသန်းဝင် ငွေ ရနိုင်သည်။ ရတနာသုံးပါးမမေ့ပါနှင့်။ အနန္တငါးပါးရှိသေပြီး အကြီးအကဲတို့ကို လေးစားပါ။

**ကံကောင်းအရောင်။** ကာကီရောင်၊ မိုးပြာရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်ကံခေနေသည်။ မေတ္တာကမ္ဘာခြားနေတတ်သည်။

**ကျန်းမာရေး။** အာရုံကြော၊ ဇက်ကြော၊ နှောက်ကြောတက်ရောဂါဖြစ်မည်။

**ထီထိုးရန်။** (တ) ၇-၇၊ (ထ) ၈-၈၊ (ဒ) ၉-၉။

**ယတြာ။** မရှိဆင်းရဲနွမ်းပါးသူ မိသားစုကို ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ငွေ လှူဒါန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း မိန်းမကတစ်မျိုး၊ သမီးကတစ်ဖုံ၊ သားကတစ်သွယ် မည်မည်ရရမရှိသောစကားတွေ ပြောဆိုတတ်သည်။ သည်းခံပါ။ လာဘ်ပိတ်တာ၊ ငွေမရတာသင့်ကြောင့်ဟု စွပ်စွဲပုတ်ခတ်တတ်သည်။ အိမ်မှာရှိသော ဓားပျက်၊ ထီးပျက်၊ ဖိနပ်စုတ် အားလုံးကို စွန့်လိုက်ပါ။ ငယ်ဆရာ ဘုန်းတော်ကြီးများမှ မ,စကိန်းမြင်သည်။ ဘုရားရှိခိုး၊ ပုတီးစိပ်ပါ။

**ကံကောင်းအရောင်။** အဖြူရောင်၊ အဝါရောင်၊ နက်ပြာရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** မိမိစိတ်ဝင်စားနေလျှင် ဖွင့်ပြောလိုက်ပါ။ လက်ခံလိမ့်မည်။

**ကျန်းမာရေး။** အစာအိမ်၊ လေအောင့်ရောဂါ သတိထားပါ။

**ထီထိုးရန်။** BURMESE CLASSIC (စ) ၃–၄၊ (ဆ) ၃–၆၊ (ဇ) ၃–၇။

**ယတြာ။** သက်ကြီးဝါကြီး၊ လူကြီးများကို ပုဆိုး၊ အင်္ကျီ၊ စားဖွယ်တို့ ဒါနပြုပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း သင့်ရဲ့ဘဝထဲကို ဒုက္ခလှလှပေးမည့်မိန်းမချောလေး ရောက်လာတတ်သည်။လက်ခံလျှင် သင့်ရာထူး၊ လုပ်ငန်း၊ ဂုဏ်သိက္ခာ ထိခိုက်တတ်သည်။ တစ်ဖက်ရန်သူက မာယာသုံးခြင်းကြုံတတ်သည်။ ရွှေ၊ ငွေ၊ စိန်၊ တိုက်၊ ကားတို့ အသစ်ဝယ်ယူရမည်။ ဒါန၊ သီလ၊ ဘာဝနာမြဲပါ။ ဝါတွင်းတွင် ဥပုသ် စောင့်ပေးပါ။

**ကံကောင်းအရောင်။** နီ၊ ဝါ၊ ပြာ ရောယှက်၊ အနက်ထဲမှာ အဖြူကွက်စိပ်။

**အချစ်ရေး။** နှစ်ဦးနှစ်ဖက် သစ္စာ၊ မေတ္တာ၊ စေတနာရှိသော ချစ်သူတွေ့မည်။

**ကျန်းမာရေး။** ကျန်းမာ၊ ချမ်းသာပြီး စိတ်ပျော်ရွှင်နေမည်။

**ထီထိုးရန်။** (ဈ) ၂–၉၊ (ဍ) ၂–၇၊ (ဌ) ၂–၅။

**ယတြာ။** တရားရိပ်သာတွင် ယောဂီများအတွက် ငွေ၊ဆေး၊တဘက်၊ ဆပ်ပြာလှူဒါန်းပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း အမှတ်တမဲ့မှ အမှတ်တရဖြစ်နိုင်သော ချစ်ရေးချစ်ရာ ပြဿနာဖြစ်နေရာမှ အမျိုးသားက ဝန်ချတောင်းပန်ပြီး ချစ်သူနှစ်ဦး ကံကောင်းကိန်းမြင်သည်။ အထည်အလိပ်၊ စိန်ရွှေရတနာ၊ ပိုးချိတ်လုပ်ငန်းတို့ အောင်မြင်မှုရမည်။ ကျန်းမာရေးညံ့ပြီး လူမှုရေးသင့်ကာ စီးပွားရေး ထိပ်တန်းရောက်လိမ့်မည်။

**ကံကောင်းအရောင်။** ပိုးဖဲကတ္တီပါ၊ ရွှေဖလားရောင်တို့ ဝတ်ဆင်ပါ။

**အချစ်ရေး။** လုံးဝအဆင်ပြေ သာယာနေမည်မှတ်ပါ။

**ကျန်းမာရေး။** သွေးတိုး၊ နှလုံးရောဂါဖြစ်တတ်သည်။ သတိထားပါ။

**ထီထိုးရန်။** (ည) ၁–၁၊ (ဈ) ၁–၃၊ (ဍ) ၁–၅။

**ယတြာ။** ဖာလူဒါ၊ ဒိန်ခဲ အိမ်ဘုရားမှာ ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘာပဲလုပ်လုပ် အဆင်မပြေ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေတတ်သည်။ ဒါန၊ သီလ၊ ဘာဝနာများ များ ပြုလုပ်ပေးပါ။ အတွင်းရန်ရှိသည်။ သတိထားပါ။ လက်အောက်ငယ်သား တော်လှန်လိမ့်မည်။ ဖိမ်ခံပစ္စည်း၊ ရှေးဟောင်းပစ္စည်း၊ သံ၊ သွပ်၊ ဘိလပ်မြေရောင်းဝယ်မှုတို့ အထူးကံကောင်းနေမည်။ ဆောက်လုပ်ရေးလုပ်ငန်းလည်းကောင်းသည်။

**ကံကောင်းအရောင်။** ဥဩချစ်သီးရောင်၊ မိုးပြာ၊ တိမ်မည်းရောင် ဝတ်ဆင်ပါ။
**အချစ်ရေး။** လိုက်လေလေဝေးလေ ဖြစ်နေမည်။
**ကျန်းမာရေး။** ဦးခေါင်းမူးဝေရောဂါရတတ်သည်။
**ထီထိုးရန်။** (တ) ၄-၉၊ (ထ) ၄-၈၊ (ဒ) ၄-၇။
**ယတြာ။** မွေးနံထောင့်တွင် စံပယ်ပန်း၊ ကံ့ကော်ပန်း ကပ်လှူပါ။

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း မိဘကျန်းမာရေး အထူးဂရုစိုက်ပေးပါ။ အကြီးအကဲတို့ မ,စကိန်းမြင်သည်။ အိမ်၊ ခြံ၊ မြေ၊ ကား ဝင်တတ်သည်။ ပညာရေး ဆက်လက်ကြိုးစားသင့်သည်။ ဘာပဲလုပ်လုပ် စကားအပြောအဆို၊ အသွားအလာ၊ အနေအထိုင် ဆင်ခြင်ပါ။ အမှုဖြစ်ပြီး ရဲစခန်းရောက်ကိန်းမြင်သည်။ သတိနှင့်ယှဉ်၊ ဉာဏ်ဖြင့်မြင်ပါ။

**ကံကောင်းအရောင်။** ဝါ၊ စိမ်း၊ နီ ရောယှက်၊ အဖြူသက်သက်ဝတ်ဆင်ပါ။
**အချစ်ရေး။** နှလုံးသားရေးရာ အဖြေရှာမနေပါနှင့်၊ ပညာဆက်သင်ပါ။
**ကျန်းမာရေး။** အာရုံကြော၊ နောက်ကြော၊ ဇက်ကြောတက်တတ်သည်။
**ထီထိုးရန်။** (ဒ) ၄-၃၊ (ဓ) ၄-၆၊ (န) ၄-၉။
**ယတြာ။** အိမ်ဘုရားတွင် သုဂတော ပုတီး (၉)ပတ်စိပ်ပါ။

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ပညာရေး ဆက်လက်သင်ကြားပေးပါ။ ပညာရေးအထူးကောင်းပြီး စွယ်စုံအောင်မြင်တတ်ပါသည်။ ဘွဲ့ထူး၊ ဂုဏ်ထူးရနိုင်သည်။ နိုင်ငံခြားခရီးသွားကိန်းမြင်သည်။ မိဘကို ကျေးဇူးဆပ်ရမည်။ မေတ္တာသုတ်၊ မင်္ဂလာသုတ် ရွတ်ဖတ်ပေးပါ။ ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်၊ သက်သတ်လွတ်စားပေးပါ။ အောင်မြင်မှုရမည်။

**ကံကောင်းအရောင်။** ဖက်ဖူးရောင်၊ မိုးစက်ပွင့်ရောင် ဝမ်းဆက်ဝတ်ဆင်ပါ။
**အချစ်ရေး။** ပညာရေးဦးစားပေးပါ။ အချစ်ရေး ရှောင်လိုက်လျှင်ကောင်းမည်။
**ကျန်းမာရေး။** ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါဖြစ်တတ်သည်။ အစားရှောင်ပါ။
**ထီထိုးရန်။** (န) ၇-၉၊ (ပ) ၇-၃၊ (ဖ) ၇-၆။
**ယတြာ။** အိမ်ဘုရားတွင် နဂါးမောက်သီး၊ သကြားသီး ရေသက်စေ့နှင့် ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရည်ရွယ်ထားသောလုပ်ငန်းများ ပျက်ပြီး မရည်ရွယ်သောလုပ်ငန်း ဝင်လာတတ်သည်။ အစုစပ်၊ ရှယ်ယာဝင် ဘဏ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းတို့ ကံကောင်းတတ်သည်။ အမှုအခင်းဖြစ်ပြီး တရားစွဲဆိုခြင်းခံရမည်။

**ကံကောင်းအရောင်။** စတော်ဘယ်ရီရောင်၊ ပန်းရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** လိုက်လေ ဝေးလေ၊ ဆွေးလေဖြစ်နေဦးမည်။

**ကျန်းမာရေး။** အိပ်မပျော်သော၊ ဦးခေါင်းမူးဝေသောရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (င) ၆–၈၊ (စ) ၆–၉၊ (ဆ) ၆–၆။

**ယတြာ။** မွေးနံ့ထောင့်တွင် အုန်းပန်းခိုင်၊ အုန်းသီးစိတ်၊ အုန်းရည်ကပ်လှူပါ။

---

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ဘာပဲလုပ်လုပ် သတိထားလုပ်ပါ။ အဆင်မပြေမှု၊ ရန်ဘက်၊ ပြိုင်ဘက်တို့ တွေ့ကြုံတတ်သည်။ ပတ်ဝန်းကျင်နှင့် ရန်ဖြစ်ပြီး ရဲစခန်း ရောက်ကိန်းမြင်သည်။ ခန္ဓာကိုယ်၌ သွေးထွက်သံယိုမြင်သည်။ ညဘက်အသွားအလာ၊ အနေအထိုင်ဆင်ခြင်ပါ။ ပုတီးစိပ်၊ ဘုရားရှိခိုးပေးပါ။ ဘေးကင်းမည်။

**ကံကောင်းအရောင်။** ရွှေဖလားရောင်၊ ငွေဖလားရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** နှစ်ကိုယ်တူချစ်ရည်မှုပြီး ရုံးတက်လက်မှတ်ထိုးကိန်းမြင်သည်။

**ကျန်းမာရေး။** ဝမ်းချုပ်၊ ဆီးချုပ်ဖြစ်တတ်သည်။

**ထီထိုးရန်။** (တ) ၅–၉၊ (ထ) ၅–၈၊ (ဒ) ၅–၂။

**ယတြာ။** အိမ်ဘုရားတွင် ဆီမီးကိုးတိုင်၊ ရေကိုးခွက်၊ ဆွမ်းကိုးခွက် ကပ်လှူပါ။

---

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရည်ရွယ်ထားသော ကိစ္စအားလုံး ချောမောလွယ်ကူစွာ အောင်မြင်မှုရမည်။ နိုင်ငံခြားခရီးစဉ်၊ ရာထူးအတွက် စာမေးပွဲတို့ အောင်မြင်မည်။ မိန်းမအဖျက်ရှိသည်။ ငယ်ရွယ်သူတို့ကို အရောတဝင်မနေသင့်ပါ။ အဆိပ်ရှိသော သတ္တဝါဖြစ်ပါသည်။

**ကံကောင်းအရောင်။** နီ၊ ဝါ၊ ပြာ၊ စိမ်း ရောယှက်အရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** လမ်းခွဲလေးက သင့်ချစ်သူက နှုတ်ဆက်သွားလိမ့်မည်။

**ကျန်းမာရေး။** ဦးခေါင်းကိုက်ခဲ ထုံကျဉ်ရောဂါ မကြာခဏဖြစ်တတ်သည်။

**ထီထိုးရန်။** (ပ) ၆–၄၊ (ဖ) ၆–၅၊ (ဗ) ၆–၉။

**ယတြာ။** မွေးနံ့ထောင့်တွင် မေမြို့ပန်း ငါးပွင့်၊ သပြေငါးညွန့် လှူပါ။

စမ်းလိုအဲ၌ ပန်းလိုမွှေးပါစေ

[illegible]

www.burmeseclassic.com